
www.burmeseclassic.com



www.burmeseclassic.com


ဆုမြတ်မွန်မွန်

ကျွန်တော်ချစ်သော
ရွှေဘိုမင်းကြိုက်ပေါင်တံရှည်

၂၀၁၅ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၀၀၄၇၇) စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅·၈၃

ဆုမြတ်မွန်မွန်

ကျွန်တော်ချစ်သော ရွှေဘိုမင်းကြိုက် ပေါင်တံရှည်

ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၅

၃၃၆-စာ၊ ၅×၇

(၁) ကျွန်တော်ချစ်သော ရွှေဘိုမင်းကြိုက် ပေါင်တံရှည်


# ဆုမြတ်မွန်မွန်



## ကျွန်တော်ချစ်သော...
## ရွှေဘိုမင်းကြိုက်ပေါင်တံရှည်


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com





## “အချစ်ဆိုသည်မှာ”

အချစ်ဆိုသည်မှာ သူ့ဘာသာလည်း ရပ်တည်မှု တစ်ခု ရှိသလို အခြားတစ်စုံတစ်ယောက်ပေါ်သို့ သက်ဝင်မိသည်လည်း ရှိတတ်၏။ ကိုယ့်ရင်ထဲတွင် နဂိုတည်းက ဖြစ်တည်နေသော အချစ်စိတ်သည် တစ်စုံတစ်ယောက်ကို သက်ဝင်ခြင်းဟာ ချစ်မိသည်ဟု ဆိုကြလျှင် ချစ်ခြင်းဟူသည် မည်သည့်အရာပေါ်တွင် မူတည်သနည်းဟု စဉ်းစားကြည့်ကြပါစို့ ...။

နှစ်သက်စိတ်သည် ချစ်ခြင်းကို ဖြစ်စေနိုင်သည်ဟု ယေဘုယျ ကောက်ချက်ဆွဲရလျှင် မနှစ်သက်စိတ်ကရော ... ? ? ? ။ သေချာတာကတော့ ကိုယ်ကြိုက်သော အချက်များကြောင့် ချစ်ခဲ့သည် ဆိုတာထက် ကိုယ်ချစ်သောသူထံတွင် ကိုယ်မကြိုက်သော အချက်တွေ ရှိဖို့ကပိုများတာကို လေ့လာတွေ့ရှိရလေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com





"မြင့်မြတ်ခေါင် ဟု ဆိုရာဝယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟယ်လို … ဟုတ်ကဲ့။ ကျွန်တော့်နာမည် မြင့်မြတ်ခေါင်ပါ။ မိသားစုအကြောင်း မိတ်ဆက်ပေးရမယ် ဆိုရင်တော့ ကျွန်တော့်မိဘတွေက ဒေါက်တာကျော်ဇောခေါင်နဲ့ ဒေါက်တာသီရိမေပါ။ ကျွန်တော့်အဖေက ထင်ရှားကျော်ကြားတဲ့ အသည်းအထူးကု ဆရာဝန်ကြီးကြီးတစ်ယောက်ပေါ့။ ကျွန်တော့်အမေကတော့ အရင်က ဆရာဝန်အလုပ် လုပ်ပေမယ့် နောက်ပိုင်းမှာ ဆေးမကုတော့ဘဲ မိသားစုအရေးကိစ္စကို ပိုဦးစားပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့မောင်နှမ အရွယ်ရောက်လာတော့ မေမေက လူမှုရေးအလုပ်တွေ၊ ပရဟိတဘက်ကို ပိုအချိန်ပေးနေပါတယ်။

ကျွန်တော့်မှာ အစ်မတစ်ယောက် ရှိတယ်ဗျ။ သူကလည်း ဆရာဝန်ပါပဲ။ ဒေါက်တာရွှေယမင်းခေါင်တဲ့။ လောလောဆယ်တော့ မမက အင်္ဂလန်မှာ ဘွဲ့လွန်သွားတက်နေပါတယ်။ ကျွန်တော့်မိဘရော ကျွန်တော့်အစ်မရော ဆရာဝန်တွေဆိုတော့ ကျွန်တော့်ကိုလည်း ဆရာဝန်လို့ ထင်နေကြမှာပေါ့။ ကျွန်တော် ဆရာဝန်တစ်ယောက် မဟုတ်ရပါ။ အိမ်မှာ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပုံနေတော့ ဆရာဝန်လုပ်ဖို့လည်း ဝါသနာမပါတော့ပါဘူး။ ကျွန်တော်က အဘိုးသွေးပါတယ်လို့ ပြောရမယ်။ အဘိုးက Business Man တစ်ယောက်လေ။ စီးပွားရေးလုပ်တဲ့နေရာမှာ အရမ်းတော်တယ်။ ဒါပေမဲ့ အဘိုးရဲ့သား ဖေဖေကတော့ အောင်မြင်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာခဲ့တယ်။

ကျွန်တော်ကတော့ ဖေဖေ့လမ်းစဉ်နောက် မလိုက်ဘဲ အောင်မြင်ရေးလမ်းစဉ်နောက်ကိုပဲ လိုက်ပါတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက တက်ကျမ်းစာအုပ်တွေ အရမ်းဖတ်သလို၊ အောင်မြင်ရေးနဲ့ ကြီးပွားရေးကို ပိုစိတ်ဝင်စားတယ်လေ။ ဒါကြောင့် စာတော်ပြီး ဆေးတက္ကသိုလ် မီခဲ့ပေမယ့် မတက်ခဲ့ပါဘူး။ အမေရိကားမှာ MBA သွားတက်ပြီး စီးပွားရေးဘက်ကို ခြေလှမ်းခဲ့တာပါ။ ကျွန်တော့် စိတ်ကူးဆန္ဒ ဆိုတာ ငယ်ငယ်ရွယ်ရွယ်ထဲက Business Man တစ်ယောက် ဖြစ်ချင်ခဲ့တာဗျ။ အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးသမားတွေဆို ကျွန်တော် သိပ်အားကျတာ။ ငယ်ငယ်တည်းက နိုင်ငံခြားက မီလျံနာ၊ ဘီလျံနာ သူကြီးတွေရဲ့ အတ္ထုပ္ပတ္တိတွေ ဖတ်ပြီး အဲဒီလို ဖြစ်ချင်ခဲ့တာ ဆိုပါတော့။

ဒါကြောင့် ကျွန်တော်ဟာ စာသိပ်ဖတ်ပါတယ်။ ဖတ်သမျှစာတွေ ဆိုတာလည်း တက်ကျမ်းတွေ အောင်မြင်ကြီးပွားရေးစာအုပ်တွေချည်းပါပဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်သူတွေကို သိပ်သဘောကျတယ်။ ဥပမာ ... facebook ကို တည်ထောင်ခဲ့သူ Mark Zuckerberg လို လူမျိုးပေါ့။





အလုပ်,လုပ်တဲ့လူတိုင်းကို အထင်ကြီးလေးစားတယ်။ အလုပ်ဟာ လူ့တန်ဖိုးပဲ။ လူ့အဆင့်အတန်းပဲ။ ကျွန်တော် ဆိုလိုတာက ကုမ္ပဏီဒါရိုက်တာမှ တန်ဖိုးရှိတယ်လို့ ပြောချင်တာ မဟုတ်ပါဘူး။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပါ။ သန့်ရှင်းရေးလုပ်သားလည်း ကျွန်တော် လေးစားပါတယ်။ အရေးကြီးတာက ကိုယ့်ထမင်းတစ်လုတ်အတွက် သူများ မျက်ရည်ပေါက်ကြီးငယ် မကျစေရဖို့နဲ့ သမာအာဇီဝ ဖြစ်ဖို့ပါ။ နောက်ပြီး ကိုယ့်အလုပ်မှာ Professional ပီသဖို့ပဲဗျ။

အဲဒါပါပဲ ...။ ကျွန်တော် ကိုယ်တိုင်လည်း အလုပ်မှာ Professional ကျကျ နေပါတယ်။ အလုပ်နဲ့ ပတ်သက်လာရင် တိတိကျကျ ပြတ်ပြတ်သားသား ရှိတယ်။ အလုပ်ကို လေးစားတယ်။ ပြီးတော့ ဘာပဲလုပ်လုပ် စည်းစနစ်ကျကျနဲ့ စည်းကမ်းတကျ လုပ်တတ်တယ်။ အလုပ်မှာ ကပြက်ကချော် လုပ်တာ၊ အလုပ်ကို တိတိကျကျ မလုပ်တတ်တာတွေကို သိပ်မုန်းပါတယ်။ ရွတ်ချပါတယ်။ ဒါကြောင့် ကွယ်ရာမှာ ကျွန်တော့်ကို ကိုတိကျလို့ နာမည်ဝှက် ပေးထားကြတာကိုလည်း ပြန်ကြားရတယ်ဗျ။

သြော် ... ဟုတ်ကဲ့၊ ကျွန်တော်က ကျွန်တော့်အဖေရဲ့မိတ်ဆွေ သူဌေးကြီးတစ်ဦးပိုင်တဲ့ ကုမ္ပဏီကြီးတစ်ခုမှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက် အနေနဲ့ တာဝန်ထမ်းဆောင်နေတာပါ။ ဖေဖေ ထည့်ထားတဲ့ ရှယ်ယာတွေ ပါပေမယ့် ရာထူးကြီးကြီးနေရာကို အဖေ့အရှိန်အနေနဲ့ ဝင်လာတယ်လို့ အပြောမခံချင်လို့



www.burmeseclassic.com

www.burmeseclassic.com



သာမန်အဆင့်ကနေ တက်လာခဲ့တာပါ။ ကျွန်တော့် ရည်ရွယ်ချက်က ကျွန်တော့်ရဲ့ လုပ်ရည်ကိုင်ရည် စွမ်းရည်တွေကို ပြရင်း တဖြည်းဖြည်းနဲ့ အမြင့်ကို တက်လှမ်းချင်တာမျိုးပါ။

ဗျာ … ဟုတ်ကဲ့ … ယောက်ျားပျိုတစ်ယောက်အနေနဲ့ ဘယ်လိုမိန်းကလေးမျိုးကို ရင်ခုန်လဲ ဆိုတာကတော့ သေချာမတွေးကြည့်ဖူးဘူးဗျ။ ဖြစ်နိုင်တာတော့ ခပ်မိုက်မိုက် ကောင်မလေးဆို ရင်ခုန်မိမလား မသိဘူး။ သေချာတာကတော့ ခုချိန်ထိ ကျွန်တော့်ကို ရင်ခုန်စေတဲ့ မိန်းကလေးမျိုးကို မတွေ့ဖူးသေးပါဘူး။





"တေးဗျာဏီ ဆိုသည်မှာ…"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ကိုယ်ပိုင်ကားလေး စီးနိုင်ပေမယ့် ဒီခေတ်ထဲမှာ ဒရိုင်ဘာ မရှိရင်တော့ မနိုပ်ပါဘူးဟ"

နဖူးမှာ စို့နေသောချွေးကို အင်္ကျီလက်မောင်းနဲ့ပဲ ဗိသုတ်ရင်း ကားထဲကို ဝင်ထိုင်လိုက်သော "**တျာ**"မှာ ကားထဲရောက်တော့မှ ပို၍ ကျောကော့သွားရလေသည်။ ကားထဲမှာရှိသော ကားကစုပ်ထားသည့် အပူရှိန်က လူတစ်ကိုယ်လုံးကို အပူရေ လောင်းချိုးပေးလိုက်သလို ခန္ဓာကိုယ်အနှံ့မှ ချွေးတွေက လျှင်မြန်စွာ စိမ့်ထွက်လာကြသည်။ ဒီအခြေအနေကြီးကို **တျာ** အမုန်းဆုံးပါပဲ။ သိပ်မုန်းသည်။

မိဘပြည်သူများလည်း သိရှိပြီးတဲ့ အတိုင်းပဲလေ။ သမ္မတကြီးရဲ့ ကျေးဇူးတော်ဖြင့် **တျာ** တို့လို သာမန်လူတန်းစားတွေ ကားစီးနိုင်ခဲ့ကြသည်မှာ မှန်သော်လည်း နောက်ဆက်တွဲအကြောင်းအရာတွေ အနေနဲ့ကတော့ ရန်ကုန်မြို့ကြီးမှာ ကားတွေပိတ် လမ်းတွေပိတ်ပြီး ဘဝရဲ့တန်ဖိုးရှိလှသော အချိန်တော်တော်များများဟာ ကားပေါ်မှာပဲ ကုန်ဆုံးနေကြရတာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အသိပဲ မဟုတ်လား။ အခုလည်းပဲ ပို့ရှယ်သော မိန်းကလေးတစ်ယောက်ဖြစ်သည့် **"တျာ"**ဟာ ကိုယ်တိုင်မောင်းနှင်သည့် Suzuki Swift ကားအနက်လေးဖြင့် သင်တန်းတွေသွားရသည်မှာ ပထမတော့ သွေးနားထင်ရောက်၊ လောကကြီးကို ကျေနပ်သာယာခဲ့ပေမယ့် အဲဒီ သာယာမှုက ဘယ်လောက်မှ ကြာကြာမခံခဲ့ပါချေ။ ယခင်က ဆယ့်ငါးမိနစ်ခန့် သွားရသော ခရီးကို ယခုချိန်မှာ နာရီဝက်၊ လေးဆယ့်ငါးမိနစ်ကြာအောင် သွားရပြီး၊ မြို့ပြင်ကနေ၍ မြို့ထဲထိ လာမယ်ဆိုလျှင် ကားပေါ်မှာပဲ တစ်နေ့ကို သုံး, လေးနာရီမက အချိန်ကုန်သည့် ဘဝများပဲ မဟုတ်ပါလား။ ပြီးတော့ **"တျာ"**တို့လို မြို့ထဲလာပြီး သင်တန်းတက်ရသူတွေအတွက် မြို့ထဲလမ်းတွေမှာ ကားရပ်စရာ နေရာမရှိ။ ပါကင်မရှိပါ။ တချို့နေရာအလွတ်တွေ တွေ့သော်လည်း မြင်သာမြင်မကြင်ရ၊ ရပ်ခွင့်မရှိသော နေရာတွေ ဖြစ်လေသည်။ မြေညီထပ်နေသူတွေသည် သူတို့အိမ်က ဘယ်အချိန် ဘယ်ကာလမှ ပြန်လာမည်မသိသော ကားအတွက် နေရာတွေ အကျအန ဦးထားသည်မှာ ဆယ့်မိနစ်၊ နာရီဝက်လောက်ရပ်မယ့် ကားတွေမှာ ရပ်စရာ နေရာမရှိတော့ချေ။

တချို့ နေရာဦးသည့်လူတွေ အသုံးပြုသည့် ပစ္စည်းများကိုကြည့်ရင်း **တျာ**မှာ တရားကျသဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရသည်။ သူများလို တော်ရီလျော်ရီ ခုံတစ်လုံး ချထားခြင်းမျိုးတောင် မဟုတ်ဘဲ ဆေးပုံးအလွတ်ထဲ ပိုက်တစ်ချောင်းထောင်





ပြီး အင်္ဂတေဖျော်လောင်းထည့်ကာ ကားနေရာဦးသော ပစ္စည်းများအဖြစ် အကျအနကို နေရာဦးထားတော့တာ ဖြစ်သည်။ ဦးတော့ရော ဘာဖြစ်လဲ၊ ကားရပ်ထားတာမှ မဟုတ်တာ၊ ဖယ်ပြီး ရပ်မယ် ဟူ၍များ ယောင်မှားပြီး မရပ်လိုက်ပါနှင့်။ အနိမ့်ဆုံးဖြစ်သော သော့ကိုညပ်ကတ်ပုဒ်မမှာ ကားဘီးလေလျှော့ထားခြင်းဖြစ်ပြီး အမြင့်ဆုံးကတော့ သံချွန်နှင့် ခြစ်ရာလေးတွေ လက်ဆောင်ပေးမည်ပေါ့။

ဒါတွေကြောင့် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သော **"တျာ"**တို့မှာ အဲဒီလို အကျအန ဦးထားသော နေရာများတွင် လုံးဝမရပ်ရဲပါချေ။ ကိုယ့်သင်တန်းရှိသည့် လမ်းထဲတွင် ပါကင်ဟူသည် ဘယ်တော့မှ မရဘဲ တစ်လမ်းကျော်၊ နှစ်လမ်းကျော်မှာသာ ကားကို ရပ်ခဲ့ရပြီး သင်တန်းရှိရာသို့ လမ်းလျှောက်ရလေသည်။ ပြီးလျှင် နေပူထဲပဲ ကားရှိရာသို့ လမ်းလျှောက်ပြန်ရသည်။ နေပူထဲက လျှောက်လာ၊ နေပူထဲမှာ ရပ်ထားရသော ကားထဲသို့ ပြန်ဝင်၊ ပြီးလျှင် ကျပ်ညပ်နေသော ကားတန်းထဲသို့ ပြန်တိုး။ ဒီလိုနှင့် ရန်ကုန်မြို့ရဲ့ ရှင်လောင်းလှည့် ကားတန်းကြားမှာ မပုတ်ွယ်ရဲ့ ခရုငယ်က အရှုံးပေးရမယ့် ရွှေ့လျားနှုန်းနဲ့ပဲပေါ့နော်။

အတွေးအမျှင်တွေ တသီတသန်းနဲ့ပဲ **"တျာ"**က ကားစက်မနိုးသေးဘဲ ယပ်တောင်ကြီးနှင့် ကိုယ့်ကိုယ်ကိုယ် တဖျပ်ဖျပ် ခတ်လိုက်သည်။ မသိရင်တော့ စက်နှိုးပြီး ကား Air Con နှင့်ကာ အေးအေးနေပါတော့လားဟု ပြောကြမှာပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



စာတိုပေစတွေ ဟိုဒီ လျှောက်ဖတ်ထားသော **"တျာ"**ရဲ့ အသိထဲတွင် အချိန်ကြာမြင့်စွာ နေပူထဲတွင် ရပ်ထားသော ကားကို Air Con ကို ချက်ချင်းမဖွင့်တတ်ဘဲ မောင်းထွက်လာပြီး ငါးမိနစ် ဆယ်မိနစ်ခန့်နေမှ Air Con ဖွင့်သည်မှာ အကျင့်လို တောင် ဖြစ်နေခဲ့ပြီ ဖြစ်သည်။

တရွေ့ရွေ့နဲ့ ကားကို မောင်းနှင်လာရသော တျာမှာ နောက်ဆုံးတော့ အိမ်သို့ရောက်လာလေသည်။ ခြံဝင်းတံခါးကို ဟွန်းတီးလိုက်လျှင် ဘယ်သူမှ ထွက်မလာသေးပါ။ သို့သော် တစ်ယောက်ယောက်သည် လုပ်လက်စ အလုပ်ကို ပစ်ချပြီး ရောက်သည့်နေရာမှ ပြေးလာလိမ့်မည်။ ပြေးမလာခင် **"တျာ"**က တော့ ဘယ်တော့မှ မရိုးနိုင်သည့် ကိုယ့်အိမ်ခြံဝင်းလေးကို ကြည့်မဝစွာ ငေးနေမိလေသည်။ ဘောက်ထော်မှာရှိသော **"တျာ"**တို့ရဲ့ ခြံဝင်းလေးဟာ ခုခေတ်လို မိုးထိတက်နေသည့် အိမ်ခြံမြေဈေးနဲ့ ဆိုရင်တော့ ဒီနေ့ ဒီအချိန်မှာ လက်ရှိအိမ်ရဲ့ဝင်ငွေနဲ့ ဘယ်လိုမှ ဝယ်နိုင်စရာ အကြောင်းမရှိသည့် နေရာပါပေ။ **"တျာ"**ရဲ့ ဖေဖေရှိခဲ့စဉ်က မိသားစု စတင်ပြည့်စုံလာချိန်၊ အမြော်အမြင်ရှိရှိ ဝယ်ခဲ့သော နေရာလေးမှာ **တျာ** ဖေဖေဟာ ဆယ်နှစ်ပြည့်အောင်ပင် မနေခဲ့ရရှာပါ။ ဒီနေရာမှာ ခြောက်နှစ်လောက်ပဲ နေထိုင်ခဲ့ရပြီး၊ အညွန့်တလူလူ တက်နေချိန် ဒီ့ထက်မက ကြီးမားသည့် ရာထူးရတော့မည့် အချိန်မှာပဲ ရုတ်တရက် ဦးနှောက်သွေးကြော ပြတ်ပြီး ဆုံးပါးသွားခဲ့ရတာပါ။ ဘယ်လိုမှ လက်မခံနိုင်သော သေခြင်းတရားအောက်တွင် **တျာ**တို့ သားအမိ အလူးအလိမ့်ခံစားခဲ့ရသည်။

ဖေဖေ့ရဲ့ အရိပ်အာဝါသအောက်မှာ အရာရှိကတော် တစ်ယောက်အဖြစ် အေးချမ်းစွာ နေထိုင်ခဲ့ရင်း၊ တခြား ဘာစီးပွားတိုမှ စိတ်ဝင်စားဖို့ ခွင့်မပြုပေးခဲ့သော ဖေဖေကြောင့် တျာ့မေမေသည် ရွှေတောင်ကြီး ပြိုလာခဲ့သည့်အတွက် ကြီးစွာသော တုန်လှုပ်မှုမျိုး ရှိခဲ့မှာပါပဲ။ ဒါပေမဲ့ ဉာဏ်ပညာကြီးသည့်မိန်းမ ပီသစွာ **တျာ့** မေမေက သွေးရူးတမ်းရူး ပျာယာမခတ်ခဲ့ပါ။ ဖေဖေရှိစဉ်တည်းက စီးတဲ့ရေ ဆည်တဲ့ကန်သင်း၊ ဇနီးကောင်းပီသခဲ့သော မေမေ့တွင် အတော်အသင့် စုဆောင်းပြီးသား ကျန်ရှိခဲ့သော်လည်း ရှိတာကို ထုခွဲရောင်းချ၍ ကိုယ့်အသား ကိုယ်ပြန်ဖဲ့စားသည့် လုပ်ရပ်မျိုးလုပ်ဖို့ စိတ်ကူးခဲ့မည့်ပုံ မပေါ်ချေ။

နောက်ဆုံးတော့ မေမေ့ရဲ့ ဝါသနာသည် မေမေ့ရဲ့ ဗရော်ဖက်ရှင်နယ်လ် ဖြစ်လာလေသည်။ ဖေဖေရှိစဉ်တည်းက မေမေ့ရဲ့ အစားအသောက်လက်ရာမှာ ဖေဖေ့ရဲ့အသိုင်းအဝန်း၊ ဝတ်ဝန်းကျင်အထိ ကျော်ကြားလေရာ မေမေရဲ့ ချိုင့်ဆွဲထမင်း လုပ်ငန်း၊ အစားအသောက်မျိုးစုံ အော်ဒါချက်ပြုတ်ပေးသည့် အလုပ်သည် အတော်ကို အောင်မြင်ခဲ့ပါသည်။ **"တျာ"**ကမှ ဆယ်ကျော်သက် မသိနားမလည်ခင် အရွယ်က ဒီအလုပ်ကို ရှက်သလိုလို၊ သိမ်ငယ်သလိုလို ခံစားခဲ့ရဖူးသေးသည်။ အရာရှိ







www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်ရဲ့သမီး ဘဝကနေ ထမင်းချိုင့် ချိုင့်ဆွဲလုပ်ငန်း၊ အစားအသောက် အော်ဒါလုပ်သည့်လုပ်ငန်းကို စားဝတ်နေရေးအတွက် လုပ်ရပါလား ဆိုတာကို သိပ်လက်မခံချင်ပေ။ ဒါမလုပ်လည်း မွဲမသွားသေးပါဘူး ဟူသော **တျာ့**ရဲ့ ဆင်ခြေကို မေမေက လောကခံကို နားလည်နေသော မျက်နှာမျိုးဖြင့် ကိုးကြောင်းလျော်ညီစွာ ရှင်းပြခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ မေမေ့ရဲ့ရပ်တည်မှုကို "**တျာ့**"သဘောပေါက်ခဲ့ပြီ။ လောကမှာ ပတ်ဝန်းကျင်က အထင်ကြီးဖို့ ဂုဏ်သရေရှိဖို့ထက် ရိုးသားစွာ ဘဝရပ်တည်နိုင်ရေး၊ တင့်တယ်သော အသက်မွေးဝမ်းကျောင်းတစ်ခု ရှိရေးတို့က အရေးကြီးသည်ဆိုတာ "**တျာ့**"နားလည်ခဲ့ရပြီတည်း။ မေမေဒေါ်မြနှင်းဆီရဲ့ "မြနှင်းဆီ ချိုင့်ဆွဲနှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း" အတွက်လည်း ဂုဏ်ယူတတ်ခဲ့ပြီ ဖြစ်ပါသည်။

"ဟဲ့ ... ဝင်လေ၊ အဲဒါက ဘာလုပ်နေတာတုန်း။ ဟောတော့် ဒုက္ခပဲ၊ ကားပေါ်ထိုင်ရင်း အိပ်များ ပျော်နေလားမသိ"

အသံခပ်ကြီးကြီးနှင့် သြသြနွဲ့နွဲ့ ဖြစ်နေသော "အတင့်"ရဲ့ အသံကြားတော့မှပင် "**တျာ့**"က ဆတ်ခနဲ ဖြစ်သွားကာ ကားကို ခြံထဲမောင်းဝင်လိုက်သည်။ ခြံထဲက ရေတမာဝင်ရိပ်အောက်မှာ ကားထိုးရပ်ပြီးမှ ငှက်ချေးပါချမှာကို စိုးရိမ်တာကတစ်ကြောင်း၊ ညနေလည်း ဘယ်မှမထွက်တော့ပါဘူးလေဟု





ဆိုယ့်ဘာသာ ဆုံးဖြတ်လိုက်ပြီးနောက် "**တျာ့**"က ကားကို ဂိုဒေါင်ထဲ သွင်းလိုက်တော့သည်။ မဟုတ်လျှင် ငှက်တွေက စိတ်ချရတာမဟုတ်။ Angry Bird တွေဟု "**တျာ့**" တင်စားတတ်သော ငှက်တွေဟာ **တျာ့**ရဲ့ ပြောင်လက်တောက်ပနေသော Swift အနက်လေး ရေဆေးပြီး ပြောင်လက်တောက်ပလာသည့်နေ့ဆိုလျှင် တမင်လာပါချတတ်သလား ထင်ရလေသည်။

စည်းစနစ်ကြီးမားသော မေမေက **တျာ့**ကို ဆီစားသက်သာသော 1.3 ကားလေး ဝယ်ထားပေမယ့် ဆီဖိုးနဲ့ ကားစရိတ်ကို တွက်ချက်ပေးပြီး မပိုရုံတမယ်လေး ပေးထားလေရာ သတ်မှတ်ထားသော ဆီဖိုးထက် ကျော်သုံးမိပါက ကိုယ့်မုန့်ဖိုးထဲက ကိုယ်စိုက်ပေးရော့လေ။

"ဟင်း ဟင်း ... ဒေါ်တေးတျာ့ဏီ၊ ဒီနေ့ လမ်းမှာ ဘယ်လိုနမိတ်ကြီးများကို တွေ့ခဲ့ပါသလဲရှင်"

အနားရောက်လာကာ လက်တစ်ဖက်ကို ခါးမှာထောက်ရင်း ဟန်ပါပါပြောသော အတင့်ကိုကြည့်ကာ "**တျာ့**"မှာ ဟက်ခနဲ ရယ်မောမိသည်။ အတင့်ရှိနေလို့သာ **တျာ့**လည်း ပျော်ရတာလေ။ တကယ်တော့ အတင့်နှင့် **တျာ့**တို့ သားအမိမှာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပါပဲ။ အတင့်က **တျာ့**အမေနှင့် မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည်။ အတင့်ကား နယ်မှာ မိဘတွေလည်း ရှိကြတော့၊ တစ်ကောင်ကြွက်တည်းမို့ **တျာ့**ဖေဖေ ရှိစဉ်တည်းက **တျာ့**တို့အိမ်မှာ ရောက်နေခဲ့သူ ဖြစ်သည်။ ဦးလေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဟု ရဲရဲဝံ့ဝံ့ အားကိုးဖို့ထက် အခေါ်အပြောကြီး တစ်ယောက်လိုသာ ချစ်ခင်ရသော တချာဦးလေး အတင် ခေါ် ခင်မောင်တင်ဟာ မိန်းမလျှာပါတည်း။ သို့သော် အတင့်ရဲ့မိန်းမလျှာဝါသနာသည် သူများတကာလို မိတ်ကပ်လိုင်း မဟုတ်ဘဲ အချက်အပြုတ်ဖြစ်နေသောကြောင့် တချာမေမေလည်း အများကြီး အားကိုးလို့ရခဲ့ခြင်း ဖြစ်သည်။

"နိမိတ်ကြီးလည်း မတွေ့ဘူး၊ နိမိတ်လေးလည်း မတွေ့ဘူး၊ အဲ ... ကားရေဆေးခုံမှာတော့ အဆင်လေးတွေ တွေ့တယ်၊ အတင့်သာ ပါရင် ဘယ်လောက်တောင်များ နှာခေါင်းမီးတောက် ... အဲ ... အဲလေ ... မျက်စိခွန်အားဖြည့်နေမလဲ မသိဘူးလို့"

"အမယ်လေး ... အမယ်လေး ... ရှင်က ကျုပ်ကို ဝှန်းတယ်ပေါ့လေ။ ဟစ် ... ဟစ် ... ဝှန်းပါ ... ဝှန်းပါ — ကဲ ... ဘုရားစာလေး ဆိုပြီးသာ အိမ်ထဲကိုကြွ"

"ဟွန်း ... ဘာကြီးမှန်းလဲ မသိဘူး"

တချာက အတင့်ရဲ့ နှုတ်ခမ်းတလန် ပန်းတလန်အိုက်တင်ကို မျက်စောင်းထိုး ရှုံ့မဲ့ပြရင်း အိမ်ထဲသို့ လှမ်းဝင်လာခဲ့သည်။ အိမ်ထဲသို့ ခြေနှစ်လှမ်းစာမျှ ချရရုံရှိသေး၊ တချာရဲ့တင်ပါးတွင် ဖြန်းခနဲမြည်သံနှင့်အတူ စပ်ဖျဉ်းဖျဉ်း နာသော အရသာကို ခံစားလိုက်ရလေသည်။





"အား ... နာလိုက်တာ၊ ဘာလဲ ... ဟင် ... မေမေ ... တချာကို အာလို့ ရိုက်တာလဲ"

တင်ပါးကိုပွတ်ရင်း တချာက ခုန်ဆွဆွဖြင့် အော်မိသည်။ မားသားမိခင် ဒေါ်မြနှင်းဆီက တချာကို ဒေါသသင့်နေသော မျက်လုံးများဖြင့် ခါးထောက်ကာ ကြည့်ရင်း ကြက်မွေးကို တစ်ဆွဆွ လုပ်နေသဖြင့် ဒီတစ်ခါတော့ ချုနိုတ်ုက်နိုက်ခြင်း မခံရစေရန် အထူးသတိထားနေရသည်။

"နင့်ကို ငါ မနက်က ဖုန်းလာနေလို့ ပဲဟင်းအိုးထဲ ဆားလေးထည့်လိုက်ပါ ဆိုတာကို နင် ဘာထည့်ခဲ့လဲ ... ပြော"

"ဟင် ... ဘာထည့်ရမှာလဲ၊ ဆားပဲ ထည့်တာပေါ့"

"အေး ... ဆား။ ဘယ်နားက ဆားလဲ။ ချဉ်တဲ့ဆားလေးပေါ့ ... ဟုတ်လား"

"ချဉ်တဲ့ဆား ... လို့၊ တစ်ခါမှ မကြားဖူးပါဘူး"

"အေး ... မကြားဘူးရင် လာခဲ့ ... ပြမယ်"

"အား ... နာလိုက်တာ ... နာတယ် ... လွှတ်ပါ ... မေမေကလည်း"

"မလွှတ်ဘူး ... လာခဲ့။ ဖြစ်နိုင်ရင် နင့်ကို ဖင်လှန်ပြီးတော့ကို ရိုက်ချင်တာ"

ဒီလောက် သတိထားနေသည့်ကြားမှ ရှောင်တခင် သိုင်းကွက်က ကြက်မွေးမဟုတ်ဘဲ နားရွက်ကို လိမ်ဆွဲလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မို့ အငိုက်မိပြီး **"တျာ့"**မှာ မီးဖိုထဲသို့ ပါသွားရသည်။ စင်နှင့် တင်ထားသော မီးဖိုချောင်သုံး အဆာပလာ ဘူးခွက်များရှေ့သို့ အရောက်တွင် မေမေက နားရွက်ကို ဆောင့်လွှတ်ပေးလိုက်ကာ ...

"ကဲ ... ပြောစမ်း၊ နင် ထည့်လိုက်တဲ့ ဆားဘူးက ဘယ် ဟာလဲ"

**"တျာ့"**က ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်းမှ ဘူးအဖုံး အပြာရောင်နှင့် ပလတ်စတစ်ဘူးကို ကောက်ယူကာ ...

"ဒါလေ"

"သြော် ... ဒါ ... ဟုတ်လား။ ဒါကို ဆားလို့ နင့်ကို ဘယ်သူပြောလဲ"

"ဘယ်သူက ဘာပြောစရာလိုလဲ မေမေကလည်း။ ဒီအဖြူ ရောင်အမှုန့်တွေက ဆားမဟုတ်လို့ ဘာလဲ။ အချိုမှုန့်လည်း မဟုတ်ဘူးလေ ...

**တျာ့** သေချာသိပါတယ် မေမေရဲ့"

"သြော် ... ဟော် ... ဟော်။ သေချာ သိပါတယ် ! ဟုတ် လား။ နင့်အသိဉာဏ်ထဲမှာ အချိုမှုန့် မဟုတ်ရင် ဆားပဲ လို့ တစ်ထစ်ချ မှတ်ထားတယ်ပေါ့ ...

ကဲ ... အဲဒီဆားကိုပဲ နင့်ပါးစပ်နဲ့ မြည်းကြည့်စမ်း ပါဦး"

အခိုင်အမာ ပြောဆိုနေသော မေမေ့မျက်လုံးတွေ ကြောင့် **"တျာ့"**က ဘူးအဖုံးကိုဖွင့်ကာ လက်ညှိုးနှင့်တို့ပြီး





အသာမြည်းကြည့်လိုက်သည်။ ရှူးခနဲ ချဉ်သောအရသာက လျှာ ဖျားထက်သို့ တိုးဝင်လာသည်။ ဘယ်လိုဖြစ်တာပါလိမ့် ... ဒီ ဆားက၊ ဘာလို့ ချဉ်နေတာလဲ။

**"တျာ့"**က နားမလည်သလိုဖြင့် မေမေ့ကို ဇဝေဇဝါ ကြည့်မိလျှင် ပြုံးမဲ့မဲ့ဖြင့် ဆိုသည်။

"ဟင်း ... ဟင်း ... အဲဒါ နင် ထည့်လိုက်တဲ့ ဆားလား"

"အင်း ... **တျာ့**ထည့်တာ ဒါ ဆိုပေမယ့် ...။ ဒါ ... ဒါ... အဲ ... ဒီဆားတွေက ဘာလို့ ချဉ်နေရတာလဲ"

"**မိတျာ့** နင်တော့နော်။ ငါ လုပ်လိုက်ရ သေတော့မယ်။ နင်ဟာလေ အသက်သာ ကြီးလာတယ်။ ဘွဲ့ရပြီး သင် တန်းတွေတော့ တစ်ခုပြီးတစ်ခု တက်ပါရဲ့။ နင် တကယ် လက်တွေ့ကျကျ အသုံးတည့်တာ ဘယ်နေရာရှိလဲ၊ ဟမ်... ငါ့ကို ပြောစမ်း။ နေရာတကာ နမော်နမဲ့နဲ့ ရုပ်ပျာပျာလုပ် တတ်တဲ့ နင့် အကျင့်က ဒီလိုပဲ တစ်သက်လုံး ရှိနေတော့ မှာလား"

"မေမေကလည်း ... **တျာ့**ကို ဒီလိုကြီး အော်နေမှာထက် ဒါ ဘာတွေလဲဆိုတာ ရင် နားလည်အောင် ပြောပါဦး"

"အမယ်လေး ... မယ်မင်းကြီးမရယ်။ ညီးမလဲ ထမင်းဟင်း ချက်တဲ့ အိမ်နေပြီး ဘယ်ပစ္စည်းက ဘာဆိုတာတောင် ခုထိ ဗဟုသုတ မကြွယ်သေးဘူးလားအေ။ ချဉ်နေမှတော့ အဲဒါ အချဉ်မှုန့်ပေါ့ မယ်မယ်ကြီးမရဲ့ တကတဲ"



www.burmeseclassic.com

www.burmeseclassic.com



အနေက်ဝင် လာသော **"အတင့်"**က ပြောလိုက်တော့မှပင် **ဏျာ**က မျက်လုံးပြူးသွားရတော့သည်။ ဘုရားသခင် ... ဒါဆိုရင် **ဏျာ**က မေမေရဲ့ ပဲဟင်းထဲကို အချဉ်မှုန့်တွေ ထည့်မိခဲ့တာပေါ့။ အား ... သေချင်စော်နံလိုက်တာ။ ဒီပဲဟင်းအိုးဟာ ထမင်းချိုင့်ဆွဲအတွက် ပို့ရမည့်အရံဟင်းတွေထဲက အရည်ဟင်းတစ်ခွက်မို့ ...

အား ... ဆက်မတွေးရဲတော့စွာ မျက်လုံးကို စုံမှိတ်ချလိုက်မိသည်။ မရဲတရဲ ပြန်ဖွင့်လိုက်တော့ ခါးထောက်ပြီး ဒေါသထွက်နေဆဲဖြစ်သည့် အမေနှင့် လျှောင်သလိုလို ကြည့်နေသော အတင့်ကို တွေ့ရလေသည်။

"အဲ ... အဲဒီတော့ ပဲအိုးတစ်အိုးလုံး ပစ်ရရောလားဟင်"

ဏျာ့ရဲ့ ညှောင်နာနာ လေသံကို မေမေက စိတ်ကုန်ဟန်ဖြင့် ကျွတ်ခနဲ မြည်တမ်းကာ မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။ အတင့်ဆီကပဲ စကားသံ ထပ်ထွက်လာပါသည်။

"ဟဲ့ ... အဲဒီလို တစ်အိုးလုံး ပစ်လိုက်ရင် customer တွေကို ဘာနဲ့သွားထည့်ပေးတော့မှာလဲ။ ညည်းတို့ပြောပြောနေတဲ့ modify ကို ညည်းအမေ လုပ်လိုက်ရတာပေါ့ ...

ငါတို့တွေ ချက်ချင်းပဲ အလုပ်ရှုပ်သွားတယ်လေ။ ချဉ်နေတဲ့ပဲဟင်းကို ပဲကြာဆံဟင်းချို အစား သီးစုံပဲချဉ်ဟင်း အဖြစ် ပြောင်းလဲပစ်လိုက်ရတယ်ပေါ့"





"Woo ... တော်လိုက်တာ ကြည့်စမ်း၊ ဟုတ်တာပဲ ... အဲဒီလို ပြောင်းလိုက်တော့ ပိုမိုက်သွားတာပေါ့ ... အမယ်လေး"

**"ဏျာ့"**ရဲ့စကားအဆုံးမှာ မေမေရဲ့ကြက်မွှေးက တင်ပါးဆီသို့ ဆတ်ခနဲ ရောက်လာသဖြင့် ရှုံ့မဲ့ကာ အမယ်လေး တ,လိုက်ရသည်။

"ဘာ ... ဟုတ်တာလဲ။ ဘာ ... မိုက်တာလဲ ... ဟင်း... **မိဏျာ** ... ညည်းကြောင့် ငါတို့ ဘယ်လောက် အလုပ်ရှုပ်သွားတယ် မှတ်လဲ ...

ညည်းကို ဆားလေးထည့်ခိုင်းတာ ဆားလေးထည့်တာနဲ့ အဆင်ပြေပြီး ပြီးသွားရမယ့်ကိစ္စက ခုတော့ မပြီးနိုင်မစီးနိုင် နောက်ဆက်တွဲတွေ လိုက်လိုက်ရတာ ဆိုတာ...

ဘာကယ် ... ဘယ်နေရာမှ သုံးစားလို့ မရတဲ့ ညည်းရဲ့ ရှုပ်ပလာမှုက ဘယ်အချိန်ကျမှ အချိုးပြောင်းမှာလဲ"

"မေမေကလည်း ... အဲဒါ မေမေတို့ လိုတာ"

"ဘာ ... ဘာလိုတာလဲ။ ငါ လုပ်လို့ သေဦးမယ်"

"ဟုတ်တယ်လေ။ ဆားဆိုလည်း ဘူးမှာ ဆားလို့ ကပ်ထားပါလား။ အချဉ်မှုန့်ဆိုလည်း အချဉ်မှုန့်လို တပ်ပေါ့။ **ဏျာ**ကသာ ကံဆိုးလို့ ထောင်ချောက်မိသွားတာ။ **ဏျာ့**

www.burmeseclassic.com



နေရာမှာ တခြားတစ်ယောက်သာဆိုလည်း ဒီလို ဖြစ်ချင် ဖြစ်မှာပဲ”

“အမယ်လေး ... ဘယ်သူမှမဖြစ်ဘူး။ ဆားဘူးနဲ့ အချဉ်မှုန့်ဘူးကို ဒီအိမ်ကလူတွေ အကုန်ခွဲခြားနိုင်တယ်။ ညည်းသာ ကိုယ့်ကို ထမင်းကျွေးနေတဲ့ အလုပ်ကို မြင်းစီးပြီး အထီးမှန်း အမမှန်း မသိတာ ...

မခိုင်းတော့ မတတ်၊ မတတ်လို့ ခိုင်းပြန်တော့ ဟင်းချက်ဖို့ နေနေသာသာ ဆားတောင် အဖြစ်ရှိအောင် မထည့်နိုင်တော့ ...

ညည်း အရည်အချင်း ညည်း သဘောပေါက်သင့်ပြီ”

“အို ... မေမေကလည်း၊ တျာက ဟင်းချက်မယ့်သူမှ မဟုတ်တာ၊ မေမေ့အမွေကို **တျာ** မဆက်ခံပါဘူး၊ **တျာ**က office ဘက်ပဲ စိတ်ဝင်စားတယ်။ ရာထူးကောင်းကောင်း အလုပ်ကောင်းကောင်းရဖို့တောင် အခု မနားမနေဘဲ သင်တန်းတွေ လိုက်တက်နေတဲ့ဟာ”

“ဟဲ့ ... ညည်းဘာသာ အော့ပဲဖစ်ဖစ်၊ ဘာပဲဖြစ်ဖြစ် ငါ ပြောနေတာ ညည်းဘာသာ ပညာတွေ ဘယ်လောက်ပဲ မိုးပျံအောင် တော်နေ တော်နေ ညည်း အဲဒီလို ရုပ်ပလာနိုင်တဲ့၊ နမော်နမဲ့နိုင်တဲ့ အကျင့်ကို မပြင်နိုင်ရင် ညည်း အလုပ်မှာလည်း ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်ဘူး...





ဟူး ... မောတယ် ... မောတယ် ... တကယ်ပါပဲ။ ဒီလို သမီးမျိုး ဒီတစ်ယောက်ပဲ မွေးထားမိလို့သာပဲ။ နောက်တစ်ယောက်များ မွေးထားမိလို့ကတော့ ငါလည်း ခေါင်းမွေး မြန်မြန်ပြောင်မယ်”

ပြောရင်း ဆိုရင်း ထွက်သွားသော မေမေ့ကျောပြင်ကို ကြည့်ကာ **“တျာ”**က ဘာမှပြန်မပြောသာဘဲ ခပ်မဲ့မဲ့ကျန်ခဲ့ရလေသည်။ အင်း ... မေမေပြောလည်း ပြောချင်စရာပါပဲ၊ **တျာ**ဟာ အင်မတန် နမော်နမဲ့နိုင်သော၊ ရုပ်ပျာပျာနိုင်သော မိန်းကလေးတစ်ယောက်ဆိုတာ ကိုယ့်ဘာသာလည်း သိပေမယ့် အဲဒါဟာ **တျာ** ဘယ်လောက်ပဲ သတိထားထား သတိတစ်ချက်အလွတ်မှာ အားလုံး ဖြစ်ပြီးသွားပြီလေ။ **တျာ**ကတော့ လူပီသစွာ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ဘဲ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ချင်သည်။

ရုပ်ပလာနက္ခတ်နှင့် ယှဉ်မမွေးလာဘူးလို့ ဘယ်သူက အာမခံနိုင်လဲနော်။ **တျာ**ကတော့ ရုပ်ပလာနက္ခတ်ကြောင့်သာ **တျာ** ဒီလိုတွေ ဖြစ်နေရသည်ဟု ရှုးကြောင်ကြောင် မှတ်ယူတုန်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



(၁)

"မောနင်း မေမေ"

"အေး ... သားလေး၊ လာ ... ထိုင်။ ဒီနေ့တော့ သားလေး အတွက် မုန့်ဟင်းခါး စီစဉ်ထားတယ်"

"အိမ်မှာ လုပ်တာလား"

သူက ကုလားထိုင်ကိုဆွဲရင်း ဝင်ထိုင်လိုက်ကာ ပြောလိုက်လျှင် ကော်ဖီငှဲ့ပေးနေတာ သူ့အမေက အမျက်မပါသော မျက်စောင်းနုနုလေးထိုးကာ ...

"အိမ်မှာ လုပ်တာပေါ့ သားရယ်။ ငါ့သားက ဘယ်တုန်းက အပြင်စာကို စားဖူးလို့လဲ၊ သားစားချင်တာ မှန်သမျှ အိမ်မှာပဲ လုပ်ပေးနေရတာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်လေ။ ဒါပေမဲ့ တစ်ခါတလေကျ ရင် မေမေက ဆိုင်ကလည်း ဝယ်ကျွေးတတ်ပါသေး တယ်"





"ကြော် ... သန့်တဲ့ဆိုင်ကမို့ ဝယ်ထားတာပေါ့ သားရယ်၊ တချို့ဆိုင်တွေ တော်တော်သန့်ပါတယ်၊ ဆီတွေ ဘာတွေ ဆိုလဲ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေကြာဆီတို့ သံလွင်ဆီတို့ သုံးတဲ့ဆိုင်တွေက ဝယ်ကျွေးတာပါ သားရဲ့"

"နေကြာဆီ သံလွင်ဆီ သုံးတာတော့ ဟုတ်ပါတယ်မေမေ ရာ။ ဒါပေမဲ့ ချက်ပြုတ်တဲ့နေရာမှာ သန့်ရှင်းမှု ရှိ,မရှိ ဆိုတာကို ကိုယ်က သိနိုင် မြင်နိုင်တာမှ မဟုတ်တာ"

"အမယ်လေး ... ငါ့သားကတော့လေ။ တကယ်ကို တစ်မိ ပေါက် တစ်ယောက်ထွန်းပါပဲ။ ဖအေ မအေ ဆရာဝန်၊ အစ်မ ဆရာဝန်တောင် သားလောက် အစားအသောက် ဇီဇာမကြောင်ဘူး။ လမ်းဘေးက အစားအသောက်မို့ဆို လည်း ထားပါတော့၊ သန့်ရှင်းတဲ့ဆိုင်တွေတောင် သားက ဆိုက်ကိုဝင်နေပြီထင်တယ်"

ဟုတ်နေသောကြောင့် သူက အသာပြုံးကာ ရှေ့သို့ ရောက်လာသော မုန့်ဟင်းခါးပန်းကန်ကို တစ်ချက်ရှိုးလိုက်သည်။ သူ့အကြိုက် ပြင်ဆင်ချက်ပြုတ်ထားသော မေမေ့လက်ရာ ပထမ တန်းစား မုန့်ဟင်းခါးမှာ ငါးခူနှင့် ချက်ပြုတ်ထားလိမ့်မည်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုချေ။ ကြက်သွန်နီဥ၊ ငါးဖယ်၊ ဘူးသီးကြော်၊ အိုးဘဲဥ စုံလင်စွာဖြင့် ပဲသီးလေးများ ဖြူးထားပြီး ကြက်သွန်ဖြူဆီချက်လေးတောင် ဆမ်းပေးထားတာမျိုး သူ့အိမ် မှာမှလွဲ၍ ဘယ်မှာမှ မရနိုင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ပြောလည်း ပြောချင်စရာ။ သူက အစားအသောက်ဆို တော်တန်ရုံ အပြင်က အစားအသောက်လည်း မစားတတ်ဘဲ အိမ်မှာ အထူးသန့်သန့်ရှင်းရှင်း ချက်ပြုတ်ထားသည်များကိုသာ ခုံမင်သည်။ ရုံးကိုလည်း သူ့အမေ ချက်ပြုတ်ပေးသော အိမ်ထမင်းဟင်းများကိုသာ ယူပါသည်။ သူ နေ့စဉ်စားသောက်သော အစားအသောက်ပုံစံသည် Healthy Food ဖြစ်ဖို့လည်း သူက ဦးစားပေးသည်။ ကျန်းမာရေးနှင့် မညီညွတ်သော ကိစ္စမှန်သမျှ ဝေးဝေးက ရှောင်လေသည်။

သူ့အိမ်ကလူတွေနှင့် နီးစပ်ရာ အကြောင်းသိသူ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေကတော့ သူ့ကို ဇီဇာကြောင်သူဟု သတ်မှတ်လေမလား မသိပါ။ သူကတော့ ဇီဇာကြောင်တယ်ဟု မသတ်မှတ်ချင်ပဲ ဘဝကို စည်းစနစ်ကျကျ နေထိုင်သည်ဟုသာ သတ်မှတ်ချင်ပါသည်။

"အဆင်ပြေလား သားလေး။ စားကောင်းရဲ့လား"

"ဩော် ... မေမေ့လက်ရာမှ မကောင်းရင် ဘယ်သူ့လက်ရာက ကောင်းတော့မလဲ မေမေရယ်။ ရန်ကုန်မြို့က ထိပ်တန်းမုန့်ဟင်းခါးဆိုင်တွေ ပေါင်းပြီးချက်တောင် ငါ့အမေလက်ရာကို မမီတာပါဗျာ"

"ဟင်း ... ဟင်း၊ ဟုတ်ပါပြီတော်။ ဒါကြောင့်လည်း ဒီအမေက ဒီသားလေး စားချင်တာ မှန်သမျှ အိမ်မှာပဲ မညည်းမညူ ချက်ပေးနေတာပေါ့ ...





အင်း ... ငါ့သားလေး ဒီလို ဖြစ်သွားတာ မေမေ့အပြစ်လည်း ပါ,ပါတယ်လေ"

"ဟင် ... ဘာလို့လဲ မေမေရဲ့"

"သားကို မွေးပြီး သား မူကြိုစတက်မယ့် အရွယ်မှာပဲ မေမေက အလုပ်ထွက်လိုက်တာကိုး။ သားစားမယ့် အစားအသောက်တွေကို အပြင်က ဝယ်ကျွေးတာထက် အိမ်မှာပဲ မေမေကိုယ်တိုင် လုပ်ကျွေးခဲ့တာလေ ...

ငယ်ငယ်ကတော့ ငါ့သားလေးကို ကျန်းမာရေး ထိခိုက်မှာစိုးလို့ အပြင်စာတွေ မစားဖို့ တတွင်တွင်မှာခဲ့ရတာ။ ခုကျတော့ အပြင်စာကို စားခိုင်းလို့ကို မရတော့တာ ... အဟင်း ဟင်း"

သူ့အမေရဲ့စကားကို သူက အသာပြုံးရင်း ဘာမှပြန်မပြောမိ။ ဒေါ်ကြီးအုန်း ထပ်ယူလာသော နောက်ထပ်လိုက်ပွဲပန်းကန်ကို စားဖို့ပြင်သည်။ မေမေ့လက်ရာ မုန့်ဟင်းခါးဆိုလျှင် နှစ်ပန်းကန်လောက် အားပေးရမှ အာသာပြေတတ်သည်။

သူ အားပါးတရ စားနေတာကို သူ့အမေက ကျေနပ်စွာ ပြုံးကြည့်ရင်းမှ ဆိုလာသည်။

"သား ဒီ shirt က အသစ်လား။ သားနဲ့ တော်တော်လိုက်တာပဲ"

"ဟုတ်တယ် မေမေ။ တလောက ဝေယံ စင်ကာပူက ပြန်လာတော့ လက်ဆောင်ဝယ်ပေးတာ၊ G2000 လေ မေမေ၊



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ Brand က formal အတွက် ထုတ်တာတွေ နာမည်ကြီးတယ်"

"အင်း ... အရောင်လေးရော ဒီဇိုင်းရော သားနဲ့တော်တော်လိုက်တယ်"

သူက ခပ်တိုးတိုး ရယ်နေတုန်းမှာပဲ သူ့ကားကို မောင်းပေးသော ဒရိုင်ဘာကိုအေးလွင်က ထမင်းစားခန်းထဲသို့ ဝင်လာသည်။ ဒေါ်ကြီးအုန်းထံမှ သူ့ထမင်းချိုင့်ခြင်းကို လာယူတာဖြစ်သည်။ သူက ရုံးသွားလျှင် ကားကိုလည်း ကိုယ်တိုင်မောင်းလေ့မရှိပါ။ လူငယ်တစ်ယောက်အနေနှင့် ကားကိုတောင် ကိုယ်တိုင်မမောင်းဘဲ ဒရိုင်ဘာထားသည့် သူ့ကို သူငယ်ချင်းတွေက လက်ဖျားခါကြသည်။ ခါလည်း ခါပစေပေါ့။ သူကတော့ ကိုယ့်အတွေး ကိုယ့်စိတ်ချမ်းသာမှုနဲ့ ကိုယ်ပါပဲ။

နေရာတိုင်းမှာ ကျပ်သပ်ပြွတ်သိပ်နေသော ကားတန်းကြီးကြားမှာ စိတ်ရှည်လက်ရှည် တိုးဝင်ဖို့ စိတ်မပါသလို၊ စည်းကမ်းမဲ့ ရမ်းကားသော ဘတ်စ်ကားများနှင့် တက်ဆီ၊ အိမ်စီးကားအချို့ စသဖြင့် အဲဒီလိုလူတွေနှင့် ပတ်သက်ပြီး တန်ဖိုးရှိသော သူ့ရဲ့ဦးနှောက်စွမ်းအားတွေကို အချိန်ကုန်မခံနိုင်ချေ။ ထို့ကြောင့် နောက်ခန်းမှာပဲ အလုပ်အကြောင်းစဉ်းစားရင်း၊ အလုပ်ကိစ္စဖုန်းပြောရင်း သက်သောင့်သက်သာ ထိုင်စီးလေသည်။

"ဒီနေ့ ဘာဟင်းကောင်းတွေလဲ"





"အင်း ... ပေါ်ဦးပေါ်ဖျား မရမ်းသီးသုပ်၊ သားအကြိုက် ဝက်သားကို ကိုင်းခရမ်းချဉ်သီးအနှစ်လေးနဲ့ အတုံးသေးသေးတုံးပြီး ချက်တဲ့ဟာ ဘူးသီးဟင်းခါး၊ ပြောင်းဖူးခြစ်ကြော်"

"ကောင်းတယ် ... သား အကြိုက်တွေချည်းပဲ၊ အိုကေ ... မေမေ။ ဒါဆို စားလို့လည်း ဗိုက်ဝပြီ၊ သား ရုံးသွားတော့မယ်"

"အေး ... အေး ... သားလေး"

သူက မေမေ့ကို နှုတ်ဆက်ပြီးနောက် ဒရိုင်ဘာမောင်းသော ကားနောက်ခန်းကနေ၍ အေးအေးချမ်းချမ်း လိုက်ပါလာသည်။ သူ့ရုံးဟာ မြို့လယ်ကောင်က Tower ကြီးတစ်ခုမှာ ရှိပါသည်။ Down Town သို့ သွားရသည့်အတွက် ကားလမ်းက တဖြည်းဖြည်း ပိတ်လာသည်။ ကျပ်လာသည်။ သူတို့ရုံးရှိရာ လမ်းထိပ်သို့ ရောက်လာလျှင်တော့ ကားက ဆက်သွား၍ မရတော့ဘဲ လမ်းထဲတွင် ကားတွေပိတ်နေလေသည်။ One Way ဖြစ်သော သူတို့ရုံးရှိရာလမ်းထဲတွင် ဒီလို ကားပိတ်မှုကြီးသည်း မကြာခဏ ဖြစ်တတ်လေသည်။ လမ်းထဲမှာ အခြားရုံးတွေ၊ သင်တန်းတွေလည်း များစွာရှိတာမို့ လမ်းမှာကားရပ်ပြီး ဈေးအတင်အချ လုပ်သည်ဖြစ်စေ၊ မကျွမ်းကျင်သော ကားမောင်းသူတစ်ယောက် ပါကင်ထိုးလျှင်ပဲဖြစ်စေ၊ ဟိုဘက်လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးထိပ်မှာ မီးပွိုင့်နှစ်ခါပြန်မိလျှင်ဖြစ်စေ ဒီလမ်းသွယ်ထဲမှာ ကားတွေ တန်းစီပြီး ပိတ်သွားတတ်သည်။

အခုလည်း လမ်းထိပ်မှာထဲက ကားပိတ်နေပြီ။ သူတို့ရုံးက လမ်းအလယ်ကောင်လောက်မှာ ရှိတာမို့ သူက လမ်းလျှောက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ ခါတိုင်းလည်း ကားပိတ်တာကြာနေလျှင် ဆင်းလျှောက်တတ်သည်။ ခုတော့ ကြာ,ကြော မစောင့်တော့ဘဲ လမ်းလျှောက်ဖို့သာ ဆုံးဖြတ်လိုက်တော့သည်။

"ကဲ ... ကိုအေးလွင်၊ အေးဆေးသာ လိုမ့်တော့။ ကျွန်တော်တော့ လမ်းလျှောက်သွားတော့မယ်"

"ဟုတ်ကဲ့ အစ်ကိုလေး"

သူက ကားပေါ်မှာဆင်းပြီး ခပ်မှန်မှန် ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။ သူတို့လမ်းဟာ လမ်းသွယ်ဆိုပေမယ့် လမ်းကျယ်ဖြစ်ကာ တခြားလမ်းတွေလို ကျဉ်းတဲ့လမ်းမျိုး မဟုတ်။ one way လုပ်ထားသော လမ်းဖြစ်ပြီး ဆောနှစ်ဖက်မှာ ကားတွေ အတည့်ရပ်နားစရာ ပါကင်နေရာတွေရှိသည်။ ဒါတောင် ရုံးတွေ၊ သင်တန်းတွေနှင့် စည်ကားသောလမ်း ဖြစ်သဖြင့် လမ်းလျှောက်နေသူတွေလည်း ဥဒဟိုအပြည့်။ မျက်နှာချင်းဆိုင်က လူတွေလာလျှင် ပခုံးချင်း မတိုက်မိအောင် အသာရှောင်ရသော လမ်း ဖြစ်လေသည်။

ထိုစဉ်မှာပင် ...

"ဟင် ... ဟော ... ဟော"





လောလော လောလောနှင့် လမ်းလျှောက် လာသလောက် ယိုင်ထိုး ယိုင်ထိုး ဖြစ်နေသည်ဟု ယူဆရသော မိန်းကလေးတစ်ယောက်သည် လက်ထဲမှာကတော့ ရေခဲမုန့်ကိုလည်း စားလာသေးလေရာ သူ့ဆီသို့ ရေခဲမုန့်တစ်ခုနှင့် ကမူးရှူးထိုး ပြေးဝင်လာသည်။ သူက သတိပေးသလိုနှင့် သူ့ကိုယ်သူတောင် သတိမထားမိဘဲ ပါးစပ်မှ အသံထွက်သွားချိန်တွင် သူ မမျှော်လင့်သော ကိစ္စကလည်း တကယ်ပဲ ဖြစ်ပွားသွားခဲ့သည်။ အဲဒါကတော့ သူမ စားလက်စရေခဲမုန့်သည် သူ့ရင်ဘတ်တည့်တည့်၊ ရှပ်အင်္ကျီပေါ်သို့ ဖတ်ခနဲ အပုံပိုက် လာရောက်တင်ရှိကာ စက္ကန့်ပိုင်းအတွင်း အစတစ်စက ဖတ်ခနဲ စီးကျ၊ မျက်စိတစ်မှိတ်အတွင်းမှာပင် အရည်ပျော် ရေစီးကြောင်းများဟာ တဖတ်ဖတ်နှင့် သူ့ရဲ့အသစ်စက်စက် G2000 ရှပ်အင်္ကျီပေါ်တွင် တပျော်တပါး ဆင်နွှဲကြလေသည်။

"ဟင် ... ဟင် ... ဟယ် ... ပေကုန်ပြီ၊ အဲ ... ကျ ... ကျကုန်ပြီ"

ရှေ့က မိန်းကလေးက သူ့ရင်ဘတ်က ရေခဲမုန့်တွေကို မျက်လုံးပြူးကြီးနှင့် ကြည့်နေရာမှ ဖျတ်ခနဲဆို လက်မြန်ခြေမြန်နှင့်ပင် သုတ်ပေးလိုက်လေရာ အဆင်မပြေဘဲ ပို၍ဆိုးသွားလေသည်။ ပို၍ ဖြန့်ကြက်လိုက်သလို ဖြစ်သွားပြီး ဘယ်ဘက်ရင်အုံ နေရာတစ်ခုလုံး သူမရဲ့ ခရမ်းရောင် ရေခဲမုန့်တွေ စီရွဲသွားသည်။

"ဟာ ... ခင်ဗျား ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဆော ... ဆောရီးပါရှင်။ ကျွန်မ တောင်းပန်ပါတယ်။ ဟို ... ဘယ်လိုဖြစ်သွားမှန်း မသိတာပါရှင်၊ တကယ့်ကို မတော်တဆပါ ...

အားနာလိုက်တာရှင်၊ တကယ်ပဲ စိတ်မကောင်းပါဘူး"

ပြောရင်းဆိုရင်း သူမရဲ့လက်တွေက သူ့ရင်ဘတ်ဆီ ထပ်သုတ်ပေးတော့မည့်ဟန် တရွယ်ရွယ်မို့ သူက အဲဒီလက်ကို ပုတ်မထုတ်မိရုံတကယ် ကိုယ်ကို ဝေ့ကာ ရှောင်ရှားမိသည်။ ပြီးတော့ ရှေ့က မိန်းကလေးကိုလည်း ဒေါသထွက်စွာ ကြည့်မိလေသည်။ မျက်နှာကို သဲကွဲစွာ မမြင်နိုင်အောင်ပင် သူမရဲ့ရေလှိုင်းသဏ္ဌာန် အလိပ်ကြီးကြီး ဆံပင်တွေက မျက်နှာပေါ် အုပ်မိုးမတတ် ဝဲဖြာနေကြပြီး အရပ်ကလည်း သူ့ကို မီလုမီခင် မြင့်မားလှသည်။ စကားပြောလျှင် သူမရဲ့ရေလှိုင်းတွေကို သပ်ကာ သပ်ကာ ပြောနေသည်မို့ တစ်ချက် တစ်ချက် ထူထဲလှသော မျက်ခုံးများကို မြင်တွေ့ရသည်။ တစ်ချက်တည်းနှင့် အကဲခတ်မိသည်မှာ နမော်နမဲ့နိုင်သော မိန်းကလေးတစ်ယောက်ပဲ ဖြစ်ရမည်ဟု။

"ကျွန် ... ကျွန်မ ... ဘာများ ကူညီရမလဲဟင်"

"ဘာ ... အဟက်"

ဒေါသထွက်၍ ဘာစာ မြည်တမ်းပြီးမှ သူမရဲ့မေးမြန်းပုံကို လှောင်ရယ်ချင်သဖြင့် အဟက်ဟု ထွက်မိသွားရသည်။





"မင်းက ဘာကူညီနိုင်လို့လဲ"

"ဟို ... မသိဘူးလေ။ တစ်ခုခုပေါ့"

"ကျွတ် ... အာရုံနှောက်လိုက်တာ"

သူက ဆက်ပြောဖို့ စိတ်ကုန်စွာနှင့် ထိုနေရာမှ ဆက်လျှောက်လာခဲ့သည်။ သူ့ရင်ဘတ်ကို ငုံ့ကြည့်လိုက်လျှင် ခရမ်းရောင် ရေခဲမုန့်တွေက အကွက်လိုက် အကွက်လိုက်။ ဘယ်လိုနက္ခတ်ကများ ဒီလို ဆိုးရွာစွာ လာတိုက်ဆိုင်ရလဲကွာ။ သူက လက်ထဲကဖုန်းဖြင့် ကိုအေးလွင်ထံ ဖုန်းခေါ်လိုက်သည်။

"ကိုအေးလွင် ... ခင်ဗျား ပါကင်ထိုးမနေတော့နဲ့။ အိမ်ပြန်ပြီး မေမေ့ဆီက ပစ္စည်းတစ်ခု သွားယူပါ။ ဟုတ်တယ် ... အခုပဲ"

သူက ပေစောင်းစောင်း၊ မကျေမနပ် ဖြစ်နေသော ရှပ်ဖြင့် ရုံးခန်းထဲ ဝင်လာခဲ့သည်။ လုံခြုံရေးဝန်ထမ်းက ကွက်ကြည့် ကွက်ကြည့် လုပ်နေသော်လည်း သူ့မျက်နှာထားကြောင့် ဘာမှမမေးရဲ မပြောရဲ။ သူ့ရုံးခန်းထဲ ရောက်တော့မှပင် သူ့အမေထံ ဖုန်းဆက်ပြီး ဒရိုင်ဘာနှင့် အင်္ကျီတစ်ထည် ထည့်ပေးရန် ပြောရသည်။ အကျိုးအကြောင်း ရှင်းပြရသေးသည်။ သူ့အင်္ကျီတွင် စွန်းထင်းသွားသော ခရမ်းရောင်အကွက်များ ကျွတ်ပါ့မလားဟု တွေးရင်း ဒေါ်လာရှစ်ဆယ်ကျော်အင်္ကျီအတွက် ဟိုရှပ်ပျာမ ဆေးကို ကျိန်ဆဲရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"တင်တောင် ... တင်းတောင် ... တင်းတောင် ... တင်းတောင်"

တစ်ခါတီးလည်း တံခါးလာမဖွင့်၊ နှစ်ခါတီးလည်း တံခါးလာမဖွင့်၊ ဘဲလ်ကို ဆက်တိုက်နှိပ်တော့မှပဲ လာပြီဟော ဟူသော အသံကျယ်ကြီးကို ကြားရကာ တကယ်တမ်းလည်း လူက ရောက်မလာသေးပါ။ တစ်မိနစ်လောက်ကြာမှ တံခါးက ချပ်ခနဲ ပွင့်လာကာ ဟီးခနဲ သွားဖြီးပြနေသော မိဂီကို ကိုရီးယားကားထဲက အာဂျီးမဒီစိုင်းဖြင့် တွေ့လိုက်ရသည်။

"ဟဲ့ ... ဝင်"

"ဝင်မလို့ ဘဲလ်တီးနေတာပဲလေ။ ဟွန်း ..."

တျာက ပြန်လည်မာန်မဲရင်း အိမ်ထဲသို့ ဝင်လာခဲ့ကာ ထမင်းစားပွဲဆီသို့ လျှောက်သွားရင်း လက်ထဲက ဝယ်လာသော အထုပ်များကို ချလိုက်သည်။ ကားပေါ်မှာထဲက ရေဆာ





နေသောကြောင့် ရေတစ်ဘူးယူကာ မော့သောက်နေမိသည်။ တံခါးကို သော့ပြန်ပိတ်နေသော ဂီက လုပ်ရင်းကိုင်ရင်းနှင့်မှ စကားအော်ပြောနေသည်။

"ဟဲ့ ... ကျုပ်မှာ ရှင်တို့လို ခါးလှုပ်ပြီး သွားရတဲ့အပျိုလေး မဟုတ်ဘူးဟဲ့။ ကလေးတစ်ကောင်နဲ့ ဒေါင်ချာစိုင်းနေတဲ့ အိမ်ရှင်မပါအေ"

"ဒါပေါ့ ... စောစောစီးစီး လင်ယူတာကိုး"

"ဟဲ့ ... အဲဒီလို မပြောပါနဲ့၊ အချစ်ကို စောစီးစွာတွေ့ရှိတယ်လို့ ပြောပါ"

"ဟွန်း ... အလကား။ နင်တို့တွေ တစ်ယောက်တစ်ပေါက်လုပ်လို့ ငါ သင်တန်းတွေ တက်ရတာ ဘှက်ပဲ့နေတာ။ နင်ကလည်း ယောကျ်ားယူ၊ ကလေးမွေး၊ ဟိုမိန်းမ ရေးချယ်လ်ကလည်း ဈေးသည်ကြီး ဆန်နီလုပ်။ ဘာတွေမှန်းမသိဘူး"

"ရော် ... ခက်ပြီ ... ဟား ... ဟား ... ဟား"

တျာရဲ့ ရှုပ်ပွပွ အပြောကို စိတ်ရှိလက်ရှိ အော်ရယ်မိသော ဂီမှာ ချက်ချင်း သတိဝင်လာပြီး အိပ်နေသော သားလေးနိုးမှာစိုးသဖြင့် ပါးစပ်ကို ချက်ချင်းပိတ်ရသည်။ ပြီးတော့ ချစ်သူငယ်ချင်း တျာကို နားလည်စာနာစွာ ပြုံးရင်း တျာ ဝယ်လာသော အစားအသောက်တွေကို ဖော့ဘူးတွေထဲကနေ၍ ပန်းကန်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းထည့်နေမိရင်း၊ သူငယ်ချင်းသုံးယောက်ရဲ့ အတိတ်ကာလကို ပြန်ပြောင်းသတိရမိသည်။

သိပ်မကြာသေးဟု ပြောလို့ရသော အတိတ်မှာတော့ တျာ၊ ဂီနှင့် ရေးချယ်လ်တို့ဟာ ဆယ်ဘန်းကို အတူအောင်ပြီး တက္ကသိုလ်အတူတက်ခဲ့ကြတာပါ။ ကျောင်းမပြီးခင် တစ်နှစ်မှာပဲ ဂီက ချစ်သူရလာကာ ကျောင်းပြီးချိန် နှစ်နှစ်အကြာမှာတော့ ချစ်သူနှင့် လက်ထပ်လိုက်ပြီး အခု ချစ်စရာသားလေးတောင် တစ်နှစ်ပြည့်တော့မည်။ ဘာသင်တန်း၊ ဘာအလုပ် လုပ်ဖို့မှလဲ စိတ်မဝင်စားတော့ဘဲ ချစ်ရတဲ့ယောကျ်ားနဲ့ သားလေး ကြားမှာ ဘဝကို နှစ်မြှုပ်ထားသော ဂီ တစ်ယောက် ဘက်ပဲ့သွား၍ တျာမှာ ရေးချယ်လ်ကို အဖော်ရမလား တွေးသော်လည်း ...။

ရေးချယ်လ်ကတော့ ယောကျ်ား ယူသွားတာ မဟုတ်ပေမယ့် ဘဝကတစ်မျိုးတစ်ဖုံ ပြောင်းသွားတာ ဖြစ်သည်။ ရေးချယ်လ်အဖေက နဂိုတည်းက ကျန်းမာရေးသိပ်မကောင်းဘဲ အိမ်မှာပဲ နားနားနေနေ နေရသူ၊ ရေးချယ်လ်အမေက မင်္ဂလာဈေးမှာ စားသောက်ကုန်မျိုးစုံ ဖြန့်ချိရေးဒိုင်ကြီးသဘောမျိုးလုပ်ကာ ဦးစီးဆောင်ရွက်နေသူဖြစ်ပြီး တခြားမောင်နှမတွေက နိုင်ငံခြားမှာ ရောက်သူကရောက်၊ တခြားအလုပ်တွေနှင့် အခြေတကျ ဖြစ်နေချိန်ဝယ် ရေးချယ်လ် မိခင်ကြီးက ရုတ်တရက် ဆုံးပါးသွားသောအခါ ရေးချယ်လ်သည် သင်တန်းတွေ ဆက်တက်၊ သူငယ်ချင်းတွေနှင့် ဖလန်းရတော့မည့် အခွင့်အရေးကို မစွန့်လွှတ်ချင်ဘဲ





စွန့်လွှတ်ရကာ မင်္ဂလာဈေးသည်ကြီးဘဝ၌ အသားကျအောင် ကျင့်ယူရလေသည်။

ဒီတော့ တျာ့ခမျာ အဖော်နှစ်ယောက် ဘက်ပဲ့လျက် တစ်ယောက်တည်း သင်တန်းတွေ တက်နေရတော့တာကို ဒင်းမှာ အချိန်တိုင်း အလိုမကျ စောင်းချိတ် ရှုပုပ်နေတော့တာပင်တည်း။

"နင့် ဆားပုလင်းက ဘယ်တုန်းက ပြန်သွားတာတုန်း"

ရှုပုပ်ပုပ် ဆောင့်အောင့်အောင့် မေးသော **"တျာ"**ရဲ့ အသံကို ကြားတော့မှပင် **ဂီ**က သတိပြန်ကပ်လာသည်။ အိမ်ထောင်ကျပြီးတည်းက နှစ်ကိုယ်တူတိုင်းပြည် တည်ထောင်ခဲ့သော ဂီတို့လင်မယားမှာ ကလေးတစ်ယောက် ရလာတော့ အိမ်အကူတစ်ယောက်က မခေါ်မဖြစ် ခေါ်ရတော့သည်။ ဂီ့ယောကျ်ားက သူ့အဖေကုမ္ပဏီမှာပဲ အလုပ်ဝင်ပြီး ပုံမှန်ရုံးတက်သူမို့ မနက်ရှစ်နာရီဆိုလျှင် အိမ်ကထွက်ပြီး ဂီရယ်၊ ကလေးရယ်၊ အိမ်အကူကောင်မလေးရယ် ကျန်ခဲ့သော်လည်း အခု ဆားပုလင်းခေါ် အိမ်အကူကောင်မလေးကလည်း ရွာပြန်သွားသောအခါ ဂီ တစ်ယောက်တည်း ခေါင်ချာစိုင်းနေတော့သည်။

"နှစ်ရက်လောက် ရှိပြီလေ။ သူ့အဖေ အော်ပရေးရှင်းလုပ်ရမှာမို့တဲ့"

"အင် ... ဒါနဲ့ ငါ့ကို ရိုက္ခာဝယ်ခိုင်းရတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ် … အဖြစ်က မနှစ်ကနဲ့မတူ မပြောချင်တော့ ပါဘူးဟယ်"

"ဒါပေါ့ … လင်ယူတာကိုး။ နင် လင်ယူတာ အရေးမကြီးဘူး။ ငါက ကျွန်ဝယ်ရာ အဆစ်ပါတယ်လေ"

"ဟား ဟား … အဲလိုလည်း သဘောမထားပါနဲ့ဟယ်။ ပါရမီဖြည့်တယ်ပဲ သဘောထားလိုက်ပါ"

တျာ ထိုးသော မျက်စောင်းအကြီးကြီးကို ဂီက ကျေကျေနပ်နပ်ပင် ခံယူလိုက်ပြီး လိုတာရပြီမို့ ဘာမှမပြောတော့ဘဲ အသာရယ်ကာ ပခုံးတွန့်နေမိသည်။ ကလေးတစ်ယောက်နှင့် ဒေါင်ချာစိုင်းနေသော ဂီ့မှာ အိမ်အတွက် ရိက္ခာတောင် ထွက်မဝယ်နိုင်ဘဲ အခု တျာကပဲ တစ်ပတ်စာရိက္ခာနှင့် ညစာအတွက် ချက်ပြုတ်ပြီးသော ဟင်းအမယ်တချို့ပင် ဆိုင်က ဝယ်လာပေးရလေသည်။

"ငါလည်း အန်တီနှင်းဆီ ဆီကတောင် ထမင်းချိုင့်မှာရင် ကောင်းလား မသိဘူး"

"မှာရင် ကောင်မလား လုပ်မနေနဲ့၊ မှာလိုက်ဖို့ သင့်နေပြီ"

"အင်း … ဟိုကောင်မလေးကလည်း တစ်ပတ်ပဲ ကြာမယ်လို့ ပြောသွားတော့"

"ဟဲ့ … သူ့စကားကို နင်က ယုံစားနေတာလား။ တစ်ပတ်ဆိုရင် အနည်းဆုံး နှစ်ပတ်လို့ သဘောပေါက်ဟဲ့"

"အင်း"





"နင့်ကလေးရော"

"အိပ်နေတာလေ"

"အင်း … ဟုတ်ပါပြီ၊ ဟဲ့ … ဒါက ဘာလုပ်ဦးမှာလဲ"

"မီးပူတိုက်မလို့လေ"

"အမယ်လေး … မိဂီရယ်။ ငါ ရောက်နေတာများ နည်းနည်းပါးပါးထိုင်ပြီး စကားလေး ဘာလေး ပြောစမ်းပါဦး"

တျာက ဂီ့ကို ကြည့်ကာ စိတ်ကုန်ခန်းစွာဖြင့် ပြောလိုက်သည်။ ရောက်တည်းက ဂီ ထိုင်တာကို တစ်ချက်မှ မတွေ့ရသေးပဲ တစ်ခုပြီးတစ်ခု ဇယ်ဆက်အောင် လုပ်နေသည်မှာ မျက်စိတောင် နောက်လာရလေသည်။ ခုလည်း မီးပူတိုက်သည့် ခုံကိုချကာ မီးပူတိုက်ဖို့ ပြင်ဆင်နေပြန်ပြီ။

"သြော် … နင် ရောက်တုန်းမို့ မီးပူလေး တိုက်ချင်တာ။ တစ်ယောက်တည်း ထိုင်တိုက်နေရရင် ပျော်စရာကြီးဟယ်။ နင်နဲ့ စကားပြောရင်း ဆိုရင်း တိုက်တော့ အပျင်းလည်းပြေ အလုပ်လည်း ပြီးပေါ့"

"ဟင်း … နင်တို့တွေလည်း တကယ် စိတ်ကုန်တယ်။ ယောက်ျား ယူလိုက်တာ ဒီလိုပုံစံ ဖြစ်သွားလားဟယ်။ စိတ်ပျက်တယ်။ ငါကတော့ မယူဘူး"

"ဟား ဟား … နင် ယောက်ျားတစ်ယောက်ကို ချစ်ရင် ယူချင်ယူမှာပေါ့နယ်၊ ပြီးတော့ ငါ အခုလို အလုပ်လုပ်နေရတာလည်း အိမ်ဖော်က ခဏပြန်နေလို့ပါ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့်ပညာ မနေသာပေါ့ဟယ်။ အပိုတုန်းက ကြက်ဥတောင် ဖြောင့်အောင်မကြော်တတ်၊ အင်္ကျီပြန့်အောင်မီးပူမထိုးတတ်တဲ့ ငါလည်း ခုတော့ အလိုလို တတ်ရပြီပေါ့”

တျာက တစ်ချက်ရှုံ့မဲ့ရင်း ဘာရယ်မဟုတ် ဂီ မီးပူတိုက်နေသော အင်္ကျီထံ အကြည့်ရောက်သွားသည်။ ဟင် ... ဒီအင်္ကျီကို တျာ မြင်ဖူးပါတယ်။ ဘယ်မှာ မြင်ဖူးတာပါလိမ့်။ အဖြူမကျ၊ အပြာနုမကျ အဖြူထဲမှာ အလင်းပြာနုနု အရောင်မျိုးက ပြေးထွက်လာပုံမျိုး၊ ဆန်းကြယ်သည့် ကာလာနှင့် တန်ဖိုးကြီးမှန်း သိသာသော ဒီရှပ်အင်္ကျီကို တျာ တစ်နေရာရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးနေသည်။

ဟယ် ... ဒီအင်္ကျီက တစ်နေ့က တျာ တိုက်မိခဲ့သော အင်္ကျီမျိုးပဲ။ တစ်ပုံစံတည်း ချွတ်စွပ်ပဲဟို။

“ဟဲ့ ... ဒီအင်္ကျီက နင့်ယောက်ျား အင်္ကျီလား”

“ဩော် ... မိတျာရယ်။ ဒီအိမ်မှာ ယောက်ျားဆိုလို့ ငါ့ယောက်ျားပဲရှိတာ မဟုတ်ဘူးလား”

“အေးပါ ... အဲ ... အဲဒီ အင်္ကျီ ဘယ်လောက်ပေးရ လဲ”

“ဘာလုပ်မလို့လဲ”

“ဩော် ... အရေးထဲ ပြန်မေးနေပြန်ပြီ၊ မေးတာသာ ဖြေစမ်းပါ”

“အမယ်လေး ... မှားပါတယ်၊ ဟုတ်ကဲ့ပါ မမရယ်၊ ဖြေပါ့မယ်၊ သိတဲ့ အတိုင်းပဲဟော့ ငါ့ရဲ့ လောင်တော်မင်က





ကိုကိုပဲလေ။ ရုံးတက်ရင် ရုံးတက်ဖက်ရှင်၊ အပြင်ထွက်ရင် ဖက်ရှင်ကတစ်မျိုး၊ အဲဒီအင်္ကျီက သူ့ညီမက စင်ကာပူကနေ လှမ်းပို့ပေးထားတာဟော့ ...

ပို့ထားတာ ဆိုတာ သူက လှမ်းမှာတာ။ G2000 အသစ်ထွက်ရင် သူ့ညီမကို လှမ်း,လှမ်းမှာနေကြ။ ပြီးမှ ပိုက်ဆံရှင်းရတာ။ အရင်လကလည်း သူ့အင်္ကျီဖိုးတင် ဒေါ်လာသုံးရာလောက် ရှင်းလိုက်ရတယ်။ တစ်လ တစ်လ သူ့အဝတ်အစားဖိုးက ငါ့အဝတ်အစားဖိုးထက် ပိုများနေတာ”

“ဒီအင်္ကျီက ဘယ်လောက်ပေးရလဲ”

“ဒါက ... အင်း ... ငါက စလုံး 80 ထင်တယ်”

စင်ကာပူဒေါ်လာ 80 ကျသင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ စင်ကာပူတစ်ဒေါ်လာကို မြန်မာငွေ ၈၀၀ ကျပ်နဲ့ပဲ အကြမ်းဖျင်းတွက်ဦး ခြောက်သောင်းလေးထောင်။ အင်း ... ဟိုတစ်ယောက်တော့ ဘယ်လောက်များ ဒေါသထွက်နေလိမ့်မလဲ။ ခုတိုပဲ ဒေါသသင့်နေသော သူ့မျက်လုံးကို မြင်ယောင်လာသည်။

“ကျွတ်မှ ကျွတ်ပါ့မလား မသိဘူး”

“ဟဲ့ ... ဘာပြောတာလဲ၊ ဘာကျွတ်တာလဲ”

“ဩော် ... ဒီလိုဟ၊ ပြီးခဲ့တဲ့ တစ်ပတ်က ငါ(... ...)လမ်းမှာ သင်တန်းကအပြန်ဟယ်၊ လူတစ်ယောက်ကို ဝင်တိုက်မိတာ၊ အဲ ... ငါ့လက်ထဲက ရေခဲမုန့်က သူ့အင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



ပေသွားတယ်၊ အဲဒီအင်္ကျီဟာ အခု နှင့်ယောက်ျားအင်္ကျီနဲ့ တစ်ပုံစံတည်းပဲလေ”

“ဟင့် ... နှင်ကတော့ လုပ်ပြီ၊ နေစမ်းပါဦး ... နှင်က စောစောစီးစီး ရေခဲမုန့် စားနေရလား”

“မစားတော့ပါဘူးဟာ။ ဆယ်နာရီတောင် ထိုးတော့မယ်၊ နေကလည်းပူတော့ ရေငတ်လို့။ အဲဒါ ရေခဲမုန့်တွေက သူ့အင်္ကျီရင်ဘတ်မှာ ပေကုန်တာဟယ်။ ငါ စားနေတာ ပိန်းဥရေခဲမုန့်ဆိုတော့ ခရမ်းရောင်တွေက ကျွတ်မှကျွတ်ပါ့မလား မသိဘူးလို့ ...

အင်္ကျီက အကောင်းစားကြီးဆိုတော့ နှမြောစရာကြီးဟယ်”

“အင်း ... **‘တေးကျော်ဇော်’** တစ်ယောက်တော့ဖြင့် ဘေးနားက ထိန်းပေးမယ့် သူငယ်ချင်းတွေ မရှိတော့ ခြေမခိုင်ဘဲ ခလုတ်လည်း ခဏ ခဏတိုက်၊ ရုပ်ပလာလည်း ဖြစ်မြဲနေမှာပဲ ...

ပိုတောင် ဆိုးလာဦးမယ် ထင်တယ်”

“ဟွန်း ... အဲဒီလောက်လည်း မဟုတ်ပါဘူးနော်”

“အေးပါ ... တော်တန်ရုံ ရုပ်ပလာ ဖြစ်တာက ပြဿနာမရှိပါဘူး။ ကားမောင်းနေတုန်း ရုပ်ပလာမဖြစ်ဖို့ဘဲလိုတာ။ ငါဖြင့် နှင် ကားမောင်းတာကို သိပ်စိတ်ပူတာပဲ”





“အမယ်လေး ... ညည်းတို့က ဘာလဲ၊ ဘဝမေ့တဲ့ မဗျိုင်းတွေလား။ ဒီသုံးယောက်ထဲမှာ ငါ အရင်ဆုံး ကားမောင်းတတ်တာကိုလည်း သတိရလိုက်ဦး”

“ရပါတယ် ... ရပါတယ်၊ အသက်ကို ဖက်နဲ့ထုပ်ပြီး လိုက်စီးခဲ့ရတဲ့ အချိန်လေးတွေကိုပေါ့ ... ဟား ဟား ဟား”

ကျော့က အမြင်ကတ်ဖွယ်ကောင်းအောင် အော်ရယ်နေသော ဇွဲ့ကို မျက်စောင်းတိုးမိပြီးနောက် မီးပူတိုက်၍ ပြီးသွားသော ကော့ပျံနေသည့် G2000 Shirt လေးထံ အကြည့်ရောက်သွားကာ တွေတွေငေးငေးလေး ဖြစ်သွားသည်။ သူ ကျော့ကို စိတ်ဆိုးသွားမလား။ အင်း ... ခပ်ဖြောင့်ဖြောင့်ဘဲလေးက ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို စိတ်ဆိုးသွားတယ်ဆိုရင်တော့ သိပ်ကြည့်မကောင်းတဲ့ ဖြစ်ရပ်ပဲပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

"အစ်ကိုလေးရေ ... နေ့လယ်စာကို ဘာသုံးဆောင်မလဲ ခင်ဗျ၊ ကျွန်တော် သွားဝယ်ပေးပါ့မယ်"

"နေ ... နေ ... အင်း ... ခဏလေး ... ကျွန်တော် Mylann မှာ ရှာလိုက်ဦးမယ်၊ ဒီနားမှာ အနီးဆုံးစားသောက်ဆိုင် ကောင်းကောင်းကန်းကန်း ဘယ်နားရှိလဲလို့"

"ဟုတ်ကဲ့"

**"ခေါင်"**က သူ့ဖုန်းကို အင်တာနက်ဖွင့်ကာ Mylann Application မှာ သူ ရောက်နေသော နေရာနှင့် အနီးဆုံး စားသောက်ဆိုင်ကောင်းကောင်းကို ရှာဖွေနေမိသည်။ ထို Application သည် ရန်ကုန်မြို့အနှံ့မှာရှိသော စားသောက်ဆိုင်မျိုးစုံ၏ လိပ်စာနှင့် ဖုန်းနံပါတ်၊ ဖွင့်ချိန် ပိတ်ချိန်တို့ကအစ Near by ဖြင့် အတိအကျ ညွှန်ပြထားသည်မို့ အပြင်ထွက်နေရသော သို့မဟုတ် အစားအသောက်ကို ဝါသနာပါသော အစားချစ်သူတို့အတွက် အဆင်ပြေသော လမ်းညွှန်လေးပဲ ဖြစ်တော့သည်။





ဒီနေ့ ခေါင့်မှာ ထမင်းချိုင့် ပါမလာပါ။ မနက်စောစောတည်းက လေဆိပ်မှာ နိုင်ငံခြားက ဧည့်သည်တစ်ယောက်ကို ကိုယ်တိုင်ကြိုဆိုပေးဖို့ ဟိုတယ်အရောက် ပို့ပေးဖို့ တာဝန်ကျသည်မို့ မနက်ပိုင်း အဲဒီကိစ္စတွေလုပ်၊ ဌာနဆိုင်ရာက လူကြီးတစ်ယောက်နှင့် သွားတွေ့ပြီး အပြန်တော့ ဗိုက်ကအနည်းငယ်ဆာစပြုနေပြီ။ ဒါကြောင့် ဒီနားမှာ သန့်သန့်ရှင်းရှင်းနှင့် အရသာကောင်းတာ ဘာဆိုင်ရှိမလဲဟု ရှာဖွေနေမိသည်။ အင်း ... တွေ့ပါပြီ။ ကော်ဖီဆိုင်နှင့် တစ်မျိုးကောင်း အစားအသောက်များကို ရောင်းချသော ဆိုင်တစ်ဆိုင်။ သူက ကိုအေးလွင်ကို လိပ်စာပြောပြီး မောင်းခိုင်းလိုက်သည်။

သူ တစ်ခါမှ မရောက်ဘူးသောဆိုင် ဖြစ်ပေမယ့် ဆိုင်လေးက သပ်ရပ်အဆင့်မြင့်သောကြောင့် သဘောကျသွားရသည်။ သူက Menu ကိုကြည့်ကာ အရသာရှိမည် ထင်ရသော ထမင်းပေါင်းတစ်ပွဲနှင့် ရေတစ်ဘူးသာ မှာလိုက်သည်။ သဘောကျစရာ ကောင်းစွာဖြင့် ဆယ့်ငါးမိနစ် အကြာတွင် အသီးအရွက်များ အငွေ့တထောင်းထောင်း ထနေသော ထမင်းပေါင်းပန်းကန် ရောက်လာလေသည်။ မြည်းကြည့်သောအခါ အရသာမှာ မဆိုးလှချေ။ အစားအသောက် စားနေလျှင် ဘာအကြောင်းအရာမှ မစဉ်းစားတတ်သော သူက အခုလည်း စားနေသော ထမင်းပန်းကန်ထဲကိုသာ အာရုံနှစ်ထားမိသည်။

ထိုအချိန်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်"

"ဘတ်"

သူ့နားထဲမှာ ထူးဆန်းသော အသံတွေကို ကြားရပြီးနောက် အသံနောက်က ကပ်လိုက်လာသည့် **ဘတ်နှင့်အတူ** နောက်ကျောဆီကို တစ်စုံတစ်ရာ လာထိမှန်သော အသံကိုကြားလိုက်ရတာ ဖြစ်သည်။ သူ့နောက်ကျောမှာလည်း တစ်စုံတစ်ရာ ထိမှန်သလို ခံစားမှုမျိုးကို ရနေသည်။ မသင်္ကာသော စေ့စော်မှုကြောင့် သူ့နောက်ကျောကို လက်ပြန်စမ်းမိလိုက်လျှင် သူ့လက်မှာ စိုစိုစိစိကို သွားစမ်းမိသည်။ မျက်မှောင်ကြုတ်၍ ကြည့်လိုက်မိလျှင် လုံးဝမမျှော်လင့်ထားသော ငရုတ်သီးဆော့ထ်အနှစ်ရည်တွေကို တွေ့လိုက်ရလေသည်။ အံ့သြလွန်းသောကြောင့် သူက နောက်ဘက်သို့ လည်ပြန်လှည့်ကြည့်လိုက်လျှင် ငရုတ်ဆော့ထ်ဘူးအနီကိုကိုင်ကာ သူ့ကို ပြူးပြူးကြီး ကြည့်နေသော မျက်လုံးတစ်စုံ။

ပါးစပ်အဟောင်းသားပွင့်ကာ ဘာပြောရမှန်းမသိဖြစ်နေသော မိန်းကလေးတစ်ယောက်။ အတိအကျ ဆိုရလျှင် သူ့မျက်လုံးများကို မှေးကျဉ်းသွားစေကာ "ဩော် ... မင်းကိုး" ဟု ဖြစ်သွားစေသော မိန်းကလေးဟာ တစ်နေ့က ရေခဲမုန့်နှင့် ဝင်တိုက်သော မိန်းကလေးပါပဲ။ တိုက်တိုက်ဆိုင်ဆိုင် ဆုံသောအဖြစ်ကို အံ့သြတာထက် ဒီမိန်းကလေးရဲ့ နှမော်နမဲ့နိုင်မှုကို အံ့သြမိတာက ပိုမည် ထင်ပါသည်။





"ဟို ... ဟို ... ဒီ အချဉ်ဘူးက ညှစ်ချတာ မထွက်တာနဲ့ ဖင်ကို တစ်ချက်ဆောင့်ပြီး အတည့် ညှစ်လိုက်မိတာ၊ ထွက်မယ့်ထွက်တော့လည်း တအားပန်း ... ထွက် ... ထွက်"

"ကျွတ်"

သူက စိတ်ပျက်စွာနှင့် ကျွတ်ခနဲ စုတ်သပ်ကာ မျက်နှာလွှဲမိသည်။ သူမက ဆီးရှက်လောက်သာရှိသော မျက်နှာအားဖြင့် သူ့အနားသို့ ရောက်လာသည်။

"ဆောရီးပါရှင်။ ဟို ... ဟို တစ်ခါကလည်း ..."

သူမက အရင်တစ်ကြိမ်က အဖြစ်အပျက်ကိုပါ တ်မိဟန်ဖြင့် အားတုံ့အားနာဟန် ဆိုသည်။ သူက မဲ့ပြုံးတစ်ချက်ဖြင့် ခေါ်သထွက်စွာ စိုက်ကြည့်မိကာ ...

"ဩော် ... မှတ်မိလို့ တမင်လုပ်တာလား"

"ဟင် ... မဟုတ်ပါဘူး။ ရှင်ကလည်း ... ကျွန်မက ရှင့်ကိုမှ မမြင်ရတာ"

"မင်း ... ကွာ။ ပြောရင်းလည်း မကောင်းပဲ ရှိတော့မယ်"

သူက အလိပ်လိုက် ထွက်လာသော ဒေါသကို ညည်းမျိုသိပ်ချရင်း စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောနေရသည်။ ဘယ်လိုမိန်းကလေးမျိုးမှန်း မသိပါ။ လူပုံစံကြည့်တော့ ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်နှင့် အခြေအနေ အဆင့်အတန်းတစ်ခုထဲကမှန်း သိသာသော မိန်းကလေးဟာ ဒီအတိုင်း တစ်



www.burmeseclassic.com

www.burmeseclassic.com



နေရာရာမှာဆုံလို့ မိတ်ဆက်ပေးခြင်း ခံရရင်တောင် သူ့အနေနဲ့ စိတ်ဝင်စားလောက်မည့် ကိုယ်ဟန်အနေအထားနှင့် မိန်းကလေး ဟာ ခုတော့ သူမရဲ့နှမော်နမဲ့အကျင့်ကြောင့် မျက်နှာငယ်အနေ အထားနှင့် တောင်းပန်နေရသည်။

"ကျွန် ... ကျွန်မ ... တကယ် စိတ်မကောင်းပါဘူး။ ဟို... ရှင့်နောက်ကျောကို သုတ်ပေးရမလားဟင်"

"ကျွတ် ... မလိုပါဘူး"

"ဆောရီးပါရှင်။ အရမ်း အားနာတာပဲ။ ကျွန်မ ဘာလုပ် ပေးရမလဲ"

သူမက မျက်လုံးအဝိုင်းသားနှင့် အပြစ်ကင်းစဖွယ် မေးသည်။ သူက မုန်းစရာကောင်းအောင် နှမော်နမဲ့ နိုင်လှသော ဒီမိန်းကလေးကို နည်းနည်းတော့ ပညာပေးချင်လာသည်။ ပထမ တစ်ခါတုန်းကလည်း သူမကြောင့် သူ့အကျီကို စွန်းပေသွားသော ခရမ်းရောင်ရေခဲမုန့်အရောင်များကို မနည်းကျွတ်အောင် ချွတ်ခဲ့ ရသည် မဟုတ်လား။ ဒီတစ်ခါလည်း ရေခဲမုန့်ထက်ဆိုးတဲ့ ရေတ်ဆီရည်မှ စွန်းရပြီမို့ လွယ်လွယ်နဲ့တော့ ကျေအေးမပေးတော့ ဟု ဆုံးဖြတ်လိုက်သည်။

"မင်း ... ကိုယ် ခိုင်းတာ တကယ်လုပ်ပေးမှာလား"

"ဟင် ... ရှင်က ဘာခိုင်းမှာလဲ"

"ဒီအကျီကို မင်း ပြန်လျှော်ပေးရမယ်"

"ရှင် ! "





"ဟုတ်တယ်၊ မင်းကိုယ်တိုင် ပြန်လျှော်ပေးရမယ်။ အစွန်း ပေးနေတာကိုလည်း ကျွတ်အောင် အကောင်းပကတိဖြစ် အောင် ချွတ်ပေးရမယ် ...

လျှော်ဖွပ် မီးပူတိုက်၊ မွှေးပျံ့နေတဲ့ အနေအထားနဲ့ ကိုယ့်ရှေ့ပြန်ရောက်လာတာကို လိုချင်တယ်"

သူမက အနည်းငယ် စဉ်းစားလိုက်ဟန်ဖြင့် နှုတ် ခမ်းကို တစ်ချက်ထော်ကာ လှစ်ခနဲ ပြုံးလိုက်လေသည်။ ပြီးတော့ ဘာကို သဘောကျသွားမှန်း မသိသော အဓိပ္ပာယ်မျိုးနှင့် တစ် ယောက်တည်း ပြုံးတာကိုလည်း သူက သင်္ကာမကင်း ဖြစ်ရသည်။

"ဟော့ ... မင်း ဘာပြုံးတာလဲ"

ပြုံးတာကိုပဲ လိုက်မေးနေရလား ဟူသော အကြည့် မျိုးဖြင့် သူမက ပြန်ကြည့်လိုက်လျှင် သူက အဲဒီအကြည့်ကို ဖျား သွားရသည်။ ဘုရားရေ ... ဒီမိန်းကလေးက မျက်လုံးနဲ့ စကား ပြောတတ်သော မိန်းကလေးပါလား။ ပြောချင်သော အကြောင်း အရာကို မျက်လုံးနှင့် အဓိပ္ပာယ်ဖော်တတ်သူတွေကို သူက စိတ် ဝင်စားတတ်သော အကျင့်က နဂိုတည်းက ရှိတတ်သူ ဖြစ်သည်။

"ဘာမှ မပြုံးပါဘူး၊ ရှင့်တောင်းဆိုမှုကို သဘောကျလို့ပါ။ အို့ခေ ... ပေး ... ချွတ်။ ကျွန်မ လျှော်ပေးမယ်"

သူမက အခုကိုပဲ လျှော်ပေးတော့မည့်ဟန်ဖြင့် လက်ဝါးတစ်ဖက်တောင်ဖြန့်ပြီး တောင်းလိုက်လျှင် သူတောင် နောက်သို့ ရို့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... မင်း ငါ့ကားနားအထိ လိုက်လာခဲ့၊ အဲဒီကျမှ ငါ ချွတ်ပေးလို့ ရမှာပေါ့"

"အိုခေလေ ... ဒါဆို သွားမယ်။ ဪ ... ရှင့်အတွက်ပါ ကျွန်မ ပေါင်းရှင်းလိုက်မယ်နော်"

"မလိုပါဘူး၊ အမေရိကန် စစ်စတမ်ပဲ"

ပြီးရောလေ ဟူသော ပုံစံဖြင့် သူမက ပခုံးတွန့်ကာ သူမဘာသာ ဝိတ်တာတစ်ယောက်ကို သပ်သပ်ခေါ်ပြီး မိုက်ဆံရှင်းသည်။ သူကလည်း ဘောလ်မလာခင် ဒရိုင်ဘာကို ဖုန်းဆက်ပြီး ဆိုင်ရှေ့မှာ အသင့်လာစောင့်နေဖို့ ခေါ်လိုက်သည်။ ထို့နောက် သူမနှင့်အတူ ဆိုင်ထဲက ထွက်လာလျှင် သူ့ကားကလည်း ဆိုင်ရှေ့အရောက် ကွက်တိပဲ။

သူက ကားပေါ်တက်ပြီးတာနှင့် သူ့ရဲ့ရှပ်အင်္ကျီကို ချွတ်ကာ သူမဆီသို့ ကမ်းပေးလိုက်သည်။ အောက်မှာ စွပ်ကျယ်တစ်ထပ်နှင့် စတိုင်လ်ပန်အနက် ဝတ်ထားသော မတော်မနန်း ပုံစံကို သူက ရယ်ချင်ဟန်နှင့် နှုတ်ခမ်းကိုက်အောင်းဟန် ရှိသည်။ သူက ကားထဲမှ သူ့ရဲ့ name card ကို သူမဆီသို့ လှမ်းပေးလိုက်ပြန်လျှင် သူမက ကမန်းကတန်း ယူသည်။

"ရော့ ... အင်္ကျီလျှော်ပြီးရင် ဖုန်းဆက်လိုက်"

"ဟင် ... ဟုတ် ... ဟုတ်ကဲ့"

"မောင်းတော့ ကိုအေးလွင်"





သူ့စကားအဆုံးတွင် ကိုအေးလွင်ကလည်း အဝတ်အကျုပဲ ကားကို ရှောခနဲ မောင်းထွက်သွားသည်။ သူက ဘေးနားမှာ ချထားသော ခဏချွတ်ထားသည့် ကုတ်ကို ကောက်ဝတ်လိုက်လေသည်။ ဒီနေ့ လူကြီးကိုကြိုဖို့အတွက် ကုတ်ဝတ်လာတာကပဲ မှန်သလို ဖြစ်သွားခဲ့သည်။ နောက်ကြည့်မှန်ကတစ်ဆင့် လှမ်းကြည့်လိုက်တော့ လက်တစ်ဖက်မှာ ရှပ်အင်္ကျီကိုတင်လျက် တစ်ဖက်က သူ့ Name Card ကိုကိုင်ရင်း သူ့ကားကို ငေးရင်း ကျန်ရစ်ခဲ့သော မိန်းကလေးကို မြင်တွေ့ရသည်။

သူမ တကယ်ပဲ သူ့ကို ဖုန်းဆက်ပါ့မလား။ သူ တော့ ထိုမိန်းကလေးနှင့် ထပ်တွေ့ရဦးမယ်ဟု စိတ်ချစွာ ယုံကြည်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၄)

"ဟဲ့ ... ညည်းဟာက ဒါဆိုရင် ဓာတ်လမ်းပေါ့။ ပြစမ်း ပါဦးဟဲ့ သူ့ရဲ့ name card"

ရေးချယ်လ်က လက်တစ်ဖက်ကို အမြန်ကမ်းပြီး "တျာ"ပြောပြသော name card ကို တောင်းလျှင် **တျာက** မျက်စောင်းထိုးပြီး wallet ထဲမှာ ညှပ်ထားသော သူ့ရဲ့ကတ်ကို ထုတ်ပေးလိုက်သည်။ ဒီနေ့ ဈေးသည်ကြီးရေးချယ်လ်ရဲ့ မင်္ဂလာဈေးက သူမရဲ့ကုန်စည်ဒိုင် ဆိုင်ပိတ်သောနေ့မို့ ရေးချယ်လ်အိမ်သို့ ရောက်နေခြင်းဖြစ်သည်၊ တျာမှာ သူငယ်ချင်းသုံးယောက်နှင့်အတူ တစ်နေရာရာမှာ သွားဟယ် စားဟယ် မရှိဘဲ သူတို့အားတဲ့နေ့တွေမှာ သူတို့အိမ် လိုက်တွေ့ပြီး မမများကို အစစားဝင်ရသလို ဖြစ်နေလေသည်။

သူတို့က အလုပ်နှင့် အကိုင်နှင့်မို့ အလုပ်အကိုင်မရှိသော အားအားယားယား **တေးတျာထီ**က အိမ်ရှင်မရဲ့ အိမ်





ဦးနတ်မရှိသော ကြားရက်၊ ဈေးသည်ကြီးဆန်နီ ဈေးပိတ်သောနေ့စသဖြင့် အလှည့်ကျ ခ,စားဝင်ရလေသည်။

"မြင့် မြတ် ခေါင် ... ဒါရိုက်တာ တဲ့နော်။ ဟင်း Super Power Group ကပဲဟဲ့၊ ဒါဆို အချာတော့ မဟုတ်ဘူးပေါ့"

"ဟိ ဟိ"

"အောင်မယ် ... ဆယ့်ခြောက်နှစ်သမီး ခွီသံနဲ့ ... ဘာ ဟိဟိလဲ"

ကျွဲကောသီး အမွှာကို ရသာမှုန့်အစပ်နဲ့ တို့စားနေသော ရေးချယ်လ်မကဲ **တျာ**ကို တရားခံစစ်သလို အကြည့်နှင့် ပြုံးကြည့်သည်။

"မဟုတ်ပါဘူး။ အဲဒီတစ်ယောက်က မာသလိုလို၊ ချေသလိုလိုရုပ်နဲ့ပေမယ့် ထင်မထားတာတွေ လုပ်တတ်သားပဲလို့ တွေးမိတာ ...

ငါ့ကို သူ့အင်္ကျီ လျှော်ပေးဆိုပြီး သူ ဝတ်ထားတဲ့ Shirt ကို ချွတ်လိုက်တာဟယ်။ အောက်က vest နဲ့ စတိုင်လ်ပန်အနက်နဲ့ ရယ်ချင်စရာကြီး ... ဟီး ဟီး"

"အောင်မယ် ... ဘာရယ်ချင်စရာကြီး ဟီး ဟီး လဲ။ စွပ်ကျယ်အောက်က မာဆယ်လ်တွေကို မြင်ပြီး ရင်ခုန်သွားတာ မဟုတ်ဘူးလား"

"တိတ်စမ်း ...။ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ လျှောက်ပြောနေတာလဲ ဆိုပြီး မျက်နှာပိုး မသေဘဲ အော်ရယ်နေသော **တျာ**ကို ရေးချယ်လ်က ရှုံ့မဲ့ကာ စိုက်ကြည့်နေလေသည်။ **တျာ**ကတော့ ပြောရင်း ဆိုရင်း ရယ်မော ရင်းမှ တကယ်ပဲ သူ့ရဲ့ကျစ်လစ်လှပသော မာဆယ်လ်တွေကို ပြန်မြင်ယောင်လာသည်။ လက်မောင်းမာဆယ်လ်တွေ အရမ်းကြီး ထွားမနေဘဲ သင့်တင့်ရုံ ကျစ်လစ်လှပသော ယောကျ်ားတစ်ယောက် ရဲ့ ဆွဲဆောင်မှုကို မိန်းကလေးတစ်ယောက်အနေနဲ့ အမှတ်မထင် မြင်တွေ့သွားရတာပေါ့နော်။

"ဟင်း ... ငါ့ကို အကျီချွတ်ပြတာက နည်းနည်း၊ သူ့မာဆယ်လ်တွေ ကြွားချင်လို့ အကျီချွတ်ပြတာမှန်းမှ မသိ။ မုန်းစရာ"

"အမယ်လေး ... အမယ်လေး ... မုန်းရော ပြောနေတဲ့ရုပ်က ချစ်စရာပါလားအေ။ ဟင်း ... မိတျာတို့ ရုပ်ပလာမှု အကြောင်းပြုပြီး ဇာတ်လမ်းတစ်ပုဒ် အစပြုတော့မယ် ထင်တယ် ...

နင်ကလည်း လွန်ပါတယ်ဟာ။ ဒီလူတစ်ယောက် ကိုပဲ နှစ်ခါတောင် ပြဿနာရှာမိရတယ်လို့"

"အင်းလေ။ ငါလည်း အဲဒါကြောင့် အားနာပြီး လျှော်ပေး မယ် ပြောလိုက်တာ။ သူ့ကိုလည်း တကယ်လျှော်နိုင်းမယ် မထင်လို့ပေါ့ ...





ဒါပေမဲ့ ကျေးဇူးရှင်က တကယ် လျှော်ခိုင်းတယ် လေ။ ဟင်း ... သူ့ပုံစံကလေ လူကတော့ ခပ်မိုက်မိုက် ခပ်ဖြောင့်ဖြောင့်ပေမယ့် ချောမယ့် ရုပ်ဟဲ့ ... သိလား"

"ဘာလဲ ... လူလူချင်း ချောမယ့်ရုပ်လား။ မိန်းကလေးတွေ ကို ချောမယ့်ရုပ်လား"

"လူလူချင်းချောမယ့်ရုပ်လား ဘာလားတော့ အဲဒီလောက် ထိ အကဲမခတ်တတ်ဘူး၊ ငါ့အပေါ်တော့ ခပ်ချောချောပဲ။ ငါကလည်း ကိုယ့်အပြစ်နဲ့ကိုယ် ဆိုတော့ သူ ချောလည်း ခံနေရတာပေါ့ဟယ်။ အင်း ... သူ့ပုံစံကြည့်ရတာ နည်းနည်း တော့ ကြီးကြီးကျယ်ကျယ် ရှိမယ့်ပုံစံပဲလို့ မြင်တယ်ဟ ...

ဘာလို့လဲဆိုတော့ သူ့အရွယ် **ယောကျ်ား**လေးထဲမှာ ဒရိုင်ဘာမောင်းတဲ့ကားကို အခန့်သားစီးသွားတာမျိုး မတွေ့ ဖူးဘူး။ သူ တစ်ယောက်ပဲ ချောမိုးနေတဲ့ စတိုင်လ်နဲ့ ပါ သွားတာ။ အချောတော့ အချောဟဲ့"

ရေးချယ်လ်က နှုတ်ခမ်းကို ရုပ်ဆိုးအောင် တစ်ချက် မဲ့ကာ ကော်ဖီကို တစ်ကျိုက်မော့သည်။ ပြီးတော့မှ သတိရတာ ကို ထပ်မေးပြန်လေသည်။

"ဒါနဲ့ သူ့အကျီကို နင် လျှော်ပြီးပြီလား"

"အင်း ... လျှော်ပြီးပြီ"

**တျာ**က ငါးနီတူသုပ်ကို တစ်ဇွန်းခပ်စားရင်း ပြုံးစိစိ ဖြေသည်။ အဲဒီ ရုပ်အကျီကိုလျှော်ဖို့ **တျာ** တစ်ယောက် အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး လုံးပမ်းခဲ့ရတာ ကိုယ်တိုင်မဲ့ သိသည်လေ။ အင်္ကျီကိုဖွက်ယူလာရရင်း (ဘယ်သူမှကော့လဲ တျာ့အိတ်ကို စစ်မနေဘူးပေါ့) ဒါပေမဲ့လည်း တစ်ယောက်ယောက် တွေ့မသွားအောင်တော့ ဂရုစိုက်ရသည်ပေါ့။ **တျာ**က အိမ်မှာ အခွင့်ထူးခံ တစ်ခန်းတည်းသော Master Bedroom ကို ရထားသည်မို့ တျာ့အခန်းထဲမှာ ပင် ရေချိုးခန်းထဲ သူ့အင်္ကျီလေးကို လျှော်ရသည်။ အင်္ကျီထဲမှရသော သင်းပျံ့ချိုအီသည့် ရေမွှေးနံ့သည် ဘာရေမွှေးအမျိုးအစားလဲဟု သိချင်စိတ် ပေါ်မိသေးသည်။ အင်္ကျီနောက်ကျောက ငရုတ်ဆီအကွက်ကို အစွန်းချွတ်ဆေးဖြင့် သတိကြီးစွာ အရောင်မလွင့်အောင် ချွတ်ရကာ သေချာလျှော်ဖွပ်ခဲ့သဖြင့် သူ့အင်္ကျီလေးဟာ နဂိုရည်မပျက်ဘဲ အကောင်းပကတိ ပြန်ရခဲ့လေသည်။ အဲဒါလေးကို မကျွမ်းမလောင်အောင် ဂရုတစိုက် မီးပူတိုက်ပြီး သူ့ကိုပြန်ပေးဖို့ ရယ်ဒီဖြစ်နေပါပြီ။ ဒါပေမဲ့ ဘယ်အချိန် ပေးရမှန်းမသိသေး။ သူ့ထံသို့လည်း ဖုန်းမဆက်ရသေးပါချေ။

"လျှော်ပြီးပြီဆိုတော့ မပေးသေးဘူးလား"

"အင်း ... ငါက (......)လမ်းထဲ မရောက်သေးလို့လေ။ သင်တန်းက တနင်္လာနဲ့ အင်္ဂါ နှစ်ရက်တည်းရှိတာ။ လာမယ့် တနင်္လာနေ့မှ ပေးမလားလို့"

"အင်း ... ပြီးရင် ဖြစ်ကြောင်းရယ်ကုန်စင် သတင်းပေးဦး။ ဟို မိန်းမရော ဒီအကြောင်းတွေ သိလား"

"ဘယ်သိမလဲ။ သူ့ကလေးနဲ့သူ တိုင်ပတ်နေတဲ့ဟာ"





"သူ့အင်္ကျီကို နင်က သူ့ရုံးထိ သွားပေးရမှာလား"

"မသိဘူးလေ၊ ဖုန်းမှ မဆက်ရသေးတာ"

"ဟဲ့ ... ဒါဆို အခု ဆက်လေ"

ရုတ်တရက် တက်တက်ကြွကြွကြီး ထအော်လိုက်သော ရေးချယ်လ်ရဲ့ အလန့်တကြားအသံကြောင့် "**တျာ**"က ရှုက်စောင်းထိုးမိသည်။ **တျာ**ရဲ့ တီကောင်မျက်စောင်းလောက်ကို ဂရုမစိုက်သော ရေးချယ်လ်က ဆက်ပါဟဲ့ ... ဆက်ပါ။ သူ့အသံကို နားထောင်ချင်လို့ပါဟု တက်တက်ကြွကြွကြီး အော်နေသောအခါ တစ်ယောက်တည်း ဆက်တာနဲ့စာလျှင် သူငယ်ချင်းနှိတုန်း အတူဆက်တာက ပိုကောင်းမလားဟု တွေးမိသည်။

"ဆက်စမ်းပါ မိတျာရယ်၊ ဘယ်လိုအသံမျိုးလဲ သိရင် ငါက အကဲဖြတ်ပေးလို့ ရတာပေါ့ဟဲ့"

"အောင်မယ်လေး ... သူက အသံဝိဇ္ဇာဆရာမ ကျလို့"

"ဟဲ့ ... စကားထဲက ဓာတ်ပြတယ်ဆိုတာ မကြားဖူးဘူးလား။ သူ့စကား အသွားအလာကိုကြည့်ပြီး ဘယ်လိုလူမျိုးဆိုတာ အကဲခတ်လို့ ရတာပေါ့"

"အကဲခတ်မနေနဲ့ အချေလူမျိုးပဲ၊ ကဲပါ ... ဒီလောက်ဖြစ်နေတာ ဆက်မယ် နားထောင်"

"**တျာ**"က wallet ထဲက သူ့ Name Card ကို ထုတ်ယူကာ ဖုန်းနံပါတ်ကိုကြည့်ပြီး ခေါ်လိုက်သည်။ Name Card ထဲတွင် သူ့နာမည် ရာထူး အလုပ်အကိုင်နှင့် သူ့ရဲ့ e-mail



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာတို့ ပါဝင်လေသည်။ ဖုန်းနံပါတ်မှာ တစ်လုံးတည်းပဲ ရိုက်ထည့်ထားသည်မို့ အလုပ်နှင့် မသက်ဆိုင်သော အပြင်မိတ်ဆွေများကို ပေးသော private card လားဟု တွေးထင်ရသည်။

ဖုန်းဝင်သွားပြီးနောက် သူများတွေလို သီချင်းသံ Ring tunes ထွက်မလာဘဲ ပီယာနိုသံ ငြိမ့်ငြိမ့်ညောင်းညောင်းပဲ ထွက်လာသဖြင့် တျာရော ရေးချယ်ပါ ဟင်းခနဲ နှာခေါင်းရှုံ့မိကြသည်။ တကယ်ပါဆို ကလက်စီကွေးတွေကို သိပ်ကြိုက်တဲ့သူ။

"ဟယ်လို"

ပီယာနိုသံကို မဲ့ရွဲ့ကာ တစ်ယောက်နှင့် တစ်ယောက် မေးငေါ့ပြနေစဉ်မှာပဲ တစ်ဖက်က ဟယ်လိုဟု ရုတ်တရက် ထူးလိုက်သောအခါ တျာသည် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ရေးချယ်လ်ကို ဘာပြောရမှာလဲဟု မေးငေါ့ပြရင်း ရေးချယ်လ်ကလည်း ပြောလေ ပြောလေ ဟူသော ပုံစံဖြင့် အသံတိတ်တွန်းထိုးပြသည်။

"ဟယ်လို"

တစ်ဖက်က ထပ်၍ဟယ်လို ထူးလျှင်တော့ "**တျာ**" မှာ ပြောဖို့ လည်ချောင်းရှင်းရတော့သည်။ သူ့အသံက ခပ်တည်တည် ခပ်မှန်မှန် ဖြစ်ကာ ချိုသာနူးညံ့သော အသံမျိုးထဲမှာတော့ မပါ,ပါချေ။

"ဟယ်လို ... ကိုမြင့်မြတ်ခေါင် ဟုတ်ပါသလား"





"ဟုတ်ပါတယ်။ ဘယ်သူပါလဲ"

"ကျွန် ... မ ... တေးတျာဇီပါ"

"တေးတျာဇီ ! ... (ခေတ္တ စဉ်းစားသလိုဖြင့်) ဆောရီး ကျွန်တော် ဒီနာမည်ကို မသိဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားဖုန်းဆက်တာက ဘာကိစ္စလဲ"

အသံကတော့ ခပ်ပြတ်ပြတ်ပဲ။ သူ့ဖုန်းနံပါတ်ရပြီး ငယ်ရွယ်သော မိန်းကလေးတစ်ယောက်မို့ လာအီသည်ဟု သဘောထားလား၊ ဒါမှမဟုတ် သူ့ပင်ကိုစရိုက်လ်ကကို မိန်းကလေးတွေနဲ့ဝတ်သက်လာလျှင် ခပ်တင်းတင်း၊ ခပ်ချေချေ ဆက်ဆံတတ်သလားတော့ မသိတတ်ချေ။ သူ့အသံချေချေကြောင့် **တျာ**နှင့် ရေးချယ်လ်က တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ပြမိကြသည်။

"ကျွန်မ ရှင် အကျီ လျှော်ခိုင်းတဲ့ မိန်းကလေးလေ"

**တျာ**စကားသည် သူ့နားထဲတွင် ရုတ်တရက် ရှုပ်ထွေးသွားသလို ရှိသည်။ သို့သော် Sharp ဖြစ်လွန်းဟန်တူသော ထိုယောက်ျားမှာ ဘာကိုဆိုလိုတယ်ဆိုတာ ချက်ချင်းပဲ သဘောပေါက်သွားဟန်ရှိသည်။

"သြော် ... မင်း လား"

"ဟုတ်တယ်"

"အိုခေ ... အကျီလျှော်ပြီးပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံက ဟိုးဆာကူရာတာဝါ့အထပ်နှစ်ဆယ်လောက်က အသံလိုမျိုး၊ သူ့တပည့်တစ်ယောက်ကို ပြန်ပြောသောလေသံမျိုး၊ ဩော် ... ပြီးသွားပြီပေါ့ ဟူသော အထက်လူကြီးတစ်ယောက်ရဲ့ လေသံမျိုးဖြစ်သည်။ ရေးချယ်လ်လို အလုပ်သမားပေါင်းများစွာကို အုပ်ချုပ်နေရသူတောင် ရှုံ့မဲ့သွားသည်။

"အင်း ... ပြီးပြီ"

"ဟုတ်ပြီလေ၊ ဒါဆို မနက်ဖြန် ကိုယ့်ရုံးကို လာပေးလို့ရတယ်"

"မနက်ဖြန်တော့ ကျွန်မ မလာနိုင်သေးဘူး"

"အင်း ... အဲဒီတော့ ဘယ်နေ့ လာပေးချင်တာလဲ"

"ကျွန်မက ရှင့်ရုံးရှိတဲ့ လမ်းထဲကို မန်းဒေးမှ ရောက်မှာ"

"ဩော် ... မင်း လမ်းကြုံတဲ့နေ့ကျမှ အင်္ကျီက ရမှာလား"

"အင်း ... အဲဒီလိုတော့ ဖြစ်သွားမှာပေါ့"

"ကဲ ... ထားပါတော့။ ငါ့မှာ အဲဒီအင်္ကျီ တစ်ထည်တည်း ဝတ်စရာရှိတာမှ မဟုတ်တာ။ ဒါနဲ့ ငါ့အင်္ကျီရော ရေတ်ဆီအစွန်း ကျွတ်ရဲ့လား"

မေးပုံကိုက မကျွတ်ရင် လည်ပင်းပဲ ညှစ်တော့မှာလိုလို၊ သူ့အင်္ကျီကိုပဲ ဆင်တူတစ်ထည် ထပ်ဝယ်ပေးရတော့မှာလိုလို၊ ခြိမ်းခြောက်ဟန် ဆန်လှသည်။ **"တျာ"**နှင့် ရေးချယ်လ်မှာ တစ်ယောက်နှင့် တစ်ယောက် မဲ့ရွဲ့ပြနေကြလေသည်။

"ကျွတ် ပါ တယ်"





ပြန်ဖြေသော **တျာ**ရဲ့အသံက ရိုရိုကျိုးကျိုး "ကျွတ်ပါတယ်"ဟု မဟုတ်ဘဲ အကဲပိုရန်ကော ဟူသော လေသံဖြင့် ခပ်ငေါ့ငေါ့ဖြေသော ကျွတ်ပါတယ် ဖြစ်သည်။ သူက သိပ်တော့ မယုံကြည်ဟန်ဖြင့် ...

"ကောင်းပြီလေ။ ဒါဆိုရင် မန်းဒေးကျရင် မင်းကိုယ်တိုင် လာပေးမှာမဟုတ်လား။ ကျွတ်လား မကျွတ်လား အကောင်းပကတိဖြစ်လားဆိုတာ ကြည့်ရသေးတာပေါ့"

သူ မမြင်နိုင်မှန်း သိသော်လည်း **"တျာ"**က ဒီဘက်ကနေ၍ နှုတ်ခမ်းကို အရုပ်ဆိုးအောင် မဲ့ပြမိသည်။ "တျာ"ဘက်က ဘာမှအသံထွက်မလာသဖြင့် သူကပဲ ဖုန်းချဖို့ တောင်ပြောသည်။

"အိုခေလေ။ ပြောစရာက ဒီလောက်ပဲလား။ ဒါဆို မန်းဒေးမှ တွေ့မယ်"

"ကောင်းပါပြီ"

သူက ဖုန်းအရင်ချသွားသည်။ ဖုန်းကျသွားတာ သေချာပြီဆိုမှ ရေးချယ်လ် ထံမှ ဟားခနဲ အသံကျယ်ကြီးထွက်လာသည်။

"အမယ်လေး ... ဒင်းနာမည်ကို ပြောင်းလိုက်စမ်းပါ၊ ချေမြင့်မြတ်ခေါင်လို့။ ဘယ့်နှယ်ဟယ်။ သူကလွဲပြီး ကျန်တဲ့လူတွေက သူ့တပည့်တွေ ထင်ရလောက်အောင် ချေမိုးနေလိုက်တာ။ မတွေ့ဖူးပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒင်းက ဘယ်လောက်တောင်များ ချောပြီး ချမ်းသာနေလို့တုန်း"

ဘယ်လောက်တောင်များ ချောနေလို့လဲဆိုတော့ သူ့မျက်နှာကို **"တျာ"**မြင်ယောင်မိလာသည်။ သူ့ပုံစံဟာ ချောသည် မိုက်သည် ဆိုတာထက် ပုံစံကိုမြင်လိုက်တာနှင့် သပ်ရပ်စမတ်ကျကာ စည်းစနစ်ကျလွန်းသူတစ်ယောက်ရဲ့ ပုံစံမျိုး ပေါ်လွင်နေတာပါ။ ထူထဲကာ နက်မှောက်သော မျက်ခုံးနှင့် ထင်ပေါ်သောနှာတံ၊ မေးရိုးကျကျနဲ့မို့ ယောကျ်ားပီသသော သွင်ပြင်ရှိရုံကလွဲလို့ သိပ်ချောတယ်လို့ ပြောလို့တော့ မရဘူးပေါ့။ ဒါပေမဲ့ ကြည့်ကောင်းသော ယောကျ်ားတစ်ယောက်လို့ ပြောရမည်ဖြစ်ပြီး သူ့ကိုယ်သူ Confidence အပြည့်ရှိပုံက သူ့ကို ပိုကြည့်ကောင်းသက်ဝင်စေသည့် အချက်ဟု ထင်ပါသည်။

"ဟဲ့ ... ငါမေးနေတာ ကြားလား"

"အင်း ... ကြားပါတယ်။ နင် မေးတာကို စဉ်းစားနေတာလေ။ ဘယ်လောက်ချောပြီး ချမ်းသာနေလို့လဲဆိုလို့၊ သူ့ပုံစံကို ပြန်ဖော်ကြည့်နေတာ"

"အမယ်လေးဟဲ့ ... မှားပါတယ်။ တစိမ့်စိမ့် ရင်ထဲမယ်လုပ်နေပြန်ပြီ၊ နင်နော် ... ငါ တစ်ခါတည်း မှာမယ်၊ ငါ အဲဒီ ချေမြင့်မြတ်ခေါင် ပြောတဲ့ ဆိုတဲ့ ပုံစံတွေကို လုံးဝသဘောကျဘူး ...





နင်လည်း ရှူးတူးပေါ်တောပုံစံနဲ့ သူ ချေသမျှ ခံမနေနဲ့"

"ဟား ဟား ... ငါ့ကိုများ ရှူးတူးပေါ်တောတဲ့။ သေဦးမယ်"

"ဟုတ်တယ်လေ။ ငါ ပြောတာ မြဲမြဲမှတ်ထား"

"အေးပါ ... ရှူးတူးပေါ်တော ပုံစံနဲ့ပဲ၊ ချေခဲ့မှာ ... ဟီး ဟီး"

"တွေ့လား ... ပြောပုံကိုက"

ရေးချယ်လ်က အပျိုကြီးဖြစ်မယ့်စတိုင်လ်ဖြင့် မျက်စောင်းထိုးကာပြောလျှင် **တျာ**က ဘာမှမသိဟန်ဖြင့် ပခုံးကျုံ့ကာ လျှာထုတ်ပြမိလေသည်။ အင်း ... လာမယ့် တနင်္လာနေ့မှာ သူနဲ့တွေ့ရင် "တျာ"ဘာမှ အလွဲလုပ်မိမယ် မထင်ပါဘူးနော်။ ဘယ်သူတွေ ဘယ်လိုပဲပြောနေ ပြောနေ **တျာ့** မျက်လုံးထဲမှာတော့ သူက တခြားယောကျ်ားတွေလို **တျာ**ကို မီးအားပြင်းသော မျက်လုံးမျိုးနှင့် မကြည့်၊ စိတ်ဝင်စားဟန် မပြတာကိုပဲ ဒီကောင်လေးက သဘောကျနေမိသည်ဆိုလျှင် ဘယ်သူတွေက ဘာပြောလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



(၅)

လမ်းဘေးမှာ တရိပ်ရိပ် ပြတ်ကျန်ခဲ့သော မြို့ပြ
မဟုတ်သည့် မြင်ကွင်းများကိုငေးရင်း ရန်ကုန်–ပဲခူး ကားလမ်းေ
ကြီးသည် ရန်ကုန်မြို့ ကားကျပ်လွန်းသော မြို့ထဲထက်တော
စိတ်သက်သာမှု ပေးသေးသည်ဟု ဒရိုင်ဘာမောင်းသည့် ကား
နောက်ခန်းမှ ထိုင်စီးလာသူ **"ခေါင်"**က တွေးနေမိလေသည်။
အခုတလောမှာ ခရီးမထွက်ရတာတောင် ကြာသွားပြီပဲဟု ကိုယ့်
ဘာသာ ပြန်သုံးသပ်မိရသည်။ ကုမ္ပဏီလုပ်ငန်းစုများရဲ့ ဒါရိုက်တာ
အဖွဲ့ဝင်ထဲတွင် သူက အသက်အငယ်ဆုံးမို့ လူတွေက စောင့်
ကြည့်ဝေဖန်သည့်အထဲ သူ့အစွမ်းတွေကို ပြသနိုင်ဖို့ အစွမ်းကုန်
ကြိုးစားနေချိန်တွင် သူ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေပါ ပါသွား
သလားဟု တွေးနေမိသည်။

အခုလည်း တနင်္ဂနွေနေ့မှာတောင် မနားနိုင်ဘဲ
ပဲခူးက အလုပ်ကိစ္စတစ်ခုကို သူများထက်ဦးစွာ ထောက်ပြ အဲ





ရင်ခံ၊ အစည်းအဝေးထဲ ထည့်ပြောနိုင်ဖို့အတွက် သူ့ဘာသာ
ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားကြည့်ပြီး ပြန်လာတာဖြစ်သည်။
အပြင်သို့ ငေးနေရင်း သူက နာရီကို တစ်ချက်ကြည့်မိသည်။
ရန်ကုန်ရောက်ဖို့ တစ်နာရီခန့် လိုသေးသည်။ ရန်ကုန်မြို့ထဲ ရုံး
ပိတ်ရက်မို့ ကားရှင်းကောင်းရဲ့။ နေ့လယ် ဆယ့်နှစ်နာရီခွဲတွင်
Fuji မှာ ဂျပန်မိတ်ဆွေတစ်ယောက်နှင့် ချိန်းထားတာမို့ ဒီကနေ
တက္ကသိုလ်ရိပ်သာလမ်းကို ဆယ့်နှစ်နာရီလောက် ရောက်နိုင်ပါ
မည်။

ကိုယ့်အတွေးနဲ့ကိုယ် အကွက်ကျကျ တွေးတော
ဉီးစားနေတုန်းမှာပဲ ကားက လမ်းဘေးသို့ ဆွဲပြီးပါသွားသည်။
ထိုအေးလွင်က ဝါရင့်ယာဉ်မောင်းပီပီ ကားကို ကျွမ်းကျင်စွာ
ထိန်းကျောင်းရင်း၊ လမ်းဘေးသို့ အသာမှေးရပ်နိုင်လိုက်သည်။

"ဘာဖြစ်တာလဲ ကိုအေးလွင်"

"ကားဘီးပေါက်သွားတာ အစ်ကိုလေး"

"ကားဘီးက ဘာဖြစ်လို့ ပေါက်ရတာလဲ"

သူ့မေးခွန်းကို ကိုအေးလွင်က ဘာပြန်ဖြေရမှန်း
မသိသလို ခေါင်းတစ်ချက် ဆတ်ပြသည်။ ကိုရီးယားကားထဲက
လို "စိုးရိမ်ပါတယ်"ဟူသော အပြောမျိုးတော့ မလာပေမယ့် လာ
တောင်လာသင့်သည်ဟု ထင်မိလေသည်။ ဒီလူ သူ မသိသော
ဘယ်နေရာတွေမှာမောင်းလို့ ဒီလို ဘီးပေါက်ရတာလဲ။ ကားရပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ သူပါ ဆင်းပြီး ကြည့်လိုက်သည်။ ရှေ့ဘီးညာဘက်က ပေါက်တာဖြစ်သည်။ ဘီးက ပြားနေလေပြီ။

"ဘီးလဲရမှာပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့"

"ပြီးရော ... လဲလေ။ ဆယ်မိနစ်ဆို ရတယ် မဟုတ်လား။ ကျွန်တော် ဆယ့်နှစ်ခွဲမှာ ညှိသည်တစ်ယောက်နဲ့ ချိန်းထားတာ သိတယ်နော်"

သူ့အပြောကို ကိုအေးလွင်က ခေါင်းတစ်ချက်ကုတ်ကာ တစ်ခုခုပြောဖို့ ချိန်ဆနေသည်။ သူက ဘာလဲဟု မေးဆတ်ပြလိုက်လျှင် ...

"ဟို ... ကားဘီးက ..."

"ဘာလဲ ... စပယ်ယာဘီး မပါဘူးလား"

"မဟုတ်ပါဘူး၊ စပယ်ယာဘီးက ပါ,ပါတယ်"

"ဒါဆို ဘာမပါတာလဲ"

"ဟို ... ဂျိုက်ပါ"

"ဘာ"

"ဂျိုက်လေ ... ဂျိုက်ပါ၊ ကားဘီးဖြုတ်လဲဖို့"

"ဟာင်"

သူက မျက်လုံးကြီးပြူးလျက် ကိုအေးလွင်ကိုအံ့ဩတကြီး စိုက်ကြည့်နေလျှင် ကိုအေးလွင်မှာ ဘာပြောရမှန်းမသိဘဲ သူ့အကြည့်ကိုလည်း ရင်မဆိုင်ရဲသလိုဖြင့် ခေါင်းငုံ့ရှောင်ဖယ်





သွားသည်။ သူ့အကြောင်းကိုသိစွာ၊ သူ့ဒေါသကို သိစွာဖြင့် ကိုအေးလွင် စိတ်ထဲ မေတ္တာသုတ် ရွတ်ချင်လည်း ရွတ်နေပေလိမ့်မည်။ သူဟာ တစ်ဖက်သားကို ဒေါသထွက်လာလျှင် ဒေါသတကြီး အော်ဟစ်တာမျိုး မလုပ်တတ်ပေမယ့် သွေးအေးအေးနှင့် ရက်စက်တော့မည့်ပုံမျိုးဟု တချို့က နောက်ကွယ်မှာ ပြန်ပြောကြပါသည်။

"ခင်ဗျား တော်တော်ပေါ့လျော့တာပဲ။ ဂျိုက်ဆိုတာ ကားထဲမှာ အမြဲပါရမယ့်ပစ္စည်း မဟုတ်ဘူးလား ...

အရင်က အမြဲရှိတယ် မဟုတ်လား။ အခု ဘယ်ရောက်သွားလဲ"

"ဟို ... အန်တီသီရိ ဒရိုင်ဘာ ဦးလွင်က တစ်နေ့ကငှားလို့ သူ့ဆီပါသွားပြီး၊ သူကလည်း မေ့ပြီးပြန်မပေး၊ ကျွန်တော်ကလည်း ..."

"ခင်ဗျားကလည်း မေ့ပြီး ပြန်မတောင်းဘူးပေါ့ ... ဟုတ်လား"

ဟုတ်နေသောကြောင့် ကိုအေးလွင်က မျက်နှာငယ်လေးနှင့် ပြန်ကြည့်နေသည်။ ကိုယ့်ထက် အသက်ဆယ်နှစ်လောက်ကြီးသော သူ ကို နင်ပဲငဆလည်း မပြောချင်ဘဲ ဒေါသကလည်း တဖြည်းဖြည်းနဲ့ စိမ့်ထွက်လာသည်။ ဒီလို တာဝန်ကို ပေါ့လျော့တာမျိုး၊ အလုပ်ကို အလေးမထားတာမျိုးကို သူဘာ သိပ်မုန်းလေသည်။ ဘာမှမဖြစ်သေးရင်တော့ ဘာမှမဖြစ်ဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



သော စကားအတိုင်း၊ ကားဘီးမပေါက်ရင်တော့ ဂျိုက်ပါတာ မပါတာတောင် သူ သိနိုင်မည် မဟုတ်ပေမယ့် ခုတော့ တိုက်ဆိုင်မှုဆိုတာ ဒီလိုပဲ ရှိတတ်သည် ဖြစ်လေရာ ပေါ့လျော့မှုအတွက်တော့ ကံမကောင်းနိုင်တော့ပြီ။

"ကဲ ... ဒီတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ။ ကားတားစီးသွားရမှာလား ရန်ကုန်ထိ လမ်းလျှောက်သွားရမှာလား"

"တောင်းပန်ပါတယ် အစ်ကိုလေးရယ်။ နောက် ဒီလိုမဖြစ်စေရပါဘူး"

"ခင်ဗျား တောင်းပန်တာ ဘာလုပ်ရမှာလဲ၊ နောက်မဖြစ်အောင် လုပ်ရမှာမဟုတ်ဘူး။ အစတည်းက မဖြစ်အောင် စနစ်ကျခဲ့ရမှာ"

"ဟုတ် ... ဟုတ်ကဲ့။ အစ်ကိုလေး ကားပေါ်ထိုင်နေပါ၊ ကျွန်တော်လာတဲ့ကားတွေကို တားပြီး အကူအညီတောင်းကြည့်ပါ့မယ်"

"ကျွတ် ... အဲဒါက ဘယ်အချိန်ကျမှ အဆင်ပြေမှာလဲ။ ကျွန်တော် ဧည့်သည်နဲ့ ချိန်းထားသေးတယ်လေ"

"ဟုတ် ... ဒါပေမဲ့ .."

ဘာဆက်ပြောရမှန်း မသိဘဲ မျက်နှာပျက်နေသည့်ကိုအေးလွင်ရဲ့ စိတ်ပျက်စရာပုံစံကို သူက ကျွတ်ခနဲ မျက်နှာလွှဲလိုက်ရင်း လမ်းလျှောက်ထွက်လာခဲ့သည်။ လောလောဆယ်တော့





ဒီနားမှာ မနေချင်တော့ပေ။ စိတ်ပျက်လက်ပျက်နှင့် လျှောက်ထွက်လာရင်း သူ ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေမိသည်။ ဂျပန်မိတ်ဆွေနှင့် ချိန်းထားတာကိုလည်း နောက်မကျချင်ပေ။ အကြောင်းပြချက်ပေးလို့ ရပေမယ့် သူကိုယ်တိုင်က ဆင်ခြေတွေကို မုန်းသူဖြစ်ပြီး ဆင်ခြေပေးရမှာကိုလည်း ဝန်လေးသူ ဖြစ်သည်။ ရန်ကုန်မြို့ထဲမှာဆိုလည်း Taxi စီးဖို့ ဝန်မလေးပေမယ့် ခုတော့... တဝေါဝေါ ဖြတ်သွားနေကြသည့် ကားများထဲတွင် Taxi တစ်စီးတလေ ပါဖို့ဆိုတာ မလွယ်ပါ။ ဒါပေမဲ့လည်း မျှော်လင့်ချက်ရေးရေးဖြင့် ဖြတ်သွားသော ကားတွေကို လိုက်ကြည့်နေမိသည်။

အဲဒီအခိုက်မှာပဲ Suzuki Swift အနက်လေးတစ်စီးက သူ့ဆီသို့ ခပ်ဖြည်းဖြည်း ဆင်းလာကာ မမဲတမဲ စတောကာ ကပ်ထားသော မှန်ချပ်က လျှောခနဲ ဆင်းလာပြီး မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။ ရုတ်တရက်မို့ ဘယ်သူပါလိမ့်ဟု စူးစမ်းကြည့်နေတုန်းမှာပဲ ကားပေါ်မှ မိန်းကလေးက သူ့ကို ပြုံးပြလေသည်။

"ကားပျက်နေလို့လား"

သူ့ကို စကားဆိုလိုက်သည်အထိ ဘယ်သူလဲဟု ဇဝေဇဝါ စဉ်းစားနေတုန်း ဒါမှမဟုတ် ကူညီချင်သော မိန်းကလေးသက်သက်ပဲလားဟု တွေးနေတုန်းမှာပဲ သူမက တပ်ထားသော မျက်မှန်ကို နဖူးပေါ်ပင့်တင်လိုက်သည်။ ပြီးတော့ သွားဖြူဖြူတန်းတန်းလေးများ ပေါ်အောင် ရယ်လိုက်လျှင် အဲဒီပွင့်လင်းဖြူစင်သော ရယ်သံမှာ တစ်ခဏ ငေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပါ"

ချိုလွင်သော ရယ်သံနှင့်အတူ "ကျွန်မပါ"ဟူသော ပြောပုံဆိုပုံသည် သူ့မျက်လုံးများကို ခေတ္တတော့ မေးစင်းကာ အငိုက်မိသွားစေသည်။ သူမရဲ့ **"ကျွန်မပါ"** flow မှာ သံရှည်ဆွဲပြောသော flow ဖြစ်ပြီး ကျွန်မပါ မမှတ်မိဘူးလား ဟူသော နောက်ဆက်တွဲစကား အဓိပ္ပာယ်ပါ ပါနေလေသည်။ ဒီမိန်းကလေးရဲ့စကားပြောပုံ ဆိုပုံဟာ တစ်ဖက်လူကို ဆွဲဆောင်မှုတစ်ခုပေးနိုင်သည် ဆိုတာကို တတိယကြိမ်မြောက် တွေ့ဆုံချိန်ဝယ် သူ လက်ခံလိုက်ရပြီ ဖြစ်သည်။

"သြော် ... အင်း"

"ကား ဘာဖြစ်လို့လဲ"

"ဘီးပေါက်သွားတာ"

"သြော် ... ကျွန်မ ဘာကူညီပေးရမလဲ"

"မင်း ရန်ကုန် သွားမှာလား"

"ဒါပေါ့"

သူက ကိုအေးလွင်ကို တစ်ချက်လှမ်းကြည့်လိုက်လျှင် အခုထိ ဂဏန်းမငြိမ်သေးသော အနေအထားကို တွေ့ရသည်။ သူက သူမဘက်သို့ ပြန်လှည့်ကြည့်လိုက်လျှင် သူ့ကို ပြောဟူသော အနေအထားဖြင့် အသင့်စောင့်နေသော သူမရဲ့ ရွှင်လန်းဆန်းသော အနေအထားကို တွေ့လိုက်ရသည်။

"မင်း ကိုယ့်ကို အကူအညီ နှစ်ခုလောက် ပေးနိုင်မလား"





"နှစ်ခု ! "

နှစ်ခု ဆိုပြီး လက်နှစ်ချောင်း ထောင်ပြလိုက်ပေမယ့် "နှစ်ခုတောင်လား"ဟူသော အဓိပ္ပာယ်မျိုး ဖြစ်သည်။ ဘယ်လိုဆန်းကြယ်သော မိန်းကလေးပါလိမ့်။ ပါးစပ်က ထွက်လာသော စကားတို့ရဲ့ ထပ်ဆင့်တိုး အဓိပ္ပာယ်တို့ပါအောင် ပြောတတ်သော မိန်းကလေးမျိုး ဒီတစ်ခါပဲ တွေ့ဖူးလေသည်။

"မင်းကားမှာ ဘီးဖြုတ်တဲ့ ဂျိုက်ပါရင် ခဏငှားပါ။ ပြီးရင် နောက်တစ်ခုကတော့ မင်းကားနဲ့ ရန်ကုန်ကို လမ်းကြုံလိုက်ချင်တယ်"

"အင်း ... ဒုတိယအချက်ကတော့ ကူညီနိုင်ပါတယ်။ ပထမအချက်ကတော့ ကျွန်မကားမှာ ဂျိုက်မပါဘူးရှင့်"

သူ့မျက်နှာ ရှုံ့မဲ့သွားမှာကို အချိန်မီ မထိန်းချုပ်နိုင်ပါ။ သူ့မျက်နှာ ရှုံ့မဲ့ပုံကို သူမက သဘောကျသလို ပြုံးစိစိဖြင့် ဝခုံးတွန့်သည်။ ဘယ်လိုကောင်မလေးပါလိမ့်။

"ကောင်းပြီလေ။ ဒါဆိုရင် ကားကြုံတော့ လိုက်လို့ဖြစ်တယ်ပေါ့"

"ဖြစ်ပါသကောရှင်"

"ဒါဆို ခဏလေး"

သူက လှမ်းကြည့်နေသော ကိုအေးလွင်ကို ကြည့်ကျက်လုပ်ခဲ့ဖို့၊ ကားဘီးလဲပြီးလျှင် သူ ရှိသောနေရာကို ဖုန်းဆက်ပြီး လိုက်လာဖို့ မှာကာ သူမကားပေါ်တက်ဖို့ ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရှေ့ကထိုင်ရမလား၊ နောက်က ထိုင်ရမလား"

"ရှင် ထိုင်သင့်တယ်လို့ ထင်တဲ့နေရာမှာ ထိုင်ပေါ့"

သူမကလည်း မခေချေ။ သူက နောက်ကထိုင်ဖို့ မသင့်တော်ဘူးဟု ယူဆကာ ရှေ့ခန်းကပဲ ဝင်ထိုင်လိုက်လေသည်။ သူမက ကားကို မောင်းမထွက်သေးဘဲ သူ့ဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ...

"ရှင် မောင်းမလား"

"ဟင် ... မမောင်းပါဘူး။ ဘာဖြစ်လို့ မောင်းရမှာလဲ"

သူ့ရဲ့ အကြောက်အကန် ပုံစံကို သူမက မျက်ခုံးပင့်ကာ သဘောကျသလို ချိုလွင်စွာ ရယ်မောရင်း ကားကို ဂီယာပြောင်း မောင်းထွက်ဖို့ ပြင်သည်။ ဒီမိန်းကလေးဟာ အမြဲ ရယ်မောပြုံးရွှင်နေတတ်တာကို သူ ထူးဆန်းနေရသည်။ ဘာများလုပ်ပါလိမ့် Markting လား၊ လေယာဉ်မယ်လား၊ ရယ်မောပြုံးရွှင်နေပေမယ့် ကလက်တက်တက် မဟုတ်ဘဲ ဘောင်တစ်ခုအတွင်းက ဖော်ရွေချိုသာမှု ရှိသူဟု ယူဆရပြီး တစ်နည်းဆိုရလျှင် မျက်နှာချိုသော မိန်းကလေးဟု သတ်မှတ်ရမှာ ဖြစ်သည်။

"သိဘူးလေ။ ရှင့်ပုံစံက မိန်းကလေးမောင်းတဲ့ကား စီးချင်ပါ့မလားလို့"

သူမ ပြောမှပင် သူက ခါးပတ်‚ပတ်ဖို့ သတိရသည်။ ခါးပတ်‚ပတ်ဖို့ Alarm မမြည်တာကြောင့် သူမကို ကြည့်လိုက်လျှင် သူမလည်းပဲ ခါးပတ် ပတ်မထားတာကို တွေ့ရသည်။





"ဟင် ... ခါးပတ် ဘာလို့ မပတ်တာလဲ။ ကားက ခါးပတ် မတပ်ရင် Alarm မြည်တယ် မဟုတ်လား"

"မြည်ဘူးလေ။ အဲဒီမှာ မမြည်အောင် Stick လေးတွေ ထိုးထားတာ မတွေ့ဘူးလား"

အဟုတ်ကိုပဲ Angry Bird အရုပ် စတီးပြားလေးများကို ခါးပတ်ခလုတ်ထဲ ထည့်ထားတော့ ကားက Alarm မမြည်တော့။ ကောင်းပါလေ့၊ သူက ပခုံးကို မသိမသာတွန့်ရင်း သူမ ကားမောင်းနေပုံကို မသိမသာ အကဲခတ် ကြည့်မိသည်။ အချိန်နောက်ကျမှာစိုးလို့ သူမ ကားကို တက်စီးလာခဲ့သော်လည်း တကယ်မောင်းနေမှ ဖြစ်ရဲ့လားဟု အတွေးဝင်လာသည်။ ဒီကောင်မလေးက သူနဲ့တွေ့တိုင်း အမြဲ နမော်နမဲ့ ဖြစ်နေကြလေ။

သူ့အတွေးကို သူမ ဖမ်းမိသွားလားတော့ မပြောတတ်ချေ။ သူ့စိတ်ကိုသိသော စကားတို့ကို ပြောလေသည်။

"ရှင် စိတ်ချလက်ချစီးနော်၊ ကျွန်မက တချို့နေရာတွေသာ နမော်နမဲ့နိုင်တတ်ပေမယ့် ကားမောင်းတဲ့နေရာတော့ safe ဖြစ်ပါတယ်။ အဲ ... စိတ်မချဘူး ဆိုရင်လည်း ကိုယ်တိုင် ဝင်မောင်းလို့ရတယ်"

"မမောင်းပါဘူး၊ မင်း ဘာသာ ဂရုစိုက်ပြီး မောင်းပါ။ ဒါနဲ့ မင်းနာမည် ဘယ်သူ ? ... ?"

"**တေး ... ဈာ ... ထီ**"



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့ကို တစ်လုံးချင်း မျက်လုံးပြူးကာ ပြောလိုက်ပုံကြောင့် သူပင် တွန့်သွားရသည်။ ဒီကောင်မလေးရဲ့ ပြောပုံဆိုပုံဟာ သူ တွေ့ဖူးနေကျ မိန်းကလေးတွေနဲ့ မတူဘဲ တစ်မျိုးတစ်ဘာသာ ထူးခြားနေသည်ဟု ထင်မိသည်။ ပဲများခြင်းလည်းမရှိ၊ အထာပေးခြင်းလည်း မရှိဘဲ ပွင့်လင်းဖော်ရွေသော ပုံစံမျိုးလေး ဖြစ်သည်။

"အင်း ... တေးတျာဏီ ... မင်းကရော ဘာဖြစ်လို့ ကားမှာ ဂျိုက်မပါရတာလဲ၊ မေ့ခဲ့တာလား"

"အစတည်းက မပါတာ"

"ဟင် ... ဒါဖြင့်ရင် ကားဘီးပေါက်တော့ မင်း ဘယ်လိုလုပ်မလဲ"

"မပေါက်ဘူး ဆိုတာ သိနေတယ်လေ"

ဘယ်လို ကောင်မလေးမျိုးပါလိမ့်ဟု သူက ထူးဆန်းစွာ မျက်မှောင်ကြုတ် ကြည့်နေမိလေသည်။ သူမကတော့ နှုတ်ခမ်းတွေက ကော့တက်အောင်ပြုံးလျက် ကားကို ကျင်လည်စွာ မောင်းနှင်နေသည်။ သူမ ကြည့်ရတာ ကားနှင့် အသားတကျဖြစ်လျက် သက်သောင့်သက်သာပါပဲ။ တချို့မိန်းကလေးတွေဆို ကားမောင်းလျှင် ခပ်တောင့်တောင့်ကြီး ဖြစ်လျက် စင်တီရာတိုင်ကို ငွေကိုင်သလို လက်နှစ်နှင့် ဆုပ်ကိုင်ထားတတ်ကြသည်။ မြင်ရတာ သက်သောင့်သက်သာ မရှိချေ။ ကားကို ပင်ပန်းတကြီး





ကောင်းနေရသည်ဟု ခံစားစေရသည်။ သူမကတော့ ဒီလိုပုံ ဟုတ်ပါ။

"ဒါနဲ့ မင်းကြောင့် စွန်းပေသွားတဲ့ အင်္ကျီကို မနက်ဖြန် ပေးမှာ မဟုတ်လား"

"ဟုတ်တယ်"

"အခုရော ပါလား"

"ဟင် ... ဘယ်ပါလိမ့်မလဲ။ ရှင့်အင်္ကျီကိုယူပြီး ကျွန်မက ပဲခူးကို ဘာသွားလုပ်ရမှာလဲ"

"မသိဘူးလေ။ မနက်ဖြန် ပေးမှာဆိုတော့ ကားပေါ်တစ်ခါတည်း တင်ထားလိုက်ပြီလားလို့"

သူမရော ပြုံးစိစိဖြင့် ပခုံးကို အသာတွန့်သည်။ သူက ကားမောင်းနေသော မိန်းကလေးတစ်ယောက်ကို ကြာကြာ ကြည့်ရမှာ အားနာသဖြင့် အကြည့်လွှဲကာ ကားထဲ ဝေ့ဝဲကြည့်မိသည်။ မိန်းကလေးမောင်းသောကား ပီသစွာ ကားထဲတွင် အရုပ်မျိုးစုံက တိုးလို့တွဲလောင်း။ Air con ဖြင့် အေးမြနေသော လေထုထဲတွင် လီမွန်ရနံ့က သင်းပျံ့နေသည်။ FM Radio မှ တေးသီချင်းသံတိုးတိုးက လွင့်ပျံ့နေလေသည်။ မိန်းကလေးတစ်ယောက်အတွက်တော့ ဒီလို 1.3 ကားအသေးလေးတွေမှာ ခေါင်းဝင်ကိုယ်ဆန့်၊ Air Con လည်း နိုင်နင်းပြီး ဆီစားသက်သာကာ ကားကျပ်သော၊ ပါကင်ကျဉ်းသော ရန်ကုန်မြို့ထဲတွင် တော်တော်အသုံးတည့်လှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းက တစ်ယောက်တည်း ပဲခူးကို ဘာသွားလုပ်တာလဲ"

"မေမေ ခိုင်းထားတဲ့ အလုပ်ကိစ္စ တစ်ခုကြောင့်ပါ"

"ဩော် ... ခုလို တစ်ယောက်တည်းသွားတော့ အေးဆေးပဲပေါ့"

"ဘာကို အေးဆေးတာလဲ"

"ဩော် ... မင်းကို တွေ့လိုက်ရရင် အမြဲ နမော်နမဲ့ပဲလေ၊ ကိုယ့်ကိုတောင် နှစ်ကြိမ်တိတိ ဝင်တိုက်ပြီး ပေစွန်းအောင် လုပ်ခဲ့သေးတာပဲ။ ကြားထဲမှာ ကိုယ် မသိနိုင်တဲ့ မင်းရဲ့ နမော်နမဲ့တွေလည်း ရှိမှာပဲ"

သူ့စကားမဆုံးသေးပေမယ့် အဲဒီနေရာကို ရောက်သွားလျှင် နှုတ်ခမ်းလေးကို စုချွန်ကာ မျက်ခုံးနှစ်ဖက်ကို ပင့်တင်ရင်း ပခုံးကြုံ့တ်လိုက်သည့် အိုက်တင်သည် သူ့အတွက် ဆန်းကြယ်သွားလေသည်။ ဒါပေမဲ့ သူက စကားဆက်ပြောလိုက်သည်။

"အဲဒါကို ကားမောင်းတော့ ဘာမှဖြစ်ဘူးလားလို့ တွေးနေမိတာ"

"ဟင်း ဟင်း ... ကျွန်မက တခြားနေရာတွေမှာသာဖြစ်တာ၊ ကားမောင်းရင်တော့ တစ်ခါမှ မဖြစ်ဖူးဘူး"

"ဟင် ... ဒါဆို မင်းက အဲဒီလို ဖြစ်နေကျပေါ့"

ဟုတ်တယ် ဟူသော သဘောဖြင့် သူမက မေးတစ်ချက်ဆတ်လိုက်လျှင် ကားခါးပတ်ကိုပတ်ရင်း ကောင်းမလား





စဉ်းစားမိသွားသည်။ ကားမောင်းရင်တော့ နမော်နမဲ့နိုင်တာ မရှိဘူးလို့ ပြောပေမယ့် သူစီးတဲ့အချိန်ကျမှ ပထမဆုံးကား Accident ဖြစ်ခဲ့ရင်ကော ? ... ? ။ ဖွ ... ဖွ ... လွဲပါစေ။ သူ တွေးတောတာကိုပဲ အမြဲတမ်း သိနေသလား မှတ်ရသော သူမဆီမှ စကားသံထပ်ထွက်လာပြန်သည်။

"ရှင် စိတ်ချလက်ချသာ စီးပါ၊ ဘာမှ မဖြစ်စေရဘူးလို့ အာမခံတယ်။ ဒါနဲ့ ရှင့်ကို ဘယ်ပို့ပေးရမလဲ"

"ကိုယ် Fuji Coffee ဆိုင်မှာ ဆင်းမယ်"

"အိုခေလေ"

သူမက မနှေးသော မမြန်သော အရှိန်နဲ့ပဲ မောင်းလာသည်မို့ ဆယ့်နှစ်နာရီဆယ့်ငါးမှာပဲ ချိန်းထားသော ကော်ဖီဆိုင်ရှေ့သို့ ရောက်လေသည်။ သူက ကားပေါ်မှမဆင်းသေးခင် သူမကို ကျေးဇူးတင်သည့် မျက်ဝန်းဖြင့် တစ်ချက်စိုက်ကြည့်ရင်း...

"Thank you ပါ ... တေးတျာဏီ၊ ကိုယ် အလုပ်ကိစ္စနဲ့ ချိန်းထားတာမို့ မင်းကို ကော်ဖီသောက်ဖို့ မဖိတ်တော့တာ"

"ပြဿနာမရှိပါဘူး"

"အိုခေ ... ဘာပဲဖြစ်ဖြစ် မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ နောက်မှ ကော်ဖီတစ်ခွက်လောက်တော့ တိုက်ချင်သေးတယ် ...

ဒါဆို မနက်ဖြန် မင်း ကိုယ့်ရုံးခန်း လာမယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လာမယ်လေ ... ကျွန်မ အဲဒီမှာ သင်တန်း လာတက်ရမှာပဲ"

"ဟုတ်ပြီ ... ဒါဆိုရင် ဆီးယူ"

သူက ကားပေါ်မှ ဆင်းလိုက်လျှင် သူမက ပြုံးတေ့တေ့ဖြင့် နှုတ်ဆက်စကား မဆိုဘဲ ကားကို မောင်းထွက်သွားလေသည်။ Swift အနက်လေးကို လှမ်းငေးရင်း သုံးကြိမ်မြောက် တိုက်ဆိုင်ခြင်းအတွက် ရေစက် ဆိုသောစကားကို လက်ခံရတော့မလားဟု သံသယရှိခဲ့သည်။





(၆)

"တင်းတောင် ... တင်းတောင်"

ဒီတစ်ခါ ဘဲလ်တီးလိုက်လျှင်တော့ ချူကာ ကြာကြာ ဆောင့်စရာ မလိုတော့ဘဲ တံခါးက ချပ်ခနဲ ပွင့်လာပြီး ဂီရဲ့ဖြိုးနေသော မျက်နှာကြီးက ပေါ်လာသည်။ သူများရဲ့ သတင်းဦး သတင်းထူးဆို အင်မတန် စိတ်ဝင်စားသော ဂီ တစ်ယောက် ဘွာကို သင်တန်းပြီးသွားလျှင် သူ့အိမ် လှည့်ဝင်လာပါဟု ဆိုသဖြင့် ဝင်လာရခြင်း ဖြစ်သည်။ ဒီတစ်ခါတော့ အိမ်ဖော်ပြန် ရောက်လာပြီ ဖြစ်သဖြင့် မိဂီကို အရင်တစ်ခေါက်ကလို စုတ်ဖွားအိုးနှင့် မမြင်ရတော့ဘဲ တစ်အိမ်လုံး စနစ်တကျ အိမ်လည်း သပ်သပ်ရပ်ရပ်၊ လူလည်း သပ်သပ်ရပ်ရပ်နှင့် တွေ့မြင်ရလေသည်။

"ဟိ ဟိ ... လာ ... မိန်းမ ... မျှော်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်က မြှော်မနေနဲ့၊ လက်ကရော ငါ မှာထားတာ အဆင်သင့်ရဲ့လား"

"အမယ်လေး ... သင့်ပါတယ် မမဖုရား။ ဟင်း ... သုံးဆောင်တော်မူပါ၊ ဒီမှာ အဆင်သင့်ပါ၊ ရွှေဆုပ်ရေ – ဟင်းရည်နွှေးလိုက်ဦးဟေ့"

"ဟီဟိ ... ကောင်းလေစွ ... ကောင်းလေစွ"

"တျှာ"က ထမင်းစားပွဲက အုပ်ဆောင်းကို လှပ်လိုက်ကာ ပန်းကန်ထဲမှာ အဆင်သင့် ပြင်ထားသော နန်းကြီးသုပ်ကို သံပရာသီးညှစ်၊ ငရုတ်သီးမှုန့်ထည့်ကာ ဇွန်း ခက်ရင်းဖြင့် အားပါးတရ နယ်လိုက်သည်။ ပဲမှုန့်နှင့် ကြက်သားအနှစ် ဝေါ်င်းမိသွားပြီး မန္တလေးမုန့်တီအနံ့စစ်စစ် ထွက်လာသောအခါ တံတွေးတောင် စီးသွားရလေသည်။ ပြောလို့ ပြောတာမဟုတ်၊ မနက်က (၇)နာရီ သင်တန်းချိန်မီအောင် ပြေးရသဖြင့် ပူတင်းပေါင်မုန့်လေးတစ်လုံးသာ ကားမောင်းရင်း ဝါးထားရသောကြောင့် "တျှာ" ဗိုက်မှာ အတော်ပင် ဆာနေပြီ ဖြစ်လေသည်။ ခက်ရင်းနှင့် ရစ်ပတ်ခွေပြီး ပါလာသော နန်းကြီးသုပ်တစ်ဇွန်းကို ပါးစပ်ထဲကော်ထည့်လိုက်သည်။ အရသာမှာ လျှာထဲ ပျော်ဝင်သွားသလား ထင်မှတ်ရလေသည်။

"ငါ့မှာ နင်တို့ စမ်းချောင်းရောက်မှ ဒီ ဦးကြည်မုန့်တီ စားရတာလေဟဲ့၊ နင်တို့ စမ်းချောင်းက အစားအသောက် ပေါတာကိုး"





"သြော် ... သြော် ... အစားအသောက်ကြောင့် ငါ့အိမ်ကို ရောက်လာရတယ်ပေါ့လေ"

"ဒါပေါ့ ... ကလေးအမေဖြစ်တဲ့ ညည်းက ငါ့ကို ဘာ ဆွဲဆောင်နိုင်မှာမို့လဲ"

"ကောင်မစုတ် ... ပြောပုံကိုက ! ကဲ ... ဂဲ ... နင်က လည်း သုံး,လေးဇွန်း ဝင်သွားတာတောင် ခဏစကားပြော လို့ မရသေးဘူးလား"

"ဟဲ့ ... နင် ပြောစရာရှိတာ နင်ပြောပေါ့၊ ငါက စားနေ ရုံပဲဟာ"

ဟယ် ဆိုသော အသံကို ပါးစပ်က ထွက်မညည်းဘဲ နှုတ်ခမ်းဖျားကသာ ကျိတ်ညည်းကာ ဂီက နှာခေါင်းရှုံ့မိတော့သည်။ ဒီမိန်းမဟာ လူလည်း ရုပ်ပျက်ပျက်နိုင်ရုံမျှမက သူ ကြိုက်သော အစားအသောက်နဲ့ ပတ်သက်လာလျှင်လည်း ဘေးကလူ ဆောင် ရှိတယ်မထင်ရ၊ ဂရုမစိုက်တော့ဘဲ သူနဲ့အစားအသောက် သာ တစ်ကမ္ဘာရှိတော့ပုံမျိုး နေတတ်သူတည်း။ အခုလည်း ညက ဂီရယ်၊ တျှာရယ်၊ ရေးချယ်လ်ရယ် သုံးပွင့်ဆိုင် Group Chat ကိစ္စကို ပြောမလို့ ပြင်နေတာ ခုထိကို စကားမစနိုင်သေး။

"နင် ငါတို့ ပြောတဲ့အတိုင်း လုပ်တယ်မဟုတ်လား"

"အေး ... လုပ်တယ်လေ"

"ဘာကို လုပ်တာလဲ"

"ကျွတ် ... နင်တို့ပဲ သူ့အကျီကို ငါ ကိုယ်တိုင် ဝင်မပေး နဲ့ဆို မပေးခဲ့ဘူးလေ၊ အဲဒါကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



အစားကို ကောင်းကောင်းမစားသဖြင့် **"တျာ"** က ခပ်ဆောင့်ဆောင့် ပြောမိသည်။ ညက သုံးယောက်သား Chatting ထိုင်ကြရင်း ဂီနဲ့ ရေးချယ်လ်က မြင့်မြတ်ခေါင်ရဲ့အင်္ကျီကို သူ့လက်ထဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားထည့်မပေးရန် ခုံရုံးတင်၍ ဆုံးဖြတ်ကြသည်။ ကြီးကျယ်သော၊ သူ့ကိုယ်သူ over confidence ဖြစ်နေသော မြင့်မြတ်ခေါင်ကို သိပ်ကြည့်မရဘူးဟု ဆိုကာ အင်္ကျီကို ကိုယ်တိုင်ဝင်မပေးနိုင်းဘဲ ဝန်ထမ်းတစ်ယောက်ရဲ့လက်ထဲကိုသာ ထည့်ခိုင်းခဲ့တာ ဖြစ်သည်။ **"တျာ"**ကလည်း ဆရာမကြီးတွေရဲ့ အကြံပြုချက်ကို လိုက်နာခဲ့သည်။ သူ့ဆီဝင်မပေးဘဲ သူနဲ့မတွေ့ရလည်း ဘာမှမဖြစ်လေ။ ဒီနေ့ ကံကောင်းချင်တော့ အဲဒီလမ်းထဲမှာပဲ ကားပါကင်က ရသဖြင့် အင်္ကျီထုပ်ဝင်ပေးပြီးတာနဲ့ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့တာလေ။ မိုက်ကလည်း ဆာနေပြီ မဟုတ်လား။

"အဲဒီတော့ ဘာဆက်ဖြစ်လဲ"

"ဟဲ့ ... ဘာဆက်ဖြစ်ရမှာလဲ။ သူ့အင်္ကျီထုပ်ကို ဝန်ထမ်းတစ်ယောက်ယောက်ကို ပေးခဲ့မှတော့ ကိစ္စပြတ်ပြီပေါ့"

"မဟုတ်ဘူးလေ။ ရုပ်ရှင်ထဲကလို သူ့ဝန်ထမ်းက သူ့ကို သွားပေး၊ သူက အင်္ကျီကိုမြင်ပြီး ဘယ်မှာလဲ သူ ဘယ်ရောက်သွားလဲဆိုပြီး နင့်နောက်ကို လိုက်လာ၊ အဲဒီလိုဖြစ်မသွားဘူးလား"

"အမယ်လေး ... အဟွတ် ... အဟက် ... ဟက်"





ဂီရဲ့စိတ်ကူးယဉ်အိပ်မက်ကို **"တျာ"** က ဟက်ဟက်ပက်ပက် လှည်ချောင်းသီးမတတ် အော်ရယ်မိလေသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို တွေးမိကာ ပခုံးအသာတွန့်ပြရင်း ...

"အဲလို လုပ်ချင်လည်း လုပ်နေနိုင်တာပဲ။ ဒါပေမဲ့ ငါက ဒီနေ့ အဲဒီလမ်းထဲမှာ ပါကင်ရတယ်လေ။ အင်္ကျီပေးပြီးတာနဲ့ ကားပေါ်တက် မောင်းထွက်လာတာဆိုတော့ ..."

ဆက်ပြောစရာ မလိုတော့ဘဲ၊ တျာက လက်ဖဝါးနှစ်ဖက်ဖြန့်ကာ ပခုံးတွန့်ပြလိုက်သည်။ ပြီးတော့ မုန့်တီကို ဆက်စားလေသည်။

"ဟင် ... ဒါဆို ... နင်တို့က ..."

"ဟက် ... ဟက် ... မိန်းမတွေ။ နင်တို့က ငါ့ကို ဇာတ်ညွှန်းလာရေးပေးနေကြတာ မဟုတ်လား။ ငါက အဲဒီလိုပေးပြီး လမ်းလျှောက်၊ သူက ဘယ်သူကပေးတာလဲ၊ ပေးတဲ့သူ ဘယ်မလဲ ဆိုပြီး နောက်က ပြေးလိုက်လာ၊ နင်တို့ အဲဒီလို မျှော်လင့်ထားတာလား ...

မှတ်ထား ... မြန်မာပြည်မှာ အဲဒီလို လှေနံဓား ထစ် အိုက်ဒီယာတွေ အသုံးမဝင်ဘူး မှတ်"

"အမယ်လေး ... အမယ်လေး ... ဒါဆို နင်က သိသိကြီးနဲ့ အဲလို လုပ်ခဲ့တာပေါ့၊ ဒါဆို သူ့ဆီမှာ နင့်ဖုန်းနံပါတ် ရှိလို့လား"

"ရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ပဲရူးက ပြန်လာတဲ့နေ့က သူ့ကို fuji ထိလိုက် ပို့ခဲ့တဲ့ နင့်ကို ဖုန်းနံပါတ်လေး ဘာလေးတောင် မတောင်း ဘူးလား"

"တောင်းပါဘူး"

"နင်နဲ့ပတ်သက်သမျှ သူ ဘာမှမသိဘူးပေါ့"

"ငါ့နာမည်တော့ သိတယ်လေ"

"ရော် ... သေတော့မှာပဲ။ ငါ ပြောတာ နင့် ဖုန်းတို့၊ facebook တို့ e-mail တို့ အဲဒါတွေ သိသွားလား မေး တာ"

"ဘာမှ မသိဘူးဟေ့။ ငါ့နာမည်က လွဲရင် ဘာမှမသိဘူး"

"ဟင့် ... ဒါဆို နင်တို့က ပြီးပြီပေါ့"

"ဟင် ... မပြီးလို့ ဘာလုပ်ရမှာလဲ"

"သိဘူးလေ၊ နင်တို့က လှပတဲ့ Plot လေးတွေနဲ့ စခဲ့တဲ့ ဇာတ်ဆိုတော့ ဆက်ရန် ရှိသေးလားလို့"

"ဟား ဟား ... ဒါကတော့ ရေစက်ရှိရင် ထပ်ဆုံဦးမှာ ပေါ့ဟာ၊ ငါကတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့် ကိုယ့်ရဲ့ ရုပ်ပလာ အကျင့်လေးကြောင့် သူ့ကို အားနာအောင်လုပ် မိလို့ မှတ်မှတ်ထင်ထင် ရှိနေမှာပဲ။ ငါ ဒီလိုပဲ တစ်ဆင့် လှူနဲ့ ပေးခိုင်းလိုက်ရင် သူနဲ့ငါ ထပ်တွေ့စရာ အကြောင်း မရှိတော့ဘူးဆိုတော့ သိပေမယ့် ငါကိုက သိသိကြီးနဲ့ လိုလိုလားလား လုပ်ခဲ့တာပဲလေ"





"ဘာလို့လဲ"

"ရေစက်ရှိလို့ လူတစ်ယောက်နဲ့ တစ်ယောက် ဆုံတွေ့ကြ ရတယ်၊ ရေစက်ကုန်တဲ့အခါ ဘယ်လောက်ပဲ ချစ်ချစ် ခွဲခွာကြရတယ် ... တဲ့ ...

ဒီတော့ ငါကတော့ ရေစက်ဆိုတာ ဖွတ်ဖန်တီးလို့ ရကောင်းတဲ့အရာ မဟုတ်ဘူးလို့ ထင်တာပဲလေ။ အဲဒါ ကြောင့် ..."

"ရေစက် ပါလာရင် ထပ်ကိုတွေ့ဦးမယ်ပေါ့"

"ဒါပေါ့ ... ဒါပေါ့"

"ဟွန်း ... မိန်းမ။ နင့်ဆီမှာ သူ့ဖုန်းနံပါတ် ရှိနေတယ် မဟုတ်လား"

"အိုး ... စွပ်စွပ်စွဲစွဲကွယ်။ မို့ ဒီလိုအစားထဲက မဟုတ်ပါ ဘူး"

မျက်လုံးကို ပေကလပ် ပေကလပ်လုပ်ကာ ပေါပြ သော **"တျာ"**ကို ဂီက မျက်စောင်းတစ်ချက် ဝေ့ဝဲထိုးရင်း ...

"မိန်းမ ... နင့်ရဲ့ အဲဒီ ပေါတောတော အကျင့်ကိုလည်း ဖျောက်ထားဦး၊ လာကြိုက်မှ ကောင်လေးတိုင်းကို ပေါပြ နေလို့ ဟိုဟာတွေက နင့်ကို စိတ်ကူးယဉ်မှတ်တိုင် ပါတယ်ထင်ပြီး ရှောင် ရှောင် သွားကြတာ"

ဂီ ပြောသော စိတ်ကူးယဉ်တိုင်မှာ ရွာသားကြီးက စိတ်ရောဂါကုဆေးရုံကြီးကို ဆိုလိုခြင်း ဖြစ်ပါသည်။ တျာတို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေရဲ့ လက်သုံးစကားလည်း ဖြစ်သည်။ ဒါကြောင့် အဲဒီအပြောကို မမှုဘဲ ပခုံးလေးတွန့်၍သာ ဤသို့ ဤနှယ် အေးအေးလူလူ ပြန်ပြောလိုက်လေသည်။

"စိတ်ကူးယဉ်မှတ်တိုင်ကတော့ ငါတင် ပါတာမဟုတ်ဘူး။ နင်လည်း ပါတယ် ရေးချယ်လိမလည်းပါတယ်။ သူသူကိုယ်ကိုယ် ပါကြမှာပဲ။ ဘုရားကကို ဟောပြီးသား ပုထုဇနော ဉမ္မတကောပဲ ...

ဟုတ်ဘူးလား"

❦ ❦ ❦





"ဆရာ့အတွက် အထုပ်တစ်ထုပ် ရောက်လာပါတယ်"

ဟု Security က လာပေးသောအခါ အလုပ်လုပ်နေသော ခေါင်သည် အမှတ်တမဲ့နှင့် "ကောင်းပြီ"ဟု ခေါင်းညိတ်ပြကာ အခန်းထောင့်က စားပွဲမှာ ချခဲ့ဖို့ ညွှန်ပြပြီး Security လှည့်အထွက်မှာမှ တစ်စုံတစ်ခုကို စဉ်းစားမိကာ ချက်ချင်းပဲ လှမ်းခေါ်လိုက်သည်။

"နေ ... နေဦး ... ကိုကျော်ကြီး"

"ဗျာ ... ဟုတ်ကဲ့"

"ဒါ ... ဘယ်သူ လာပေးသွားတာလဲ"

"ကောင်မလေး တစ်ယောက်ပါ"

"ဟုတ်လား ... ဘယ်လိုပုံစံလဲ"

"ခပ်ချောချောလေးပါပဲ၊ ဟို ... အရပ်မြင့်မြင့် ... ခပ်ထွားထွား ... အဲ ... လုံးကြီးပေါက်လှပေါ့ ... ဟဲ ဟဲ"

သူက မျက်ထောက်နီနှင့် ကြည့်လိုက်၍ Security ကိုကျော်ကြီးက စပ်ဖြဲဖြဲ လုပ်နေရာမှ မျက်နှာပိုးသတ်သွားသည်။

www.burmeseclassic.com



ဒီလိုဝါပဲ ကုမ္ပဏီမှာ သူက ခပ်တည်တည် ခပ်တင်းတင်း တစ်ချက်ကြည့်လိုက်လျှင် အားလုံး တိတ်ငြိမ်သွားတဲ့အထိ မီးသေသည်ဟု သူ့ပါဝါက နာမည်ကြီးလေသည်။

"အခုရော သူက အပြင်မှာလား"

"အဲ ... ဟုတ်ပါဘူး။ မရှိတော့ဘူး"

"ဘယ်လို ! "

"ဒီလိုပါ ... မရှိတော့ဘူး ဆိုတာက ကျွန်တော့်ကို ဒီအထုပ်ပေးပြီး ကိုမြင့်မြတ်ခေါင်ကို ပေး,ပေးပါဆိုပြီး ထွက်သွားတာပါ။ Swift ကားအနက်လေးပေါ်တက်ပြီး မောင်းသွားတာပါ"

"ခင်ဗျား သွားလို့ရပြီ"

Security ထွက်သွားတော့မှ သူက အိတ်ကိုဖွင့်လိုက်သည်။ လက်ဆွဲအိတ်အတွင်းမှ ပလတ်စတစ်အိတ်အကြည်နှင့် လောင်ဒရီက ပို့လိုက်သော အင်္ကျီသဖွယ် သပ်ရပ်ကော့ပျံနေသော သူ့အင်္ကျီ ထွက်လာသည်။ သူက ဖွင့်ကြည့်လိုက်လျှင် ငွေတ်ဆီပေ စွန်းတာမျိုး မတွေ့ရတော့ဘဲ သူ့အင်္ကျီကို အကောင်းပကတိအတိုင်း တွေ့လိုက်ရပေမယ့် စိတ်ထဲမှာ ဘဝင်မကျ။ ဘာဖြစ်လို့လဲ ? သူက အလိုမကျစွာ မျက်မှောင်ကြုတ် စဉ်းစားမိသည်။ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှမလိမ်တတ်သည့် သူ့အတွက် အဖြေက ချက်ချင်းပဲ ထွက်လာသည်။ သူ့ဆီသို့ သူမကိုယ်တိုင် လာပေးဖို့ သူ မျှော်လင့်ထားခဲ့ပေမယ့် ရောက်မလာခဲ့ဘဲ ဒီလိုပေးသွား





တာကို သူ ဘဝင်မကျတာလေ။ မျက်လုံးထဲ **"ဘေးတျာထီ"** ဆိုသော ကောင်မလေးရဲ့ ပုံရိပ်တို့ကို မြင်ယောင်လာသည်။

အရပ်မြင့်မြင့်မှာ တကာယ်ကိုပဲ လုံးကြီးပေါက်လှပ်ထွားထွား ခန္ဓာကိုယ်နှင့် ကောင်မလေးဟာ ချိုသာသောမျက်နှာထားတို ပိုင်ဆိုင်ထားသည်မို့ သူနဲ့တော့ ဆန့်ကျင်ဘက်ဟု ပြောလို့ရသည် မဟုတ်ပါလား။ သူ တွေ့ခဲ့သည့် အကြိမ်တိုင်းမှာ ရုပ်အင်္ကျီလို ဖားဖားလျားလျားအင်္ကျီ၊ ဂျင်းဘောင်းဘီကျပ်ကျပ်တွေ ဝတ်ဆင်ထားတာတောင်မှ သူမရဲ့လုံးကြီးပေါက်လှ ခန္ဓာကိုယ်အလှကို မဖုံးကွယ်နိုင်ဘူးလေ။ ဒီနေ့ခေတ်မှာ ပိုးဟပ်ဖြူလို ပိန်ပိန်ပါးပါးလျာလျား ကောင်မလေးတွေများပြီး၊ ပေါင်လယ်စကတ်တို အင်္ကျီလက်ပြတ် ဖက်ရှင်တွေသာ မြင်နေရသူ သူ့အဖို့ သူမရဲ့ ရုပ်ဖါးဖါးဝတ်သော ဖက်ရှင်ဟာ ထူးခြားသလို ဖြစ်နေသည်။ ဘေးခွဲထွားသော ရှေ့နောက် တစ်ဖြောင့်တည်း ကျောလယ်ခန့်ရှိ နက်မှောင်ထူထဲသည့် တစ်ညီတည်း ဝဲဖြာသော ဆံနွယ်တို့နှင့် သူ့အဒေါ် ငယ်ငယ်က ပုံစံနဲ့တောင် ဆင်တူသော (၁၉၉၀) အလွန်က ဖက်ရှင်မျိုးနှင့် စိတ်ဝင်စားစရာကောင်းသူ ရုပ်တေးမလေး **"ဘေးတျာထီ"** သည် သူ့ဆီသို့ ဘာကြောင့် ရောက်မလာခဲ့ပါသနည်း။

သူ့ထံတွင် သူမကို ဆက်သွယ်ရာ ဘာ information မှ ရှိမနေခဲ့ပါ။ သူမဆီတွင်သာ သူ့ရဲ့ Name Card ရှိခဲ့သည်။ ပဲခူးမှ အပြန်လမ်းတွင် သူမနှင့် တွေ့လိမ့်မည်ဟု မျှော်လင့်မထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူ့ရဲ့ မျှော်လင့်ချက်မှာ တွက်ရေးကတော့ စက်သူဌေးဖြစ်ခဲ့သည်လေ။ အကျိုးလျှော့ဖွပ်ပြီးလျှင် သူမက သူ့ဆီသို့ သေချာပေါက် ဖုန်းဆက်မည်။ ဖုန်းဆက်လာလျှင် ဖုန်းနံပါတ် တကူးတက တောင်းစရာမလိုဘဲ သူ့တွင် ဆက်သွယ်စရာတစ်ခုခု ရသွားမည်။ သူက အဲဒီလို မျှော်လင့်ထားခဲ့တာ ဖြစ်သော်လည်း...။

ခေါင်သည် ကိုယ့်အဖြစ်ကိုယ် သဘောကျသွားကာ ဟက်ခနဲတောင် အသံထွက်၍ ရယ်မိသွားလေသည်။ မျက်လုံးထဲတွင် သူမနှုတ်ခမ်းထောင့်က အပြုံးသဲ့သဲ့လေးကို ပြန်မြင်မိသော အခါ သူမ အယ်အကွက်နင်းသွားသည် ဆိုတာကို သဘောပေါက်သွားပြီး ဟက်ဟက်ပက်ပက်ပဲ ထပ်ရယ်မိလေသည်၊

ကောင်းပြီလေ တေးတျာဏီရေ။ မျှော်လင့်ချက်နဲ့ အိပ်ရာနိုးရတဲ့ ဘဝကမှ နေ့စဉ် ပျော်စရာ စိတ်လှုပ်ရှားစရာ ပေးတယ်ဆိုတာ မင်းကပေးတဲ့ သင်ခန်းစာ(၁)ပေါ့။





(၇)

တကယ်တော့ သူ့အတွက် ရုပ်တေးမလေး **"တေးတျာဏီ"**ကို ထပ်မံဆုံစည်းဖို့ အခွင့်အရေး လုံးဝမရှိတော့သည်လည်း မဟုတ်ရပါ။ ဆိုက်ကားသမားပင်လျှင် ထပ်မံတွေ့ဆုံလိုပါက ဖုန်းနံပါတ်တစ်ခု ပေးနိုင်နေပြီဖြစ်သော ယနေ့ မျက်မှောက်ခေတ်ကာလမှာ သူမဆီက ဖုန်းနံပါတ်လေး တစ်ခုတောင် မသိလိုက်သော သူ့အတွက် ရုတ်တရက် ဝေပြီ ဘောဘီ သီချင်းဆိုချင်သလိုလို ဖြစ်သွားစေသော်လည်း နေ့လယ်ခင်း Break time မှာ Coffee တစ်ခွက်နှင့် အေးအေးဆေးဆေး အတွေးနယ်ချဲ့မိလျှင် သူမနှင့် ပတ်သက်သော information ကို ပြန်ရှာတွေ့လေသည်။

သူဟာ ဉာဏ်ကောင်းသော၊ တစ်ခုခုဆိုလျှင် မှတ်မိသိရှိလွယ်သော ဦးနှောက်မျိုးကို ပိုင်ဆိုင်သူမို့ ခေါင်းအေးအေးနှင့် ပြန်တွေးလျှင် သူမ ပြောခဲ့ဖူးသော စကားတို့က အစီအရီ ပြန်ပေါ်လာသည်။ သူ့အကျီကို သင်တန်းနဲ့ ကြုံတဲ့နေ့မှ လာပေးချင်



www.burmeseclassic.com

www.burmeseclassic.com



သော သူမဆန္ဒအရ တနင်္လာနေ့ကတော့ သူမ သင်တန်းရှိသည့် နေ့ဆိုတာ သူ သေချာပေါက် တွက်ချက်မိသွားသည်။ သူ ရုံးလာချိန်မှာ သူမက သင်တန်းပြီးချိန် ဖြစ်နိုင်ပြီး အဲဒီပတ်ဝန်းကျင်မှာ ဆုံတွေ့ခဲ့ရတာ ဖြစ်ပါသည်။

ကဲ ... (၁၉၉၀)နှစ်လွန်က ဖက်ရှင်တွေ ဝတ်တတ်သူ ကောင်မလေးအတွက် သူမနဲ့ ထပ်တွေ့ဖို့ ကြိုးစားရပုံကလည်း (၁၉၉၀)လွန်က အကွက်မျိုး ဖြစ်မှာပေါ့။ တွေ့ချင်ရင် သူလာရာလမ်းမှာ စောင့်ရတာသည် ဖုန်းတွေ အင်တာနက်ယဉ်ကျေးမှုတွေ ခေတ်မစားခင်က ယောက်ျားလေးတိုင်း ကြိုးပမ်းအားထုတ်ခဲ့ရသော နည်းလမ်းသာ ဖြစ်ပါသည်။ လမ်းထဲမှာရှိသော သင်တန်းတွေကို အနည်းငယ် စနည်းနာလိုက်ကာ နောက်တစ်ပတ်တနင်္လာနေ့မှာတော့ သူက သူမသင်တန်းမဆင်းခင် ခပ်စောစောကြိုရောက်နေကာ သင်တန်းသုံးလေးခု ဆုံသော တိုက်ရှေ့ကပါကင်တွင် ကားရပ်ပြီး ကားပေါ်မှာ ထိုင်စောင့်ရင်း အလုပ်နှင့်ပတ်သက်သော စာတမ်းတစ်ခု ဖတ်ရှုနေလေသည်။ သူမကိုစောင့်ကြည့်ရသော တာဝန်က ကိုအေးလွင်၏တာဝန် ဖြစ်သည်။

"အစ်ကိုလေး ... ဟိုမှာ လာပြီထင်တယ်။ ဟိုကောင်မလေး မဟုတ်လား"

သူက ကိုအေးလွင် ပြသောနေရာသို့ ကြည့်လိုက်လျှင် အဟုတ်ကိုပဲ ရုပ်တေးမလေးကို တွေ့လိုက်ရသည်။ နက်ပြာရောင် အကွက်ရုပ်ဖားဖားကို လက်ခေါက်ဝတ်ထားကာ နက်ပြာ





ရောင် စိုလက်နေသော ဂျင်း(န်)အရှည်ဖြင့် သူမပုံစံက ဝဲခါနေသည်။ ကျောပိုးအိတ်ကိုလွယ်၊ မျက်နှာတစ်ခြမ်း အုပ်လုနီးပါး ဆံနွယ်တွေကိုသပ်ရင်း သင်တန်းသူတစ်ယောက်နှင့် နှုတ်ဆက်စကား ပြောနေသော သူမပုံကို ငေးကာ သူ့နှုတ်ခမ်းတွေ တဖြည်းဖြည်း ပြုံးလာရသည်။

"ကျွန်တော် မောင်းရတော့မှာလား ဆရာ"

"မမောင်းနဲ့၊ ခင်ဗျား ဒီမှာပဲ စောင့်နေ"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

သူမက ဘော်ဒါနှင့် နှုတ်ဆက်စကား ပြောပြီးချိန်၊ လက်တွေ ဘာတွေပြ တာ့တာလုပ်ပြီးချိန်ဝယ် သူက ကားပေါ်ကဆင်းဖို့ အဆင်သင့် ပြင်လိုက်သည်။ သူ့အတွက် ကံကောင်းမှုတစ်ခုလားတော့ မပြောတတ်။ သူမ ဦးတည်သည့်လမ်းကြောင်းက သူတို့ရုံးရှိသည့်ဘက် မဟုတ်ပဲ ဆန့်ကျင်ဘက်ဖြစ်သည်။ သူတွေးတာ မမှားဘူးဆိုရင် ဒီကလေးမဟာ ဒီလမ်းထဲမှာ ကားပါကင်မရဘဲ အောက်ဘလောက် တစ်နေရာရာမှာ ရပ်ထားခဲ့ရသော သူမရဲ့ Suzuki Swift အနက်လေးထံ လမ်းလျှောက်သွားတာ ဖြစ်နိုင်ပါမည်။

သူက သူမနောက်က မလှမ်းမကမ်းမှနေ၍ လိုက်လျှောက်လာခဲ့သည်။ သူမရဲ့နောက် ဘေးဘက်နေရာက လိုက်လျှောက်တာမို့ တေးတျာဆီရဲ့ ဘေးဘက်တစောင်း အနေအထားနေ၍ မြင်တွေ့နေရလေသည်။ အရပ်မြင့်မြင့်မှာ ခုံတူဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ကို စီးထားသဖြင့် အရုပ်ဇာ ပိုရှည်သလိုဖြစ်ကာ လှမ်းလိုက်တိုင်း သူမရဲ့ ဖြောင့်စင်းလုံးဝန်းသော ပေါင်တံတွေကို မြင်ရလျှင် သူငယ်ငယ်က အဘိုးပြောဖူးသော "ရွှေဘိုမင်းကြိုက် ပေါင်တံရှည်" ဆိုသည့် စကားကို သွားသတိရလေသည်။

အဲဒီလိုတွေးမိတော့ သူမကို နည်းနည်းအားနာသွားရသော်လည်း သူဟာ မရိုးမသား ပြစ်မှားချင်စိတ်နဲ့ တွေးနေခြင်း မဟုတ် ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံပါသည်။ ယောကျာ်းတစ်ယောက်အနေနဲ့ မိန်းကလေးတိုင်းကို ပြူးပြူးပြဲပြဲ လိုက်မကြည့်သော်လည်း သူ စိတ်ဝင်စားသွားသော မိန်းကလေးကိုတော့ အမှတ်တမဲ့ ကြည့်မိရာမှ သူမရဲ့ပြည့်စုံထင်ရှားမှုတို့ကို သတိထားမိသွားတာကတော့ မတတ်နိုင်ဘူးပေါ့။

သူမ သူမကို လှမ်းခေါ်ဖို့ အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်ချိန်ဝယ် သူမနားသို့အရောက်၊ သူမကလည်း ခြေထောက်ခေါက်ချိန်နှင့် အကိုက်ပဲ ဖြစ်လေရာ ရုတ်တရက် ဖြစ်ပေါ်လာသော် စွေ့ခဆော်မှုဖြင့် သူမလက်မောင်းတစ်ဖက်ကနေ၍ ထိန်းပေးလိုက်နိုင်လေသည်။

"အဲ့ ... ဟင် ... ဘာလဲ"

သူမက ပါးစပ်က ထွက်မိထွက်ရာ တွက်ရင်း သူ့ကို သူ့ကို လှည့်ကြည့်၍ မြင်သွားလျှင် မျက်လုံးဝိုင်းသွားသည်။ သူကတော့ မျက်လုံးဝိုင်းစရာ မလိုဘဲ ခပ်မိန့်မိန့်ပြုံးရင်း ပြောလိုက်နိုင်သည်။





"အင်း ... တစ်ယောက်တည်းလည်း ခြေခေါက်လဲချင် လဲနေတာပဲနော်"

"အို ... လမ်းကမှ မညီတာ"

သူမက ဆယ့်ခြောက်နှစ်သမီးလို နှုတ်ခမ်းဆူကာ ပြောလျှင် သူက ဟက်ခနဲ ရယ်မိသွားသည်။

"ဟုတ်ပါပြီ ထားလိုက်ပါတော့။ ဒါက မင်းအပြစ်မဟုတ်လောက်ပါဘူး"

"အံမယ် ... ဘယ်ဟာက ကျွန်မ အပြစ်လို့ ပြောချင်တာလဲ"

သူမက နှုတ်ခမ်းကိုမဲ့ရင်း လက်နှစ်ဖက်ပါ ပိုက်ပြီး ခပ်ပါပါ ပြောလိုက်လျှင် သူ့မှာ သဘောတကျနှင့် ရယ်မိသောသည်။ သူမက သူ ရယ်နေပုံကို မျက်မှောင်ကြုတ်ကာ ထိုက်ကြည့်ပြီးမှ ...

"ရှင်တာ ဘယ်လိုဖြစ်ပြီး ဒီနေရာကို ရောက်နေတာလဲ"

"သြော် ... ဒီနေရာက ဘာမို့လို့လဲကွာ။ လမ်းပေါ်မှာ လမ်းလျှောက်နေတာ ဘာများဆန်းတဲ့ ကိစ္စမို့လဲ"

"ရှင့်ရုံးက ဟိုဘက်မှာလေ"

သူမက လက်ညှိုးတောင် လှည့်ထိုးပြလိုက်သေးသည်။ သူက လှုပ်ရှားမှု မှန်သမျှ ပဲတစ်စက်မှ မရှိသော ရုပ်တေးလေးကို ငေးရင်း ပင့်သက်တစ်ချက် ရှိုက်မိကာ ...

"မင်း ဟိုနေ့က အကျီကို ကိုယ်တိုင်ဘာလို့ လာမပေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ကိုယ်တိုင်လာပေးသွားတာပဲကို"

၎ တွေ့လား … စကားပြောရင် နှုတ်ခမ်းကမဲ့ပြီး ရှုပ်ပုပ် ပြောတတ်သော ပုံစံဟာ သူမ တစ်ယောက်တည်း လုပ်တတ်သော အိုက်တင်ပဲ ဖြစ်လိမ့်မည်။ သူက အဲဒီပုံစံကို ပြုံးဆတ်ဆတ် (ပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်လျက်)စိုက်ကြည့်လျက် ထစ်ခွန်းချင်း ဆိုမိသည်။

"ဒါပေမဲ့ မင်း ကိုယ့်ရှေ့မှ ရောက်မလာခဲ့တာ"

"ရောက်မလာတော့ ဘာဖြစ်တုန်း။ ရှင့်အကျိုက အကောင်းပကတိအတိုင်း ပြန်ရတာ မဟုတ်ဘူးလား"

"အကောင်းပကတိဆိုတာ မင်း အမြင်လေ"

"အောင်မယ် … ဘယ်နားက ဘယ်လိုဖြစ်နေလို့လဲ"

"အဲဒါက အခု ဘယ်လိုပြောပြလို့ ရတော့မှာလဲ၊ အဲဒါကြောင့် စစ်ဆေးကြည့်ရအောင်၊ မင်းကို ကိုယ်တိုင်လာပေးလို့ ပြောတာပေါ့"

သူ့ရဲ့တင်တင်စီးစီးအပြောကို တခြားမိန်းကလေးတစ်ယောက်သာဆို ဘယ်လိုတုံ့ပြန်မလဲ မသိပေမယ့် သူမကတော့ မျက်စောင်းတစ်ချက်သာ ထိုးလေသည်။ အဲဒီမျက်စောင်းဟာ အမျက်ချောင်းချောင်းထနေတဲ့ ဒေါသမျက်စောင်းမျိုးလည်း မဟုတ်ဘဲ ပြောတတ်တယ်နော် ဟူသော အဓိပ္ပာယ်ရသည့် ရင်းနှီးသွင်ပြင်ရှိသည့် မျက်စောင်းမျိုးသာဖြစ်သည်။





"ကဲ … အဲဒါထားလိုက်ပါ၊ တစ်နေ့က မင်းက ကိုယ့်ကိုကားကြုံတင်ခေါ်လာပြီး ကူညီခဲ့တာ ရှိတယ်လေ၊ မင်းကိုနောက်ရက်ကျရင် ကော်ဖီတိုက်ရမယ်လို့ ကိုယ်ပြောခဲ့တယ်မှလား"

"အခု တိုက်တော့ မလို့လား"

မျက်လုံးပြူးပြီး ဝမ်းသာအားရပုံစံနှင့် မေးလိုက်သောပုံစံကြောင့် သူတောင် တွန့်သွားရသည်။ အဲဒါ ပြောတာပါဆို၊ ဒီကောင်မလေးဟာ ထင်မထားတာတွေ သိပ်လုပ်တတ်သူလို့။ သူ တွေးနေတုန်းမှာပင် သူမက ဗိုက်ကို ပွတ်သလို လုပ်ပြပြီး စကားဆိုလာသည်။

"ကော်ဖီတစ်ခွက်နဲ့တော့ ကျွန်မ မဝဘူး၊ မနက်က Breakfast စားလာခဲ့ရတာ မဟုတ်ဘူး။ ခုတောင် ရှင် စကားလာပြောနေလို့၊ ကိုယ့်ဘာသာဆို မောနင်းစတားကိုပဲ ပြေးပြီး မြီးရှည်နဲ့ လက်ဖက်ရည်ပေါ့ကျလေး သွားဆွဲတော့မှာ"

"ဟက် … မြီးရှည်ပဲ စားချင်တာလား၊ ငါးထောင်တန် မုန့်ဟင်းခါး မစားချင်ဘူးလား"

"ဘုရားရေ … ငါးထောင်တန် မုန့်ဟင်းခါး"

သူမက မျက်လုံးပြူးသွားပြီး သူ့မျက်နှာရှေ့သို့ ဆောင် လက်ငါးချောင်းကြီး ခပ်ကျဲကျဲ ထောင်ပြကာ တအံ့တသြ အေးလာသည်။ သူ့ပစ်မှတ်က အောင်မြင်သွားပါပြီ။ မွှင့်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်လတောင် မရှိသေးသော ငါးထောင်တန် မုန့်ဟင်းခါးဆိုင်ကို သူမ သိသေးပုံ မပေါ်ပါ။

"Right ! အရသာလည်း အရမ်းကောင်းပါတယ်၊ အိုခေ မင်း စားမယ်ဆို အဲဒီဆိုင်မှာ မင်းကို မုန့်ဟင်းခါးနဲ့ လက်ဖက်ရည် ကိုယ်ကျွေးမယ်"

"ဘယ်နားမှာလဲ"

"ဒီနားမှာပဲ မင်းရဲ့ မောနင်းစတားထက် အများကြီးနီးတယ်"

"ပြီးရော ... သွားမယ်"

"မင်းကားရော"

"ကျွန်မကားက အောက်ဘလောက်မှာ ရပ်ထားခဲ့ရတာ၊ ဟင်း ... ရှင်တို့လို မြေညီထပ်ကလူတွေ ရှိသမျှ ပါကင်အကုန်ဦးကြလို့လေ"

မသိဘူး ဟူသော သဘောဖြင့် သူက ပခုံးတစ်ချက်တွန့်ကာ ကိုအေးလွင်ထံ ဖုန်းခေါ်ပြီး ကားမောင်းထွက်လာဖို့ ခေါ်လိုက်သည်။ ကားက ချက်ချင်းပဲ ရောက်လာလျှင် သူက တက်ဆိုသော သဘောဖြင့် မေးဆတ်ပြလိုက်လျှင် သူမက ခဏတုံ့ဆိုင်းပြီးမှ ကားတံခါးဖွင့်ကာ နောက်ခန်းမှာ ဝင်ထိုင်သည်၊ သူက တစ်ဖက်တံခါးမှဖွင့်ကာ ကားပေါ်တက်ရင်း ကိုအေးလွင်ကို Rangoon Tea House သို့ မောင်းခိုင်းလိုက်သည်။ တော်တန်ရုံ အပြင်မှာ မစားတတ်သော သူ့အတွက်တော့ စားလျှင်လည်း



ဘာကယ့်ကို စိတ်ကြိုက်လက်ရွေးစင်ဆိုင်တွေမှာပဲ ထိုင်တတ်သည်ဆိုတာ နောင်ကျရင် သူမ သိလာမှာပါ။

ဆိုင်က သိပ်မဝေးသော်လည်း Down Town ထဲမှာမို့ စိတ်ရှည်လက်ရှည် ကားတန်းစီပြီးသောအခါ ပန်းဆိုးတန်းလမ်းက Rangoon Tea House သို့ ရောက်လေသည်။ သူမက ဆိုင်ထဲသို့ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း "မုန့်ဟင်းခါးဆိုင်ကလည်း" ဟု တီးတိုး ရေရွတ်သည်။ သူက ထောင့်တစ်နေရာက စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပြီးသည်အထိ သူမက မထိုင်သေး။ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ စပ်စုနေသည်။ လွန်ခဲ့သော နှစ်တစ်ရာကျော်က အင်္ဂလိပ်ခေတ် အငွေ့အသက်များပါအောင် ပြင်ဆင်ထားသော ဆိုင်ရဲ့ Decoration ကို (၁၉၉၀)ပြည့်လွန်ဖက်ရှင်နှင့် မိန်းကလေးက ငေးမောစပ်စုနေပုံမှာ သူ့အတွက်တော့ အသစ်ပဲ ဖြစ်လေသည်။

သူမက စင်မှာ တင်ထားသော စီရရီရှိသည့် ကြွေပန်းအိုး၊ ကြွေခွက်များကို သွားရောက်ထိတို့ပြီးမှ သူရှိရာစားပွဲသို့ ရောက်လာပြီး မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လေသည်။ ဝိတ်တာလည်း အနားမှာရောက်နေပြီ ဖြစ်သဖြင့် သူက မေးဆတ်ရင်း မေးလိုက်သည်။

"မုန့်ဟင်းခါးနဲ့ လက်ဖက်ရည်ပဲ မဟုတ်လား"

"အင်း ... မုန့်ဟင်းခါးက အစုံနော်။ အိုးဘဲဥ၊ ငါးဖယ်၊ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ မန်းလေးပဲကြော်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူ မှာတဲ့အတိုင်းသာချ"

ဝိတ်တာက အပြုံးနဲ့ ခေါင်းညိတ်ပြပြီး ထွက်သွားချိန်ဝယ် သူက သူမကို ဘယ်လိုလဲဟူသော ပုံစံဖြင့် ကြည့်လိုက်လျှင် ငါးထောင်တန် မုန့်ဟင်းခါးဆိုင်ကိုပဲ စိတ်ဝင်စားနေပုံရသော သူမက စားပွဲပေါ် လက်ထောက်ရင်း စကားပြန်စလာသည်။

"ဒီဆိုင်က ရန်ကုန် Yangon လို့မပေါင်းဘဲ ဘာလို့ ရန်ဂွန်း Rangoon လို့ စာလုံးပေါင်းတာလဲ မသိဘူး"

"ရှေးဟောင်းအငွေ့အသက် ပိုရချင်လို့ နေမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ဖော်ရိန်နာတွေ စိတ်ဝင်စားမယ် ထင်တယ်"

"ဒါပေါ့ ... ဒီနေရာက ဖော်ရိန်နာတွေ အလာများတဲ့နေရာပဲ။ အိုဘားမား ဝန်ကြီးများရုံးကို လာသွားပြီးတဲ့နောက် ဒီ Down Town တစ်ဝိုက်က ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံတွေကို ဖော်ရိန်နာတွေ စိတ်ဝင်စားလာကြတယ်လေ ...

ဒီအချက်ကို မြင်တဲ့ ဒီဆိုင်ရှင်က တကယ်တော့ ငါးထောင်တန်မုန့်ဟင်းခါးဆိုတာ မြန်မာလူမျိုးတွေ ဖေးဘာရိတ် မြန်မာ့မုန့်ဟင်းခါးကို ကမ္ဘာကျော်စေချင်တဲ့ စိတ်ကူးပါ"





သူက စိတ်လိုလက်ရ ရှင်းပြနေတာကို သူမက ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံစကားဆိုသည်။

"အင်းနော် ... ဖော်ရိန်နာတွေ အတွက်ကတော့ မုန့်ဟင်းခါး တစ်ပွဲ 5 Dollars လက်ဖက်ရည်တစ်ဖက် 3 Dollars ဆိုတာ ဘာမှမများပါဘူး"

"ဒါပေါ့ ... မင်း မုန့်ဟင်းခါး ကြိုက်လား"

"ဘယ်လို မေးလိုက်တာလဲ၊ မုန့်ဟင်းခါး မကြိုက်တဲ့သူဆိုတာ ရှိမယ်တောင် မထင်ဘူး၊ မြန်မာမှန်ရင် မုန့်ဟင်းခါး ကြိုက်တယ် မဟုတ်ဘူးလား"

"အင်း ... မင်းကြည့်ရတာတော့ တော်တော်ကြိုက်မယ် ထင်တယ်"

"ဟီး ... ဟုတ်လား၊ သိပ်သိသာနေလား"

ဟီးခနဲ ရယ်ချရင်း ဖျတ်ခနဲပဲ ရှေ့သို့ ကိုယ်ကို ကိုင်းကာ "သိပ်သိသာနေလား"ဟူသော မေးတဲ့ပုံစံကို သူက မျက်ခုံးတစ်ချက်ပင့်ရင်း ရယ်ဟဟ ဖြစ်သွားသည်။ ဘယ်လို မိန်းကလေးမှန်းလဲ မသိပါ။ သေချာတာကတော့ သူမဟာ သူ ကျင်လည်နေရသော ပတ်ဝန်းကျင်မှာ တွေ့နေကျ မိန်းကလေးမျိုး မဟုတ်။

တစ်မျိုး တစ်ဘာသာ **"တေးတချာထီ"**ပါပဲ။

ထိုအချိန်မှာပဲ မုန့်ဟင်းခါး လာချပေးပြီမို့ သူမက



www.burmeseclassic.com

www.burmeseclassic.com



သံပရာသီးညှစ်၊ ငရုတ်သီးမှုန့်ဖြူးရင်း နည်းနည်း အလုပ်ရှုပ်သွားသည်။ ပြီးတော့ သူ့ကို မော့တောင်မကြည့်မိဘဲ "ကျွန်မ စားပြီနော်"ဟု လှမ်းပြာရင်း ပါးစပ်ထဲ တစ်ဇွန်းထည့်လိုက်ပုံကိုကြည့်ကာ ဟက်ခနဲ ရယ်မိလေသည်။ သူမ စားနေတာကို သဘောတကျ ငေးနေရင်းမှ မေးမိသည်။

"ဘယ်လိုလဲ ... ကောင်းလား"

"ကောင်းတယ်"

"အင်း ... မဝရင် နောက်တစ်ပွဲ ထပ်စားဦး"

"ဟုတ် ... ဟင်း ဟင်း"

အမယ်လေး ... မိန်းမပျိုလေးမို့ ရက်ပြီးများ ငြင်းမလားမှတ်တယ်။ မငြင်းပါချေ။ သူ စား၍ တစ်ဝက်ပဲ ကုန်ချိန်မှာ သူမက တစ်ပွဲကုန်သွားပြီး နောက်တစ်ပွဲ မှာစားနေလေပြီ။ တကယ်ကို ဗိုက်ဆာနေဟန်ပါပဲ။ ရှေ့မှာရှိသော သူ့ကိုတောင် ရှိတယ်လို့ ထင်ပုံမရချေ။ လိုက်ပွဲကုန်သွားပြီး ငါးဖယ်နှင့် ဟင်းရည် ထပ်တောင်းထားချိန်မှာ မျက်လုံးပြူးပြီး ပြောလာသည်။

"အယ် ... ကျွန်မ တစ်သောင်းဖိုး၊ နှစ်ပွဲကြီးတောင်စားမိသွားပြီကော"

"တစ်သောင်းဖိုး ဘယ်ကမလဲ။ လက်ဖက်ရည်က သုံးထောင်၊ ဟင်းရည်ထဲ အဆစ်တောင်းထားတဲ့ ငါးဖယ်ကြော်ဖိုး ပါသေးတယ်လေ"





သူ့အပြောကြောင့် သူမက လျှာတစ်လစ် ထွက်သွားလျှင် သူက မျက်နှာလွှဲပြီး နှာခေါင်းထဲက လေထွက်ရုံ "ချိ"ခနဲ ရယ်မိသည်။ အင်း ... ဖျတ်ခနဲ ဝင်လာသော သတိဖြင့် သူ့ကိုယ်သူ သတိထားမိချိန်မှာ ဒီကောင်မလေးနှင့် ဆုံချိန်၌ သူ့အရယ် အပြုံးတွေ ဘယ်လောက်များနေပြီလဲ ဆိုတာပင်။ အမြဲတမ်း မျက်မှောင်ကြုတ်ကာ တည်တည်နေတတ်သော သူ့ရဲ့ အကြောတွေ ဒီနေ့မှ တော်တော်လျော့နေပါလား။

"နောက်တာပါကွာ။ အကျီကိုလည်း ပြောင်အောင်လျှော်ပေး၊ ကားကြုလ်ည်း ပို့ပေးတဲ့ မိတ်ဆွေကို ဒီလောက်တော့ ပြုစုရမှာပေါ့"

"ဟင် ... ရှင်နဲ့ ကျွန်မက မိတ်ဆွေတွေ ဖြစ်သွားပြီလား"

"ဟမ် ... ဘာလဲ ? ။ မင်းက ကိုယ်ကျွေးတဲ့မုန့်ဟင်းခါး စားပြီးတော့တောင် ကိုယ့်ကို မိတ်ဆွေအဖြစ် မသတ်မှတ်ဘူးလား"

"ဟား ဟား ... အဲလိုလည်း မဟုတ်ပါဘူး။ ဒါဆိုရှင်နဲ့ တျာနဲ့က မိတ်ဆွေတွေ ဖြစ်သွားပြီတဲ့လား ...

တျာက ရှပ်ပျာပျာမို့ ရှင် မခင်ချင်ဘူးလားလို့ပါ။ ရှင် မသိလို့နော်။ တျာက နမော်နမဲ့ သိပ်လုပ်တာ။ နမော်နမဲ့နိုင်လွန်းလို့ ခုချိန်ထိ တျာ့အမေက ကြက်မွေးနဲ့ရိုက်တုန်း"

"ဟား ... တကယ် ! "



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ဟူသော သဘောဖြင့် သူမက မဲ့ကာ ခေါင်းညိတ်ပြသည်။ အို ... ဘယ်လိုပါလိမ့်နော်။ ဒီလို မိန်းကလေးမျိုး သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဘူးတာ သေချာပါသည်။

"မင်းက အသက်အရွယ်တစ်ခုလည်း ရောက်နေပြီပဲ။ ချာတိတ်မလည်း မဟုတ်တော့ဘူး။ ဘာလို့ အဲဒီလောက် နမော်နမဲ့ နိုင်တာလဲ"

"မသိပါဘူးရှင်၊ ကျွန်မလည်း နမော်နမဲ့နက္ခတ်နဲ့ မွေးလာတယ်လို့သာ ထင်မိတော့တာပါပဲ"

"ဟား ဟား ... မင်းကျမှပဲ။ နမော်နမဲ့နက္ခတ်လို့ပဲ ကြားဖူးတော့တယ်"

"ဟုတ်တယ် ... ကျွန်မ ဘယ်လောက် သတိထားထား ဖြစ်ကိုဖြစ်တယ်၊ သတိတစ်ချက် လွတ်တာနဲ့ ဖြစ်တော့တာပဲ။ နောက်ကျရင် ရှင် သိလာပါလိမ့်မယ်"

အဲဒီအပြောကိုတော့ သူက ပခုံးတစ်ချက်သာ တွန့်ပြလိုက်တော့သည်။ နမော်နမဲ့ နက္ခတ်တစ်ခုနှင့် မွေးဖွားလာသည် ဆိုသော မိန်းကလေးနှင့် သူမရဲ့ နမော်နမဲ့ စရိုက်လေးကြောင့် ဆုံစည်းခဲ့ရပေမယ့် တစ်မျိုး တစ်ဘာသာ စိတ်ဝင်စားစရာကောင်းသော ကောင်မလေးကို သူက ချစ်စရာကောင်းသော မိတ်ဆွေမလေးအဖြစ် အသိအမှတ် ပြုခဲ့သည်။





ထိုနေ့က သူ ရုံးနောက်ကျခဲ့သော်လည်း မုန့်ဟင်းခါး နှစ်ပွဲစားပြီး ဟင်းရည်အဆစ် နှစ်ခါတောင်းသောက်နိုင်သေးသော ထေးတျာဆီကို သတိရတိုင်း တစ်နေကုန် ပြုံးနေမိခဲ့တာကတော့ သူ့အတွက် မင်္ဂလာရှိသော အပြုံးပဲ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



(၈)

"အမယ်လေး ... ဒီလောက် နှိုးစက်သံကြီး အော်ကြီးဟစ်ကျယ် မြည်နေတာတောင် မနိုးဘူးတဲ့တော်၊ အံ့ပါရဲ့ အပြင်ကလူတောင် ကြားတယ်၊ သူက မနိုးဘူး၊ ကဲ ... ကဲ ... ကာလနဂါးမ ... ထ ... ထ ...

တင်ပါးကို ကြက်မွေးဆက်သမှ ပြူးပြဲအော်ပြီးမထနဲ့"

အိပ်မက်လေး ကောင်းနေတုန်း နှိုးစက်သံနဲ့တောင် မနိုးခဲ့ဘဲ **"အတင့်"**ရဲ့ ဩန္ဓဲ့အသံကြီးကျမှပဲ လန့်နိုးလာသော "တျာ"ဟာ ကမူးရှူးထိုးဖြင့် နာရီကို ကြည့်မိပြီး ပြင်ဆင်ချိန် ဆယ့်ငါးမိနစ်ပဲ ရပါလားဟူသော အသိဖြင့် အိပ်ရာထဲမှ ကဆုန်ပေါက် ပြေးထွက်မိလေသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စ အမြန်ရှင်း၊ ရေတောင် မချိုးနိုင်တော့ဘဲ အဝတ်အစားလဲကာ အောက်ထပ်သို့ ပြေးဆင်းလာရင် အတင့် ရယ်ဒီ လုပ်ပေး





ထားသော ကော်ဖီဘူးကိုယူ၍ ကားပေါ်သို့ ပြေးတက်မောင်းထွက်ခဲ့သည်။ ဒီလို တနင်္လာနေ့မျိုးဆို "တျာ"ရဲ့ မနက်ခင်းတွေက အမြဲ ကမောက်ကမ ဖြစ်ရလေသည်။ ညဘက် အိပ်ရာဝင်တာ နောက်ကျလို့ကတော့ တျာ တစ်ယောက် အပြင်သွားဖို့ ဆယ့်ငါးမိနစ်အလိုမှ ထကာ ပြေးလွှားဝုန်းဒိုင်းကြဲတတ်တာ "အတင့်" တောင် သိနေပြီ။ ဒါကြောင့် ကားပေါ်မှာ ကားမောင်းရင်းသောက်သွားဖို့ ကော်ဖီဘူးကိုတောင် အဆင်သင့် လုပ်ပေးထားတာဖြစ်သည်။

"တျာ"က အနည်းငယ်ရှင်းနေသော လမ်းမှာ စိတ်ချမ်းသာစွာဖြင့် ခပ်သွက်သွက်လေး မောင်းနှင်လာသည်။ ဘယ်လိုပဲမောင်းမောင်း တာမွေအဝိုင်းမှာတော့ တျာ ကားတန်းစီ ဦးမှာပဲလေ။ အဲဒီကျမှ အလှပြင်ရုံပေါ့။ ရန်ကုန်မြို့ရဲ့ Traffic သည် မိန်းကလေးတစ်ယောက်ကို ကားပေါ်မှာလည်း အေးအေးဆေးဆေး အလှပြင်ချိန် ပေးပါသည်။ တကယ်လည်း တာမွေအဝိုင်းက မီးပွိုင့်မှာ တျာ တစ်ယောက် အလှပြင်ချိန် ရသွားသည်။ အထွေအထူးတော့ မဟုတ်ဘူးပေါ့။ နှုတ်ခမ်းနီဆိုး ပြီးပြီလေ။ Two Way ရိုက်၊ မျက်ခုံးမွေးဆွဲ၊ နှုတ်ခမ်းနီဆိုး ပြီးပြီလေ။

တျာ့ဆံပင်တွေကလည်း ပိုးသားတွေလို ပျော့အိ ဖြောင့်စင်းနေတဲ့ ဆံနွယ်တွေမို့ အထူးတလည် ဖြီးသင်စရာမလို။ အင်္ကျီကလည်း အပြာ၊ အနီ ရှပ်အကွက်နှင့် ဂျင်းနက်တစ်ထည်မို့ ထိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့် ရှိလှသည်။ တျာ့ရဲ့ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါက်ဟာ ဘီယွန်းဆေးတို့၊ ဂျေလိုတို့လို ခပ်ထွားထွား ခပ်ဖွံ့ဖွံ့နှင့် လုံးကြီးပေါက်လှ ဖြစ်သည်မို့ အဲဒီအတွက် တျာသည် ဂုဏ်ယူထုတ်ဖော်ဖို့ ဝေးစွ။ စိတ်ညစ် စိတ်အနှောင့်အယှက်ဖြစ်ရသည်ဆိုလျှင် အံ့သြကြမည်လား။

တကယ်ပါ **တျာ** ကြိုက်တာသည် တရုတ်မင်းသမီး ကျန်းဇီယီတို့လို မော်ဒယ်လ် ကိတ်မော့စ်တို့လို ပါးပါးလျားလျား ဘော်ဒီမျိုးကို ပိုင်ဆိုင်ချင်တာ ဖြစ်သည်။ ဒါပေမဲ့ အပျိုဖော်စဝင်တည်းက သူ့အချိုးအစားနဲ့သူ ပန်းပုဆရာ ထုလွှတ်လိုက်သလို လုံးကြီးပေါက်လှ ဖြစ်နေသော **တျာ**သည် ဒီလိုပုံစံကို ဂုဏ်ယူရမည့်အစား စိတ်တွေရှုပ်လှသည်။ ဒါကြောင့် ကိုယ့်အရွယ် တခြားမိန်းကလေးတွေ ဝတ်သလို အတို အကပ်တွေ သိပ်မဝတ်ဘဲ၊ အပေါ်ကျပ်လျှင် အောက်အပွ၊ အောက်ကျပ်လျှင် အပေါ်ပွ ကာ များသောအားဖြင့် လီနင်အကျီပွပွလေးတွေ၊ ရှပ်ပွပွလေး တွေကိုသာ ဆင်မြန်းတတ်သူရယ်ပါ။

တစ်နေ့နေ့မှာ မန်နေဂျာကောင်း တစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ကြီးမားသော "တျာ"သည် လောလောဆယ်မှာတော့ သင်တန်းပေါင်းစုံ လျှောက်တက်ရင်း ရန်ကုန်မြို့ထဲ ကားတိုးထွက်နေတုန်းပါပင်။ ဒီနေ့ တနင်္လာနေ့ ဖြစ်သည်မို့ အရင် တစ်ပတ်က စားခဲ့ရသော ငါးထောင်တန် မုန့်ဟင်းခါးကို သတိရသား။ ဒါပေမဲ့ မြင့်မြတ်ခေါင်ဟာ တျာကို နှစ်ကြိမ်တော့ ကျွေးလိမ့်မည် မထင်ချေ။ ဒီတော့ သင်တန်းပြီးတာနဲ့ မောနင်းစတားက မြီးရှည်ကို အပြေးသွားစားဖို့ အားခဲထားသော တျာသည် သင်တန်းပြီးတာနှင့် ရပ်ထားသော ကားထဲသို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။ ဒါပေမဲ့ **တျာ**ရဲ့ရှေ့မှာ ထင်မထားသော တစ်စုံ တစ်ယောက်က ထွက်ပေါ်လာတာပါ။

"ဟင် ... **မြင့် မြတ် ခေါင်**"

"မင်းကို ဖုန်းဆက်နေတာ"

"ဟုတ်လား ... ဖုန်းသံလည်း မကြားမိပါဘူး"

"ဘယ်ကြားမလဲ၊ မင်းဖုန်းမှ မရှိတော့တာ"

"ဘယ်လို ! "

သူ့စကားကို ရုတ်တရက် နားမလည် ဖြစ်သွားရသော်လည်း တစ်ချက်တွေသွားသော "**တျာ**"သည် သူ့မျက်ဝန်းထဲသို့ ခေတ္တစိုက်ကြည့်ရင်း ဦးနှောက်ထဲက အချက်ပေးမီးသီးလေး ဖျတ်ခနဲ လင်းလာသည်။ ဖျတ်ခနဲလင်းဆို "**တျာ**"ရဲ့ပါးစပ်ကလည်း အဟောင်းသားပွင့်သွားကာ ကိုယ့်ကျောပိုးအိတ်ထဲ ကိုယ် အနှောက်ရှာဖွေဖို့ ပြင်စဉ် သူ့ဆီက စကားသံ ထွက်လာသည်။

"ရှာမနေနဲ့ ... မင်းဖုန်း တစ်နေရာရာမှာ ပျောက်ခဲ့ပြီ"

"ဟင် ... ရှင်က ဘယ်လိုလုပ် သိတာလဲ"

"မင်းဖုန်းကို ညတည်းက ဆက်နေတာလေ။ ကိုယ့်ဖုန်း ကိုယ် ပျောက်နေမှန်းတောင် မသိဘူးပေါ့"

သူက သြချသလို အံ့သြသလို ပုံစံနှင့် မျက်ခုံး တပင့်ပင့် မေးလျှင် "တျာ" ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။







www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်လည်း ပထမဆုံးအကြိမ်အဖြစ် ကျိန်ဆဲမိသွားလေသည်။ လုံးဝကို အကြီးမားဆုံး ပေါ့ဆမှုအဖြစ် ဖုန်းကိုပျောက်လို့ ပျောက်နေမှန်းတောင် မသိခဲ့သည်အထိ "တျာ"ရဲ့ နမော်နမဲ့နိုင်မှု၊ အမေ့အလျော့ ကြီးတတ်မှုတို့က ကြာလေ အခြေအနေဆိုးလေ ဖြစ်လာခဲ့ပြီလား မသိပါ။

**တျာ**က စိတ်ရှုပ်စွာနှင့် ခေါင်းကို ကုတ်ဖွမိရင်း ...

"ကျွတ် ... ဘယ်လိုများ ပျောက်သွားတာလဲ။ **တျာ**လည်း လုံးဝသတိမရဘူးကော"

ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေသော တျာ့ပုံစံကို သူက ရယ်ချင်သလို တစ်ချက်ကြည့်ရင်း ...

"တချို့တွေက ဖုန်းနဲ့ ကိုယ်နဲ့ကို ခွာမထားတတ်တာပဲ ကြားဖူးပါတယ်။ မင်းနဲ့ကျမှ ဖုန်းတစ်ခုလုံး တစ်ညလုံး ပျောက်နေတာတောင် မသိဘူးဆိုတော့ စံချိန်က 9 ကျော်သွားပြီ"

"ရှင်ကလည်း ဒီမှာ စိတ်ညစ်နေပါတယ်ဆိုမှ စွတ်ပြောနေတော့တာပဲ၊ ဘာမှန်းလဲ မသိဘူး"

"ဟက် ... ကိုယ်မပြောရင် မင်း သိတောင် သိမှာ မဟုတ်သေးဘူးလေ"

**တျာ**က ပြောလေ ကဲလေ ဖြစ်နေသော **မြင့်မြတ်**ခေါင်းကို မျက်စောင်းတစ်ချက် ထိုးမိသွားသည်။ သူက တျာ့ကို ရယ်ချင်သော်လည်း အပြစ်တင်ချင်သလို မျက်လုံးများဖြင့် စိုက်ကြည့်ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ရင်း ...

"ကဲ ... သိပ်လည်း စိတ်ညစ်မနေပါနဲ့၊ မင်းဖုန်းကိုရအောင် ကိုယ် ကူညီပေးနိုင်ပါတယ်၊ တစ်ခုပဲ ..."

"ဘာလဲ"

**တျာ့**ရဲ့ စူပွပွ မြန်မေးသံကို သူက ဟက်ခနဲရယ်ရင်း စိုက်ကြည့်သည်။ နဖူးပေါ်မှာ ဝဲကျနေပြီး နောက်မှာ ခပ်ဘိုတို ပါးထားသော ကိုရီးယားကားတွေထဲက မင်းသားတွေလို ဆံပင်ပုံစံမျိုးကြောင့် သူဟာ ဘယ်လောက်ပဲ formal အဝတ်အစားကို ဝတ်ထားပစေ သူ့ရဲ့နုသစ်လန်းဆန်းသော ဒီဇိုင်းကတော့ ပေါ်လွင်နေတာပဲ ဖြစ်သည်။

"မင်း ကိုယ့်ကို မုန့်ဟင်းခါး ဝယ်ကျွေးရမယ်"

"အွန် ... ဘာလဲ၊ ဟို ... ဖိုက်ဒေါ်လာတန် မုန့်ဟင်းခါးလား"

"ဒါပေါ့ ... ကိုယ်က ဒီနားမှာဆို အဲဒီဆိုင်ပဲ စားတာ"

"ဟွင့်"

တွာက မဲ့ပြီး နှာခေါင်းရှုံ့လိုက်လျှင် သူက မျက်ခုံးပင့်၍ တျာ့ကို ငုံ့ကြည့်ကာ ...

"ဘာလဲ ... မကျွေးချင်ဘူးလား"

"ရှင့် မုန့်ဟင်းခါးက ဈေးကြီးတယ်"

"ဟာ ... ကြည့်စမ်း။ အဟား ဟား ဟား"







www.burmeseclassic.com

www.burmeseclassic.com



သူက "တျာ" လက်တွန့်နေတာကို တကယ်တူးဆန်းအံ့ဩ ရယ်စရာဟန်ဖြင့် တဟားဟား ရယ်နေလေသည်။ တျာကတော့ သူရယ်တာကို စူပုပ်ပုပ်နှင့် ကြည့်နေမိသည်။

"မင်း အဲဒီလောက် ကပ်စေးနဲတတ်မှန်း မသိခဲ့ဘူး။ ကပ်စေးနဲတတ်ရင်လည်း ကိုယ့်ပစ္စည်းကိုယ် ဂရုတစိုက်ကိုင်မှပေါ့ကွာ။ Note 3 ဖုန်းတစ်လုံးကို ငွေ ဘယ်လောက်နဲ့ ရွေးရမယ် ထင်လဲ"

"ဘာရယ် ... ရွေးရမယ် ဟုတ်လား"

"အင်းလေ ... မင်းရဲ့ဖုန်းကို ကောက်ရထားတဲ့လူဆီက ရွေးရင် မင်း ပိုက်ဆံအများကြီး ပေးရမှာ၊ ကိုယ့်ဆီကရွေးရင် မုန့်ဟင်းခါးတစ်ပွဲနဲ့ လက်ဖက်ရည်တစ်ခွက်ပါပဲကွ"

"အွန်း ... ရှင့်လို အလုပ်နဲ့ အကိုင်နဲ့ သူဌေး မဟုတ်ဘူး။ ကျွန်မက မိဘဆီ လက်ဝါးဖြန့် တောင်းနေရတဲ့ ရိုးရိုးသင်တန်းသူရှင့် ... ဟင်း"

"လက်ဝါးဖြန့်မနေတော့နဲ့ပေါ့။ အလုပ် လုပ်ပေါ့။ မင်းနဲ့ကိုယ်နဲ့ဆို အသက်ချင်း မတိမ်းမယိမ်းဘဲ ရှိမှာ။ မင်းလည်း အလုပ်လုပ်လို့ ရနေတာပဲ၊ ကဲ ... ထားပါ။ ဘယ်လိုလဲ ... မင်းဖုန်းကို 8 Dollors လောက်နဲ့တောင် ပြန်မရွေးချင်ဘူး ဆိုလည်း သဘောပဲလေ။ သွားမယ်"

သူက တကယ်ကို စိတ်ပိုင်းဖြတ်ဟန်ဖြင့် လှည့်ထွက်သွားလျှင် တျာမှာ မျက်လုံးပြူးပြီး လိုက်ဆွဲရလေသည်။





နောက်ဆုံးတော့လည်း သူ ဓာတ်ကျတော်မူရာ Rangoon Tea House သို့ ရောက်လာရတော့သည်။ မုန့်ဟင်းခါး အေးအေးဆေးဆေး စားဦးမယ်ဟု ချေထားသဖြင့် သူ စားနေတုန်းမှာ စကားပြောခွင့်မရ။ စားသောက်ပြီး လက်ဖက်ရည်သောက်တော်မူခန်းမှဒင်းကို မေးလျှောက်ခွင့်ရသည်အထိ ဒင်းကား မုန့်စရာကောင်းလောက်အောင် အချေ အမိုး စတိုင်လ် ရှိသူတည်း။

"ကျွန်မဖုန်း ပျောက်နေမှန်း ရှင် ဘယ်လိုလုပ် သိတာလဲ ဆိုတာ ပြောစမ်းပါဦး"

"မင်းဖုန်းကို ညက ကိုယ်ဆက်တယ်လေ။ ဟိုဘက်က ကောက်ရထားတဲ့လူက အေးဆေးပဲ ဖွင့်ကိုင်ပြီး သူကောက်ရထားတာတဲ့။ ရွေးပါတဲ့လေ။ မင်းဖုန်းက Note 3 မန်းရောင် မဟုတ်လား"

"ဟင် ... ဟုတ်တယ်။ အဲဒီတော့ ဘယ်လောက်နဲ့ ရွေးရမယ်တဲ့လဲ"

"တစ်သိန်း ! "

"ဘုရားရေ ... များလိုက်တာ။ လူတွေများ တော်တော်လောဘကြီးတာပဲ။ ပျောက်သွားတဲ့လူ ဘယ်လိုခံစားရမလဲ ဆိုတာ ကိုယ်ချင်းမစာကြဘူး"

"ဒါကတော့ နမော်နမဲ့ လူတွေအတွက် ဒဏ်ကြေးပဲလေ။ တစ်သိန်းဆိုတာ Fair ဖြစ်တယ်ထင်တာပဲ။ မင်း Note 3 က ခြောက်သိန်းလောက် တန်တယ် မဟုတ်လား။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကတ်ကလည်း အရင်က သိန်းနှစ်ဆယ်လောက်ပေးဝယ်ထားရတဲ့ နံပါတ်ဆိုတော့ အင်း ... နှစ်ဆယ့်ခြောက်သိန်းလောက်တန်တဲ့ဖုန်းကို တစ်သိန်းနဲ့ ပြန်ရွေးခိုင်းတာ မျှတတယ် ထင်တာပဲ"

နောက်နေတာလား အတည်ပြောနေတာလား ခွဲမရအောင် မှင်သေသေပြောနေသော **"မြင့်မြတ်ခေါင်"**ကို **"တျာ"**က စူပုပ်ပုပ် စိုက်ကြည့်ရင်း ဘာပြောရမှန်း မသိစွာ နှုတ်ခမ်းကတထော်ထော်နှင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ မနေ့က ရေးချယ်လ်မ ဈေးသိမ်းပြီးချိန် သူ့ကို ဝင်ခေါ်ပြီး ရေးချယ်လ်နှင့် **တျာတို့**တောင်ဥက္ကလာက လရောင်အသုပ်ဆိုင်သို့ သွားစားခဲ့ကြတာသည် ဖုန်းကိုသုံးခဲ့တဲ့ နောက်ဆုံးအချိန်ပဲ ဖြစ်လေသည်။ အဲဒီဆိုင်မှာပဲကျိန်းသေ ကျန်ခဲ့သည်ဟု မှတ်ယူရသည်။ အသုပ်ဆိုင်က နာမည်ကြီးလွှန်းသော လူဝင်လူထွက်များသောဆိုင်မို့ လာစားတဲ့သူတစ်ယောက်ယောက်က တွေ့သွား သိမ်းသွားနိုင်ပါသည်။

"ကဲပါ ... အခု ကျွန်မဖုန်းက ရှင့်ဆီမှာလား"

သူက "ဟုတ်တယ်"ဟူသော သဘောဖြင့် မျက်လုံးလှန်ကာ ပင့်ပြသည်။ ကိုယ့်ဖုန်းကို သွားရွေးရခြင်း၊ လောလောဆယ် တစ်သိန်းမထွက်ရခြင်းတို့အတွက် ရင်အေးသွားရသော်လည်း ဒီလူတစ်ယောက် ဆရာကြီးဒီဇိုင်းနှင့် လာဆုံးမနေတာကိုတော့ အောင့်သက်သက် ဖြစ်လာရသည်။ ကိုယ့်ရဲ့ပေါ့ဆမှုကို ပထမဆုံးအကြိမ်အဖြစ် အပြစ်တင်မိလေသည်။





"မင်းဆီမှာ အားနည်းချက်က နမော်နမဲ့နိုင်ရုံတင်မကဘဲ မေ့တတ်တာပါ ပါလာပြီပေါ့နော်။ ကိုယ့်ဖုန်းတစ်လုံးလုံးကို တစ်ညလုံးတောင် သတိမရဘူးဆိုတော့ မင်းရဲ့အယ်လ်ဇိုင်းမားက တော်တော် အခြေအနေ ဆိုးနေပြီပဲ"

"ကျွတ် ... နေစမ်းပါဦး။ ရှင်က အခု ကျွန်မကို အပြစ်တင်နေတာလား"

"အင် ... အပြစ်မတင်လို့ ချီးကျူးနေရမှာလား"

ဘုရားရေ ... ။ ဒီလူဟာ ဘယ်လိုမှကို ထိန်းမနိုင်သိမ်းမနိုင်ပါပဲလား။

"မင်းတို့အိမ်က ဟင်းချက်ရင် အချိုမှုန့် များများသုံးတယ်ထင်တယ်၊ ပြီးတော့ မင်းက အပြင်က အစားအသောက်တွေ အရမ်းစားတယ် မဟုတ်လား။ အချိုမှုန့်တွေများများစားလို့ မင်း ဦးနှောက်တွေလည်း မကောင်းတော့တာ"

**"တျာ"**က သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေလိုက်သည်။ သူက ဟက်ခနဲ တစ်ချက်ရယ်ရင်း နောက်တော့ တျာ့ရဲ့ Note 3 ပန်းရောင်လေးကို တျာ့ အရှေ့သို့ တွန်းပို့ပေးလိုက်လေသည်။ လေကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် တျာက ဖျတ်ခနဲ ကောက်ယူကာ ဖုန်းကို စစ်ဆေးမိသည်။ တျာ့ဖုန်းလေးက နဂိုအတိုင်း ဘာခြေရာလက်ရာမှ မပျက်ပါ။

"ရှင် ဒီဖုန်းကို တစ်သိန်းနဲ့ ရွေးခဲ့ရတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဟုတ်တယ် ဟူသော သဘောဖြင့် မျက်ခုံးကို တစ်ချက်ပင့်ပြသည်။ ဒီလူဟာ သူများကို အထက်စီးက ဆက်ဆံတတ်တဲ့ အိုက်တင်ကို ဘယ်ကများ သင်ထားလဲတောင် မသိပါ။

"ဒါဆို တျာက ရှင့်ဆီက တစ်သိန်းနဲ့ ဈေးရမှာပေါ့"

သူနဲ့ စကားပြောလျှင် အငြင်းအခုန် လုပ်ရရင် ကျွန်မဖြစ်လိုက်၊ စိတ်အားလျော့သွားလျှင် "တျာ"ဖြစ်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ်လည်း သိပေမယ့် ပါးစပ်က ထွက်မိထွက်ရာပါပဲလေ။

"No ... မင်းကို မုန့်ဟင်းခါးတစ်ပွဲနဲ့ပဲ ဈေးရမယ်လို့ ပြောပြီးပြီလေ"

"အို ... ဒါဖေမဲ့ ရှင်က တျာ့ကိုယ်စား တစ်သိန်းနဲ့ဈေးလာခဲ့တာ မဟုတ်လား။ ရှင့်ကို ပြန်ပေးရမှာပေါ့"

"မလိုပါဘူး။ ကိုယ်က မင်းဖုန်းရဲ့ ဒုတိယပိုင်ရှင်လေ။ ဟိုဘက်လူ တောင်းတဲ့ဈေးကို ကျေကျေနပ်နပ်နဲ့ ပေးဈေးလိုက်တာ ကိုယ်ပဲ၊ ကိုယ်လက်ထဲရောက်လာတဲ့ ပစ္စည်းက ကိုယ့်ပစ္စည်းပေါ့။ ကိုယ့်ပစ္စည်း ဖြစ်သွားမှတော့ မင်းကို မုန့်ဟင်းခါးတစ်ပွဲနဲ့ ပြန်ဈေးခိုင်းတာကတော့ ကိုယ့်သဘောပဲလေ"

"ရှင် ... တကယ်ပဲ အဲလို စိတ်ထားလား"

"ဘာကိုလဲ"





"ရှင့်မှာ ရှင်က ဒုတိယပိုင်ရှင်၊ ရှင် ပိုင်သွားတဲ့ပစ္စည်းမို့ တကယ့်စိတ်ရင်းနဲ့ အဲဒီလို ဆုံးဖြတ်ပေးခဲ့တာလားလို့ပါ"

"ဒါပေါ့ ... အဲဒါကို မယုံဘူးလား"

"အဟီး ... တကယ်ပဲ အဲဒီလိုဆိုရင်တော့ ကောင်းတာပေါ့လို့။ ဘာလို့ဆို တျာ့အနေနဲ့ တစ်သိန်းနဲ့ ပြန်ဈေးရရင် ဒီလအဖို့ တော်တော်ကျပ်တည်းသွားနိုင်တယ်"

တျာက နောက်ဆုံးစကားကို အသည်းတယားပုံစံနှင့် သွားစေ့ကာ ပြောပြီးလျှင် ဖုန်းလေးကို ပွတ်သပ်နေမိသည်။ သူက တျာ့ကို စိတ်လေသော မျက်လုံးများဖြင့်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"မင်းက ကိုယ်နဲ့ကွာလှမှ အသက်တစ်နှစ် နှစ်နှစ်ပေါ့၊ အဲ ... ရွယ်တူတွေတောင် ဖြစ်နိုင်သေး"

တျာက မွေးသက္ကရာဇ်နှင့် မွေးနေ့ကို ဖြတ်ပြောလိုက်လျှင် သူက မျက်ခုံးတစ်ချက်ပင့်ကာ ကိုယ်က ရှစ်လပဲ ပိုကြီးတာပဲဟု ဖြည့်စွက်ပြောသည်။ ပြီးမှ သူပြောချင်သောစကားကို ဆက်ပြောလေသည်။

"မင်း အခုထိ အလုပ်မလုပ်သေးဘူးပေါ့။ မိဘလုပ်စာ ထိုင်စားနေတုန်းပဲပေါ့ ... ဟုတ်လား"

"မိဘလုပ်စာ ထိုင်စားနေတာ မဟုတ်ပါဘူးနော်။ မိဘကိုလည်း ကူညီရပါတယ်၊ ကျွန်မက အလုပ်မလုပ်တာ မဟုတ်ပါဘူး။ မလုပ်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ကိုယ့်ကိုယ်ကိုယ် ငယ်သေးတယ် ထင်လို့လား"

ရွဲ့မေးသော သူ့ကို တျာက မျက်စောင်းတစ်ချက် ထိုးမိလို ဖြစ်သွားသည်။ ဖုန်းကိုရှာကာ တကူးတက ပြန်ရွေးပေးထားသော မျက်နှာကြောင့် စိတ်လေးကို လျော့လိုက်လေသည်။

"ငယ်သေးတယ် မဟုတ်ပေမယ့် အဲဒီလောက်လည်း အပူတပြင်း အလုပ်ရှာစရာလည်း မလိုပါဘူးရှင့်။ ပညာတွေ များများစုဆောင်းထားဖို့သာ အရေးကြီးတာပါ"

"ကိုယ်သာ အလုပ်ရှင်ဆိုလို့ကတော့ စာရွက်ထဲက ပညာတွေထက် အတွေ့အကြုံကိုပဲ ကြည့်မယ်"

"ဟွန်း"

"ဟွန်း လုပ်မနေနဲ့၊ အကောင်းပြောတာ မင်း အလုပ်လုပ်ဖို့ စဉ်းစားတော့ စာရွက်ထဲက လက်မှတ်တွေပေါ်မှာ အဲဒီလောက် အာရုံထားမနေနဲ့၊ လုပ်ငန်းခွင်ထဲက အတွေ့အကြုံက ပိုတန်ဖိုးရှိတယ်။ ပြီးတော့ ... ..."

"တျာ"သည် သူ ဆက်ပြောသော စကားတို့ကို ကြားတစ်ချက်၊ မကြားတစ်ချက် သူ့ကိုသာ မေးထောက်ပြီး ငေးနေလိုက်တော့သည်။ ရှင်းသန့်စိုပြည်သော ရုပ်ရည်နှင့် လိုက်ဖက်စွာ လုပ်ငန်းရှင်သူဌေးတစ်ယောက်နဲ့လည်း တကယ်တူပါပေရဲ့လို့ပဲ တွေးမိလေသည်။ သူ့အရွယ် ခပ်မိုက်မိုက် လန်းနေသော ယောက်ျားလေးတွေ အများကြီးထဲမှာမှ သူက ရွယ်တူယောက်ျားလေးတွေထက် ရင့်ကျက်တည်ငြိမ်ကာ တကယ့်ကို ဂျန်းတဲလ်မန်း





တစ်ယောက်ပုံ ထွက်နေသည်မှာ သူကိုယ်တိုင်လည်း အဲဒီလိုနေရတာကို ကြိုက်၍ ဖြစ်မည်။

ဒါကြောင့်လည်း သူ့ကို **တျာ** စိတ်ချလက်ချခင်မင်သွားတာလည်း ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၉)

"ဒါကြောင့်လည်း မင်း ဒီကောင်မလေးကို စာတ်ကျတော် မူနေတာကိုး"

သူ ပြောခဲ့သော စကားတို့ကို နားထောင်အပြီး ဝသုန်က ဤသို့ မှတ်ချက်ပြုလိုက်လျှင် သူက မေးခွန်းပြန်ထုတ်မိသည်။

"ဒါကြောင့်လည်း ဆိုတာ ဘာလဲ။ ဘာကို ပြောချင်တာလဲ"

"ကောင်မလေးက အသက်ထက်စာရင် ရင့်ကျက်မှုနည်းပြီး ကလေးလိုလို ဘာလိုလို ပေါ့ပေါ့ပါးပါး ပဲမများတဲ့ မိန်းကလေး မဟုတ်လား။ မင်း ဆရာလုပ်သမျှလည်း ငြိမ်နားထောင်တတ်တဲ့သူ ဆိုတော့ မင်း စာတ်ကျပြီပေါ့ ဟဲ ဟဲ"





"အောင်မာ ... ဘာလဲ ဟောကောင်။ မင်းက ငါ့ကို ဆရာ လုပ်တဲ့သူလို့ စွပ်စွဲနေတာလား"

သူက ဘုတောသလို မေးလိုက်လျှင် ဝသုန်က အဟဲဟဲနှင့် ရယ်ကျဲကျဲ လုပ်နေသည်။

"မဟုတ်ဘူးလား။ မင်းက နည်းနည်းတော့ ဆရာ လုပ်တတ်တယ် မဟုတ်ဘူးလား။ မင်းတော်တာ ငါသိပါတယ်၊ မင်းက မင်းတော်တာ မင်းသိတာ နားလည်တာတွေကို သူများကို စေတနာနဲ့ ပြောပြတာတော့ ပြောတာပေါ့ကွာ။ ဒါပေမဲ့လည်း လူတွေက အဲဒါမျိုးကို ဆရာ လုပ်တယ်ပဲ သတ်မှတ်ကြတာ မဟုတ်လား"

သူက ဟင်းခနဲ ရှုံ့မဲ့ရင်း ရှေ့က ကော်ဖီကို ယူမော့လိုက်သည်။ သူနဲ့ ဝသုန်မှာ fuji မှာ ကော်ဖီလာသောက်ရင်း စကားပြောနေကြတာ ဖြစ်ပါသည်။ ဝသုန် ပြောတာကို သူက လက်တော့ လက်ခံသည်။ သူဟာ သူများအပေါ် ဆရာလုပ်တတ်တယ်ဆိုတာ မှန်ပေမယ်လည်း ဘာလိုင်းကြီး နေရာတကာ လိုက်လုပ်နေတာတော့ မဟုတ်ပါ။ အကြောင်းတစ်ခုခု ကြုံကြိုက်ရင်တော့ သူ့ထင်မြင်ယူဆချက်က ဘယ်လို ဆိုတာကို ပြောမိသည်။ ဒါတွေဟာ သူ့ရဲ့ နဂိုခပ်မြင့်မြင့် နေတတ်သောစတိုင်လ်နှင့် ပေါင်းလိုက်လျှင် တကယ်ပဲ ဆရာကြီးဒီဇိုင်း ဖြစ်သွားလားတော့ မသိပါ။ ဆယ်တန်းထဲက ငါးယောက်တစ်ဝိုင်း နေခဲ့သော သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကျူရှင်က တွဲခဲ့သော သူငယ်ချင်းလေးယောက်မှာ ဝသုန်နှင့်သာ အစေးအကပ်ဆုံး ဖြစ်လေသည်။

“ကောင်မလေးက ချောရဲ့လား”

ဝသုန်က ချိစ်ကိတ်လေးတစ်တုံးကို ဇွန်းနှင့်အသာအယာ ဖဲ့စားပြီး မေးလိုက်လျှင် ချိစ်ကိတ်ထဲက မုန့်သားလိုနူးညံ့သော **တေးတျာဏီ** လားဟု အရင်ဆုံး ကိုယ့်ဘာသာ တွေးမိသွားသည်။ ဝသုန့်ကို ပြောမပြမီ သူမကို မျက်လုံးထဲ ပုံဖော်ကြည့်လိုက်လျှင် သူမဟာ ထူးထူးခြားခြားကြီး လှနေသော မိန်းကလေးတစ်ယောက်တော့ မဟုတ်ချေ။ ဒါပေမဲ့ ဘယ်နားကဘာထူးခြားနေလဲဆိုတော့ သူမ မျက်နှာဟာ အင်မတန် အေးချမ်းအပြစ်ကင်းစင်ကာ ချစ်ဖို့ကောင်းသော ကောင်မလေးတစ်ယောက်ဆိုတာပါပဲ။

သူမမှာ သိသာထင်ရှားသည်က ထူထဲဖြောင့်စင်းသော ဆံနွယ်ရှည်များနှင့်အတူ အရပ်မြင့်မြင့်မှာ ပေါင်တံလုံးဝန်းဝန်းရှည်ရှည်၊ ကြံ့ခိုင်သန်စွမ်းသည်ဟု ထင်ရသော ကိုယ်ခန္ဓာအချိုးအဆစ်တို့ပါပဲ။ ခင်ဗျားတို့ မြင်သာအောင် ပြောရရင်တော့ ဘီယွန်ဆေးလို အဆစ်အပေါက်မျိုးပေါ့ဗျာ။

“ချောတယ် လှတယ် ဆိုတာမျိုးထက် Attrection တစ်ခုရှိတာကွ၊ အင်း ... မင်း မြင်သာအောင် ဥပမာတစ်ခု ပေးရရင် ထက်ထက်မိုးဦးလိုပေါ့”





“အင် ... မင်းကလည်း။ ဥပမာပွေးတော့လည်း ဒီနေ့ခေတ်က မင်းသမီးတွေကို ‘ဥပမာမပေးဘူး”

“ဒီနေ့ခေတ်မှာ ပေးစရာ မရှိလို့။ မင်း ထက်ထက်မိုးဦးအရမ်းအောင်မြင်တဲ့အချိန်တွေကို ပြန်သတိရ တွေးကြည့်လိုက် ...

ထက်ထက်မိုးဦးက ချောလား လှလား ဆိုတော့စက်စက်ယိုကြီး ချောနေတာ အရမ်းကို ဖက်ရှင်နေးဘဲလ်ဖြစ်နေတာ၊ စတိုင်လ်မိုက်နေတာ သိပ်မရှိဘူး၊ ဒါပေမဲ့သူ့ခေတ် သူ့အခါမှာ ကြော်ငြာမှာ သူ့ကို ယှဉ်နိုင်တဲ့သူမရှိဘူးလေ။ သူဟာ သိပ်ချောနေလား ဆိုတော့လည်းမချောပါဘူး၊ ဒါပေမဲ့ Sweet ဖြစ်တယ်။ သူ့ကို ကြည့်လိုက်ရင် လွတ်လပ်ပေါ့ပါးပြီး လန်းဆန်းနေတယ်လေ။ **တေးတျာဏီ** ဆိုတဲ့ ကောင်မလေးကလည်း အဲဒီလိုပဲကွ၊ သူ့ကို တွေ့လိုက်ရင် အမြဲပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်းလေး ...

အဝတ်အစား ဝတ်တာကအစ ဒီနေ့ခေတ် အတိုအပြတ်တွေ သူ့ဆီမှာ မတွေ့ရဘူး။ စပို့ရှပ်အကျပ်ဆိုဘောင်းဘီအပွ၊ အဲဒီလို ကောင်မလေး။ တလွဲတွေ အမြဲလုပ်ပြီး ရယ်ချင်စရာ ကောင်မလေးပေါ့ကွာ”

“ဟုတ်လား ... ဒါဆိုလည်း ငါနဲ့ မိတ်ဆက်ပေးစမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဘာလို့ဆက်ပေးရမှာလဲ"

"ဟား ဟား ... မင်းနဲ့ သူနဲ့က ရိုးရိုးပဲ မဟုတ်လား။ ဘာလဲ ... မင်း သူ့ကို ချစ်နေလို့လား"

"မချစ်ပါဘူးကွာ။ ဒါပေမဲ့ ခင်ဖို့ကောင်းတဲ့ မိတ်ဆွေလေး၊ တလွဲတွေ လုပ်တတ်တဲ့ ကောင်မလေးအဖြစ် စိတ်ဝင်တစား ရှိနေမိတယ် ထင်ပါရဲ့"

"သူကရော"

"ဘာ ... သူကရောလဲ"

"ခြော် ... သူ့ဘက်ကရော၊ မင်းကို ဘယ်လိုသဘောထား ရှိလဲလို့"

"ဘယ်လိုမှ ရှိပုံမပေါ်ဘူး"

"ဟား ဟား ... ကောင်းကွာ"

"ဟုတ်တယ်။ ငါလည်း သူ့ကို အဲဒါကြောင့် သဘောကျတာ၊ ပထမ ငါ့အကျီကို သူ လျှော်ပေးတော့တောင် ဘာလို့ လျှော်ပေးလဲ တွေးမိသေးတယ်။ သူ့ကြောင့်ဖြစ်လို့ တကယ် တာဝန်ယူချင်စိတ်နဲ့ လျှော်ပေးခဲ့တာ ဆိုတာ သိသာအောင်ကို သူ့ပုံစံလေးက အပြစ်ကင်းတယ် ...

ငါ့ကိုဆိုလည်း သူ့စိတ်ထဲရှိရင် ရှိသလို ပြောတတ်တဲ့ ကောင်မလေး။ ဟား ဟား ... ငါ့ကို ငါးထောင်တန် မုန့်ဟင်းခါးကျွေးဖို့ ကပ်စေးနဲတတ်တဲ့ မိန်းကလေးမျိုး ...





ဘာဟန်ဆောင်မှု၊ ပကာသနမှ မရှိလို့ သဘောကျတာ"

"ဆရာလုပ်လို့ ရလို့ သဘောကျတာကိုလည်း ထည့်ပြောဦးလေ"

"ဟော့ကောင် ... မင်း နှစ်ခါရှိပြီနော်"

"မှန်တာ ပြောတာပဲ၊ မင်းကို သူငယ်ချင်း အချင်းချင်းမို့ စေတနာနဲ့ သတိပေးလိုက်ဦးမယ်။ အကယ်၍ မင်း အဲဒီ ကောင်မလေးကို ကြိုက်သွား ချစ်သွားခဲ့သည်ရှိသော် ဆရာလုပ်ခြင်း၊ ကိုယ့်တပည့်အလား ဆုံးမခြင်းတို့ကို ဓရာမဏိအထူးရှောင်ကြဉ်ပါလို့ ပြောမလို့ဟ"

"အွန် ... ဘာလို့ ရှောင်ကြဉ်ရမှာလဲ"

"ဟ ... ဘယ်မိန်းကလေးက သူတို့ကို ဆရာလုပ်တတ်တဲ့ ဆုံးမတတ်တဲ့ ယောကျ်ားမျိုးကို ကြိုက်မှာလဲ။ ဆရာလုပ်ချင်လုပ် မိန်းကလေးတွေကပဲ လုပ်ကြတာလေ။ မိန်းကလေးတွေ ဆရာလုပ်လို့ ယောကျ်ားတွေ ဒဏ်မခံနိုင်တာပဲ ကြားဖူးတယ်၊ ယောကျ်ားတွေကတော့ ဘယ်မိန်းကလေးကိုမှ ဆရာလုပ်ပြီး မကြိုက်ဘူး။ အဲ ... မိန်းကလေးတွေကလည်း ဆရာလုပ်တတ်တဲ့ အဲတွေဆို မကြိုက်ကြဘူး"

ဟုတ်လား ... ပရိသတ်ကြီး။ ခင်ဗျားတို့ အဲဒီလို ထင်မြင်ယူဆလား။ ဝသုန် ပြောနေတာတွေက သီအိုရီတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား။ သိအိုရီ ဆိုတာ ပုဏ္ဏာတွေအတွက် မှန်နိုင်ပေမယ့် လူတစ်ယောက်ရဲ့ စိတ်နေ နှလုံးသားနဲ့ ပက်သက်လာရင်တော့ ခြွင်းချက်မရှိ မမှန်ဘူးဆိုတာ ခင်ဗျားတို့လည်း ဘဝအတွေ့အကြုံ တွေအရ သိလာမှာပါ။

သူကတော့ ယုံကြည်ရာကို မစွန့်လွှတ်တတ်။ လောကမှာ စိတ်ဝင်စားစရာကောင်းသော နည်းဗျူဟာတွေလည်း ရှိသေးသည် မဟုတ်ပါလား။

❦ ❀ ❦





(၁၀)

"တျာ ... ထတော့လေ၊ ဒီမှာ ညည်းအမေ ရယ်ဒီဖြစ်နေပြီ။ ထတော့ ... နောက်ကျရင် အဆူခံထိနေဦးမယ်"

"ဝါး ... ငါးမိနစ်လောက် ဆက်အိပ်လိုက်ဦးမယ်၊ ခဏပဲခဏ"

"ဟဲ့ ... အပျင်းကြီးမနေစမ်းပါနဲ့။ ပြီးရင် မနက်စောစော ဆူသံပူသံတွေ မကြားချင်လွန်းလို့ပါ၊ ထပါတော့ မမလေးရယ်။ ပြီးမှ ပြန်အိပ်လည်း ရတဲ့ဟာကို"

"အွန်း ... အတင့်ကလည်း။ တျာက ထပြီး အထူးတလည် ပြင်ဆင်စရာမှ မလိုတာ၊ ဒီတိုင်းပဲ ကောက်ထွက်သွားရင် ပြီးပြီကို"

"အေး ... ညည်း ပြင်မယ်ဆိုလည်း အချိန်က မရှိတော့ဘူး၊ ညည်းကို ဒါ နောက်အကျဆုံး လာနှိုးတာပဲ။ နော် ညည်းအကြောင်းသိလို့။ ညည်းအမေက လေးနာရီသွား



www.burmeseclassic.com

www.burmeseclassic.com



မယ် ပြောထားတာ၊ အခု လေးနာရီထိုးဖို့ ငါးမိနစ်ပဲလို တော့တယ်”

အတင့်ရဲ့ ခပ်ပြတ်ပြတ် စကားကြောင့် **ဈာ** ထ ကျတ်ခနဲ မြည်တမ်းရင်း စောင်ပုံထဲမှ လွှားခနဲ ခုန်ထွက်လိုက် သည်။ ဆောင်းလယ် ရောက်လာပြီမို့ နေ့လယ်ဘက်တွေ မအေးသော ရန်ကုန်မြို့ရဲ့ ရာသီဥတုသည် ညနှင့် မနက်စောစော ပိုင်းမှာတော့ ဆောင်းရဲ့အငွေ့အသက်တွေကို ခံစားရရှိသည်ဖြစ် ရာ အေးမြမြနှင့် အိပ်လို့ အင်မတန်ကောင်းလှသည်။ မနက် လေးနာရီဆိုသော အချိန်ဟာ အိပ်ကောင်းတုန်း အချိန်မို့ ဒီအချိန် ထရခြင်းသည် ရေချိန်မကိုက်သေးသော အရက်သမားလိုင် **ဈာ**ကို သိုင်းကွက်နင်းစေပါသည်။ မျက်နှာမသစ်လျှင် အိပ်ချင် စိတ်က မပျောက်သည် ဖြစ်ရမှာမို့ မျက်နှာကို ရေအေးအေးနှင့် ထိတွေ့ကာ မျက်လုံးပြူးစေလိုက်သည်။ သို့သော် ဒီမျက်လုံးဟာ ခေါင်းအုံးနှင့် ခေါင်းနှင့်သာ ထိတွေ့ပေးလိုက်ရင်လည်း ငါးမိနစ် အတွင်းမှိတ်မည့် မျက်လုံးပါပဲ။

“**ဈာ** မပြီးသေးဘူးလား”

လှေကားရင်းကနေ၍ အော်လိုက်သော မေမေ့အသံ မှာ နံနက်စောစော ထိုးဖောက်ဝင်ရောက်လာသည့် **ဈာ့**အခန်းထဲ သို့ တိုက်ရိုက်ပါပေ။ **ဈာ့**အခန်းက လှေကားထိပ်မှာ ရှိသည် လေ။

“ပြီးပြီ မေ့”





ပြောလည်းပြော ပြေးလည်းပြေးနှင့် **ဈာ**က ခပ် သွက်သွက် ဆင်းလာခဲ့သည်။ Giordano ခေါင်းစွပ်အနွေးထည် ကို အပေါ်က စွပ်ချထားပေမယ့် အောက်ကဘောင်းဘီက ညဝတ် အိပ်ထားသော မစ်ကီမောက်စ် အရုပ်လေးတွေပါသည့် ညဝတ် ဘောင်းဘီရှည်မို့ မေမေက မျက်မှောင်ကြုတ်ကြည့်သည်။

“ဒီပုံနဲ့ သွားမှာလား”

“အင်းလေ ... **ဈာ**က ဆင်းစရာတောင် မလိုဘူး မဟုတ် လား။ ဘယ်သူမှ မမြင်ပါဘူး မေကလည်း”

**ဈာ**ပြောတာ ဟုတ်နေသော်လည်း မေမေက သိပ် ကျေနပ်သည့်ပုံ မရဘဲ ဟင်းခနဲ လှည့်ထွက်သွားလျှင် **ဈာ**က တိုင်မှာချိတ်ထားသော ကားသော့နှင့် ခြံသော့ကိုယူကာ နောက်က လိုက်လာခဲ့သည်။ **ဈာ**ကသာ ဖြစ်သလို ဝတ်စားသော်လည်း သားဆယ့်ရှစ်နှစ်ထဲ ချဉ်းနင်းဝင်ရောက်စဖြစ်သူ မိခင်က တက်ကြွ လှုပ်ရှားသူမို့လားတော့ မသိ။ ခပ်သွယ်သွယ် ခန္ဓာကိုယ်နှင့် လိုက်ဖက်သော အနက်ရောင် ကိုယ်ကျပ်ဘလောက်စ်၊ ကချင် သုံးချည်အနက်၊ ပခုံးကျော်ရုံ လှပစွာ ခွေကောက်ထားသော ဆံဝင်ပုံစံတို့ဖြင့် လေးဆယ်စွန်းစဟုသာ ထင်ရပါသည်။

“မြန်မြန်လုပ် **ဈာ**ရေ၊ နောက်ကျနေမယ်”

“မြန်ပါတယ် မေရဲ့။ ကမ္ဘာအေးဗီလာနဲ့ ဘောက်ထော်နဲ့ က ကားရှင်းနေရင် ဆယ်မိနစ်လောက်ဟာကို။ မနက် လေးနာရီကြီး ဘယ်ကားမှ မရှိဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် စောစောရောက်နေရင် အကောင်းဆုံးပဲ"

တျာက ဘာမှမပြောတော့ဘဲ ခြံသော့ကို တံခါးဝနားမှာ ရပ်စောင့်နေသော အိမ်ကူကောင်မလေး ဝင်းဝင်းထံ ပေးလိုက်သည်။ တံခါးဖွင့်နေသော ဝင်းဝင်းကို တစ်ချက်အော်ပြောပြီး ကားပေါ်တက်သည်။

"ဝင်းဝင်း ပြီးရင် ခြံသော့ကို ငါ့ဆီပေးလိုက်။ ပြန်လာရင် နင်တို့က ငိုက်မျဉ်းနေပြီး ခေါ်မကြား အော်မကြား ဖြစ်ဦးမှာ"

"ဟုတ် ... မတျာ"

ဝင်းဝင်းဆီက ခြံသော့ တောင်းယူပြီးလျှင် တျာက ကားကို ညင်ညင်သာသာပဲ မောင်းထွက်လာခဲ့သည်။ အနည်းငယ် မောင်းပြီးတာနှင့် တျာက စကားစ,မိသည်။

"ဘယ်အချိန် ပြန်လာကြိုရမလဲ မေမေ"

"ကြိုစရာ မလိုဘူး ထင်တယ်။ မမခိုင်က ပြန်လိုက်ပို့ပေးမယ် ပြောတာပဲအေ"

ပြန်ပြောလိုက်သော မေမေ့လေသံအရ မေမေသည်လည်း မနက်လေးနာရီထပြီး သူများအိမ် သွားချက်ပြုတ်ပေးရတာကို သိပ်လုပ်ချင်ပုံ မပေါ်ပါ။ ပုံမှန်အနေအထားအရဆိုလျှင် အဲဒီလို လုပ်လေ့လည်းမရှိ။ သူ မတူသော စားသောက်ဖွယ်ရာတို့၏ လက်ရာအတွက် မေမေ ကြိုးကျယ်နိုင်စွာဖြင့် အော်ဒါချက်ပြီးသား အစားအသောက်များကို လာယူလျှင်ယူ၊ မယူလျှင်





လည်း ကားငှားပြီး ပို့ပေးရသည်သာ။ ဒါပေမဲ့ မကင်းရာမကင်းကြောင်းတွေ အတွက်တော့ ဒီလိုပဲ သွားချက်ပြုတ်ပေးရသည့် အချိန်တွေလည်း ရှိတတ်ပါသည်။ ဒီနေ့လည်း ကမ္ဘာအေးဇီလာထဲက လူကြီးကတော်တစ်ယောက်က မေမေ့ရဲ့ဖောက်သည်ဖြစ်လေရာ၊ ဆွမ်းဘုန်းပေးမည့် ဆရာတော်ကြီးကလည်း မေမေ့လက်ရာ ဂျူးဘူးသီးငါးခြောက်ရိုး ချဉ်ရည်ဟင်း၊ ခရမ်းသီးအိုးကပ်နှပ်၊ ငါးကလေးအိုးကပ် စတာတွေကို အတော်လေးနှစ်ခြိုက်သောကြောင့် မေမေ့မှာ မလွန်ဆန်နိုင်ဘဲ သွားချက်ပြုတ်ပေးရမှာဖြစ်သည်။ ဧည့်သည်တွေကို ကျွေးမည့် ကြက်သား ဝက်သား စတာတွေက ညကတည်းက နှပ်ပို့ထားပြီး လောလောလတ်လတ်ချက်မှ ကောင်းသည့် ဟင်းအမယ်လေးများအတွက် တကူးတကကို သွားချက်ပေးရတာ ဖြစ်လေသည်။

"အရေးဆွမ်းက ခြောက်နာရီကပ်မယ်တဲ့လား"

"အင်း ... အဲလို ပြောတာပဲ"

"မေမေ ဟိုရောက်ရင် ချက်ရင်း ပြုတ်ရင်းနဲ့ တစ်ခုခုစားဦး။ ဘာမှ စားမလာဘူး မဟုတ်လား"

"အေးပါ ... ညည်းလည်း ကားကို ဖြည်းဖြည်းမောင်းပြန်ဦး၊ မနက်စောစော ကားရှင်းတယ်ဆိုပြီး အရမ်းမောင်းမသွားနဲ့။ ကားရှင်းရင် ပိုကြောက်ရတယ်၊ ညည်းက နမော်နမဲ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မေရဲ့။ **ကျော့**က တခြားဟာတွေသာ နမော်နမဲ့နိုင် တလွဲဖြစ်တာ ကားနဲ့ပတ်သက်ပြီး ဘယ်တုန်းက ဘာဖြစ်ဖူးလို့လဲ"

"အေးပါ မဖြစ်လို့သာပဲလေ။ ဖြစ်ရင်လည်း ညည်းနောက်ဋ္ဌေထုပ်ပိုက်ပြီး လိုက်ရတာနဲ့တင် မွဲမှာပဲ ... ဟင်း"

"စိတ်ချပါ မေရာ။ **ကျော့**က စိတ်ရှည်သည်းခံလမ်းကြောင်းမှန်ပါ ... ဟဲဟဲ"

မေမေက ဘာမှမပြောတော့ဘဲ မယုံပါဘူး ဟူသောပုံစံနှင့်သာ နှုတ်ခမ်းကို တစ်ချက်မဲ့ပြသည်။ တကယ်လည်း ကျော့သည် တခြားနေရာတွေမှာသာ လွဲချင်လွဲမည် ကားမောင်းတဲ့နေရာမှာတော့ ခုထိ တတွဲတချော် မဖြစ်သေးပါ။ အရင်က ကားမောင်းခဲ့တယ် ဆိုပေမယ့် အခုလို ကိုယ့်ဘာသာ သုံးရသောသီးသန့်ကား မရှိသေးဘဲ အိမ်မှာ လုပ်ငန်းကိစ္စသုံးသော လိုက်ထရပ်တစ်စီးပဲ ရှိလေရာ **ကျော့**က ရှိုးပွဲသဖြင့် တော်ရုံတက်မမောင်းဖြစ်။ ထိုကားကလည်း ထမင်းချိုင့်ဆွဲပို့တာ၊ အော်ဒါလိုက်ပို့သောကားပေမယ့် သူ့ဒရိုင်ဘာနဲ့သူ ရှိပြီးသားမို့ **ကျော့** တစ်ယောက်ခြေထောက်မရသေးချေ။

သင်တန်းပေါင်းစုံ တက်နေသော **ကျော့**အတွက်မေမေက Swift လေးတစ်စီး ဝယ်ပေးလာသောအခါ တခြားနေရာတွေမှာသာ နမော်နမဲ့ နိုင်လှစွာနှင့် ဒီကားလေးကို စီးလာသည်မှာ နှစ်နှစ်ပြည့်တော့မည် ဖြစ်သော်လည်း ခုချိန်ထိ ကားရောလူပါ





အကောင်းပကတိရှိသေးသည်မှာလည်း သံဗုဒ္ဓေဂါထာတော်၏ တန်ခိုးကြောင့်သာ ဖြစ်ပါမည်။

"အိုခေ ... မေ။ လာကြိုဖို့လိုရင် **ကျော့**ကို ဖုန်းဆက်လိုက်"

"အေးပါ ... ဖြည်းဖြည်းမောင်းသွား"

**ကျော့**က မေမေ့ကို ပို့ပြီးသောအခါ မှာတဲ့အတိုင်း ဝုံမှန်ပဲမောင်းကာ အိမ်သို့ ပြန်လာခဲ့သည်။ ထုံးစံအတိုင်း ခြံတံခါးကို ဘဲလ်နှစ်ချက်တီးသော်လည်း တံခါးလာဖွင့်ပေးဖို့ မကြားသောအိမ်ထဲက လူတွေကြောင့် ကိုယ့်ဘာသာပဲ တံခါးဆင်းဖွင့်ကာ မောင်းဝင်လာခဲ့ပြီး သော့ပြန်ခတ်၊ သော့ကို အကျႌအိတ်ထဲ ထိုးထည့်ပြီး အိမ်ထဲဝင်လာခဲ့လေသည်။ အဲဒီကျမှ မီးဖိုဘက်က ထွက်လာသော အတင့်နှင့် ဆုံသည်။

"အတင့်တို့လည်း မကြားဘူး ထင်တယ်။ ဟွန်းတီးနေတဲ့ဟာကို"

"အေးဟယ် ... အေးတော့ တံခါးတွေလည်း အကုန်ပိတ်ထားတာကိုး။ ကျုပ်လည်း ထောပတ်ထမင်း ချက်နေရတာလေ၊ ကိုးနာရီ လာယူမှာမို့။ ဒါတောင် မနှင်းဆီ ပြန်လာရင် ကြက်သားနှပ်ပေးရဦးမယ်။ အင်း ... အလုပ်ကမအောင်မြင်တော့လည်း အောင်မြင်ချင်ရ၊ အောင်မြင်တော့လည်း မနားရလို့ စိတ်တောင်ညစ်မှာပဲ"

"ဟာ ... ဟ။ ဒါတောင် ကျွာလတီကို ကွန်ထရိုးထားတာမှလား"



www.burmeseclassic.com

www.burmeseclassic.com



**တျာက** အတင့်ပြောနေကျအတိုင်း ငါးဗိသံပေါက် အောင် ပြောလိုက်လျှင် အတင့်က မဲ့ကာရွဲ့ကာ မျက်နှာကိုတွန့်မြသည်။

"ညည်း ဘာစားချင်လဲ။ ကော်ဖီ ဖျော်ပေးရမလား။ ဒီနေ့ သင်တန်းမရှိဘူးလား"

"ရှိဘူး။ ဘာမှ မစားဘူး။ ပြန်အိပ်လိုက်ဦးမယ်။ ကိုးနာရီ လောက်မှ လာနှိုးပေးနော်။ ဝင်းဝင်းကို တူးတူးက တို့ဟူး နွေး သွားဝယ်ခိုင်းပေး၊ တို့ဟူးနွေး ရောက်တာနဲ့ လာနှိုး၊ ထ,စားမယ်"

"အမယ်လေး ... အော်ဒါက အောက်သွားသေး၊ ဟုတ်ကဲ့ ပါ အစ်မတော်လေး။ ညည်းအမေက ခြောက်နာရီလောက် ဆို ပြန်လာမယ် ပြောတယ်နော်"

"သူ့ကိုဟိုအိမ်က ပြန်လိုက်ပို့ပေးမယ် ပြောတယ်၊ အင်းပါ တစ်ခုခု လိုအပ်ရင်လည်း လာနှိုးလိုက်ပေါ့၊ **တျာ**တော့ ပြန်အိပ်လိုက်ဦးမယ်။ အိပ်ရေးမဝသေးဘူး ... ဝါး"

တျာက တကယ်ပဲ သမ်းဝေအိပ်ငိုက်လာကာ အခန်းထဲ ပြန်ဝင်လာရင်း ခုတင်ပေါ်သို့ ဗုန်းခနဲ ပစ်လှဲချမိသည်။ ပြီးတော့ ခေါင်းအုံးနဲ့ ခေါင်းထိတာ တစ် နှစ် သုံး လေး ငါး ရေတွက်ပြီး တစ်ဆယ် မပြည့်ခင်မှာပဲ အိပ်စက်ခြင်းသို့ ရောက် ပြန်လေတော့သည်။

❦ ❦ ❦





"**တျာ** ... ဟဲ့ ... **တျာ** ... ထဦး။ နင့်အမေ ပြန်လာပြီ"

"အာ ... မေမေ ပြန်လာတာ ဘာဖြစ်လဲ။ တျာ့ကို ကိုးနာရီမှနှိုးပါ ပြောထားတဲ့ဟာကို"

"အောင်မယ်လေး ... ကိုးနာရီထိုးမှ နှိုးလို့မရဘူး မမရဲ့။ ထပါဦး ... ညည်း ခြံသော့ကို ဘယ်မှာထားခဲ့လဲ။ ညည်း ဖွင့်ပြီးဝင်ခဲ့တာ မဟုတ်လား"

"အင်း ... ဟုတ်တယ်လေ ... ဘယ်သိမလဲ"

"ဟယ် ... မသိလို့ ဘယ်ရမလဲ။ အခု ညည်းအမေ အိမ် ထဲဝင်ဖို့ စောင့်နေတယ်လေ"

"ဟင် ... ဟုတ်လား၊ သော့ ... သော့ ... ခြံသော့ ... ဟုတ်လား"

**တျာ**က အိပ်ချင်မူးတူး အိပ်ရေးမဝတဝဖြင့် ကယောင်ကတန်း ထထိုင်မိသည်။ ခြံတံခါးကို တျာ ကိုယ်တိုင်ဖွင့်ပြီးဝင်လာခဲ့တာ ဟုတ်ပေမယ့် သော့ကို **တျာ** ဘယ်မှာထားခဲ့မိပါလိမ့်။ ကျွတ် ... စိတ်ညစ်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သော့ ... ဘယ်မှာလဲ လို့"

"သော့ ... အင် ... ညှော်ခန်းထဲက ရှီးကော့စ်ပေါ်မှာ မဟုတ်ဘူးလား၊ ဒါမှမဟုတ် ချိတ်နေကြ တိုင်မှာရှာ"

"ဘယ်နေရာမှာမှ မရှိဘူး မမရေ။ ရှင် ဘယ်နားကိုထားလိုက်လဲ။ ဟိုမှာ ရပ်စောင့်နေတဲ့ ညည်းအမေ ဒေါ်သကုမ္မာရ အကြောင်းကိုလည်း သိရဲ့သားနဲ့"

"ကျွတ် ... အဟင့် ... သိတော့ဘူး။ ဘယ်နားထားမိလဲဆိုတာ။ မရှိဘူးလား၊ အောက်မှာ မရှိဘူးလား။ နောက်သော့တစ်ချောင်းနဲ့ ဖွင့်ပေးလိုက်လေ အတင့်ရဲ့"

**တျာ**က မေမေ့ဒေါ်သကို သိစွာ ခုန်ဆွ ခုန်ဆွဖြင့် အော်မိသည်။ တကယ်ပါပဲ ရှူးချင်လိုက်တာ။ အိပ်ချင်မူးတူးဖြင့် အိမ်ထဲဝင်လာရင်း ဘယ်နားထားမိမှန်း မသိသောသော့ကို အိပ်ရာက ခွတ်နိုးပြီး ဦးနှောက်မပွင့်ချိန်မှာ မေးသောအခါ ယောက်ယက်ခတ်ပြီး စဉ်းစား၍ မရတော့ပါချေ။

"ဟဲ့ ... **မိတျာ**"

"သော့အပို မရှိဘူးလားလို့"

"အမယ်လေး ... သော့သုံးချောင်းရှိတာ ညည်းကတစ်ချောင်း ဒရိုင်ဘာလုသောင်းကတစ်ချောင်း ပျောက်မစ်ပြီးပြီလေ။ ဒီသော့က နောက်ဆုံးလက်ကျန်ဆိုတာ သိရဲ့သားနဲ့"

"အဟင့် ... အတင့်တို့ မေတို့ကလည်း သော့အသစ်လေး ဘာလေးများ ပြောင်းတပ်မယ် မရှိဘူး။ သော့တစ်ချောင်းတည်းနဲ့များ ခေါင်းပြားအောင် အိပ်နိုင်ကြသေးတယ်။ ခုတော့ ဘယ်လိုလုပ်ကြမလဲ"

"အမယ်လေး ... သူကများ ပြောရတယ်ရှိသေး။ ညည်းခြံတံခါးကိုဖွင့်ပြီး ဝင်လာတာ မဟုတ်လား။ ညည်းပဲပြန်ပိတ်ခဲ့တာဆိုရင် အဲဒီသော့က ညည်း ဘယ်မှာထားခဲ့လဲ စဉ်းစားလေ"

"ကျွတ် ... စဉ်းစားလို့ မရတော့လို့ပေါ့လို့"

"**တျာ**"က ခေါင်းကို ရှုပ်ပွနေအောင် ဖွပစ်ရင်း စိတ်ညစ်စွာနဲ့ အော်ဟစ်မိသည်။ တကယ်ပါပဲ ဘယ်နားမှာ ချထားမိခဲ့ပါလိမ့်။ အိပ်ချင်မူးတူးဖြင့် ဘယ်နားမှာ ချခဲ့မိလဲဆိုတာတောင် မမှတ်မိတော့ချေ။

"ဟဲ့ ... မတ်တတ်ကြီး အသက်ထွက်သွားပြီလား။ ဒုက္ခပါပဲ။ အပြင်မှာ ညည်းအမေ ရပ်စောင့်နေရတာနော်"

"သိတယ်လေ။ အဲဒါ ဘယ်လိုလုပ်ကြမလဲ။ အကြံပေးပါဦး အတင့်ရယ်"

အတင့်ကလည်း ဘာမှမပြောတတ်ပုံဖြင့် "**တျာ**"ကို စိတ်ပျက်လက်ပျက် စိုက်ကြည့်နေသည်။ ခဏနေတော့မှ "**တျာ**" လက်ကို ခပ်သွက်သွက် ဆွဲလာရင်း ...







www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီအတိုင်း နေလို့တော့ မချာဘူး။ လာ ... လာ ... အောက်ဆင်းပြီး ညည်းအမေကို တစ်ခုခုတော့ ကြံပေးမှ ရမယ်"

အတင့်က တျာ့လက်ကို ဆွဲခေါ်ရင်း တံခါးဝနား သို့ ရောက်လာသည်။ အပြင်ဘက်မှာ မေမေက စိတ်မရှည်စ ပြုနေသော မျက်လုံးများဖြင့် ကြည့်နေပေပြီ။ ဘာမှတောင် မပြောရသေး၊ မေမေကပင် ဆီး၍ ဝေါက်လေသည်။

"ဟဲ့ ... တံခါးမြန်မြန်ဖွင့်ကြလေ။ ဘာလုပ်နေတာလဲ။ နင်တို့မလဲနော် သော့ရှာနေရတာနဲ့ ဘယ်သူ့ဆီရှိမှန်း မသိတာနဲ့ အရေးအကြောင်းဆို ဒုက္ခဖြစ်မှာပဲ"

"ဟို ... ဟိုလေ ... မေမေ"

"ဘာလဲ"

မေမေက ခပ်ဆတ်ဆတ် ပြန်မေးရင်း အတွေ့အကြုံ များစွာ ရထားသူပီပီ **"တျာ့"**ရဲ့ မဝံ့မရဲ ပုံစံကို သင်္ကာမကင်း သလို ကြည့်လာသည်။ အဲဒီအကြည့်ကြောင့် ပြောမယ့်စကားတွေ က ပို၍ ထစ်အ ... ထစ်အ ဖြစ်ရသည်။

"ဟဲ့ ... သော့ ဘယ်မှာလဲ ... ပေးစမ်း"

"ဟို ... တော့ ... (သော့တောင် မပီချင်တော့) အဲ ... သော့ ... ခဏပျောက်နေတယ်"

"**ဘာ**"





ဆောင့်ကြီး အောင့်ကြီး အော်ချလိုက်သော မေမေ့ အသံကြောင့် **"တျာ့"** မှာ လိပ်ပြာလွင့်မတတ် ဖြစ်သွားသလို အတင့်ရဲ့ ယောင်ပြီးအော်လိုက်သော အသံကလည်း ဟိန်းထွက် လာသည်။

"အတင့် ... သော့ ဘယ်မှာလဲ"

"ထုံးစံအတိုင်း ညည်းသမီး လုပ်ချလိုက်ပြန်ပြီပေါ့အေ"

"ဘယ်လို ! ဒါဆို သော့က ပျောက်နေတာလား"

"ဟို ... ခဏပျောက်တာပါ မေမေရဲ့ ... ဟီး"

"ဘာ ... ခဏပျောက်တယ်ပဲ ဖြစ်ရသေးတယ်။ တောက် ... မိတျာ ... ညည်းဟာလေ စောစောစီးစီး ငါ့ကို မွှေပြီပေါ့ ဟုတ်လား ... ဟင်၊ ဘယ်နေရာမှ သုံးစားမရပါလား။ ညည်းတွေ့မယ်၊ ဒီတစ်ခါတော့ ငါနဲ့ ကောင်းကောင်းတွေ့ မယ်။ အတင့် ... လှေကားချပေး၊ အိမ်ထဲကို ငါ လှေကား နဲ့ တက်ဝင်မယ်"

"ဟင် ... တကယ်ကြီး ဝင်မလို့လား။ အို ... ကျော်မ ကောင်း ကြားမကောင်း မေမေကလည်း"

"ကျော်လည်းကောင်းတယ်၊ ကြားလည်း ကောင်းတယ်။ ညည်းကို သတ်ဖို့အတွက်ဆို ဘယ်လိုရောက်လာရ ရောက် လာရ။ အတင့် ... လှေကားချပေးလို့ ပြောနေတယ်"

ဒေါသအပြည့် ထွက်နေသော မေမေ့ကြောင့် အတင့် လည်း မလွန်ဆန်ဝံ့ပဲ အိမ်မှာ အမြင့်တက်စရာရှိလျှင်သုံးသော



www.burmeseclassic.com

www.burmeseclassic.com



အလှူမီနီယမ်လှေကားကို ပေါ့ပေါ့ပါးပါးပဲ တစ်ဖက်သို့ ချထေ လိုက်လျှင် တျာ့မှာ အဟုတ်တကယ်ကိုပဲ မျက်လုံးပြူး၊ ပါးစ အဟောင်းသားနှင့် လှေကားမှတစ်ဆင့် မေမေ တက်လာပုံ ငေးကြောင်ကြည့်နေရလေသည်။ အုတ်တံတိုင်းကလည်း သိပ်မ မြင့်၊ သံဆူးကြိုးလည်း မရှိတာမို့ ဒီဘက်ကို ကျော်ခွအပြီး အတင့်က ခုန်ဆင်းပေးဖို့ လက်ကမ်းပေးလိုက်ချိန် ဖုတ်ခ မေမေ ခုန်အဆင်း၊ သတိဝင်လာပြီး ပြေးသော်လည်း မမီတော့ ဘဲ **တျာ့** အင်္ကျီနောက်ကျောစကို ဆောင့်ဆွဲခံရလိုကရပြီး သကာလ တျာ့ရဲ့အားခနဲ အော်သံကြီးမှာ တစ်ရပ်ကွက်လုံး ကြားမတတ် ပျံ့လွင့်လာတော့လေသည်။

❦ ❦ ❦





(၁၁)

"ဟား ဟား ဟား ... မင်း အဖြစ်အပျက်တွေကတော့ So Amazing"

သူက သဘောတကျနှင့် တဟားဟားရယ်ရင်း ပြောလိုက်လျှင် တေးတျာဇီက မျက်စောင်းတစ်ချက်ထိုးကာ ပလာတာနှင့်ကြက်သားကိုတော့ အစားမပျက်ချေ။ Rangoon Tea House သို့ ရောက်ချိန်မှာ နေ့လယ်ထမင်းစားချိန် ရောက်နေပြီမို့ ဒီနေ့ သူတို့နှစ်ဦးစလုံး မာတ်ကျရာသည် ပလာတာနှင့် ကြက်သားဟင်း ဖြစ်လို့နေသည်။ အမြဲတမ်း တလွဲတချော်၊ မေ့လျော့ပေါ့ဆကာ ပြဿနာများနှင့် လုံးထွေးနေရသူ **တေးတျာဇီ** အတွက် အခုလည်း ကားလိုင်စင်သိမ်းခံရသောကိစ္စနှင့် ပတ်သက်ပြီး နေ့ချင်းပြန်ရအောင် သူပဲ ကူညီပေးခဲ့ရကာ အခုလည်း လိုင်စင်အပ်နှံပွဲ ကျင်းပနေရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့လိုင်စင်ကို သူ့ဆီကနေ၍ နေ့လယ်စာကျွေးကာ ပြန်ရွေးယူရသော **တေးတျာဏီ** ဖြစ်သည်။ တစ်လက်စတည်းနှင့် သူမက စကားကလည်း ဖောင်ဖောင်ကြဲ ပြောတတ်သူပီပီ တစ်နေ့က သော့ပျောက်သောကိစ္စကို ပြန်ပြောပြနေသဖြင့် စားရင်းသောက်ရင်း ရယ်နေရလေသည်။

"မင်းက ဒီအသက်အရွယ်ထိ အရိုက်ခံနေရတုန်းလားကွာ"

သူ့ရဲ့ညည်းညည်းညူညူအပြောကို သူမက မျက်လုံးတစ်ချက်စွေကြည့်ရင်း ...

"အရိုက်ခံရတာ မဟုတ်ပါဘူးနော်။ အဆွဲခံရတာပါ"

"ဘာရယ် ... ဘာအဆွဲခံရတာလဲ"

"ဗိုက်ခေါက်တို့၊ နားရွက်တို့၊ လက်မောင်းတို့လေ"

"ဩော် ... အဲလိုလား။ မင်းက ဗိုက်ခေါက်ရှိလို့လား"

"ဗိုလ်ခေါက်ပဲ လူတိုင်းရှိတာပေါ့"

"ဟင် ... ကိုယ်ဖြင့် မရှိပါဘူး။ 6 packs နဲ့ပါ"

"ဟင်း ... (သူမက နှာခေါင်းတစ်ချက်ရှုံ့ကာ) ဘယ်သူဖြစ်ဖြစ် ဗိုက်အသားတော့ ရှိတာပဲလေ"

"ကိုယ်ကတော့ တကယ်ကို မရှိတာ"

"တော်ပါပြီ။ ရှင် မရှိတာ လာကြွားမနေပါနဲ့"

"အင်း ... မင်းအဖြစ်ကလည်း ကြားလိုက်ရရင် အရာရာနဲ့ အကြောင်းကြောင်းပါပဲလား **တေးတျာဏီ** ရယ်။ မင်း





ဒီလိုတွေ အမြဲ တလွဲတချော် ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် စိတ်မညစ်ဘူးလားဟင်"

သူက အဲဒီမေးခွန်းကို တကယ်ပဲ စိတ်ဝင်စားစွာ မေးမိတာဖြစ်သည်။ သူမဟာ ကြည်လင်သော လန်းဆန်းသော ရှုချင်စဖွယ်ရုပ်လေး ရှိပါရက်နှင့် ပုံစံမြင်လိုက်တာနှင့် ထူးခြားချစ်စရာကောင်းသော ကောင်မလေးမျိုး ဖြစ်ပါရက်နှင့် ဒီလို အရာရာနဲ့ အကြောင်းကြောင်း ဖြစ်နေရသော ဘဝကို ဘာကြောင့် Control မလုပ်နိုင်သလဲ ဆိုတာ သူ တွေးရခက်လှသည်။

"ညစ်ပါဘူး"

"ဟင် ... တကယ်ပြောနေတာလား"

တကယ်ပြောနေတာလား ဆိုတော့ တကယ်လို့ ထုံမှားသံသယမရှိချင်စရာ သူမရဲ့ လန်းဆန်းနုသစ်သော၊ အပူအဝင်ကင်းသော ရိုးရင်းစွဲ အသက်ထက် နုပျိုသော ရုပ်သွင်က အာမခံလို့ နေလေသည်။ သူမက အရသာရှိလှသော ကြက်သားဟင်းထဲမှ အာလူးလေးများကို ရွေးချယ်စားနေရင်းမှ ...

"တကယ် ပြောနေတာပေါ့။ **တျာ့** ရုပ်က လိမ်တဲ့ရုပ်ပေါက်နေလို့လား",

"မပေါက်လို့ အံ့ဩနေတာလေ"

"ဟား ဟား"

သူမရဲ့ တလွတ်တလပ် ရယ်သံက အနည်းငယ် ကျယ်လောင်သွားသော်လည်း သိပ်တော့ ရုပ်ဆိုးမသွားပါ။ အင်မ



www.burmeseclassic.com

www.burmeseclassic.com



တန်လှပသော သွားများကို တွေ့လိုက်ရခြင်းပါပဲ။ မျက်ခုံးထူထူ နှာခေါင်းက ထင်ပေါ်၍ သွားလေးတွေလှသော တေးတျာဏီသည် ဘာမှသိပ်မပြင်ဆင်ဘဲ free style နေတတ်တာကိုက သူမကို Attrection တစ်ခု ဖြစ်စေဟန် တူပါသည်။

"ဒီလို ရှိတယ် ကိုမြင့်မြတ်ခေါင်ရဲ့"

သူက အကျအန ရှင်းပြတော့မည့်ဟန်ဖြင့် စကားချီးဆိုလိုက်သေးသည်။ သူက ပြုံးလို့သာ ငေးမောနေမိသည်။

"**တျာ** လေ၊ ဒီလို နမော်နမဲ့နက္ခတ်နဲ့ မွေးလာတယ်ပဲလို့ပဲ ကိုယ့်ကိုယ်ကိုယ် ခံယူချင်လောက်အောင် **တျာ့ကျမှာ**ကိစ္စတွေဟာ အရာရာနဲ့ အကြောင်းကြောင်း ဖြစ်နေတော့တာရှင့် ...

တျာ ငယ်ငယ်လေးတည်းက ဒီလိုပဲ နမော်နမဲ့ ရှုပ်ပျာပျာ ဖြစ်လာတာ။ အဲလို မဖြစ်အောင် သတိနဲ့ထိန်းပေါ့ဆို ထိန်းကြည့်ပါတယ်၊ လူကတောင့်တောင့်ကြီး ဖြစ်ပြီး ဘယ်လိုမှ အဆင်မပြေတော့ဘူး။ တစ်နာရီလောက်ကြာရင် အာ ... ညောင်းလိုက်တာ ဆိုပြီး အရင်လို ပုံစံပြန်ဖြစ်သွားရော။ ဒါနဲ့ပဲ **တေးတျာဏီ** ဟူသော အနီမိန်းမမျိုးသည် ထူးအိမ်သင်သီချင်း၏ မူပိုင်ဂဲလ် ဖြစ်သွားရောပေါ့တည်း"

လက်ဝါးနှစ်ဖက်ကို ဖြန့်ကာ ဟန်ပါပါ ပြောလိုက်သော တေးတျာဏီရဲ့ ပုံစံကြောင့် သဘောတကျနှင့် ခပ်ဟက်ဟက်ရယ်မောရလေသည်။ ဒီကောင်မလေးနှင့် တွေ့လိုက်လျှင် ငါးနှစ်





သမီးလေး တီတီတာတာ ပြောသလို ချစ်စရာကောင်းစွာ နားဆောင်ကောင်းလှသည်။

"ထူးအိမ်သင်ရဲ့မူပိုင်ဂဲလ် ဆိုတာ ဘာလဲ"

"ထူးအိမ်သင်ရဲ့ မူပိုင်ဂဲလ် မဟုတ်ပါဘူး။ ထူးအိမ်သင်သီချင်းရဲ့ မူပိုင်ဂဲလ်လို့ ပြောတာ။ ရှင် ကြားဖူးတယ်မှလား၊ တစ်နေ့စာအလွဲများ ဆိုတဲ့ သီချင်းလေ။ နည်းနည်းလေးတော့ လွဲနေမယ် ... လွဲလွဲလေးလည်း ကောင်းပါတယ် ... ဟဲ ဟဲ"

သူမက သီချင်းတောင် ဆိုပြလိုက်သေးလျှင် သူက ရယ်ဟဟဖြင့် မျက်ခုံးပင့်သွားရသည်။ ကြည့်စမ်း ... ဒီကောင်မလေးဟာ သီချင်းလည်း အဆိုကောင်းပါလား။ တစ်ပိုင်းတစ်စလေး ဆိုပြလိုက်သော သီချင်းသံလေးကကို နားထောင်ကောင်းစွာ အဆင်ပြေလှသည်။

"မင်းက သီချင်းဆိုလည်း ဖြစ်တာပဲလား"

"ဖြစ်တာပေါ့။ **တျာ**က သီချင်းသိပ်ကြိုက်တာ။ သီချင်းမှန်သမျှ အကုန်ရတယ်။ ပါးစပ်ကလည်း သီချင်းလေး အမြဲညည်းနေတတ်တာ"

"ဩော် ... အဲလိုကိုး။ အလွဲတွေနဲ့ မင်းက သီချင်းဆိုရင်တော့ မလွဲဘူးပေါ့"

"လွဲဘူး။ **တျာ** ခုနက ပြောသလိုပါပဲ။ သတိထားပြီး နေကြည့်ရင် လူက တောင့်တောင့်ကြီးဖြစ်ပြီး အာရုံနောက်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ခေါင်းတွေ ကိုက်လာတယ်၊ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း မရှိတော့ဘူး။ အဲဒါနဲ့ Relax လုပ်ပြီး နေလိုက်တော့လည်း အဲဒီလို နမော်နမဲ့ကိစ္စတွေ ဖြစ်ပြန်ရော ...

**တျာ** ပြောပါတယ်။ **တျာက** နမော်နမဲ့နက္ခတ်နဲ့ မွေးလာတာပါလို့ပြင်ဖို့ ကြိုးစားပေမယ့် ပြင်လို့မရနိုင်ဘူး ဆိုတော့ ဒါဟာ ဝဋ်ကြွေးပေါ့ မောင်လေးရယ် ဟဲဟဲ"

နောက်ဆုံးတော့လည်း မျက်နှာပြောင်ပြသွားသော ဒီကလေးမကို သူက မနိုင်ဘူး ဟူသောပုံစံဖြင့် ခေါင်းကိုဖြည်းဖြည်းချင်း ခါယမ်းမိနေလေသည်။ သူမက ရေခွက်ကိုယူကာ မော့သောက်နေရင်း ...

"ဒါပေမဲ့ ရှင် သိအောင် တစ်ခုပြောပြရရင် **တျာ့**မှာ အဲဒီ 'ကောင်းတဲ့ အကျင့်ကြီးကို cover လုပ်ဖို့ အကာအကွယ် တစ်ခု ရှိတယ် ဆိုတာပဲ"

"ဟင် ... စိတ်ဝင်စားစရာပဲ။ ပြောပါဦး"

"**တျာက** သူများအပေါ် စိတ်ကောင်း စေတနာကောင်း အမြဲမွေးတယ်လေ၊ ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေသူတွေ့ရင် ကူညီတယ်။ ဘယ်သူဖြစ်ဖြစ် သာတယ် နာတယ် မတွက်ဘဲ **တျာ** တတ်နိုင်တဲ့ဘက်က ကူညီပေးလိုက်တာပဲ။ အဲဒီလိုတွေကြောင့် ထင်တယ်။ **တျာ** နမော်နမဲ့နိုင်ပေမယ့် ဘယ်တော့မှ ဒုက္ခမရောက်သလိုပဲ **တျာ့** အခက်အခဲတွေ





လည်း သူ့ဘာသာ ပြေလည်သွားတယ်၊ အဆင်ပြေသွားတယ်၊ ကူညီမယ့်သူ ပေါ်လာတယ်ပေါ့"

"အင်း ... အဲဒါ ကိုယ်များလား"

"ဟုတ်မှာပေါ့ ... အပေါင်း။ **တျာ** နမော်နမဲ့နိုင်လို့ ရှင်နဲ့တျာ တွေ့ခဲ့ပေမယ့် နောက်ပိုင်းမှာ ရှင် **တျာ့**ကို ကူညီခဲ့တာတွေ အများကြီးပဲလေ"

"အင်း ... မင်းနဲ့ 'ရေစက်ပါလာတာ နေမှာပေါ့"

"သေချာတာပေါ့၊ ရှင် မယုံကြည်ဘူးလား။ လူတွေဟာ ရေစက်ရှိလို့ ဆုံတွေ့ကြရတာ၊ ရေစက်ကုန်ရင် ခွဲခွာကြရတယ်။ ဘယ်လောက်ချစ်ချစ်"

"ဟုတ်လား ... မင်း တကယ်ပဲ အဲဒီလို အတိအကျ ယုံကြည်ထားလား"

"ယုံကြည်တာပေါ့၊ ဒီလောက် များပြားလှတဲ့ လူတွေကြား ထဲမှာ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်တာ အပထား၊ တွေ့ဆုံခင်မင်တဲ့ မိတ်ဆွေတွေ ဆိုတာတောင် ရေစက်ရှိမှ တွေ့ဆုံရတာ။ ရေစက်ကြောင့် ဆုံတွေ့ရတယ်၊ ခင်မင်ရတယ်၊ တချို့အတွက် အဲဒါဟာ တစ်သက်လုံးစာ ရေစက် ဖြစ်ရင် ဖြစ်သွားတယ်။ တချို့အတွက်တော့ တစ်ခဏတာပေါ့ ...

ရေစက်ကုန်တဲ့အခါ ခွဲခွာကြရတယ်။ **တျာကတော့** အဲဒီလို အတိအကျ ယုံကြည်တယ်"

www.burmeseclassic.com



အဲဒီလို တည်တည်ငြိမ်ငြိမ် ပြောနေတော့လည်း သူမဟာ သူမ မဟုတ်သည့် Another **တေးတျာထီ** တစ်ယောက်လိုပါပဲ။ သူမ ယုံကြည်ရာ အချက်အလက်ပေါ်မှာ ဘယ်လောက်တွေးနိုင်စွမ်း ရှိသလဲလို့ သူက ထပ်၍မေးခွန်းထုတ်ကြည့်မိသည်။

"ဒါဆို မင်းက လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ တစ်ယောက်ယောက်က အကျင့်မကောင်းလို့၊ သစ္စာဖောက်လို့ အဲဒါမျိုးတွေကို ဘယ်လိုပုံစံနဲ့ လက်ခံမှာလဲ။ ဒီလူတစ်ယောက် မကောင်းလို့ ဆက်မပတ်သက်တော့တာကို ကိုယ်က မပတ်သက်တော့တာ မဟုတ်ဘဲ ကံကြမ္မာရေစက်ကြောင့် ပြတ်တောက်သွားရတယ်လို့ ပြောချင်တာလား"

"အတူတူပဲလေ ကိုမြင့်မြတ်ခေါင်ရဲ့။ ကိုယ်က မပတ်သက်တော့ဘူး ဆိုတာလည်း ရှေ့ဆက်ဖို့ မဖြစ်နိုင်တဲ့အကြောင်းတရားတွေကြောင့် မဟုတ်လား။ ကိုယ်သည်းခံနိုင်သရွေ့၊ တစ်ဖက်လူရဲ့ ဆိုးတဲ့ဒဏ်ကို ခံနိုင်သရွေ့ ရေစက်ဆိုတာရှိချင် ရှိနေနိုင်ပေမယ့် ကိုယ် သည်းမခံနိုင်တော့တဲ့ တစ်နေ့ ရေစက်က ကုန်ရတာပဲလေ"

နောက်ဆုံးစကားကို မျက်ခုံးလေးပင့်ချီကာပင် ပြောလိုက်သေးသော သူမကို သူက ခပ်နက်နက် စိုက်ကြည့်ဖြစ်ရင်း သတိဝင်လာတော့မှ ပခုံးတစ်ချက် တွန့်ပြဖြစ်လေသည်။

"ဒါဆို မင်းနဲ့ ကိုယ်နဲ့ ရေစက်ကရော ? ? "





သူမက အသည်းယားဖွယ်ရာ မျက်လုံးညိုကြီးများဖြင့် မျက်လုံးလှန်ကြည့်ပြီး အင်မတန်တိကျသော အဖြေကိုပေးလေသည်။ ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေးသည် သူ့အတွက် ရင်ခုန်ခြင်းကို မပေးသော်လည်း လန်းဆန်းလတ်ဆတ်ခြင်းကို ပေးစွမ်းနိုင်သည်ကတော့ အသေအချာ။ ဒါကြောင့် ဒီကောင်မလေးနှင့်တွေ့ဆုံရလျှင် စိတ်ပျော်ရသည်။

သူမ ပြန်ဖြေသော အဖြေစကားကတော့ သူ့နားထဲမှာ ပဲ့တင်ပြီး ကျန်ခဲ့လေသည်။

"အဲဒါကတော့ အချိန်က ဆုံးဖြတ်ပေးသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

"မာလာဆောင် xxx ပြည်လမ်းရှေ့မှာ. xxx ဂစ်တာသံ ညတိုင်းကြားတယ် xxx စာသင်လာသူလေးရဲ့ အခန်းက ကွယ်"

ရန်ကုန်တက္ကသိုလ်မှ ပိတ်ထားခဲ့တာ ကြာပြီဖြစ်သော မာလာဆောင်နှင့် သီရိဆောင် ပြန်ဖွင့်သည့်သတင်းကို ဂျာနယ်ထဲမှာ ဖတ်လိုက်ရပြီး ဂျာနယ်ကို ခဏချရင်း ကြားဖူးနားဝ သီချင်းလေးကို **"တျာ"**က ညည်းလိုက်တာဖြစ်သည်။ အင်း ... မေမေတို့ခေတ်က တက္ကသိုလ်သီချင်းလေးတွေ ပြန်ရှာပြီး နားထောင်ဦးမှပါ။ ဆွတ်ပျံ့လွမ်းမောဖွယ်ရာနှင့် ကြည်နူးရင်ခုန်စရာ တက္ကသိုလ်အချစ်ဇာတ်လမ်းလေးတွေကို သီချင်းထဲမှာ ရှာဖွေနားလည်လို့ ရတာပဲလေ။

မေမေ မကြာခဏ ဖွင့်တတ်သဖြင့် ရနေပြီဖြစ်သော မာလာဆောင် မောင်မလာ သီချင်းလေးကို ဆက်ညည်းနေရင်းမှ





သီချင်းဆိုတာ ဝါသနာပါလား မေးဖူးသူ ဆြာခေါင့်ကို သတိရသွားလျှင် ကိုယ့်ဘာသာကိုယ် ခိခနဲ ရယ်မိလေသည်။ ဟုတ်သည်လေ အဲဒီတစ်ယောက်ကို **"တျာ"**က ဆရာလုပ်လွန်း၍ **"ဆြာခေါင်"** ဟု စိတ်ထဲကခေါ်ရင်း ဗိုက်ထဲမှ လှိုက်တက်လာအောင် ကျိတ်ရယ်ရတာ အမောပါပေ။ တျာ့သူငယ်ချင်းတွေကတော့ဖြင့် သူ့ကို ဆရာလုပ်တတ်လွန်းပြီး ခပ်ချေချေ နေတတ်သောကြောင့် သိပ်ကြည့်မရသော်လည်း ထူးဆန်းစွာပင် **တျာ့**မျက်လုံးထဲတွင်တော့ သူဟာ အမြင်ကတ်စရာ မကောင်းဘဲ ခင်စရာ ကောင်းလေသည်။

သူ့ကို သူများတွေက ကိုကြီးကျယ်၊ ကိုကိုချေ စသဖြင့် သမုတ်ကျသော်လည်း **တျာ**ကတော့ စိတ်ထဲ ဘယ်လိုမှ မရှိချေ။ ကိုယ်ကပဲ သူများအပေါ် အကောင်းမြင်တတ်သူမို့လားတော့ မပြောတတ်။ သူ ဘာပြောပြော မမှုချေ။ သူ့ကို ယုံကြည်ချင်စရာ၊ စိတ်ချခင်မင်ဖွယ်ရာ ယောက်ျားလေး မိတ်ဆွေတစ်ယောက်အနေနဲ့ သူ့နဲ့ ပတ်သက်ခင်မင်ရတာ **"တျာ"** ပျော်ပါသည်။

"**တျာ** ရေ"

လာပါပြီ၊ အသံသြချိုချိုကြီးနှင့် နွဲ့တဲ့တဲ့ ဝင်လာသော အတင့်ရဲ့ အဲဒီလေသံကြီးကို ကြားလိုက်လျှင် တစ်ခုခုခိုင်းတော့မည်ဆိုတာ သဘောပေါက်ရသည်။

"သကာတွေ မလောင်းနဲ့အေ"



www.burmeseclassic.com

www.burmeseclassic.com



တျာက အတင့်ရဲ့လေသံအတိုင်း ကာရန်ညီစွာ သြချိုချိုကြီး ပြန်ပြောလိုက်လျှင် အတင့်က မျက်စောင်းထိုးသည်။

"အမယ်လေး … ညည်းဆိုတာလည်း တွေ့တာနဲ့ ဝုန်းမယ် ဆိုတာချည်းပဲ။ ဘာ သကာတွေ မလောင်းနဲ့အေလဲ"

"ဟုတ်တယ်လေ။ အတင့် အသံက အဲဒီလောက် ချိုမြနေရင် တစ်ခုခုတော့ တစ်ခုခုပဲ မဟုတ်လား"

"ဟင်း ဟင်း … ညည်းလည်း ငါနဲ့နေတာ ကြာလို့နဲ့တူတယ်၊ အစွမ်းတွေတောင် တိုးလာပြီ"

"အွန် … ပြောတတ်တယ်နော်၊ အဲလို ဖြစ်ချင်တာလား၊ ဆုတောင်းလေ … ဆုတောင်း … ဟွန့်"

"အေးပါ … လောလောဆယ်တော့ ညည်းက ဘုရားခန်းထဲ အရင်သွားပြီး တစ်လွဲမလုပ်ဖို့ ဆုတောင်းပြီးမှ အပြင်ထွက်"

"အင် … ဘာလို့ထွက်ရမှာလဲ။ ဒီနေ့ Super Sunday ဗျနော် … သာသာယာယာဆန်းဒေး၊ ဘယ်မှမထွက်ဘူး။ အိမ်မှာတင် နပ်နေမှာ"

"ဆုတောင်းလေ ဆုတောင်း၊ အဲ … ညည်း လုပ်တာနဲ့ ငါပါယောင်ကုန်ပြီ။ ဒီနေ့ ဒရိုင်ဘာကျော်စိုး မလာဘူးဟေ့။ အဲဒါ ချိုင့်ဆွဲကားကို ညည်း မောင်းပေးရမှာ"

"ဟင် … တကယ်လား။ ဘယ်သူက ပြောတာလဲ"





"ဘယ်သူက ပြောရမှာလဲ။ ညည်းရဲ့မွေးသမိခင် ကျေးဇူးရှင်က အမိန့်ချလိုက်တာပေါ့"

"ဟင် … အဲဒီ ကိုကျော်စိုးက ဘာလို့မလာရတာလဲ"

"သူ့မိန်းမ မနက်က ကလေးမွေးတာ ဆေးရုံမှာ အဲဒါကြောင့် မလာနိုင်တော့ဘူး လှမ်းဖုန်းဆက်တာ။ အဲဒါ … ခဏနေကျရင် သွားပို့တော့မယ်၊ ညည်း အဝတ်အစားတွေ ဘာတွေ လဲထားဖို့ လာပြောတာ။ ဆယ့်ငါးမိနစ်လောက်နေရင် ဆင်းလာခဲ့တော့"

"အမယ်လေး … ဒရိုင်ဘာ လုပ်ရမှာများ ဘာအဝတ်အစားလဲနေရဦးမှာလဲ၊ ဟင်း … ပွင့်နေတဲ့ ရှုပ်လေးတောင် ချုရဦးမယ်"

"ဒီနေ့ ဆန်းဒေး ချိုင့်ဆွဲ မယူဘူးလို့ စာရင်းပေးထားတဲ့ အိမ်က များပါတယ်အေ။ ဘိုဘိုလည်း ပါမှာပဲ၊ ကဲ … ကဲ ခဏနေ ဆင်းလာတော့"

တျာက ဘာမှမပြောသာတော့ဘဲ ဟင်းခနဲ ရှူ့မဲ့ကာ အဝတ်အစား လဲဖို့ပြင်ရသည်။ တီရှပ်အဖြူ၊ ဂျင်းဘောင်ဘီတစ်ထည် ကောက်လဲပြီး တခြား ဘာမှလဲ ထွေထွေထူးထူး ပြင်ဆင်စရာ မရှိပါ။ တစ်ခါတလေမှာ အင်မတန် ရှားပါး ကြုံတောင့်ကြုံခဲ ဒရိုင်ဘာမလာသည့်အချိန်မျိုးတွင် ဒီလို Part time Driver လုပ်ပေးရဖူးသည်။ မေမေကလည်း တျာ့ကို သမီးလေးတစ်ယောက်တည်း ရှိတာမို့ ဥဖုတားဖို့ဝေးစွ။ ခေါင်ကျကျ ပြားကျကျ နေ



www.burmeseclassic.com

www.burmeseclassic.com



တက်အောင် တမင်လေ့ကျင့်ပေးနေသလားပင် ထင်ရလေသည်။ ညွှန်ကြားရေးမှူးကတော်ဘဝမှာ ရွှေထီးဆောင်းခဲ့စဉ်က အတိတ်များနှင့် ဖေဖေ မရှိတော့ချိန် နောက်ပိုင်းမှာ လောကဓံအလှည့်အပြောင်းကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ပြီး ဝင်ငွေရသော အိုးမကွာ အိမ်မကွာ ဒီအလုပ်ကို မေမေ ရွေးချယ်ခဲ့သည်မှာ ခုတော့လည်း မှန်ကန်လွန်းသည်ဟု ကျော့ နားလည်ခဲ့ရလေသည်။ မေမေသည် တခြားအရာရှိကတော်တွေလို လူအထင်ကြီးအောင် မနေတတ်၊ ပကာသနတွေ သိပ်မမက်ခြင်းသည် ကျော့က မေမေနဲ့တောင် တူနေလား မသိပါ။

တကယ်ဆို ဖေဖေ ဆုံးသွားသော်လည်း နဂိုတည်းက သိမ်းထုပ်သေချာသော မေမေကြောင့် တော်တော်စုမိဆောင်းမိကျန်ခဲ့သော်လည်း ဒါတွေနှင့် ထိုင်စားဖို့ မေမေ စိတ်ကူးဟန်မတူပါ။ ဖေဖေဆုံးပြီး ခြောက်လအကြာမှာပဲ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့လေရာ ခုချိန်မှာတော့ ဒီလုပ်ငန်းကရသော ဝင်ငွေသည် မက်လောက်စရာ အနေအထား ဖြစ်ခဲ့ပြီတည်း။

အင်း ... ကျော့ကတော့ မေမေ့အမွေကို ဆက်ခံဖို့ စိတ်မကူးသော်လည်း လိုအပ်လာရင်တော့ ကူညီပေးရသည်။ ကူညီပေးဆို ဒါသည်လည်း ဒီကရသည့်ဝင်ငွေနှင့် ကျော့ လိုချင်သည့် ပညာတွေကို ထပ်သင်ယူနေရသည် မဟုတ်ပါလား။ ကျော့က wallet နှင့်ဖုန်းကို ကောက်ယူကာ အောက်ထပ်သို့ ဆင်းလာ





ခဲ့သည်။ အဆင်သင့် စောင့်နေဟန်တူသော မေမေက ဆီးပြောသည်။

"ကျော့ ကားကို ဂရုစိုက်မောင်းပြီး ကောင်းကောင်းလုပ်ခဲ့။ ဘာမှ အထွေအထူး မလိုဘူး။ ကားမောင်းရုံပဲ ချိုင့်ဆင်းပေးတာ ဘိုဘို့အလုပ်၊ သွားရမယ့် လမ်းကြောင်းတွေ သူ ပြောလိမ့်မယ်"

"အိုခေပါ ... ဒါပေမဲ့ သိတယ်နော်"

စပ်ဖြဲဖြဲနှင့် သိတယ်နော် လုပ်နေသော ကျော့ကို မေမေက ဘာသိတယ်နော်လဲ ပြန်မေးသည်။ ကျော့က လက်မနှင့် လက်ညှိုးကို အဝိုင်းသဏ္ဌာန် လုပ်ပြရင်း ...

"ကျော့က OT ဆင်းရတာလေ။ ဒီတော့ OT ကြေးလာရမှာပေါ့ ... ဟင်း ဟင်း"

"အောင်မယ် ... လုပ်လိုက်ရ။ OT ဆင်းရအောင်၊ နင်က ဘယ်တုန်းက ဒရိုင်ဘာအလုပ်ကို Professional လုပ်နေလို့လဲ။ ဟင်း ... တလောကတင် နင့်ကြောင့် သော့ခလောက်ဖိုး နှစ်သောင်းခွဲ ထွက်သွားပြီလေ ...

အဲဒါ OT ကြေးပဲ ... ဟင်း"

"ဟွန့် ... မေမေကလည်း"

"မေမေကလည်း လုပ်မနေနဲ့။ ကဲ ... သွားတော့ ကားကို ဖြည်းဖြည်းပဲ မောင်းသွား။ နမော်နမဲ့အသံ မကြားချင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... ဟုတ်ကဲ့ ... အေးဆို ဒါပဲ သွားပြီ"

**"တျာ"**က ပြောင်စပ်စပ် ပြန်ပြောရင်း အိမ်ထဲမှာ ကားသော့ယူကာ ထွက်လာခဲ့သည်။ ဘိုဘိုက ဆေးကဝင်ထိုင်ရင်း "အစ်မ ... Fighting နော်"တဲ့။ **တျာ**က မျက်စောင်းလှည့်ထိုးရင်း ...

"ဘာ Fighting လဲဟဲ့။ နင့်ဘိုးအေ စစ်ထွက်မှာမို့လား"

"ဟဲ ဟဲ ... အစ်မကလည်း ဒေါနချည်းပဲဗျာ။ တစ်ခါတလေ စံပယ်ပင်လေး ဘာလေး ပြောင်းစိုက်စမ်းပါ"

"မစိုက်နိုင်ဘူး၊ နင်တို့က စံပယ်နဲ့ တူလား တန်လား"

"အွန်း"

ဘိုဘိုက အနာပေါ် တုတ်ကျသလို နှုတ်ခမ်းကြီးတော်ပြီး ရှုံ့မဲ့ငြိမ်သက်သွားသည်။ ဟာ ... ဟ ... သိသားပဲ။ ဒီကလည်း သိလို့ကို တမင် ပြောလိုက်တာ။ ဘိုဘိုက ချိုင့်ဆွဲပို့နေရသည့်အိမ်က အိမ်ရှင်ရဲ့တူမ ဆိုလား ဘာလား ထမင်းချိုင့်ထွက်ထွက်ယူနေသည့် စံပယ်ဆိုတဲ့ ကောင်မလေးကို ကြိုက်နေတယ်ဆိုတာ အလုပ်သမားတွေဆျက ပြောသံ နားစွန်နားဖျားကြားဖူးနေလေသည်။

"ဟဲ့ ... ကြက်ကြီး လည်လိမ်သလို ငြိမ်သက်မနေနဲ့ဟဲ့၊ ငါ့ကို လမ်းကြောင်းပြောဦး၊ အခု ဘယ်သွားရမှာလဲ"

"တောင်ဥက္ကလာ ရတနာလမ်း အနီးဆုံး ... ဆွဲ ဆရာရေ"





**တျာ**က ဟင်းခနဲ နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ရင်း ကားကို မောင်းထွက်လိုက်သည်။ ချိုင့်ဆွဲ ထမင်းချိုင့်လေးကို တင်ဆောင်လာသော လိုက်ထရပ်ကားလေးသည် ဦးတည်ရာကို မောင်းနှင်လာလေသည်။ ငယ်စဉ်တည်းက ကျောင်းပိတ်ရက်ဆိုလျှင် အပျော်ဆုံးမို့ weenend ရက်များသည် တျာ့အတွက် ကမ္ဘာပေါ်တွင် ပျော်စရာ အကောင်းဆုံးရက်များအဖြစ် သတ်မှတ်ခဲ့ပြီးသားဖြစ်သည်။ ဒါသည် အခုချိန်ထိလည်း မပြောင်းလဲသေးချေ။ အင်မတန် ကားကျပ်သော ရန်ကုန်မြို့ကြီးသည် တနင်္ဂနွေတစ်ရက်တွင်တော့ အတော်ကြီး ကားချောင်ကာ သွားလို့လာလို့ အဆင်ပြေနေသေးလေသည်။

ပြီးတော့ **တျာ့**ရဲ့ ဖီလင်သည်က တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ကြီး ပိုလှပသပ်ရပ်နေသည်ဟု ခံစားသက်ဝင်လေသည်။ ကားရှင်းသဖြင့် ပို့ရတာ အချိန်မြန်သည်။ နောက်ဆုံးပို့ရမည့်အိမ်မှ ပြန်အထွက်တွင် လမ်းသွယ်ထဲမှာ လမ်းကကျဉ်းတာမို့ သတိထား မောင်းနေစဉ်မှာပဲ တျာ့ရဲ့မျက်လုံးက တစ်စုံတစ်ရာကို သွားမြင်သည်။

"ဟဲ့ ... ဘိုဘို၊ ဟဲ့ ... ဟိုမှာ အဒေါ်ကြီးတစ်ယောက် ဘာဖြစ်နေတာလဲ မသိဘူး"

လမ်းဘေးက ဓာတ်တိုင်ကိုမှီကာ မူးနေသလား၊ ဘာဖြစ်နေလဲ မသိသော အဒေါ်ကြီးတစ်ယောက်ကို ဘိုဘိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားသည်။ သို့သော် ... သူတို့ အိမ်တော်သခင်မလေး **တေးတျာထီ** အကြောင်းကိုသိစွာ သူပါ ခေတ်ကူးပြီး တလွဲစီးရီး ထဲပါမှာ ကြောက်လေသည်။ တေးတျာဏီကဖြင့် ကားကိုတောင် ခဏမှေးရပ်ပြီး အဒေါ်ကြီးကို အကဲခတ်နေလေပြီ။

"အင်း ... ဘာဖြစ်မှန်းတော့ မသိဘူး။ ရိုးရိုးလား ဆန်း ဆန်းလားတော့ မသိ"

"ဟဲ့ ... ရိုးရိုးတွေ ဆန်းဆန်းတွေ ဆိုတာ ဘာလဲ"

"ဩော် ... မလေးတေးတျာကလည်း ဒီခေတ်ထဲမှာ လူလိမ်လူညာတွေ ပေါ်နေတဲ့ဟာ အဲဒါကို ပြောတာ"

"ဒါပေမဲ့ သွားတော့ ကြည့်ရဦးမှာပေါ့၊ တကယ် ဖြစ်နေ တယ်ဆို ကူညီမယ့်သူ မရှိဘဲ ဒုက္ခရောက်နေမယ်"

တျာက ကားကို စက်ရပ်လိုက်ပြီး ကားပေါ်မှဆင်း ကာ အဒေါ်ကြီးထံ လျှောက်လာခဲ့သည်။ အသက်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိမည်ဟု ခန့်မှန်း၍ရသော အဒေါ်ကြီးမှာ ပိတ်ဖောက်ချည်ဇာ အပြာနုရောင်၊ ခပ်လတ်လတ်ပါတိတ်အပြာ ရောင်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားထားသော်လည်း သိပ်မြင့်မြင့် မားမားထဲက ပုံစံမျိုးမဟုတ်ပါ။ ဘာလို့လဲဆိုတော့ အခုရောက် နေတာ သူဌေးရပ်ကွက်လေ။

"အန်တီ ... အဲ ... ကြီးကြီး အဆင်ပြေရဲ့လား၊ နေ ကောင်းရဲ့လား"





ခေတ်တိုင်ကို လက်နှင့်ထောက်ကာ မှီမူးနေဟန်ရှိ သော အဒေါ်ကြီးက တျာ့အသံကြောင့် အားယူပြီး ခေါင်းငဲ့ကြည့် သည်။

"အင်း ... သမီးရယ်။ ဒေါ်ကြီး တော်တော်မူးနေလို့"

"ဟုတ်လား ... လမ်းလျှောက်နေရင်း မူးလာတာလား"

"အေးကွယ် ... ဒေါ်ကြီးက သွေးတိုးရှိတယ်။ ခုနက သမီး အိမ်မှာ ဒံပေါက်လေးနည်းနည်း စားလိုက်တာကွယ်။ ဘာမှ မဖြစ်လောက်ဘူးဆိုပြီး နည်းနည်းပဲ စားတာ။ ဒါနဲ့ ခေါင်းလေးသလို ဖြစ်လာပြီး ပြန်မှဖြစ်မယ်ဆိုပြီး ထွက်လာတာ ...

ဒီနားရောက်တော့ အရမ်းမူးလာတာနဲ့ ခဏနားနေ တာ ကလေးရယ်"

အဒေါ်ကြီးက တကယ် ဝေဒနာခံစားနေရဟန်ဖြင့် ဖြည်းဖြည်းချင်း ရှင်းပြနေလျှင် **တျာက** သနားစိတ်ဖြင့် ငေးကြည့် နေမိသည်။ ဒီအဒေါ်ကြီးကို ဒီအတိုင်း ထားခဲ့လို့ကတော့ မဖြစ် ဘူး ထင်ပါသည်။ ဒီနေရာက လမ်းသွယ်ထဲမှာမို့ လမ်းထိပ် ရောက်ဖို့လည်း ဆယ်မိနစ်လောက် လျှောက်ရပေဦးမည်။

"အဒေါ်ကြီး ရရဲ့လား။ မသက်သာရင် ဆေးခန်းသွားမ လား"

"ရ ... ရပါတယ် ကလေးရယ်။ ခဏနားလိုက်ရင် သက် သာသွားမယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောသာ ပြောနေတော့လည်း ဒေါ်အုန်းက ကိုယ့် ကိုယ်ကိုယ် သိပ်မဟန်ဘူးဟု သိနေပြန်သည်။ ခေါင်းက အတော် မူးနေလျက် နေပြင်းလာလေ ပိုမူးလာလေ ဖြစ်သည်။ ဒီပုံအတိုင်း ဆို လမ်းထိပ်ထိတောင် လျှောက်နိုင်ပါ့မလား မသိချေ။ Taxi နှင့် ပြန်ဖို့တောင် ကားငှားနိုင်ပါ့မလား မသိပါ။

"အားမနာပါနဲ့ ဒေါ်ကြီး။ ဒေါ်ကြီး ကြည့်ရတာ တော်တော် နေလို့မကောင်းပုံပဲ။ ဆေးခန်းဝင်ပြပြီး ဒေါ်ကြီးကို အိမ် အထိ လိုက်ပို့ပေးမယ်လေ"

တချာ့ စကားကြောင့် ဘိုဘိုက တချာ့ကို မျက်လုံးပြူး ကြည့်သည်။ သူ့အကြည့်ကို တချာ ကောင်းကောင်း သဘောပေါက် တာပေါ့။ ဖြစ်ပါ့မလား၊ လွဲဦးမယ်နော် ဆိုတဲ့ သဘောမျိုးမဟုတ် လား။ တော်ကြာ လမ်းမှာ ကိုယ့်ကားပေါ်တင် အဒေါ်ကြီးရှေ့ သွားရင် ဘယ်လိုလုပ်မလဲ ဆိုတာမျိုး ဘိုဘို့ မျက်လုံးထဲမှာ မြင် နေရသည်။ သို့သော် တချာကတော့ အဲဒီလောက် မဆိုးရွားလောက် ဘူး ထင်ပါသည်။

"ကျေး ... ကျေးဇူးပါပဲ ကလေးရယ်။ ဆေးခန်းတော့ မသွားတော့ပါဘူး၊ အိမ်ပဲ ပြန်လိုက်ပါ့မယ်"

"အို ... ဆေးခန်း ဝင်လိုက်ပါ။ လမ်းထိပ် ထွက်လိုက် ရင် ဆေးခန်းတစ်ခုရှိတာပဲဟာ၊ ဝင်ပြလိုက်တော့ ပိုစိတ်ချရ တာပေါ့"





ဒေါ်ကြီးက တချာ ပြောတာကို ထပ်မငြင်းဆန်တော့ ဘဲ ကားနှင့် လိုက်ပါလာပါသည်။ တချာက ဆေးခန်းသို့ အရင် ပို့ပေးသည်။ ထင်တဲ့အတိုင်း အဒေါ်ကြီးက သွေးတော်တော်တိုး နေကာ ဆရာဝန်က မြန်မြန် treatment ပေးနိုင်၍သာ တော်တော့ သည်။ ဆေးခန်းက ပြန်ထွက်လာလျှင် တချာက အဒေါ်ကြီးကို အိမ်ထိ ပို့ပေးဖို့ လိပ်စာမေးမြန်းသည်။

"ရပါတယ် ကလေးရယ်။ ကလေးတို့လည်း အလုပ်တစ် ဖက်နဲ့မှလား။ ဒေါ်ကြီးကို Taxi ပေါ်သာ တင်ပေးလိုက် ပါ"

"ရပါတယ် ဒေါ်ကြီးရဲ့၊ အားမနာပါနဲ့၊ အလုပ်ကလည်း ပြီးပါပြီ။ ဒီလမ်းထဲကအိမ်ကိုပို့တာ နောက်ဆုံးပဲလေ ... ဒေါ်ကြီး အိမ်လိပ်စာသာ ပြောပါ"

"ကန်ရိပ်သာလမ်းမှာပါကွယ်၊ ဒေါ်ကြီးက အဲဒီအိမ်မှာ အလုပ်လုပ်တာပါ၊ အခုဟာက ဒေါ်ကြီးသမီး အလုပ်လုပ် တဲ့အိမ်ကို ခဏလာတာ"

"ဩော် ... ဟုတ်ကဲ့။ ရပါတယ် ဒေါ်ကြီးရဲ့ တချာ လိုက် ပို့ပေးပါ့မယ်၊ စိတ်အေးအေးနဲ့ အိမ်ပြန်ပါ သက်သောင့် သက်သာနေ"

"အေးပါ ... ကလေးရယ်၊ သာဓုပါ ... သာဓု ... သာဓု ဒီကလေး ဘုန်းကြီးလို့ သက်ရှည်ပါစေ တိုးတက်အောင် မြင်ပါစေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက ဆက်လက်ပြီး စုံနေအောင် ဆုပေးတာကို တျာက ရယ်ကျဲကျဲနှင့် ခံယူနေရသည်။ အဲဒီလိုနှင့် ဒေါ်ကြီး နေထိုင်ရာအိမ်သို့ ရောက်လာလျှင် တျာက ခြံဝမှာတင် ရပ်ပေးမည် ပြင်သော်လည်း ဝင်ပါဦးဟု ဆိုသောကြောင့် ခြံစောင့်ဖွင့်ပေးသော တံခါးကြီးမှတစ်ဆင့် အထဲသို့ မောင်းဝင်လာရလေ့သည်။ အဝင်နှင့်အထွက် တံခါးနှစ်ခုရှိသော ခြံကြီးဟာ တော်တော်ကျယ်ဝန်းပြီး အလှစိုက်ထားသော မြက်ခင်းပြင်၊ အော်တိုစနစ်နှင့် ရေဖျန်းပေးသော ရေပန်းလေးများ၊ လှပစွာ ငွေကုန်ကြေးကျခံပြီး ပြင်ဆင်ထားသော Land Scaping နှင့် ခမ်းနားထည်ဝါသော ခြံကြီးရဲ့အဆုံးမှာ သစ်လွင်သော မော်ဒန်ဗိသုကာဒီဇိုင်းဖြင့် နှစ်ထပ်ခွဲတိုက်ကြီးကို ငေးနေရလေသည်။

အဒေါ်ကြီးမှာ ဒီအိမ်ရှင် မိသားစုထံတွင် တာဝန်ထမ်းဆောင်လာသည်မှာ နှစ်,နှစ်ဆယ်နီးပါးတောင် ရှိတော့မည်တဲ့။ အရင်က ဒီရပ်ကွက်မှာ နေခြင်းမဟုတ်ဘဲ ဒီကိုပြောင်းလာတာ တစ်နှစ်လောက်ပဲ ရှိသေးသည်ဟုလည်း ဒေါ်ကြီးက ဖြည့်စွက်ပြောသေးသည်။

"အိမ်ရှေ့မှာ ပန်းအိုးတွေချဖို့ ပြနေတာ ဒီအိမ်ရှင်မပေါ့။ ကလေးနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဆင်းပါဦး"

"ဟို ... ရပါတယ် ဒေါ်ကြီးရဲ့ နေပါစေ"

"လာပါ ... မသီရိက သဘောကောင်းပါတယ်။ သူက ဆရာဝန်လေ။ ခုတော့ ဆေးမကုတော့ပါဘူး။ ဆေးကုစားစရာမလိုအောင် ဓာတာကောင်းသူပေါ့ ကလေးရယ်"





**တျာ**က ခေါင်းတညိတ်ညိတ်ဖြင့် ကားကို စက်ရပ်ကာ ဆင်းဖို့ပြင်ရလေသည်။ ဒေါ်ကြီး ပြောသည့် အမျိုးသမီးကြီးကလည်း သူ့ခြံထဲသို့ထူးထူးခြားခြား ရောက်လာသည့် ချိုင့်ဆွဲပို့လုပ်ငန်းကားကို စိတ်ဝင်တစား အကဲခတ်နေလေသည်။

"ဒေါ်အုန်း ... ဘယ်လို ဖြစ်လာတာပါလိမ့်"

အသံရော၊ လူရောဟာ ဟိုးအမြင့်တစ်နေရာက သက်ဆင်းလာသလို ခံစားရသည့် အမျိုးသမီးကြီးဟာ တမင်ကြီးကျယ်တာ မဟုတ်ဘဲ သူ့ဘဝ အဆင့်အတန်းအရကို အဲဒီပုံစံ ဖြစ်နေခြင်းသည် နားလည်လက်ခံနိုင်သော ပင်ကိုထည်ဝါမှုပဲဖြစ်ပါလိမ့်မည်။ ငယ်ငယ်က တော်တော်ချောခဲ့မည်ဟု ခန့်မှန်းနိုင်လောက်သော အလှမျိုးဖြင့် အိမ်ကြီးရှင် အမျိုးသမီးကြီး၏ မျက်လုံးများမှာ **တျာ**ကို ရင်းနှီးဖော်ရွေစွာ ပြုံးပြ၍ စိတ်သက်သာရာ ရသွားသည်။ သူ့အရှိန်အဝါကြောင့် တီရှပ်နှင့် ဂျင်းဘောင်းဘီလေးဝတ်ထားသော **တျာ**မှာ မေးမို့န်နွမ်းဖတ်နေသလားလို့ ကိုယ့်ကိုယ်ကိုယ် ထင်မိရတာလေ။

"ကံကြီးလို့ပါ မသီရိရယ်။ ဒီကလေးနဲ့ တွေ့လို့သာပါပဲ"

အစချီကာ ဒေါ်ကြီးက ရှင်းပြလိုက်လျှင် ထိုအန်တီက အလုံးစုံနားလည်သဘောပေါက်ကာ တျာကိုလည်း ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်လာရင်း စကားဆိုလေသည်။

"ဩော် ... ဖြစ်မှဖြစ်ရလေ ဒေါ်အုန်းရယ်။ မသေကောင်းမပျောက်ကောင်း ဒီကသမီးကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com



"ဟုတ် ... ရပါတယ် အန်တီ၊ တျာ့ကို ခွင့်ပြုပါဦး"

"ပင်ပန်းလာမှာပေါ့။ အိမ်ထဲဝင်ပြီး အအေးသုံးဆောင်ပြီးမှ ပြန်ပါလား သမီး"

"ဟုတ် ... ကျေးဇူးတင်ပါတယ် အန်တီ။ မသောက်တော့ပါဘူးရှင့်။ တျာတို့ အလုပ်လေးလည်း ရှိသေးလို့ပါ"

"ဩော် ... အင်း ...။ သမီးတို့က ချိုင့်ဆွဲဆားဖစ်လား"

"ဟုတ်ကဲ့ရှင့်။ အခြား အစားအသောက်မျိုးစုံလည်း အလှူမင်္ဂလာပွဲတွေအတွက် အော်ဒါအမျိုးမျိုး လက်ခံပါတယ်ရှင့်၊ မြန်နှင်းဆီ အစားအသောက် ဝန်ဆောင်မှုပါ"

"ဩော် ... မြန်နှင်းဆီ ! ကြားဖူးတယ်။ လက်ရာအရမ်းကောင်းတယ်လေ၊ တချို့ပွဲတွေမှာ အန်တီ စားဖူးတယ်"

"ဟုတ်ကဲ့ အန်တီ၊ အဟင်း ... လိုအပ်ရင် ဆက်သွယ်ပါရှင့်၊ ဒီမှာ ကတ်လေးပါ အန်တီ"

တျာက အိတ်ထဲမှနေ လုပ်ငန်းလိပ်စာကတ်ကို ထုတ်ကာ တရိုတသေ ကမ်းပေးလိုက်သည်။ ပြီးတော့ တျာက ခေါင်းတစ်ချက်ညွတ်ကာ နှုတ်ဆက်ပြီး အထွက်မှာ ထိုအန်တီ့ထံမှ စကားသံ ထပ်ထွက်လာသည်။

"သမီး နာမည်က ဘယ်လိုခေါ်လဲကွယ့်"

"**တေးတျာထီ** ပါ အန်တီ"

"ဩော် ... ဟုတ်ပါပြီ"





"ကောင်းပါပြီကွယ်"

"ဒေါ်ကြီး ... သွားတော့မယ်နော်"

"အေးပါ ကလေးရယ်။ ကျေးဇူးတင်ပါတယ်ကွယ်"

တျာက အိမ်ရှင်အန်တီကြီးကို ခေါင်းတစ်ချက် ထပ်ညွတ်ပြပြီး နှုတ်ဆက်ထွက်ခွာလာခဲ့သည်။ လှပသာယာလွန်းသော ဒီခြံဝင်းကြီးမှာ ဘယ်လိုကုသိုလ်ထူးတွေ လုပ်ခဲ့လို့များ နေထိုင်နိုင်ကြပါလိမ့်ဟု တွေးရင်း တျာရဲ့ ထမင်းချိုင့်ဆွဲပို့ ကားလေးမှာ ထည်ဝါလွန်းသော ခြံကြီးထဲမှ ဖြည်းဖြည်းချင်း မောင်းထွက်လာခဲ့လေသည်။ တိုက်ရဲ့ဘေးဘက် သစ်ခွစင်တွေ ထားရှိသော သစ်ခွပင်တွေကြားမှ မျက်လုံးတစ်စုံက မမိုတ်မသုန် ငေးနေခဲ့သည် ဆိုတာကိုတော့ **တျာ** တစ်ယောက် သိနိုင်တော့ချေ။

ထိုနေ့က လူတစ်ယောက်ကို ကူညီခဲ့သော အကျိုးကြောင့်လားတော့ မပြောတတ်။ **တျာ**ရဲ့ တစ်နေ့တာလုံး ဘာအလွဲမှ မလုပ်မိဘဲ သာယာနာပျော်ဖွယ် တနင်္ဂနွေနေ့လေး ဖြစ်ခဲ့သည်။ တကယ်တော့ ကျရာဘဝမှာ ရောင့်ရဲကျေနပ်သော စိတ်ထားသည် လူတစ်ယောက်အတွက် အကောင်းဆုံးဘဝနေထိုင်နည်း ဆိုတာ ပျော်ရွှင်သော နှလုံးသားဖြင့် နားလည်သဘောပေါက်ခဲ့ရသူပါနော်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

သူ့မျက်လုံးထဲတွင် မြင်လိုက်သော ပုံရိပ်သည် ပုံရိပ်စစ် ပျောက်ဆုံးသွားသော်လည်း ပုံရိပ်ဟောင်း ကျန်ရှိနေသလို စွဲထင်စွာဖြင့် မှတ်မှတ်သားသား ရှိနေခဲ့လေသည်။ တကယ့်ကို တိုက်ဆိုင်မှု တစ်ခုပါပဲ။ ခါတိုင်းဆိုလျှင် ရုံးပိတ်သော နေ့မျိုး၌ သူ့အခန်းထဲမှာသာ စာဖတ်ခြင်း၊ အင်တာနက်သုံးခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့နှင့် အခန်းထဲမှ မထွက်တတ်သော သူဟာ ထို တနင်္ဂနွေကတော့ ပန်းပင်တွေ ပန်းအိုးတွေ နေရာပြန်ချနေသော မေမေ့အနား စိတ်ဝင်တစား ရောက်ရှိနေခဲ့သည်။ ဒါကိုမှ လူကွယ်ရာ သစ်ခွစင်တွေကြား ရောက်သွားပြီး မထင်မှတ်ဘဲ သူမကို ပန်းအိုးတွေ ကြားကနေ လှမ်းမြင် အကဲခတ်နေမိတာပါ။

ပထမတော့ ထွက်နှုတ်ဆက်လိုက်ရင် ကောင်းမလား စဉ်းစားပေမယ့် ဘာအကြောင်းပြချက်မှ မရှိဘဲ ဒီအတိုင်းလေးသာ ထားဖို့ ဆုံးဖြတ်လိုက်ပြီး သူမရဲ့ပြောပုံဆိုပုံတွေကိုပဲ စောင့်ကြည့်





နေလိုက်တော့သည်။ ရောက်လာသော အဖြစ်အပျက် ဒေါ်ကြီးအုန်းနှင့် ဆက်စပ်ပြီး မေမေ့ဆီက သိရတာတချို့နှင့် ပေါင်းစပ်ကောက်ချက်ချကြည့်ပြီးလျှင် **တေးတျာဏီ** ဟူသော မိန်းကလေးရဲ့ ဘဝကို လေ့လာအကဲခတ်လို့ ရပြီဖြစ်သည်။

သူမနဲ့ ရင်းနှီးခင်မင်နေတာ အတိုင်းအတာတစ်ခု ရောက်ခဲ့ပြီ ဖြစ်ပေမယ့် ဖခင်မရှိ၊ မိခင်က အစားအသောက်ဝန်ဆောင်မှုလုပ်သည်ဟုပဲ အကြမ်းဖျဉ်း သိထားခဲ့သော သူဟာ ဒီနေ့ တွေ့လိုက်ရသော "**တေးတျာဏီ**"ရဲ့ ပုံစံလေးကိုမြင်လျှင် ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိပါ။ သနားတာလား၊ ကရုဏာသက်သွားတာလား၊ အထင်ကြီးတာလား၊ လေးစားတာလား၊ ဘာမှန်းမသိသော ခံစားချက်များနှင့် တစ်နေကုန် တေးတျာဏီအကြောင်း စဉ်းစားတွေးတောနေခဲ့သည်။ သူမကို ခါတိုင်းတွေ့နေကြ လွတ်လပ်ပေါ့ပါးသော မိန်းမပျိုလေးအဖြစ်နဲ့ မဟုတ်ဘဲ အလုပ် လုပ်နေသော၊ ကူညီတနာတတ်သော မိန်းကလေးအဖြစ် ပြောင်းလဲမြင်ရပုံလေးက ပတ်ဝန်းကျင်အနေအထားချင်း ကွာဟသွားတာကြောင့်လားတော့ မပြောတတ်ပါ။

ခါတိုင်း ဖားလျား ဖြောင့်စင်းစွာ ချထားတတ်သော ကျောလယ်အထိ ဆံနွယ်တွေကို ဒီတစ်ခါတော့ နဖူးကနေ အပြောင်စုသိမ်းပြီး ကွင်းတစ်ခုနှင့် ချည်နှောင်ထားကာ Sticker အရုပ်လေးပါသော စာတန်းပါအင်္ကျီ တီရှပ်အဖြူ၊ ဂျင်းဘောင်းဘီ တစ်ထည်နှင့် သူ့အမေကို ရှိုရှိုကျိုးကျိုး စကားပြောနေပုံနဲ့၊ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ခြံကြီးရဲ့ အရိုန်အဝါကို ရှိန်နေဟန် ရုပ်သွင်လေးနှင့် ထမင်းချိုင့်ပို့သောကားကို ကျင်လည်စွာမောင်းပြီး ပြန်ထွက်သွားပုံလေးဟာ သူ့ရင်ထဲမှာ ဘာကြောင့် ဒီလောက် ကရုဏာသက် စွဲထင်ကျန်ရစ်သွားပါလိမ့်။

သူ့ပတ်ဝန်းကျင်မှာ လှပသစ်လွင် လန်းဆန်းပြီး ပင်မြင့်စံနေကြသော မိန်းကလေးတွေနှင့် ယှဉ်ကြည့်ပြီး သနားကရုဏာသက်တာလား။ ရိုးသားပျော့ရွှင်စွာ ရုပ်တည်နေသော လူသားဆန်ဆန် ကောင်မလေးကို ချီးကျူးချင်တာလား၊ ဘာမှန်းမသိသော ခံစားချက်မျိုးစုံ ရောပြွမ်းပြီး သူမဟာ သူ့စိတ်ထဲ ဟိုးအတွင်းထဲထိ ရောက်ရှိနေရာယူနေပြီ ဆိုတာလည်း သိလိုက်ရလေသည်။ ဒါကြောင့် မဆက်စဖူး ညဘက် ကိုးနာရီလောက် ဖုန်းခေါ်မိသည်။ သူဟာ သူမကို ရင်းနှီးခင်မင်မှု နှစ်လကျော် သုံးလအတွင်း ညဘက် တစ်ခါမှ ဖုန်းမဆက်ဘူးချေ။ ဆက်ဖို့ သတိရရင်တောင် တမင် မဆက်ခဲ့တာ ဖြစ်သည်။ ခုတော့ တစ်စုံတစ်ရာသော နှောင်တွယ်မှုအစဖြင့် ဖုန်းဆက်ချင်စိတ် ဖြစ်လာခဲ့ပြီ။ သူမကတော့ သူ့ကို ဘယ်သောအခါကမှ ဖုန်းမဆက်ခဲ့ခြင်းသည်လည်း သူ့ကို ဆွဲဆောင်မှုတစ်ခု ဖြစ်စေပါလိမ့်မည်။

သူ ဖုန်းဆက်သောအခါ သူမက တော်တော်နှင့် မကိုင်ချေ။ သူ မျက်မှောင်ကြုတ်လာတော့မှပင် ဖုန်းဖွင့်ထူးသံကြားရလေသည်။

"ဟယ်လို"





"ဖုန်းမကိုင်ဘဲ ဘယ်ရောက်နေတာလဲ"

"ဟာမ် ? "

ဟယ်လို ထူးပြီးပြီးချင်း အပြစ်တင်မာန်မဲသလိုလို အသံကြောင့် သူမက စိတ်တိုဖို့ထက် အူကြောင်ကြောင် ဖြစ်သွားပုံပေါ်သည်။ အဲဒါကိုပဲ သူက ဒီဘက်ကနေ သဘောတကျ ပြုံးမိသည်။ ဒီကောင်မလေးကို သူ သဘောကျတာ အဲဒါတွေပဲ။ သူမဆီမှာ ဘယ်တော့မှ အထာဆန်ခြင်း၊ ပဲများခြင်း သူ့အပေါ်ဖွဲ့ယူခြင်းတွေ ရှိမနေပါ။

"ဖုန်းပျောက်နေလို့ ရှာနေရသေးတယ်"

သူမက တကယ်ပဲ ဖြေရှင်းသံနှင့်ဆိုလျှင် သူ နည်းနည်းအားနာသွားရသည်။ မနက်က တွေ့လိုက်ရသော ပုံသဏ္ဌာန်လေးကို မြင်ယောင်ပြီး အားနာကရုဏာစိတ်က ပြန်၍ လှိုက်ဆက်လာသည်။ တခြား သူဌေးသမီးလေးတွေလို၊ ပြည့်စုံသူတွေလို ကြော့ကြော့လေး မနေနိုင်ဘဲ အားလပ်ချိန်မှာ အိမ်အလုပ်ကို လုပ်ရသော ကောင်မလေးကို သူ့ရင်ထဲမှာ ဘာကြောင့် ကြင်နာသနားနေမိပါလိမ့်နော်။

"ခုရော ဖုန်းက ဘယ်ကတွေ့လဲ"

"ခေါင်းအုံးအောက်မှာ"

"ဘာ" "ဒါ"

သူမက ဖြေပြီးတာနှင့် ခဏငြိမ်သွားချိန်မှာ နောက်ဆပ် ထပ်မေးဖို့ မေးခွန်းအစ၊ သူကလည်း "ဘာလုပ်နေလဲ"လို့ မေးဖို့အစ ဘာနဲ့ ဒါသည် ပြိုင်တူထွက်သွားခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောပါ ... ပြောပါ"

"ရပါတယ်၊ ရှင် အရင်ပြောပါ"

"မင်း ပြောပါ။ ဒါ ဆိုတာက ဘာကိုပြောချင်တာလဲ"

"ဒါနဲ့ ရှင် ဖုန်းဆက်တာ ဘာများပါလိမ့်လို့ မေးမလို့"

"ဩော် ... ဘာမှမဟုတ်ပါဘူး။ ဒီလိုပါပဲ၊ ဆက်ချင်စိတ်ပေါ်လာလို့ ဆက်ကြည့်လိုက်တာ"

သူ့စကားကို သူမဘက်က ဘာတုံ့ပြန်ရမှန်း မသိသလို ငြိမ်သွားသည်။ သူ ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲဟု ခွဲခြားစိတ်ဖြာနေတာများလား။ အင်းပေါ့လေ... သူမဆီကို သူ ညဘက် တစ်ခါမှ ဖုန်းမဆက်ဘူးတာကိုး။

"ဒီနေ့ Sunday ဆိုတော့ မင်း အိမ်မှာပဲပေါ့"

သူမဆီက အင်းခနဲ ဖြေသံထွက်လာသည်။ သူက ဆက်မေးမိသည်။

"အိမ်မှာဆိုတော့ အေးဆေး နပ်နေမှာပေါ့၊ ဟုတ်လား"

"အမယ်လေး ... မနပ်ရပါဘူး။ တျာတို့က ဘဝသမားတွေပါ၊ ဒီနေ့ သူတကာတွေ သာယာတဲ့ စူပါဆန်းဒေးဖြစ်ချင်ဖြစ်ပေမယ့် **တေးတျာဏီ**တို့ကတော့ အိမ်မှ ချိုင့်ဆွဲပို့ ကားမောင်းတဲ့ ဒရိုင်ဘာမလာလို့ Part time Driver လုပ်လိုက်ရသေးတယ်"

သူမက အမှန်အတိုင်းပဲ ပြောကာ ဒေါ်ကြီးအုန်းကို ကူညီခဲ့တာကိုတော့ ထည့်မပြောချေ။ ဒါပဲလား ဆိုတော့လည်း





ဒါပဲပေါ့တဲ့။ သူမရဲ့ ဂုဏ်မဖော်တတ်သော စိတ်ထားလေးကို ကျိတ်၍ ချီးကျူးရသည်ကိုတော့ သူမ သိမည်မဟုတ်ပါ။ မိန်းကလေးတစ်ယောက်ကို အလှအပသက်သက်နှင့် အထင်မကြီး ရင်မခုန်တတ်သော သူ့အတွက်တော့ "**တေးတျာဏီ**"ကို သနားကရုဏာသက်ခြင်း၊ ပေါက်တတ်ကရ တလွဲတချော်လုပ်ကာ ပံမများတတ်သော ရိုးသားပွင့်လင်းသူအဖြစ် စိတ်ဝင်စားမိခြင်းသည် ရင်ခုန်သံ၏ မြစ်ဖျားခံရာ ဒေသလားတော့ သေချာမဆန်းစစ်ရသေးချေ။

"New Year ရောက်ဖို့ တစ်ပတ်ပဲ လိုတော့တယ်နော်။ New Year Night အတွက် ဘာအစီအစဉ်ရှိလဲ"

"ရှိပါဘူး"

သူမက အနှစ်နှစ် အလလက ဘာအစီအစဉ်မှ မရှိခဲ့သူလို သွက်သွက်ကြီး ပြန်ဖြေသဖြင့် သူ့မှာ ဟက်ခနဲတောင် ရယ်ရသည်။ အရယ် အပြုံး နည်းလှသော သူ့အတွက် တေးတျာဏီသည် ထူးခြားသော ကောင်းကင်တမန်ရဲ့ လက်ဆောင်ပဲလား မပြောတတ်ပါ။

"New Year ကို ဘယ်မှ မသွားဘူးလား"

"ဘယ်သွားရမှာလဲ"

သူမကပင် အူကြောင်ကြောင် ပြန်မေးနေသဖြင့် သူက ဒီဘက်ကနေ ခေါင်းတယမ်းယမ်းနှင့် ရယ်နေရသည်။ တေးတျာဏီရယ် ... မင်းကိုသာ အနားခေါ်ထားလိုက်ရင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အသက်ရှည်ဖို့ တစ်နေ့ကို ပန်းသီးတစ်လုံး မလိုတော့ဘူး ထင်ပါရဲ့။

"New Year မှာ ပွဲတွေ ရှိတတ်တာပဲဟာ။ ခြံပွဲတွေ၊ စတိတ်ရှိုးပွဲတွေ၊ သူငယ်ချင်းတွေ စုလုပ်တဲ့ ပါတီတွေ စသဖြင့်ပေါ့။ အဲဒါမျိုးတွေ မသွားဘူးလားလို့ ပြောတာ"

"ဟင့်အင်း"

"မင်းမှာ သူငယ်ချင်း အပေါင်းအသင်း မရှိဘူးလား။ အင်း ... မင်းကို သင်တန်းတွေ တက်နေတာသာ တွေ့နေရတယ်။ အပေါင်းအသင်း သူငယ်ချင်းနဲ့လည်း မတွေ့ဘူး"

"သူငယ်ချင်းက အလယ်တန်းထဲက အရမ်းတွဲခဲ့တဲ့ နှစ်ယောက်ပဲရှိတာ၊ တစ်ယောက်က ယောကျ်ားရသွားလို့၊ နောက်တစ်ယောက်ကတော့ မိဘအလုပ်မှာ မလုပ်မနေရဝင်လိုက်ရတော့ စီးပွားရေးလောကထဲ ရောက်သွားတယ်။ ဒါနဲ့ တစ်ယောက်တည်းပဲ တက်ချင်တဲ့ သင်တန်းတွေ ဆက်တက်နေရတာ"

"နေပါဦး ... မင်းက တစ်သက်လုံး သင်တန်းတွေပဲ တက်နေတော့မှာလား။ အလုပ်လေး ဘာလေး လုပ်ဖို့စိတ် မကူးတော့ဘူးလား"

"လုပ်မှာပေါ့။ အခုတက်နေတဲ့ Certificate တစ်ခုရရင်တော့ အလုပ်လေး ဘာလေး နည်းနည်းရှာကြည့်မလားလို့"





"ရှာကြည့်မယ် လုပ်မနေနဲ့လေ။ ရှာကို ရှာသင့်နေပြီ"

"အမယ်လေး ... ရှင်က ဘယ်လိုဖြစ်နေတာလဲ။ ရှင် ရှာကျွေးထားရတာလဲ မဟုတ်ဘဲနဲ့ သူများဘာသာ အေးအေးဆေးဆေး သင်တန်းတက်နေတာကို"

သူမရဲ့ မကျေမနပ် စူပွပွ ရန်တွေ့သံကို သူက အသာပြုံးမိသည်။ ယောကျ်ားလေးတစ်ယောက်အဖို့ မိန်းကလေးတစ်ယောက်က ထိုယောကျ်ားကို ပြုံးနိုင်အောင်၊ ပျော်နိုင်အောင်၊ စိတ်နှလုံး ရွှင်လန်းအောင် လုပ်နိုင်ပြီဆိုလျှင် ဒါဟာ ဒီမိန်းကလေးကို ဘယ်လောက် လိုအပ်လာပြီလဲ၊ ကိုယ့်အတွက် ဘယ်လောက် အရေးပါပြီလဲ ဆိုတာ ဆန်းစစ်ကြည့်သင့်ပြီ ထင်ပါသည်။

"သင်တန်းတက်တာ ဟုတ်ပေမယ့် သင်တန်းလက်မှတ်တွေထက် တကယ့်လုပ်ငန်းခွင် အတွေ့အကြုံက အရေးပါတယ်ကွ"

"ဟင်း ... ဒါက ဒိတ်အောက်နေတဲ့ လုပ်ငန်းရှင်တွေ အတွေးအခေါ်တွေပါ"

"ဘာရယ် ... ဘာပြောတယ်"

"ဟုတ်တယ်လေ ... လုပ်ငန်းအတွေ့အကြုံ ရှိရမယ်တို့၊ ဘာတို့က စာအုပ်ကြီးကိစ္စတွေပါ။ လုပ်ငန်းပါးဝပြီး တခြားသူ့ဌေးတစ်ယောက်ရဲ့ Idea တွေ ပြည့်နေတဲ့ ဝန်ထမ်းမျိုး မလိုချင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွပြီး ရဲရင့်တဲ့၊ idea အသစ်တွေနဲ့ ဝန်ထမ်း
အသစ်တွေပဲ လိုချင်တယ်"

"အောင်မယ်လေး ... ဖြစ်ရသေးတယ်"

"ဖြစ်ရမယ်လေ ... ဟင်း ... ဟင်း"

"ဟုတ်ပါပြီ၊ ထားလိုက်ပါတော့။ ဒါဆိုရင် မင်းကို ဒီနှစ်
New Year လက်ဆောင်တစ်ခု ပေးချင်တယ်"

"ဘာလက်ဆောင်လဲ"

"(......)Hotel မှာ New Year Party ရှိတယ်ကွာ။
Show လည်း ပါတယ်။ အဆိုတော်တွေရော၊ မော်ဒယ်
တွေရောနဲ့ ပျော်စရာ ကောင်းမှာပေါ့၊ အဲဒီ ပါတီကို မင်း
နဲ့ မင်းသူငယ်ချင်းတွေကို ဖိတ်ချင်တာ"

"ဟင် ... တကယ်"

ဟင်ခနဲ ဖြစ်သွားကာ တကယ် ? ဟု ပြန်မေးပုံက
အံ့သြဝမ်းသာသွားဟန်မို့ သူက ကျိတ်ပြုံးရသည်။ ဒီမိန်းကလေး
ကို စိတ်ဝင်စား သဘောကျရသည်မှာ ဒီလို ပွင့်လင်းဖြူစင်ခြင်း
တွေကြောင့်ပဲလေ။ သူမ ပျော်ရွှင်ဝမ်းမြောက်သွားသည်ဆိုလျှင်
သူ စိတ်ချမ်းမြေ့ရသည်။ ကလေးတစ်ယောက်ကို သူ့လိုချင်သော
အရုပ် ဝယ်ပေးလိုက်သလို နှစ်သက်ဝမ်းသာသွားသော လက်
ဆောင်မျိုးမို့ ဒီလို အပြစ်ကင်းသော ပျော်ရွှင်ခြင်းများကို ဆက်
တိုက်ဖန်တီးပေးချင်သည်ဆိုလျှင် ဒါဟာ သမုဒယရဲ့အစပဲ ဖြစ်
ပါမည်။





"သိပ်စိတ်မဝင်စားဘူးနဲ့ တူတယ်"

"ဟင်း ဟင်း ... ရှင်ကလည်း"

"အိုခေ ... ဒါဆိုရင် မင်းတို့အတွက် လက်မှတ်တွေကို
ကိုယ် စီစဉ်ပေးမယ်လေ၊ ဘယ်နှစောင် စီစဉ်ပေးရ
မလဲ"

"အင်း ... ဂီကတော့ လိုက်နိုင်မယ် မထင်ဘူး။ ရေးချယ်လ်
ပဲ လိုက်မှာ။ ကျွန်မနဲ့ဆိုရင် နှစ်စောင်ဆို ရပြီ"

"အိုခေ"

"ကျေးဇူးနော် ... ဟိ ဟိ"

ပြောနေပုံလေးက လိုချင်တာရ၍ ပျော်ရွှင်ဟန်ကို
ဖုံးနိုင် မဖိနိုင် ဖြစ်နေတာမျိုး။ သူမ လွတ်လပ်ပျော်ရွှင်နေပုံကို
ကြည့်၍ သူ့ရဲ့ပျော်ရွှင်ခြင်းတွေ အသက်ဝင်လာသည်ဆိုလျှင်
ယောက်ျားတစ်ယောက် အနေနဲ့ပဲ ရိုးရိုးလေး စဉ်းစားကြည့်၊ စိတ်
ချမ်းမြေ့စရာ ကောင်းလှပေသည်။

"မင်း ပျော်နေတယ်ပေါ့"

"အင်း ... ပျော်တယ်ပေါ့"

"အဲဒီနေ့ကျ ပိုပျော်ရမှာပါ၊ ကဲ ... ဒါဆို ကိုယ် နားတော့
မယ်၊ ဂွတ်ဒ်နိုက်"

"ဂွတ်ဒ်နိုက်ပါရှင်၊ ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သာယာချိုလွင်သော ရယ်သံလေးနှင့်အတူ ဖုန်း
သွားသော ဖုန်းစခရင်ကို သူ ငေးစိုက်ကြည့်ရင်း တေးတျာ
နာမည်လေးကို တစ်ယောက်တည်း ခပ်တိုးတိုး ရွတ်ဆိုကြည့်နေ
မိသည်။

❦ ❦ ❦





(၁၄)

နှစ်သစ်ကူးဖို့ နာရီပိုင်းသာ လိုတော့သည့် အချိန်တွင် သူ ဖိတ်ကြားထားရာ ဟိုတယ်ကြီးသို့ **တေးတျာ**နှင့် ရေးချယ်လ်ရောက်ရှိလာခဲ့ကြလေသည်။ ဟိုတယ်ကြီးက ဒီနှစ်သစ်မှာမှ ဖွင့်ပွဲလုပ်မည့် ဟိုတယ်အသစ်ကြီးဖြစ်ပြီး တစ်ခါမှ မရောက်ဘူးသဖြင့် ကားကို အပေါက်ဝမှာတင် ရပ်ခိုင်းပြီး ဆင်းလျှောက်ဝင်လာကြကာ မီးရောင်စုံဖြင့် ခမ်းနားသော မြင်ကွင်းကို ငေးမောချီးကျူးနေမိကြလေသည်။ သူက **တေးတျာ့**ကို အပြန်လိုက်ပို့မှာမို့ ကားယူမလာခဲ့ဖို့ ပြောထားသဖြင့် **တေးတျာ**နှင့် ရေးချယ်လ်မှာ Taxi နှင့်လာခဲ့ကြလေသည်။

ဟိုတယ်အမိုက်စားကြီးမှာ နှစ်သစ်ကူးညကို ကျော်ဖြတ်ရမည်၊ လူကုံထံတွေ လာနိုင်သောပွဲ ဖြစ်မည်ဟု ခန့်မှန်းမိသော်လည်း **တေးတျာ**သည် သက်တောင့်သက်သာရှိမည့် အဝတ်အစားမျိုးကိုပဲ ဝတ်ဆင်လာလေသည်။ အနီရောင်ကုတ်အတိုနှင့် ဝမ်း

www.burmeseclassic.com



ဆက် အနီနုရောင် ဘောင်းဘီအရှည်မှာ ခါးမှာ အပြားကြီးကြီး ပါလျက် လွန်ခဲ့သော နှစ်,နှစ်ဆယ်ခန့်က ဖက်ရှင်ကို ပြန်လည် ဆန်းသစ်ထားသောပုံစံ ဖြစ်သည်။ ကျောလည်အထိ ထူဖြာဝဲအုံ့နေသော ရွှေနောက်တစ်ညီတည်း ဆံနွယ်တို့ဖြင့် မျက်နှာကိုလည်း မိတ်ကပ်သိပ်မများဘဲ နှုတ်ခမ်းနီရဲရဲလေးသာ ဆိုးထားသော တျာ့ပုံစံမှာ ကိုယ့်ကိုယ်ကိုယ် အဆင်ပြေသည်ဟုတော့ ထင်မိလေသည်။ ကုတ်ရဲ့အောက်ခံအင်္ကျီက အဖြူရောင်မို့ နားဆွဲအဖြူကို ဆွဲလာသော တျာမှာ ကိုယ့်ကိုယ်ကိုယ်တော့ ဖက်ရှင်ကျတယ် ထင်မိလေသည်။

"ဟဲ့ ... မိတျာ ... ဟုတ်မှလဲ လုပ်ဦးနော်"

တျာ့ကို တံတောင်နှင့် တွက်ကာ ပြောသော ရေးချယ်လိကလည်း အနက်ရောင်ဂါဝန်တိုလေးဖြင့် လှပနေလေသည်။

"ဘာ့ကို ဟုတ်မှလုပ်ရမှာလဲ။ ဒီမှာ လက်မှတ်ပါနေတဲ့ဟာ"

"ဒါပေမဲ့ ဒါကြီးက ခမ်းနားလွန်းနေတယ်။ ငါတို့နဲ့ သိတဲ့လူလည်း တစ်ယောက်မှ မရှိဘဲနဲ့"

"ဟဲ့ ... မြင့်မြတ်ခေါင် ရှိတာပဲဟာ"

"အွန်း ... နင့်မြင့်မြတ်ခေါင်က ဘယ်နားမှန်းတောင် မသိသေးဘူး"

"ရှိမှာပေါ့ဟဲ့၊ အဲ ... ပြောရင်းနဲ့ ဖုန်းလာပါပြီ ... ဟင်း"





ဒီမှာတွေ့လား ဟူသော သဘောဖြင့် **တျာက** ဖုန်းကိုထုတ်ပြလိုက်ကာ မေးတစ်ချက်ဆတ်ရင်း ဖွင့်ကိုင်လိုက်သည်။ တျာတို့ လာတာ နောက်ကျသဖြင့် ဆက်တာ ဖြစ်နိုင်ပါသည်။

**"တေးတျာထီ"**

ဖုန်းဖွင့်လိုက်ချင်းပဲ သူ့အသံကြီးက ခပ်ကျယ်ကျယ် ထွက်ပေါ်လာသည်။ သူနဲ့တျာတို့ အတိုင်းအတာတစ်ခုထိ ပွင့်လင်းရင်းနှီးခင်မင်စွာ ပြောဆိုဆက်ဆံနေကြတယ် ဆိုပေမယ့် သူဟာ ခုချိန်ထိ **တျာ့**ကို နာမည်အပြည့်အစုံ **"တေးတျာထီ"**ဟု ခပ်ပြတ်ပြတ် ခေါ်တာကလည်း ထူးခြားမှုတစ်ခုပဲ ဖြစ်လိမ့်မည်။

"အင်း ... ပြော"

"ဘယ်မှာလဲ ... မရောက်သေးဘူးလား"

"ရောက်နေပြီ။ အပြင်မှာ"

"အင်း ... ဝင်လာခဲ့တော့လေ။ အထဲမှာ ကိုယ်ရှိတယ်။ ဝင်ပေါက်နားမှာ မင်းကို စောင့်နေမယ်

"အိုစခေပါ"

"ဒါနဲ့ မင်း ဘာအရောင်ဝတ်ထားလဲ"

"အနီနုပါ"

"ဟမ် ... ဘာရယ်"

"အနီနုလို့ ပြောနေတာ အနီနု"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... ဘာ အနီနုလဲ၊ အဆန်းတွေ မပြောစမ်းပါနဲ့ကွာ"

"ကျွတ် ... အနီရောင်တောက်တောက်ကြီး မဟုတ်တာကို ဆိုလိုတာ"

"အေးပါ ... ပြီးရော ... ပြီးရော ... ဒါပဲ။ ဝင်လာခဲ့တော့"

**တျာ**က ဟင်းခန် နှာခေါင်းရှုံ့ကာ ဖုန်းကိုချလိုက်ပြီး ရေးချယ်လ်ကို သွားစို့ဟု မေးဆတ်ပြကာ အထဲသို့ ဝင်လာခဲ့သည်။

New Year Party က ဟိုတယ်ရဲ့ဆောဘက် ရေကူးကန်အနားမှာ လုပ်တာမို့ အဲဒီနား မရောက်ခင်မှာ Security ကို လက်မှတ်ပြ၊ လုံခြုံရေးအစစ်ခံပြီးမှ ပွဲကျင်းပရာနေရာသို့ လျှောက် ခဲ့ကြသည်။

တွေ့ပါပြီ ကိုယ်တော်ချောကို။ အမြဲတစေ Formal Dress တွေနဲ့ပဲ တွေ့ရသော သူကား ဒီတစ်ခါတော့ **တျာ**နဲ့ ပြောင်းပြန် နို့နှစ်ရောင်ဆွယ်တာ ဂျင်း(န်)ဘောင်းဘီအနက်တို့ဖြင့် ခါတိုင်း နဖူးပေါ်အောင် လှန်ထားသော ဆံပင်တို့က ဒီနေ့ နဖူးပေါ်မှာ ခပ်ဝဲဝဲကျနေသဖြင့် ခါတိုင်းတွေ့နေကျထက် နုပျို လန်းဆန်းနေသည်ဟု ထင်ရလေသည်။ (ဟိ ... အတွေးကိုများ ဖတ်နိုင်ရင် သူ စိတ်ဆိုးဦးမယ်)။

"ကြာလိုက်တာ **တေးတျာဆီ**"

"ဟင် ... ပွဲတောင် မစ,သေးဘဲနဲ့"





"စ,နေပြီလေ။ ဘာလဲ ... မင်းသမီးက ပွဲစပြီးမှ လာမယ် ရည်ရွယ်ထားလို့လား"

"အဟင်း ... **တျာ**တို့က ကြိုရောက်နေရင် ဘယ်သူနဲ့မှ မသိဘဲ ကြောင်တောင်တောင် ဖြစ်နေမှာစိုးလို့။ နည်းနည်း နောက်ကျမှ ထွက်လာတာ။ ဩ် ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ ရေးချယ်လ်တဲ့။ ရေးချယ်လ် ... ဒါ မြင့်မြတ်ခေါင်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

သူက ရေးချယ်လ်ကို နွေးထွေးဖော်ရွေသော အပြုံးတစ်ခုဖြင့် နှုတ်ဆက်သည်။ အရင်ကတော့ မမြင်မတွေ့ခင်ကတော့ ချေမြင့်မြတ်ခေါင်၊ ကိုကြီးကျယ် စသဖြင့် အမျိုးမျိုး စွပ်စွဲသမုတ်ခဲ့သော ရေးချယ်လ်တစ်ယောက်လည်း ခုကျတော့ သဘောထားတွေ ပြောင်းလဲသွားသည်။ ရှိန်သွားသလားတော့ မပြောတတ်။ ဝါးစပ်အဖြသားဖြင့် Nice to meet you တွေ ဘာတွေ ပြန်လုပ်နေသည်။

"မိုက်ဆာပြီလား၊ ဘူဖေးကျွေးတာ စားတော့မလား"

"ရှင် စားပြီးပြီလား"

"မစားရသေးဘူး၊ မင်းကို စောင့်နေတာ"

သူကတော့ ရိုးရိုး ပြောလိုက်တာ ဖြစ်မှာပါပဲ။ ဒါကို ရေးချယ်လ်မက ဟဲဟဲလုပ်နေတော့ သူက **တျာ**ကို ပြုံးစိစိ ကြည့်လာလျှင် ရင်ထဲ တဒိတ်ဒိတ် ဖြစ်ရသည်။ ဒီညမှာ အခါ



www.burmeseclassic.com

www.burmeseclassic.com



များစွာကထက် ရှင်းသန့်လဏ်ဆတ်ကာ ကြည့်ကောင်းချောမောနေသော သူ့ပုံစံကြောင့် သူ့အလစ်မှာ ခိုးခိုးငေးနေရတာကလည်း ဘယ်သူမှ မသိသော **တျာ**ရဲ့ ရှက်စွံ့ခြင်း တစ်ခုပါပဲနော်။

"ဘူဖေးလား။ ကျွန်မကတော့ ဗိုက်ဆာနေပြီ"

"မင်းရော စားတော့မလား တေးတျာထိ"

"အင်း ... စားတာပေါ့"

အစားအသောက်များ ချခင်းထားရာ စားပွဲသို့ သူက ဦးဆောင်ခေါ်ပြီး လျှောက်လာလျှင် နောက်ကနေကပ်၍ လိုက်လာသော တျာနှင့် ရေးချယ်မှာ ကျိတ်ကျိတ် ကျိတ်ကျိတ် တွတ်ထိုးလာကြသည်။ လက်မထောင်ပြကာ သူ့ကို မိုက်တယ်ဟု ပြောချင်သော ရေးချယ်လ်၊ သွား ... လူဆိုး ဒါမျိုးတော့ တတ်တယ်ဟု ပြူးပြဲပြဲပြသော **တျာ**တို့မှာ သူ မသိအောင် နောက်ကနေ တွတ်ထိုးနေမိကြသည်။ သူက ပန်းကန်တစ်ချပ် ကောက်ကိုင်တော့မှ တျာလည်း ပန်းကန်ကို ယောင်နနဖြင့် ကောက်ယူသည်။

"အသား အစုံစားလား"

"လူသားတော့ မစားဘူး ... ဟီး ဟီး"

**တျာ**ရဲ့ အရွှတ်အနောက်စကားကို သူက ရယ်ချင်ဟန်ဖြင့် ငဲ့ကြည့်ကာ ဘာမှတော့ မပြောတော့ပေ။ အစားအသောက်နဲ့တွေ့လျှင် ဘေးနားကလူကို မေ့သွားတတ်သော **တျာ**ရဲ့ရာဇဝင်အရ **တျာ**ကလည်း ချခင်းထားသော အစားအသောက်ဗန်းများ





ကို မြင်သောအခါ သူ့ကိုတောင် ခေတ္တ မေ့သွားရသည်။ ကဲ ... လာစမ်း အပြင်မှာ ဝယ်စားရင် တစ်ယောက်ကို ဒေါ်လာလေးငါးဆယ်လောက်ရှိတယ်ဆိုတဲ့ ဒီဟိုတယ်က ဘူဖေးတွေ။ ခုတော့ မင်း ဘယ်ပြေးမလဲ ငိ ငိ ...။

"မိတျာ ... အစားအသောက်တွေက လန်းလှချည်လား"

"အေး ... အဲဒါကြောင့် ငါ ဒီနေ့ နေ့လယ်စာထမင်းတောင် ကောင်းကောင်းစားလာတာ မဟုတ်ဘူး။ ဗိုက်ကို အလွတ်ထားလာတာ

"ဟာ ဟ ... စားရချည်သေးရဲ့"

နှစ်ယောက်လုံးက အစားသရဲမတွေမို့ ဟင်းဗန်းတွေကို တွေ့သောအခါ မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားကြသည်။ ရေးချယ်လ်က ဂန္ဓလရာဇ်သွေးပါသူမို့ ဝက်သားကို မှိုတွေနှင့် ပေါင်းထားသောဗန်းကိုမြင်လျှင် မနေနိုင်သလို၊ ပုစွန်အစိမ်းသုပ် ခရေဇီဖြစ်သော **တျာ**သည်လည်း ပုစွန်အစိမ်းသုပ်ကို မြင်လျှင် မျက်လုံးတွေက မှေးစင်းသွားပြီး နှုတ်ခမ်းက လေတောင်တစ်ချက် ချွန်လိုက်သေးသည်။ အို ... အို ... မက်ဆီကန်ငါးကြော်။ အရိုးထုတ်ထားသော မက်ဆီကန်ငါးကြော် အပိုင်းတွေထဲမှာလည်း အသားများများပါသော အပိုင်းနှစ်ပိုင်းလောက် ကောက်ထည့်သည်။ မှန်းစမ်း ... ဒါက ဘာလဲ။ ဟာ ဟ ... Sea Food နဲ့ ပဲကြာဆံသုပ်ပေါ့၊ ကဲ ... လာထား အာဘွား။ အင်း ... ဒါလေးကတော့ ယမကာသမားတွေအတွက် အမြည်းသဘောနေ့ာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်မွှကြော်လေးလည်း ကြိုက်တတ်ပါသည်ရှင်။ စားကောင်းမည် ထင်တာတွေ ကောက်ထည့်ပြီး ပန်းကန်ထဲ တော်တော်လျှံလာပြီးမှပဲ ရပ်လိုက်တော့ကာ ဘေးနားကလူကို သတိရတော့သည်။

သူက **တျာ့**ပန်းကန်ထဲက အပြည့်အမောက်ကို ပြုံးစိစိကြည့်ရင်း မကြားတကြား ဆိုလာသည်။

"တန်တယ်ကွာ"

"ဟမ် ? ဘာပြောတာလဲ ?"

"ဩော် ... ဘူဖေးဆိုတာ ဒီလို များများစားနိုင်မှ တန်တာလို့၊ စားသာစားပါ ... ဟင်း ဟင်း"

"အင်းလေ ... ပိုက်ဆံတွေ အများကြီး ပေးထားရတာလေ။ ပြီးတော့ **တျာ**က စားနိုင်သလောက်ပဲ ထည့်တာပါ။ ဒါကုန်မှ ထပ်ထည့်မှာ"

"ဒါကုန်ရင် ထပ်ထည့်ဦးမယ် ! "

"အင်းလေ ... ဘာလို့လဲ။ ဒါတွေက အီတဲ့ဟာတွေမှ မဟုတ်တာ။ ထမင်းကြော်တောင် ထည့်မလာဘူး"

"ဩော် ... အေးပါ ... အင်း ... အင်း ... ဟုတ်ပါပြီ"

သူက ပြုံးစိစိဖြင့် ဘာမှမပြောတော့ချေ။ ကုန်သွားလျှင် ထပ်ယူလို့အောင် စားစရာတွေနဲ့ အနီးဆုံးစားပွဲမှာ ထိုင်တာကိုလည်း သူက သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်။





"ဝိုင်သောက်မလား။ ကော့တေးလ် သောက်မလား၊ ဒါမှမဟုတ် ရှန်ပိန်တို့ ဘာတို့ ကြိုက်လား"

"ရှင်ကရော ဘာသောက်မှာလဲ"

"ကိုယ်က ရှန်ပိန်ပေါ့"

"ဒါဆို တျာလည်း ရှန်ပိန်"

"အိုခေ"

သူက ဝိတ်တာတစ်ယောက်ကို ခေါ်ကာ ရှန်ပိန်ကောင်းကောင်း စပ်ပေးဖို့ မှာကြားနေဆဲ ရေးချယ်လ်က **တျာ့**အနားသို့ ကပ်ကာ ...

"ဟဲ့ ... နင် ရှန်ပိန်သောက်မလို့လား၊ မူးသွားဦးမယ်"

"ဩော် ... နည်းနည်း မူးတော့လည်း ပျော်လို့ကောင်းတာပေါ့ဟယ်"

"ဟင်း ... ငါကတော့ အန်ဖတ်မကျုံးနိုင်ဘူး"

"မကျုံးနဲ့။ သူ ကျုံးလိမ့်မယ်"

"အွန်း ... ကျုံးပါလိမ့်မယ် အားကြီး။ ဟဲ့ ... နင့်လူက မိုက်တော့ မိုက်တယ်နော်၊ သန့်နေတာပဲအေ"

"ဟယ် ... ဘာ ငါ့လူလဲ။ ဟိုက ကြားသွားလို့။ သူက ငါ့ကို ရိုးရိုးခင်တာပါဟယ်"

"အေးလေ... ဆန်းသွားအောင် ညည်းက ပဲလေး ဘာလေး ကျွေးလေ။ ညည်းက ချစ်စရာကောင်းပေမယ့် ဟိုက ရင်ခုန်ချင်စရာ မကောင်းဘူး။ ဘာပဲမှလဲ မရှိဘူး ဟီး ဟီး



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟားနဲ့။ အစားအသောက်လည်း သွားဖြဲနှားဖြဲ စား နေသေး။ ကြိုက်ဦးမယ် ဟိုက”

“အို ... သွားဖြဲနှားဖြဲစားတာကတော့ သူက ရိုးနေလောက်ပြီ။ သူ မကြိုက်တော့ရော ဘာဖြစ်လဲ။ အဲဒါတွေ မလိုပါဘူးဟာ”

“မယုံဘူး ... သူသာ နင့်ကို Propose လုပ်ရင် ငြင်းမှာလား ... ပြော”

အဲဒီမေးခွန်းကိုတော့ ချက်ချင်းမဖြေနိုင်ဘဲ တွေဝေသွားလေသည်။ မိတ်ဆွေတစ်ယောက်နှင့် နှုတ်ဆက်နေသော သူ့ရဲ့ဘေးတိုက်အနေအထားကို ခိုးငေးပြီး တစ်ချက် ပင့်သက်ရှိုက်လိုက်သည်။ ဘယ်လို ပြောရမလဲ၊ သူ့ကို စတွေ့တည်းက သူဟာ ကိုယ့်အပေါ်ကို လွှမ်းမိုးနိုင်သော ယောကျ်ားတစ်ယောက်ဟု သတ်မှတ်ခဲ့ရပြီး သူ့ရဲ့ ခပ်ကျောကျော ပြောတတ်သော အကျင့်တို့ကို ဗွေမယူတတ်ခဲ့သည်မှာ ရင်ထဲက ထူးခြားစိတ်လား မပြောတတ်ပါ။ **တျာ**သည် သူ့ကိုဆို အထင်ကြီးစိတ် ကိန်းအောင်းပြီးသားဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်ကိုကြိုးစားသူ၊ တော်သူ၊ ထက်မြက်သူ ဦးဆောင်နိုင်စွမ်းရှိသော ယောကျ်ားတစ်ယောက်အဖြစ် အထင်ကြီးစိတ်က ကိန်းအောင်းနေလေရာ ဒါဟာ ရင်ခုန်ချစ်ခြင်းနှင့် တခြားဆီ ဆိုပေမယ့်လည်း ဘာမှမဆိုင်ဟု ပြော၍ မရပါ။





သူ့လို ယောကျ်ားတစ်ယောက် အပေါ် အမျိုးအမည် တပ်မရသေးသော ခံစားချက်တစ်ခု ရှိတယ် ဆိုတာတော့ အမှန်ပါပဲနော်။

“အမယ်လေး ... ငြိမ်ကျသွားလိုက်တာ မဖြေနိုင်တော့ဘူး”

“မဖြစ်နိုင်တာမို့ စဉ်းစားမရဘဲ ငြိမ်ကျသွားတာ”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ။ အချစ်ဆိုတာ ဘယ်လောက်ဝေးဝေး ဆုံစည်းနိုင်တဲ့ အစွမ်းရှိတာပဲ”

“အာ ... ဒါပေမဲ့ ငါက သူ ရင်ခုန်မယ့် မိန်းကလေးမျိုး မဟုတ်ပါဘူး၊ ကဲပါဟာ ... ကောင်းကောင်းစားပါ၊ စားတာက ပိုအကျိုးရှိမှာယ်”

**တျာ**နှင့် ရေးချယ်လ်တို့ အစားအသောက်ဘက် အာရုံပြန်ရောက်သွားစဉ်မှာပဲ သူက အနားသို့ ပြန်ရောက်လာသည်။ သူ့နောက်မှာ ပါလာသော ဝိတ်တာက ရှန်ပိန်နှစ်ခွက် လာချပေးလေသည်။ သူက သောက်ကြည့်ပါဦး ဟူသော ဟန်ပန် အမူအရာဖြင့် လက်ညှိုးပြလျှင် **တျာ**သည် ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မသောက်ဘူးသော ရှန်ပိန်ကို အနံ့ခံကြည့်လေရာ အတော်မွှေးပြီး သောက်ချင်စရာအနံ့ဖြစ်ကြောင်း ဦးစွာ သတိပြုမိသည်။ နောက် ... လျှာဖျားလေးနဲ့ ရှိုက်ကြည့်လိုက်လျှင် ...

“အား”



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား ပြုံးစိုက်ကြည့်နေသော သူက မျက်ခုံးပင့် သဘောကျသွားပြီး မေးသည်။

"ဘယ်လိုနေလဲ"

"အရမ်းကောင်းတယ်"

"ဟာ ... ဟ ...။ ကောင်းရင် ထပ်တောင်းလို့ရတယ်"

"မိုက်တယ်နော်။ ရှန်ပိန် ဆိုတာ ဒီလောက်ကောင်းမယ် မထင်ခဲ့ဘူး"

"သွားပြီ ... မိတျာတို့ကတော့ ကြိုက်ပြီဆိုရင် ရှန်ပိန်ကို ကိုလာလို သဘောထားပြီး သောက်နေတော့မှာ"

တကယ်ပဲ **တျာ**က ကြိုက်ပြီဆိုလျှင် ရပ်မရတော့။ ရှန်ပိန်ရယ်၊ Sea Foos ရယ်၊ စားရင်း စားရင်း သောက်ရင်း သောက်ရင်း၊ စကားပြောရင်းနဲ့ တျာ ခန္ဓာကိုယ်အနှံ့မှ ရွှစိ ရွှစိ ဖြစ်လာကြသည်။ ဟိုနားတွန့် ဒီနားတွန့်နှင့် ကျေနပ်မရဖြစ်လာသော တျာသည် ဟိုနား ဒီနားကို မသိမသာ ကုတ်ချင်လာသည်။ ဘေးနားမှာ **"မြင့်မြတ်ခေါင်"**ကလည်း ရင်ခုန်ဖွယ်ရာ အနေအထားနှင့် ရှိနေလေရာ သူ့ရှေ့မှာ ကုတ်နေရမှာကိုလည်း မလိုလား။ မတော် ဘာကုပ်နေတာလဲ မြင်သွားရင် မခက်ပါလား။

"ထပ်ယူချင်သေးလား"

"အင်း ... ထပ်ကုတ်ချင်တာ"

"ဘယ်လို"





သူက နားမလည်သလို ပြန်မေးလျှင် **တျာ**မှာ ခန်းကတန်း ပြန်ဖြေရှင်းရသည်။ ကျွတ် ... ရင်ညွန့်နားဆီက ရွှရွှနှင့် ယားတက်လာတာကို ဘယ်လိုကုတ်ရမှာပါလိမ့်။

"ဩော် ... ကောင်းလွန်းလို့ ပုလင်းလိုက်တောင် ကုတ်ထားချင်တယ် ပြောတာပါ၊ **တျာ**က ရှန်ပိန်မသောက်ဖူးဘူးလေ။ ခုမှ အရသာ လျှာကသိ ဖြစ်နေတာ"

"ဩော် ... အဲလိုလား။ ထပ်ယူမယ်နော်"

"ဟုတ် ... အဟင်း ဟင်း"

သူက ထပ်မှာနေတုန်းမှာပဲ **တျာ**ရဲ့ ရွှစိ ရွှစိ ဖြစ်နေသော ပုံသဏ္ဍာန်ခို ရေးချယ်လ်က မသက်သာဟန်ဖြင့် လက်ကုတ်ဘာ မေးဆတ်ပြီး မေးသည်။

"ကျွတ် ... ငါ သန့်စင်ခန်း သွားမှ ဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ၊ ငါလည်း လိုက်မယ်"

**တျာ**တို့နှစ်ယောက်မှာ သူများတွေလို အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် မရှိနိုင်ဘဲ ကိုယ့်ပြဿနာနဲ့ကိုယ် သန့်စင်ခန်းသို့ ပြေးခဲ့ကြသည်။ သန့်စင်ခန်းသို့ ရောက်မှပင် အခန်းထဲဝင်ကာ ယားယံနေသော နေရာများသို့ ဟိုဟိုဒီဒီကုတ်ရလေသည်။ လက်တွေမှာ နီနီရဲရဲ အဖုအဖိန့်တွ ထလာတာကို ကြည့်ရင်း မျက်လုံးပြူးသွားသည်။ လည်ပင်းကယား၊ ဩော် ... ယားတဲ့ဒုက္ခ တော်တော်ဆိုးပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင့် ဘာဖြစ်တာလဲ။ ဟယ် ... လည်ပင်းရော
မျက်နှာတွေရော အင်ပြင်လို ဘုတွေ နီရဲရဲ အပြားလို
တွေ ဖြစ်နေတာပါလား။ ဟင် ... နင် ကုတ်ထားတာ
ကြည့်ဦး။ လည်ပင်းမှာ အစင်းကြောင်းကြီး ထနေပြီ ...
ကြောင်ကုတ်ထားတာ ကျနေတာပဲဟယ်"

ရေးချယ်လိုက **တျာ** စိတ်အားတက်ကြွအောင် အားပေးစကား ပြောကြားလေသည်။ မှန်ထဲမှာ ပေါ်နေသော ကိုယ့်ပုံကိုယ် မြင်လျှင် **တျာ** မျက်လုံးပြူးသွားသည်။ Allerg ဖြစ်တာ သေချာပါပြီ။ ဘာတွေ စားမိလို့ ဒီလို ဖြစ်တာပါလိမ့် **တျာ**သည် မစဉ်းစားတတ်အောင် ဖြစ်ရသော်လည်း မကုတ်တင် တော့ မရှိရလေရာ ယားလေ ကုတ်လေ၊ ကုတ်လေ ယားလေနှင့် အကုတ်သဘင် စတင်လေသည်။

"ကျွတ် ... ဘာဖြစ်တာပါလိမ့်၊ ငါ ... ငါ ဘာတွေစား
မိလို့ပါလိမ့်"

"ဟင် ... နင်စားတာတွေက အများကြီးပဲဟာ"

"ကျွတ် ... ဘယ်လိုလုပ်မလဲဟယ်၊ စိတ်ညစ်လိုက်တာ"

"စိတ်ညစ်မနေနဲ့၊ နင် ရှန်ပိန်နဲ့ မတည့်လို့ နေမှာပေါ့
နင် သုံးလေးခွက် သောက်ပြီးတော့"

"အေးဟယ် ... လူကလည်း နည်းနည်းမူးချင်လာသလိုပဲ"

"နင် ဆိုတာလည်းနော်။ မစားဘူး မသောက်ဘူးတာ
ကျနေတာပဲ၊ တော်တန်ရုံ အလိုမသောက်ဘူး။ ကိုယ်နဲ့





တည့်မှန်းမသိ မတည့်မှန်းသိ ခုကျတော့ ဘယ်လိုလုပ်မ
လဲ"

"မသိတော့ပါဘူးဟယ်၊ ငါ့ဟာတွေက တဖြည်းဖြည်းဆိုး
လာပြီနော်၊ စိတ်ညစ်လိုက်တာ၊ ဒီလိုပုံစံနဲ့ ဘယ်လိုပြန်
သွားမလဲ"

"ဖြစ်ရမယ်။ မိတျာတို့ကတော့ New Year မှာ ပြောမတတ်
တွင်အောင် လုပ်တော့မယ်၊ ကဲ ... ဒီမှာ ဒီလိုရပ်နေလို့
တော့ ဘယ်ဖြစ်မလဲ၊ လာ ... အပြင်ထွက်ရအောင်"

"စိတ်ညစ်လိုက်တာဟယ်၊ ဒုက္ခပါပဲ"

ဒီတစ်ခါတော့ တျာက ကိုယ့်အလွဲအတွက် တကယ် စိတ်ပျက်လက်ပျက် ဖြစ်မိလေသည်။ ခါတိုင်း လွဲတာတွေက မရှိပေမယ့် ဒီ New Year ညလေးကိုတော့ ဘာအလွဲမှမရှိ လှပသာယာစွာ ကျော်ဖြတ်သွားချင်တဲ့ ဆန္ဒလေး ပျောက် ရတော့မှာလား မသိပါ။ ဘောင်းဘီအရှည်၊ ကုတ်လက်ရှည် လာလို့သာ တော်တော့ပေမယ့် မျက်နှာနှင့် လည်ပင်း၊ လက် က အလားဂျစ်တွေက ရဲပဒေါင်းတွေ ထနေသည်။

"ဘယ်လိုလုပ်ရမလဲဟယ်။ ဒီပုံအတိုင်းဆို ငါ ပြန်မှဖြစ်မယ်
ထင်တယ်၊ ယားလိုက်တာဟာ ... ကျွတ်"

"ဟယ် ... နင်ကလည်း အလာကြီး လာပြီးမှ နှမြောစရာ
ဟာ"

"စိတ်ညစ်တယ် ... အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဆီ ပြန်ရောက်လာတော့ တျာက တွန့်ဆု
တွန့်ဆုတ် မဟုတ်ဘဲ တွန့်ကုတ် တွန့်ကုတ် ဖြစ်နေရလေသည်
သူကတော့ ဘာမှမသိသေးချေ။ ခဏကြာရင်တော့ ငြိမ်သ
တွန့်ကုတ်နေသည့် **တျာ့**ပုံစံကို သတိထားမိဟန်ဖြင့် မေး
သည်။

"**တေးတျာဇာ** ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

**တျာ**က ကိုယ့်မျက်နှာကို မမြင်ရအောင် ခေါင်
စောင်းထားကာ ကိုယ်ကိုပါ လိမ်ထားသောကြောင့် မျက်နှာ
အလာ့ဂျစ်တွေကို သူ မမြင်ရသေးချေ။ မနေနိုင်သော ရေးချယ်
မကပဲ ဖော်ကောင်ထလုပ်ပစ်လိုက်တော့သည်။

"သူ ရှန်ပိန်နဲ့ မတည့်တာလား ဘာနဲ့ ဘယ်လိုဖြစ်သွာ
လဲတော့ မသိဘူး။ အလာ့ဂျစ်တွေ ဖြစ်နေတယ် ကိုမြ
မြတ်ခေါင်"

"ဟင် … ဟုတ်လား။ ပြပါဦး **တေးတျာဇာ**"

"အာ … မပြချင်ပါဘူး"

"ဘယ်လို ဖြစ်ရတာလဲဆိုတာ ပြကြည့်မှ သိမှာပေါ့"

"

"မမြင်ရလည်း သိရရင် ပြီးတာပဲ၊ အား … ကျွတ်စ

နောက်ကျောက ယားလာသဖြင့် တွန့်ခနဲ ဖြစ်
ကုတ်တော့မည့် တျာ့ပုံစံကို ရေးချယ်လ်က ခစ်ခနဲ ရယ်သ
လည်း သူက မရယ်ဘဲ တျာ့အနားသို့ ရောက်လာကာ ဝဲဖြ





နေသော ဆံပင်ကို ရုတ်တရက် ဖယ်ပြီးကြည့်လိုက်လျှင် တျာ
ကလည်း ဖျတ်ခနဲ မော့်အကြည့် သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွား
ရာမှ သုံးစက္ကန့်လောက်ကြာတွင် သတိဝင်လာပြီး **တျာ**က
အာခနဲ အော်ရင်း မျက်နှာကို လက်နှစ်ဖက်နှင့် ကွယ်အုပ်ပစ်
လိုက်လေသည်။ ဒီတော့မှ သူက တဟားဟား ရယ်သည်။

"ဟား … ဟား … **တေးတျာဇာ** … မင်းကတော့ တစ်ခုခု
**တော့** ဖြစ်လိုက်ရမှနော်၊ အင်း … ဘယ်လိုလုပ်မလဲ …
အလာ့ဂျစ်တွေ ပျောက်အောင် ဆေးသောက်လေ၊ ဆေးက
ချက်ချင်း သောက်လို့မရသေးဘူး ထင်တယ်နော်၊ မင်း
ရှန်ပိန်တွေလည်း သောက်ထားတာ ဆိုတော့"

"မသိတတ်တော့ပါဘူး … စိတ်ညစ်လိုက်တာ"

တျာက မျက်နှာကို ကွယ်ဝှက်ရင်း စိတ်ပျက်လက်
ပျက် ဆိုလိုက်လျှင် သူ တျာ့ကို သနားကြင်နာသလို ငေးကြည့်နေတာ
တွေ့ရသည်။ ရေးချယ်လ်မကတော့ … ကမ္ဘာမြေပေါ် မင်းဆံနွယ်
တွေ … လွှမ်းခြုံထားမှာလားကွာ ဟူသော သီချင်းကို အားအပြည့်
နှင့် သီဆိုနေသော R ဓာနည်းကို ငေးကောင်းနေဆဲ။

"အရမ်းနေရခက်နေလား … အိမ်ပြန်ချင်လို့လား"

"အင်း … ပြန်ရင် ကောင်းမလားမသိဘူး"

"ဟယ် … ပြန်တော့မလို့လား … **တျာ**ကလည်း"

"ဟင် … နင်ကတစ်မျိုး"



www.burmeseclassic.com

ရေးချယ်လ်က အဆိုတော်တွေ၊ မော်ဒယ်တွေ စုလင်လှသော စင်မြင့်ဘက် အာရုံရောက်နေသည်မို့ သူငယ်ချင်းကိုလည်း အခေါ်ကြီးခေါ်လာပြီးမှ အားနာသောကြောင့် ထပ်မပြောတော့ချေ။ ဒါပေမဲ့ စားပွဲဝိုင်းမှာ ထိုင်ရတာ မွန်းကျပ်လာသလို ခံစားရ၍ **တျာ**က ခဏလောက် လမ်းလျှောက်လိုက်ဦးမယ်ဟု ဆိုကာ ထွက်လာခဲ့သည်။

**တျာ** တစ်ယောက်တည်း ပွဲနဲ့ခပ်ဝေးဝေးမှာနေရင်း ယားတာကို ကုတ်လိုက်၊ စိတ်ပြေလက်ပျောက်ဖြစ်အောင် facebook သုံးလိုက်ဖြင့် ဟိုဟိုဒီဒီ စိတ်ကူးပေါက်ရာ လျှောက်လုပ်နေရင်းမှ ပျင်းလာလေသည်။ ပြီးတော့ အနားမှာ ဘယ်သူမှ မရှိတာကိုလည်း ဝမ်းနည်းလာသည်။ ရေးချယ်လ်က သူ့အာရုံနဲ့သူ ပြဿနာမရှိပေမယ့် တျာထွက်လာစဉ်က လှည့်ကြည့်ခဲ့သောအခါ မြင့်မြတ်ခေါင်တစ်ယောက် ခပ်ချောချောကောင်မလေးတစ်ယောက်နဲ့ စကားပြောနေတာကို မြင်ခဲ့ရသေးသည်။ သူဟာ ကိုယ့်ကို စိတ်ဝင်စားနိုင်လောက်တဲ့ အနေအထားမျိုး မဟုတ်ဘူးဆိုတာ သိနေပေမယ့်လည်း သူ့ကို သူတို့အသိုင်းအဝိုင်းက လှတပတ အဆင့်အတန်းမြင့်ကောင်မလေးတွေနဲ့ ပြုံးရယ်မောနေတာကို တွေ့ရသည့်အခါ ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ့်ဘာသာ နားမလည်နိုင်ချေ။

ဝမ်းနည်းတာလား၊ ကြေကွဲတာလား၊ သိမ်ငယ်တာလား မသိဘဲ တျာ့ရင်ထဲမှာ မကောင်းလှတာတော့ အမှန်ပါပေ။ သူ **တျာ**ကို ခင်မင်တာ သဘောကောင်းတာကို ခံစားမိသော်လည်း





ဒါဟာ အမှတ်မထင် တွေ့ဆုံခဲ့တဲ့ ခပ်ပျာပျာ ခပ်လွဲလွဲ ကောင်မလေးတစ်ယောက်ကို ဂျူကာတစ်ကောင်လို ထူးဆန်းအံ့ဩစိတ်နဲ့သာ ခင်မင်နေမိတာနေမှာပါလေ။ အတွေးနှင့်အတူ လမ်းလျှောက်ထွက်လာသော **တျာ**ဟာ ဟိုတယ်အပြင်ဘက် ဘယ်လိုတောင်ရောက်လာလဲမသိ။ တချွတ်ချွတ်နှင့် ဘေးက ကားက ယောကျ်ားလေးသုံးယောက်က ကားကို ဘီးလိမ့်ရုံမောင်းရင်း ခေါ်တာကြားနေမှ မော့ကြည့်ဖို့ သတိဝင်တော့သည်။

"ဟေ့ xxx အနီရောင်လေးက xxx ဘယ်သူလဲ xxx ဘယ်ကလဲ"

"ဟား ... ဟား ... ကောင်မလေးက xxx ဘယ်သူလဲ xxx ဘယ်ကများလဲ ..."

သီချင်းဆိုသလိုနှင့် ရီသွဲ့ပြောင်လှောင်နေကြသော ကောင်လေးများကို ခပ်တင်းတင်း တစ်ချက်ပြန်ကြည့်ရင်း နောက်သို့ ပြန်လှည့်ရမည့်အစား **တျာ**က ရှေ့သို့ လျှောက်လာခဲ့သည်။ကား ဘ ရပ်လိုက်တော့ရင် မောင်းတဲ့ ကောင်လေးက ဆင်းလာလေသည်။ အနားရောက်တာနှင့် သူ့ဆီက **တျာ** ရလိုက်သည်မှာ ထောင်းခနဲ နေသော အရက်နံ့ပါပဲ။ စိတ်လှုပ်ရှားလျှင် ပို၍ ယောင်မှားတတ်သော ထုံးစံအတိုင်း ဟိုတယ်ဘက်ကို ပြန်လှည့်ရမည့်ခြေလှမ်းများမှာ ရှေ့သို့သာ ခပ်သုတ်သုတ် ဦးတည်သွားသည်။ ကျွတ်... စိတ်လှုပ်ရှား ကြောက်လန့်တကြား ဖြစ်လို့လားမသိ ခုနက

www.burmeseclassic.com



သက်သာသလိုဖြစ်သွားသော အလာ့ဂျစ်ပင်လျှင် ပြန်ထလာကာ ယားသလိုဖြစ် လာသည်။

လည်ပင်းနားကယားသဖြင့် ကုတ်ရင်း လီမ်ဖယ်ဖယ် လမ်းလျှောက်သောပုံစံဟာ သကောင်းသားတို့ကို အထာပေးတဲ့ ဒီဇိုင်းဖြစ်သွားလားတော့ မပြောတတ်။ ဂျစ်ကန်ကန် ဆောင့်ကြွား ကြွားဒီဇိုင်းနှင့် အီမိုလိုလို ပန့်လိုလို ကောင်လေးက တျာ့အနားသို့ ပို၍ ကပ်လာသည်။

"ဟေး ... တစ်ယောက်တည်း ဘယ်သွားမှာလဲ၊ တက်ဆီ ငှားမလို့လား၊ မငှားပါနဲ့ ဘယ်သွားချင်လဲ ကိုယ် လိုက်ပို့ ပေးမယ်"

"ဘယ်မှမသွားဘူး၊ ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြပါ"

"ဟက် ... ဟက် ... ကိုယ့်လမ်းကိုယ်သွားတဲ့၊ ကိုယ့်လမ်း က မင်းရဲ့လမ်းပေါ့ကွာ၊ မင်း ဘယ်လမ်းသွားသွား xxx မင်းနောက်က လိုက်လို့နေမယ် xxx မင်း ကမ္ဘာ့အဆုံးသွား လဲ xxx လှည့်မကြည့်နဲ့ xxx နောက်ကပါမယ် ရေး ... ရှူး ..."

"ဟာ ... ကောင်းတယ်ဟေ့"

"ဘူး ထွား ထွား ... ရေး ... ဟေး ဟေး"

အမူးသမားက သီချင်းထဆိုလျှင် ကျန်တဲ့လူတွေ ကလည်း အသံသေးအသံကြောင်ဖြင့် ဝူးဝူးဝါးဝါးတွေ ထအော် ကြလေသည်။ တျာသည် စိတ်ရှုပ်လွန်းသဖြင့် မျက်နှာက ရှုပ်



လာသည်။ ခုမှ သတိက ဖျတ်ခနဲဝင်လာပြီး ဟိုတယ်ဘက်သို့ မြန်မြန်ပြေးဖို့ ချာခနဲအလှည့်၊ အမူးသမားက ဒါမျိုးကျတော့ လျင် မြန်ဖျတ်လတ်စွာဖြင့် တားသည်။

"ဟိုး ... ဘယ်ပြေးမလို့လဲကွ နေပါဦး၊ အေးဆေးပေါ့"

"မင်း ဘယ်ပြေးမလဲ မိရွှေသဲ xxx မင်း ဘယ်ပြေးမလဲ မိရွှေသဲ ... ဟား ... ဟား"

"ကျွတ် ... ရှင်တို့တွေ ဘယ်လိုဖြစ်နေကြတာလဲ၊ လာမနှောင့် ယှက်ကြပါနဲ့၊ ဒီမှာ ကျွန်မက မိကောင်းဖခင် သားသမီးပါ၊ ကိုယ့်ဘာသာ လမ်းလျှောက်ချင်လို့ လျှောက်နေတာ လာ မနှောင့်ယှက်ကြပါနဲ့"

စိတ်တိုလာသဖြင့် **တျာက** ခပ်ဆောင့်ဆောင့် အော် မိလျှင် ထိုလူတွေထဲမှ ပေါာခနဲ အသံတွေ ညံထွက်လာသည်။

"ဟာ ... အော်တယ်ဟ၊ အော်တယ်"

"ဒီမှာ တင်းတယ် xxx တင်းတယ် xxx တင်းတယ် တင်းတယ်ဟေ့"

"ကျွတ် ... သောက်ရူးတွေ"

တျာက ခပ်တိုးတိုးဆဲပြီး ဆက်ထွက်ဖို့ လုပ်တုန်းမှာ ပဲ အမူးသမားက ထပ်ပြီးတား၊ ထိုအချိန်မှာပဲ တျာ့နားထဲသို့ အသံတစ်ခုက ဝင်လာသည်။

**"တေးတျာထီ"**

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစိတ်နှင့် လှမ်းကြည့်လိုက်လျှင် မျက်မှောင်ကြုတ်ကာ ခါးထောက်ပြီး ရပ်ကြည့်နေသော မြင့်မြတ်ခေါင်ကို တွေ့လိုက်ရသည်။ ဖျတ်ခနဲ ဝမ်းသာသွားသောစိတ်က လူကို ချက်ချင်း လွတ်လပ်ပေါ့ပါးသွားစေကာ သူ့ကို တွေ့လိုက်ရသဖြင့် ပျော်သွားရသည်ဆိုလျှင် '**တျာ့**' စိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ရိပ်မိတန်ကောင်းရဲ့နော်။

"မင်း ဘာဖြစ်နေတာလဲ"

"ဟို ... ဟိုဒင်း ..."

"ကျွတ် ... မြန်မြန် ဒီကိုလာခဲ့"

ဆရာက တပည့်ကို ခေါ်ပြီး ခေါ်သလိုပုံစံမျိုးနဲ့ ခေါ်သော်လည်း တျာ့မှာ မနာမိဘဲ သူ့ဆီ ပြေးဖို့ကြိုးစားသည်။ သူကပဲ အရှိန်အဝါရှိတာလား၊ တျာတို့ပုံစံက တကယ်ပဲ တစ်ခုခု ပတ်သက်သည့်သဏ္ဍာန်ပေါက်နေသလားတော့ မပြောတတ်။ အမူးသမားအုပ်စုမှာ အထူးတလည် ပြဿနာထပ်ရှာတာမျိုး မလုပ်တော့ဘဲ ဝူးဝူးဝါးဝါးတွေသာ အော်ဟစ်ပြီး ကျန်ခဲ့သည်။ သူ့အနားသို့ ရောက်လာသော တျာ့ကို ရုတ်တရက် လက်ကို ဆောင့်ဆွဲပြီး ခေါ်သွားပုံမှာ အကြမ်းပတမ်း ဆန်လှသဖြင့် အံ့ဩအငိုက်မိပြီး ပါသွားလေသည်။

ဟိုတယ်ဧရိယာထဲ ရောက်လာတော့မှ လက်ကောက်ဝတ်က နာလာတာရော၊ သူ့ဒေါသရောကြောင့် တျာက လက်ကို ဆောင့်ရုန်းမိရင်း အော်မိသည်။





"လွှတ်ပါဦး၊ ဘာလို့ ဒီလောက် ဆွဲခေါ်နေရတာလဲ"

"ကျွတ် ... မင်း အဲဒါ ဘာလုပ်နေတာလဲ"

ဟင် ... ဘာဖြစ်တာပါလိမ့်။ တျာက သူ့ကို နားမလည်သလို ငေးကြောင်ကြည့်မိသည်။ သူ စိတ်တိုစိတ်ရှုပ်တာကို မြင်ဖူးပေမယ့် ဒီလို ဒေါသရောင်သင့်နေသော မျက်နှာမျိုးကိုတော့ တစ်ခါမှ မတွေ့ဘူးချေ။ ဒါကြောင့် နားမလည်ခြင်းများစွာဖြင့် သူ့ကို ထစ်အ ထစ်အ ပြန်မေးမိသည်။

"ဘ ... ဘာလုပ်နေလို့လဲ"

"ကျွတ် ... ခဏဆိုပြီး ထွက်သွားတာလေ၊ ပြီးတော့ ဘာလို့ ဟိုတယ်အပြင်ကို ရောက်နေရတာလဲ၊ ဟိုကောင်တွေကရော ဘယ်သူလဲ"

"ဘယ်သိမလဲလို့"

"မင်းကွာ ... ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာရော သတိရစမ်းပါဦး၊ အဲလို စိတ်ထင်ရာ လျှောက်သွားနေလို့ ဖြစ်မလား၊ လေကောင်းလေသန့်ရချင်တယ်ဆိုလည်း ဟိုတယ်ထဲမှာ ကျယ်ကျယ်လွင့်လွင့် လျှောက်လို့ရသားပဲ ... ဘာကိစ္စ အပြင်ကို ချော်တောငေါ့ရတာလဲ"

"ဟို ... ဒီလိုပဲ ဘယ်လိုရောက်သွားမှန်းမသိ"

"တော်စမ်းပါ၊ မင်းက ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဒါ ဘယ်လောက် အန္တရာယ်များတယ်မှတ်လဲ၊ ဒီလိုမျိုး လျှောက်သွားနေတာ မင်းကို ဘယ်သူက မိန်းမကောင်းလို့ထင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့"

တျာက သူ့အသံကို လွှမ်းအောင် ဖြတ်ချပြီး အော်လိုက်လျှင် သူက ကြောင်ပြီးရပ်သွားသည်။ တျာ့မှာတော့ မျက်ရည်တွေ အလိမ့်သား ပိုးပိုးပေါက်ပေါက် စီးဆင်းလာလေသည်။ တကယ်ပါပဲ သူ ကိုယ့်အပေါ်မှာ မျက်နှာသာမပေးဘူး၊ ပြောချင်ဆိုချင် ဆရာကြီးလုပ်ချင်တယ် ဆိုပေမယ့်လည်း သူဟာ ကိုယ့်ထက် အများကြီးတော်တဲ့ ယောကျ်ားတစ်ယောက်မို့၊ ကိုယ်ကလည်း သူ့ကို ထိခိုက်မိအောင် လုပ်ထားသူမို့ သူ့အပြောအဆိုတွေကို တော်တန်ရုံ သည်းခံခဲ့ပေမယ့် ဒီတစ်ခါတော့ တျာ အရမ်းပဲ ဝမ်းနည်းရလေသည်။

"ဒီလောက် ပြောရရင် ကျေနပ်ပါတော့၊ ဆက်ပြောမယ့် စကားတွေအတွက် ကျွန်မ မခံစားနိုင်တော့ဘူး"

တျာက စီးကျလာသော မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း ချာခနဲ လှည့်ထွက်လာခဲ့သည်။ တော်ပြီလေ။ စိတ်မချမ်းသာရသော ပတ်ဝန်းကျင်မှာတော့ စိတ်ဒုက္ခခံပြီး ဆက်လက်မနေချင်တော့။ ရေးချယ်လ်ကို ခေါ်ကာ ပြန်တော့မည်။ လှည့်ထွက်လာသော တျာ့ရဲ့လက်ကို တစ်စုံတစ်ယောက်က နောက်က ဖမ်းဆွဲသလိုမို့ လှည့်ကြည့်လိုက်လျှင် တျာ့ကို စိုက်ကြည့်နေသော သူ့မျက်ဝန်းများကို တွေ့ရသည်။ တျာက ဝမ်းနည်းနာကျင်စိတ်ဖြင့် သူ့လက်ထဲမှ ဆောင့်ရုန်းမိသော်လည်း သူက မလွှတ်ဘဲ မြဲမြဲစွာ ဆုပ်ကိုင်ထားလေသည်။





မျက်နှာထားကလည်း ခုထိ ခပ်တင်းတင်းပေမို့ တျာ့ရင်ထဲတွင် ဝမ်းနည်းစိတ်နှင့်အတူ ခံပြင်းစိတ်ကပါ လှိုက်တက်လာသည်။

"ရှင် ဘာလုပ်တာလဲ လွှတ်စမ်းပါ"

"မလွှတ်ဘူး၊ မင်းက ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ"

"ဘာရယ်"

မျက်ရည်ကျတာသည်ပင်လျှင် နောက်ထပ် အပြစ်တစ်ခုဖြစ်ရလားဟု တျာက သူ့ကို နားမလည်ခြင်းများစွာဖြင့် ငေးကြောင်ပြန်ကြည့်ရင်းမှ ဝမ်းနည်းလာလေသည်။ ဝမ်းနည်းစိတ်နှင့်အတူ ဒေါသကပါ ထွက်လာပြီး သူ့ကို ပြန်အော်ပစ်လိုက်သည်။

"ကျွန်မမျက်လုံးနဲ့ ကိုယ့်မျက်ရည်ကိုယ်ကျတာကိုပဲ ရှင့်ဆီက ခွင့်တောင်းပြီးမှ ကျရမှာလား"

"ဘာပြောတယ်"

"ရှင် ကြားတဲ့အတိုင်းပဲ"

"မင်းကွာ ... မင်းကများ ငါ့ကို ပြန်အော်တယ် ဟုတ်ဲလား၊ စေတနာနဲ့ပြောတာကိုတောင် နားမလည်တဲ့ မိန်းမပဲ"

"ဘာရယ် ... စေတနာကို နားမလည်တဲ့မိန်းမ ... ဟုတ်လား ! ... ဟား ... အမယ်လေး ... အမယ်လေး"

တျာသည် မျက်ရည်ကြားမှ ထွက်ပြူလာသော ဒေါသဖြင့် ပါးစပ်ကို အဟောင်းသားဖွင့်ကာ ကိုယ့်မျက်နှာကိုယ် သက်ဝါးနှင့် ယပ်ပြန်ခတ်ရင်း စိတ်လျှော့နေရသည်။ မိန်းကလေးတစ်ယောက်၏ စိတ်ကို နားမလည်တာလား၊ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အတ္တကပဲ ကြီးလွန်းနေတာလားတော့ မပြောတတ်ဘဲ ခုချိန်ထိ **တျာ့**အပေါ်မှာ သူ့ဒေါသာအရောင် မလျော့သေးတာကိုလည်း အံ့အားသင့်ရလေသည်။ **တျာ**က သူ ငေးနေတာကို အခွင့်ကောင်း ယူပြီး တျာက သူ့လက်မှ ဆောင့်ရုန်းကာအထွက် လူခန္ဓာကိုယ် ကိုပါလည်ပြီး ထွက်ရသည်မို့ **တျာ** စီးထားသော ဒေါက်ဖိနပ်မှာ ခြေဖျားထောက် အားမပါဘဲ နောက်က ဒေါက်နဲ့တင် လည်သွား ပြီး နောက်ပြန်လန်လဲမလိုဖြစ်သည့် တျာ့ကို သူကပဲ လျှပ်တစ်ပြက် ပြန်ဖမ်းထိန်းပေးကာ ဆွဲဖမ်းလိုက်လျှင် သူ့ရင်ခွင်ထဲသို့ အလိုက် သင့် နစ်မြုပ်သွားသည့် တစ်ခဏ ...

ထိုတစ်ခဏ အတွင်းမှာပင် ...

"ရှိ ... ဒိုင်း ... ဒိုင်း ... ဖြောင်း ဖြောင်း ဖြောင်း ..."

"Five four three two one ... Happy New Year"

Count Down ရေတွက်သံအဆုံး Happy New Year ဟု အားလုံးက တစ်ပြိုင်နက် အကျယ်ကြီးအော်ချိန် နောက် မီးရှူးမီးပန်းများ တဒိုင်းဒိုင်းပစ်ဖောက်သံများ အားလုံး ဆူညံစွာ လူတွေအားလုံး နှစ်သစ်ကို ကြိုဆိုကြချိန်ဝယ် တျာ သည် သူ့ရင်ခွင်ထဲမှာပင် နှစ်သစ်ကို ကြိုသည့်အလား ဖြစ်သွား သည်။ ရုန်းထွက်သော်လည်း ရုန်းထွက်ခွင့်မရအောင် တင်းကျပ်စွာ ဖက်ထားသည့် သူ့လက်တွေအောက်မှာ ဒီလောက်ဆူညံနေသည့် ကြားမှ သူ့စကားသံတစ်ခုကို အနီးဆုံးနှလုံးသားဖြင့် ကြားဖြစ် အောင်ကြားလိုက်သေးသည်။





"မျက်ရည်မကျနဲ့ **တေးတျာထီ**၊ ဒီလို ပြောတာတွေဟာ ချစ်လို့ပြောတာမှတ်"

ဘာစကားမှ ပြန်မဆိုနိုင်အောင်ပင် နောက်တာလား၊ အတည်လား ဝေခွဲမရစွာ ပြောလိုက်သော သူ့အသံအဆုံးတွင် တျာ့ ဒူးများ ညွတ်ကျမသွားအောင် မနည်းထိန်းထားသည့်ကြားမှ ညွတ်ကျသွားသဖြင့် သူကပဲ ထပ်ထိန်းပေးရပြန်သည်။ ကျေးဇူးပြု၍ ဒီလို စကားမျိုးနဲ့တော့ မနောက်သင့်ဘူး ထင်ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

နှစ်သစ်တစ်ခုသို့ မကူးပြောင်းခင် အခိုက်အတန့်မှာ လူတော်တော်များများအဖို့ နှစ်သစ် Planတွေ၊ နှစ်သစ် မျှော်လင့်ချက်တွေနှင့် ပြည့်နှက်တောက်ပနေမည်ဖြစ်သော်လည်း မမျှော်လင့်ထားသော ချစ်ခြင်းတစ်ခု သို့မဟုတ် ချစ်သူတစ်ယောက်ကို ရုတ်တရက် ကောက်ရသလို ဖြစ်ဖို့ဆိုတာတော့ ဘယ်သူမှ မျှော်လင့်ထားမည် မထင်ပါချေ။

သူသည်လည်း တေးတျာဏီကို သံယောဇဉ်အရိပ်အငွေ့များ ရစ်သိုင်းလွှမ်းခြုံထားခဲ့ပေမယ့် တစ်ချိန်ချိန်တွင် ချစ်ခွင့်ပန်မိမလားဆိုတာ မရေရာ။ ဒါပေမဲ့ သူမကို စိတ်တိုစရာ တွေ့လိုက်ရမိပြီး သူ့ကြောင့်လည်း သူမ စိတ်ထိခိုက်ဝမ်းနည်း မျက်ရည်ကျတာကို တွေ့လိုက်ရသောအခါ နောက်တစ်ခုကလည်း





မရဲ့ နမော်နမဲ့အကျင့်ကြောင့် နောက်ပြန်လဲမလိုဖြစ်ပြီး သူ့ရင်ငင်ထဲ ရောက်လာတဲ့အချိန်မှာ ... အနီးကပ်မြင်လိုက်ရသော လက်တောက်ပနေသည့် မျက်ဝန်းများ၊ တဆတ်ဆတ်တုန်ယင်နေသည့် အနီးကပ်တွေ့မြင်နေရသော နှုတ်ခမ်းတစ်စုံ၊ နူးညံ့နွေးထွေးသော ခန္ဓာကိုယ်ရဲ့အထိအတွေ့ စတာတွေဟာ သူ့ရင်ထဲက ပုန်းအောင်းနေသော အချစ်စိတ်ကို ထုတ်ဖော်ပေးလိုက်သလို ရှိလေသည်။

တိုက်ဆိုင်စွာဖြင့် တကယ်ကို နှစ်သစ်ကူးပြောင်းနေသည့် အချိန်မှာပဲ သူမကို ချစ်သည့်အကြောင်း ဖွင့်ဟမိသွားသလို ကြည်ထိတ်လန့်သွားသည့် **တေးတျာဏီ**ရဲ့ မျက်ဝန်းထဲမှာလည်း ယုံကြည်နိုင်သည့် အရိပ်အယောင်များ တွေ့ခဲ့ရသော်လည်း နားလည်မှုတစ်ခုနှင့် ချစ်ခြင်းတစ်ခုစီ ကူးပြောင်းနိုင်ခဲ့သည်မှာ ခုန်စရာလည်းကောင်း၊ စိတ်လှုပ်ရှား တိမ်မူးဖွယ်လည်း ကောင်းလေသည်။

အခါများစွာ သူမနှင့် တွေ့ဆုံခဲ့သော်လည်း ရင်ခုန်တယ်ဆိုတာ သတိမထားမိခဲ့တာလား ရှိကိုမရှိသေးတာလား ပြန်ည်ဝေခွဲမရတော့ပေမယ့် သေချာတာကတော့ ချစ်သူဖြစ်သွားတော့မှပဲ ရင်ခုန်ခြင်းကို စတင်ခံစားမိခြင်းသည် တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး သဘောတရားအတိုင်း လွှဲတတ်သော **တေးတျာဏီ** နားမှာရောက်သွားလို့ ခတ်ကူးသွားတယ်ဟုဆိုလျှင် တေးတျာဏီ လက်မခံချင်ပေ။ နှုတ်ခမ်းဆူကာ သူ့ကို မဲ့ကာရွဲ့ကာ ရန်တွေ့တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အဲဒီညက အတွေ့အထိကြောင့် မိန်း
သာယာသွားလို့ ရည်းစားဖြစ်သွားခဲ့တာပါ ... ဟင်း ...
ပုံမှန်ဆို ဘာမှ ဖြစ်လာစရာအကြောင်းမရှိဘူး"

"ဘာရယ် ... ဘာ ... ဟေ့ ... ဟေ့ ... မင်း ... လူ
အလွဲလုပ်ချင်လုပ်နော်၊ စကားကိုတော့ တွေ့ကရာအလွဲ
ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့"

"ဟုတ်တယ်လေ၊ ဒါ ပေါက်တတ်ကရ လျှောက်ပြောတာ
မဟုတ်တာ၊ ရှင် ဘာလို့ ကျွန်မကို ဆွဲဖက်လဲ၊ ရှင့်ရင်ခွင်
ရောက်သွားတာ မဟုတ်ဘူးလား၊ ကျွန်မဘဝမှာ သူစိမ်း
ယောက်ျားလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ရောက်ဖို့မပြော
နဲ့ လက်တောင် အကိုင်ခံခဲ့ရဖူးတာ မဟုတ်ဘူး၊ ဘာရည်း
စားမှလဲ မထားဖူးတဲ့ဥစ္စာ ...

အဲဒီတော့ ဒီလို ပွေ့ဖက်ထိတွေ့မှုမှာ ခဏသာယာ
ပြီး ချစ်တယ်ဆိုတာမျိုးလည်း ဖြစ်ရင်ဖြစ်သွားတာပေ"

သူမက အဲဒီလို ခပ်ကျယ်ကျယ် ပြန်ပြောလျှင်
တကယ်ပဲ အသည်းယားရသည်။ တေးတျာဏီဟာ ရည်းစား
သွားပြီးမှ သူ့ကို ပိုစွာတတ်လာသည်။ အရင်တုန်းကတော့
သူက တော်တန်ရုံ ဆရာလုပ်နေလျှင် ဘာမှ ပြန်မပြောတတ်
မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ငြိမ်နားထောင်တတ်သော
ကောင်မလေးက စတော့ဖြင့် သူက တစ်ခွန်းဆိုလျှင် သူမက
ခွန်း။ ဒါပေမဲ့ တေးတျာဏီနှင့် စကားနိုင်လုရတာသည် ပေ





ရသလို ပျော်ဖို့လည်းကောင်း၊ ဦးနှောက်ကလည်း တလှစ်လှစ်
ပြီးနေမှ ရလေသည်။

"ဘာလဲ ဒါဆို မင်းကို ကိုယ်က ပွေ့ဖက်မိတဲ့ ရင်ခုန်စိတ်
မှာ ချစ်သွားတာလို့ ပြောချင်တာလား"

"ဒါကတော့ ကိုယ့်ကိုယ်ကိုယ် သိမှာပေါ့"

သူမက မေးကိုပင့်ကာ ခပ်ချေချေ စတိုင်လ်ဖြင့်
ပြောလျှင် သူက ညစ်ကျယ်ကျယ်ပုံစံဖြင့် ကြည့်နေရသည်။ အခုမှ
သူဖြစ်ကာစ တစ်ပတ်မျှသာရှိသေးတာမို့ သူတို့ပုံစံဟာ ချစ်သူ
ရည်းစားပုံစံလည်း ပေါက်မနေသလို ရှက်ကိုးရှက်ကန်းတွေလည်း
ကြ။ တစ်ယောက်နဲ့တစ်ယောက် ဦးသူပြောစတမ်း ဖဲ့ဖို့ ရွဲ့ဖို့
ခင့်နေကြတာနဲ့ တူနေလေသည်။

"အဟက် ... ထားပါတော့၊ မင်းက ဒီအရွယ်ထိ ရည်းစား
လေးတစ်ယောက်တောင် မထားဖူးဘူး ဟုတ်လား"

"အံမယ် ... ဟုတ်ပါ့"

အွန် ... ဘယ်လို ဘာသာစကားကြီးမှန်းလဲမသိပါ။
မယ် ဆိုလို့ ဘာပြောမလို့လဲ စောင့်သော်လည်း ဟုတ်ပါ့ဆို၍
င် ကြောင်တောင်တောင်ဖြစ်ရသည်။ တေးတျာဏီဟာ ပန်းများ
ပွင့်စေသူမဟုတ်ဘဲ လူကို ကြောင်တောင်တောင်ဖြစ်စေသူဆို
င် တကယ်မှန်မလားမသိချေ။ ဘာပဲဖြစ်ဖြစ် ဒီလို ရွှေဘိုမင်း
ကြိုက် ပေါင်တံရှည်လေးကို ချစ်သူအဖြစ် တော်စပ်ခွင့်ရရှိတာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းမြေ့ဖွယ်တော့ ကောင်းသားပါပဲဟု အမြဲတွေးဖြစ်တာပေ
အမှန်ပဲ။

"ဘာ ... အံ့မယ် ဟုတ်ပလဲ၊ ညည်းနဲ့တော့ ရှုးချင်တယ်"

"အောင်မယ် ... လူကိုများ ဘာညည်းလဲ၊ ဟင်း ... သူ့မှ
က စာရေးမထင်နေလား မသိဘူး"

"ကဲ ... ကိုယ် မေးတာသာ ဖြေစမ်းပါ"

"ဘာကို ဖြေရမှာလဲ"

"ရည်းစား မထားခဲ့ဖူးဘူး ဆိုလို့လေ"

"အင်းလေ ... အဲဒါ အမှန်ပဲဟာ"

"မင်းကို ကြိုက်တဲ့သူ ဘယ်သူမှ မရှိဘူးပေါ့ ဟုတ်လား"

သူ့စကားကို သူမက မျက်စောင်းတစ်ချက်ထိုးလျှင်
ရင်ခုန်သွားရပြန်သည်။ အခါများစွာက မျက်စောင်းထိုးခံရ၊ အကြည်
ချင်းတို့ ဆုံစည်းခဲ့ရဖူးသော်လည်း ကိုယ့်ချစ်သူလေး ဖြစ်သွားပါပြေ
လား ဟူသည့် အသိက ရင်ခုန်ခြင်းကို ဖြစ်ပေါ်စေသည်ဆိုလျှင်
လွဲတော့လွဲနေပြီ မထင်ကြဘူးလား။

"အင်း ... မင်းက လှတာပဲဟာ၊ ကြိုက်မယ့်သူ ရှိမှာပေါ့"

"ဟာ ... ဟ"

"အောင်မာ ... ရယ်တာကိုက လျှောင်သလိုလိုနဲ့"

"ဟုတ်ပါပူး (တမင် 'ဘူး'ကို 'ပူး'ဖြစ်အောင် လုပ်ပြတာ
သူ သူမ)၊ ရှင် ကျွန်မကို လှတယ်ပြောလို့ ရယ်ချင်လို့ပါ
ကျွန်မစိတ်ထဲမှာ သိနေတာ တစ်ခုရှိတယ် သိလား"





"ဟုတ်လား ... ပြောစမ်းပါဦး"

"ရှင့်စိတ်ထဲမှာ ကျွန်မကို စတွေ့တည်းက လှတယ်လို့ မသတ်မှတ်ခဲ့ဘူး"

သူမက အတိအကျ သိနေဟန်ဖြင့် ခပ်တည်တည်ဖြင့် ပြောလျှင် သူတောင် ရှိန်သွားရသည်။ သူ့စိတ်ထဲတွင် သူမကို လှတယ်လို့ မြင်တယ်ဆိုတာထက် လှမလှတောင် သေချာသတိ မထားမိဘူးဆိုလျှင် သူမ စိတ်ဆိုးမလား မပြောတတ်ပါ။ သူမကို လှတယ် မလှဘူး မြင်ဖို့ထက် အလွဲများနှင့် စိတ်ဝင်စားစရာကောင်း သော မိန်းကလေးတစ်ယောက်လို့ပဲ စတင်သတ်မှတ်ခဲ့တာလေ။

"ဟင်း ... ဟင်း ... မင်းက ဘာလို့ အဲဒီလို ပြောနိုင်ရတာလဲ"

"ဒါ ... အလိုလို အာရုံရနေတာ၊ မိန်းကလေးတွေမှာ အဲဒီ sense ရှိတယ်"

"ကိုယ့်ဘာသာ sense ရတယ်လို့ထင်တာလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ကိုယ်ကတော့ မင်းကို အဆိုတော် Meghan Trainor နဲ့ တူတယ်လို့ ထင်တာပဲ၊ သိတယ်မလား ... Meghan Trainor ခုတလော အရမ်းပေါက်နေတဲ့ အဆိုတော်လေ ...

Bout that bass xx Bout that bass .. no treble .."

သူက သီချင်းလေးတောင် ညည်းပြလိုက်သေးလျှင် သူမရဲ့ မျက်စောင်းအကြီးကြီးက ဒိုင်းခနဲ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က **တချို့**ကို ဖက်တီးလို့ ပြောချင်တာပေါ့လေ"

"ဟာ ... ဟ ... မပြောပါဘူး၊ ဘယ်တုန်းက ဖက်တီးလို့ ပြောလို့လဲ၊ ဖက်တီးလို့ပြောချင်ရင် မင်းကို Adel နဲ့ တူတယ်လို့ပြောမှာပေါ့၊ အခုဟာက Adel လို့မှ မပြောတာ ... Meghan Trainor ကေ့ မဝပါဘူး၊ ချစ်စရာလေးပဲဟာ၊ လုံးကြီးပေါက်လှလေး၊ မင်းလို ရွှေဘိုမင်းကြိုက်ပေါ့"

"ဘာရယ် ... ဘာ ရွှေဘိုမင်းကြိုက်လဲ၊ ရွှေဘိုမင်းကြိုက် ဆိုတာ ဘာလဲ"

ရွှေဘိုမင်းကြိုက်ဆိုသော ဝေါဟာရကို အပီအပြင် ရှင်းပြဖို့အတွက် သူက အရှိန်ယူသည့်အနေဖြင့် သူမရဲ့ လက်နှစ်ဖက်ကို ဆွဲယူကာ သူ့ဆီးမှာ ထိုင်စေလိုက်သည်။ ပြီးတော့ မျက်နှာချင်းဆိုင်အနေဖြင့် ရွှန်းရွှန်းစားစား ပြုံးကြည့်လိုက်လျှင် သူမက ရှက်သလိုဖြင့် မျက်လုံးလွှဲသွားသည်။ အံမယ် ... ဒီကောင်မလေး ဒီလိုတော့ ရှက်တတ်သားပဲ။ (ကြားရင် နှုတ်ခမ်းဆူကာ ရန်တွေ့ဦးမည်)

"မြန်မာစကားတစ်ခုရှိတယ် တေးတျာဇာတိရဲ့၊ အရပ်မြင့်မြင့် ခပ်ထွားထွားကိုယ်လုံးကိုယ်ပေါက်တောင့်တဲ့ မိန်းမတွေကို ရွှေဘိုမင်း ကြိုက် ပေါင်တံရှည်လို့ခေါ်ကြတယ် ... မင်း Victoria's Secret Model တွေကို မြင်ဖူးမှာပေါ့၊ Show လျှောက်ကြပြီဆို အားလုံးက ဆိုက်ဇ်တွေ ဂိုက်ဒ်တွေက အတူတူတွေပဲမလား၊ ပေါင်တံတွေဆိုလည်း





တုတ်တာလည်းမဟုတ်၊ သေးတာ ခြောင်းပိန်နေတာလည်း မဟုတ်ဘဲ ဖြောင့်စင်းပြီး ရှည်ရှည်ဝန်းဝန်းနဲ့ လှတယ်လေ"

သူ အားတက်သရော ရှင်းပြနေတာကို သူမက မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသဖြင့် ဝထမတော့ သူပြောတာကို အရမ်းစိတ်ဝင်စားသလားလို့ အားတက် ရပေမယ့် သူမ စိုက်ကြည့်နေပုံက တစ်မျိုးဖြစ်လာသောအခါ သူက ခပ်တွန့်တွန့် ပြန်မေးမိသည်။

"ဘာ ... ဘာကြည့်နေတာလဲ"

"ရှင့်ကိုလေ"

"အင်း"

"ထင်မထားဘူး"

"အင်း ... အဲ ... ဘာထင်မထားတာလဲ"

"နှာလို့လေ"

"ဘာ နှာ လဲ ..."

"ဒါ ... ဒါ (နှာခေါင်းကို လက်ညှိုးထိုးပြလျက်)"

"ဘာရယ် ... မင်းက ကိုယ့်ကို နှာဘူးလို့ပြောချင်တာလား"

"အင်းလေ ... မဟုတ်လို့လား၊ ပြောနေလိုက်တာများ V S Models တွေကို မျက်လုံးထဲ ကွက်ကွက်ကွင်းကွင်းမြင် လာအောင် လက်ဟန်ခြေဟန်နဲ့ အားတက်သရော တက် တက်ကြွကြွ ပြောနေလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ကြည့်တော့ မိန်းကလေးတွေကို စိတ်မဝင်စားတဲ့အထာနဲ့ နောက်ဆုံးတော့လည်း ဇာတိက ပြလာတာပဲ”

“အံမာ ... အံမာ ... ငါ့ကိုများ ပြောနေလိုက်တာ ရစရာမရှိ၊ ဟော့ ... အဲလက်စ်ဆိုထားတဲ့သီချင်း မကြားဖူးဘူးလား၊ ယောကျ်ားလေးပဲဟော့ နည်းနည်းတော့ ဆိုးမယ်ဆိုတာ၊ ယောကျ်ားဆိုတာ ယောကျ်ားစစ်စစ်မှန်ရင်တော့ မိန်းမတွေကို စိတ်ဝင်စားမှာပေါ့ကွ၊ ဂေးတွေသာ မိန်းမကို စိတ်မဝင်စား မိန်းမအကြောင်းမပြောတာ ...

ယောကျ်ားစစ်စစ်တွေကတော့ မိန်းမတွေကို စိတ်ဝင်စားကြတာပဲ၊ ဒါကိုမှ နှာဘူးပြောလည်း မတတ်နိုင်ဘူး”

သူက အချက်အလက်နှင့် ပြန်ပြောတော့လည်း သူမက ဘာမှ မပြောနိုင်ပေ။ မာင်းခနဲ နှာခေါင်းရှုံ့ပြီးတော့သာ မဲ့ရွဲ့နေသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ...

“နေပါဦး ... ရှင်က ကျွန်မကို Meghan Trainor နဲ့တူတယ် ပြောလိုက် VS Model တွေလိုမျိုးလို့ပြောလိုက်နဲ့ ရှင့်စကားတွေက ဘယ်ဟာက အတည်လဲ၊ Meghan Trainor နဲ့ VS Star တွေကတော့ ဘာမှ မဆိုင်ဘူး၊ တခြားစီပဲ”

“ဟား ... ဟား ... မင်းပြောတာ ကြားရင်တော့ Meghan Trainor က စိတ်ဆိုးတော့မှာပဲ၊ သူက ကမ္ဘာကျော်ဆိုတော်လေ”





“ရှင်က ကမ္ဘာကျော်ဆိုတဲ့ အနေအထားနဲ့ နှိုင်းတာ မဟုတ်မှန်း သိသားပဲ”

“ဟား ဟား ... မင်းကတော့ တကယ်ပါပဲကွာ၊ ထားပါတော့၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကို စတွေ့တည်းက ကိုယ်သတ်မှတ်လိုက်တာတော့ မင်းက တကယ်ကို ရွှေဘိုမင်းကြိုက် ပေါင်တံရှည် ဆိုတာပဲ ...

ဘယ်လိုပြောရမလဲ၊ အဲဒီလို မိန်းမတွေဟာ ခပ်မြင့်မြင့် ယောကျ်ားတွေကြိုက်တဲ့ အမျိုးအစားတွေ ဖြစ်မယ်ထင်တယ်၊ ဥပမာ ကိုယ်ဆို မင်းကို ကြိုက်ခဲ့တယ်လေ”

“ဟွန်း ... လိပ်ကြီး”

“ဟား ဟား ... ကျေနပ်နေတယ်တော့ လုပ်လိုက်”

သူမက ညစ်ကျယ်ကျယ်ပြုံးကာ မျက်နှာကို ရှုံ့မဲ့ခြသော်လည်း တကယ်သဘောကျတယ် ဆိုတာကိုတော့ ဖုံးဖိမထားပါ။ သူ ချစ်ခဲ့တာသည်လည်း ပွင့်လင်းလွတ်လပ်သော မိန်းကလေးတစ်ယောက်ကိုသာ ဖြစ်သည်ဆိုတော့ ... သူမသည် သူ့ကို စိတ်ဝင်စားစရာတွေ အမြဲတစေ ယူဆောင်လာပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ အလွဲတွေကိုတော့ မမျှော်လင့်မိခဲ့တာ အသေအချာပါ။



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

"ငါက ပေါင်တံရှည်တဲ့ ... အဟိ ... အဟိ ... ဒချိ ... ဒချိ"

ဘူးသီးကြော်ပူပူလေးကို မန်းကျည်းအချဉ်ရည်ထဲ အသာတို့နှစ်ရင်း အထက်ပါစကားကို ခပ်လန်းလန်းလေးပြောကြားလိုက်သော **တျှော**ကို **ဂီ**နှင့် ရေးချယ်လ် အသီးသီး ကိုယ်စီ မဲ့ကာရွဲ့ကာဖြင့် ဂုဏ်ပြုကြသည်။ ဒီနေ့ ရှားရှားပါးပါး သူငယ်ချင်းသုံးယောက် တွေ့ဆုံကြသည့်နေ့မှာ ဂီကလည်း သူ့ကလေးကို ယောကျ်ားနဲ့ထားခဲ့ပြီး အပျိုလုပ်လာလျက် ရေးချယ်လ်အိမ်မှာ ဈေးသည်ကြီးဆန်နီ ဒေါ်ရေးချယ် ဈေးပိတ်သည့်နေ့တွင် သူငယ်ချင်းသုံးယောက်ဆုံပြီး အာပူလျှာပူနှင့် အကြော်စုံ လုပ်စားကြရင်း **တျှော**ရဲ့ သတင်းစာရှင်းလင်းပွဲနေ့လည်း ဖြစ်လေသည်။

"*နင် ပေါင်တံရှည် မရှည်တော့ မသိဘူး၊ နင့်ပေါင်မှာ* ဖယ်ငယ်တုန်းကတော့ ပွေးကွက်မြင်ဖူးလားလို့"





မိဂီက အသားလွတ်နှိပ်ကွပ်သည်။ **မိဂီ** ကကို ဈျက်စောင်းထိုးမိသော်လည်း ပါးစပ်က တုံ့ပြန်ပြောဖို့ အချိန်မရှိသေး။ နောက်ကျတဲ့လက်က သစ္စာဖောက်ဖြစ်လေရာ ဘူးသီးကြော်ပြီးတော့ ကြက်သွန်ကြော်ကို ဖျတ်ခနဲ နှိုက်ရသည်။ အိမ်မှာ နေကြာဆီနှင့် သန့်သန့်ရှင်းရှင်း ကြော်ထားသော အကြော်စုံမို့လားတော့မသိ။ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ တို့ဟူးကြော်၊ အာလူးကို ထောင်းပြီးမှ အကြော်မှုန့်နှင့် ပြန်ကပ်ကာ အလုံးလေးတွေ ကြော်ထားသော အကြော် စသဖြင့် စကားမပြောနိုင်သေးဘဲ အကြော်တွေ ကိုယ်စီကိုယ်င တွယ်နေကြသည်။

"ဟာ ဟ ... **မိတျှော**တို့များ ဒေါ်ပူစူးလက်ရာ အကြော်ကို ကြိုက်လားမကြိုက်လားမသိ၊ သူ့ကို နှိပ်ကွပ်တာတောင် စကားက ပြန်မလာနိုင်ဘူး"

"သိနေတယ်လေ၊ မဟုတ်တရုတ်တွေ ပြောပြီး နှိပ်ကွပ်တယ်ဆိုတာ၊ ဒါပေမဲ့လည်း တို့က မဟုတ်တဲ့စကားတွေအတွက် အချိန်ကုန်ခံပြီး မဖြေရှင်းပါဘူး၊ စားဖို့အတွက်ပဲ အချိန်ပေးတယ် ... ငိ ငိ"

"ဟင်း ... လာပြန်ပြီ ဒီ ငိငိ တွေ၊ ဒချိ ဒချိ တွေက ဘာတွေတုန်း"

ဈေးသည်ကြီး ဆန်နီက တစ်နေ့တစ်နေ့ မင်္ဂလာဈေးထဲမှာ *ပေါင်းနတ်ချဉ်ဟင်္ကာက်စားလုပ်နေသည်မို့ ခေတ်ကာလနဲ့အဆက်* အသွယ်ပြတ်စေသည်။ ဒါကြောင့် ခေတ်ပေါ်ဆိုရှယ်မီဒီယာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော facebook ကို သိပ်မသုံးသဖြင့် facebook ဝေါဟာရတွေ သိပ် မသိချေ။ တချို့ မြန်မာစကားလုံး အဆန်းတွေသည် facebook သုံးမှသာ နားလည်တာလည်း ရှိတတ်လေသည်။

"အဲဒါ နင် facebook ပါး မဝသေးလို့"

"ဘာလဲ ... နင်တို့ facebook က လူတွေက အဲလို ရယ်ကြတာလား၊ ငိငိတို့ ဒချိဒချိတို့"

"ဟား ဟား ... ဟုတ်တယ် ... ဟုတ်တယ်"

"ရေးချယ်လ်ရယ် ... နင်လည်း တစ်နေ့ တစ်နေ့ ပိုက်ဆံပုံထဲပဲ ခေါင်းစိုက်မနေနဲ့၊ ခေတ်ကိုလည်း မျက်ခြည်မပြတ်အောင် နေပါဦးဟဲ့၊ ဈေးရောင်းရင်း သုံးလို့မရဘူးလား"

"အမယ်လေး ... ဈေးရောင်းရင်း သုံးလို့ကတော့ ငါ့စီးပွားပြုတ်ပြုတ်ပြုန်းမှာပဲ၊ နင့်လို ကလေးထိန်းရင်း သုံးလို့ရတာမျိုးမဟုတ်ဘူး မိဂီရဲ့၊ facebook မသုံးလို့ ဘာမှ မဖြစ်ဘူး၊ စီးပွားရေးမထိခိုက်ဖို့ အရေးကြီးတယ်"

"နင် ညဘက်တွေတော့ သုံးတယ်မလား"

"ခဏပါဟယ်၊ ငါက သတင်းပဲဖတ်တဲ့ဟာ၊ သူငယ်ချင်းတွေနဲ့ အပြန်အလှန် comment တွေလည်းမရှိတော့ ဒချိ ဒချိတွေ၊ ငိငိငွငွတွေလည်း မသိဘူးလေ ..."

ကဲပါ ... အဲဒါတွေ အသာထားစမ်းပါဦး၊ လောလောဆယ် ဘုမသိဘမသိ ရည်းစားရသွားတဲ့ **တေးတျာထီ** အကြောင်းကိုပဲ ခေါင်းကြီးပိုင်း ထားကြပါစို့၊ ဟဲ့ ...





ပြောစမ်း ... နင့်ရဲ့ရည်းစားရတဲ့ အတွေ့အကြုံ၊ **ဆယ်ရက်** လောက်ရှိသွားပြီမလား၊ New Year ပြီးတည်းက**ဆိုတော့၊** ဘယ်နှခါ date ပြီးပြီလဲ"

"သုံးလေးခါပဲ ရှိပါသေးတယ်"

"သုံးခါနဲ့ လေးခါပေါင်းတော့ ခုနစ်ခါပေါ့၊ ဘယ်မှာတွေ့ကြလဲ"

တရားခံစစ်သလို ခပ်တည်တည်စစ်နေသော ရေးချယ်လ်ကို **တျာက** မျက်စောင်းထိုးရင်း တို့ဟူးကြော်တစ်ခုကို အချဉ်နှင့်တို့ကာ ကောက်ဝါးလိုက်သေးသည်။ နောက်ပြီး ဆလတ်ရွက်တွေကို တဂျွတ်ဂျွတ်နှင့် ဝါးစားနေရင်းမှ ...

"ဆိုင်တွေမှာပေါ့၊ ဟိုတယ်မှာပေါ့"

"**ဘာ** ... ဟိုတယ် သွားတယ် ဟုတ်လား"

"ဟဲ့ ... ကြားဖူးနားဝတွေ လျှောက်တွေးမနေနဲ့၊ ဟိုတယ်ဆိုတာ ချတ်ထရီယမ်တို့၊ ဆူးလေရှန်ဂရီလာတို့မှာ ဘူဖေးသွားစားတာတို့၊ ဒင်နာသွားစားတာတို့ဟဲ့၊ သိတယ်မလား၊ သူက အချေလေး၊ တော်ရုံတန်ရုံဆိုင်မှာ ဝင်စားတာမဟုတ်ဘူး၊ မုန့်ဟင်းခါးတောင် ငါးထောင်တန် မုန့်ဟင်းခါးမှ စားတဲ့သူမျိုး ...

ကောင်းပါတယ်၊ သူ ကောင်းကောင်းကြိုက်တော့ ငါလည်း ကပ်စားလို့ရတာပေါ့၊ စိတ်မဆိုးပါဘူး ... ဟိဟိ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင်ဖြေတာနဲ့ ငါ သိချင်တာနဲ့တော့ နည်းနည်း ဟနေသေးတယ်"

ရေးချယ်လ်က လက်ကိုပါ အဟာသဏ္ဍာန်လုပ်ပြသေးတာမို့ **တျာ**က ရယ်မောရသေးသည်။ မေးခွန်းမမေးတတ်သော ရေးချယ်လ်အတွက် **ဂီ**ကပဲ ဝင်ရောက်မေးမြန်းပေးလေသည်။

"ငါတို့ သိချင်တာ နင်တို့ စားတာသောက်တာမဟုတ်ဘူးဟ၊ နင်တို့နှစ်ယောက် ဆက်ဆံရေးအနေအထားကို မေးတာ"

အဲဒီမေးခွန်းက ကြည့်တော့သာ ဘာမှ မဟုတ်ပေမယ့် အဓိပ္ပာယ်က ကျယ်ဝန်းနက်ရှိုင်းသည်မို့ ချက်ချင်းမဖြေနိုင်ဘဲ ခဏတော့ စဉ်းစားရလေသည်။ သူနဲ့ တျာ့ရဲ့ဆက်ဆံရေးသည် ချစ်သူရည်းစားဆက်ဆံရေးမျိုး အတိအကျကြီး မဟုတ်သေးတာတော့ သေချာလောက်မည့်ထင်သည်။ ချစ်ရေးဆိုခြင်း၊ အဖြေတောင်းခြင်း၊ အဖြေပေးခြင်း စသည့် သမားရိုးကျကိစ္စရပ်များ မပါဝင်ဘဲ နားလည်မှုတစ်ခုနှင့်သာ တည်ဆောက်လိုက်သော Relationships တစ်ခုသည် ဘယ်လောက်အတိုင်းအတာအထိ ခရီးပေါက်မလဲ ဆိုတာ ခုချိန်မှာ **တျာ** ကိုယ်တိုင်လည်း မသိနိုင်သေးပါ။

"သေချာတာကတော့ ငါတို့နှစ်ယောက်ကြားမှာ ကလူညှိသို့ မြူညှိသို့ အနေအထားမျိုးမရှိတာ အမှန်ပဲဟ၊ တစ်ယောက်နဲ့တစ်ယောက် အရင်အနေထားထ__ ထူးပြီး ပြောင်းလဲသွားတာမျိုးကတော့ ခေါင်းစဉ်ပြောင်းသွားတာပဲ ရှိတယ်ထင်တာပဲ"





"ဟား ဟား ... နင်တို့ကလည်း ထူးမခြားနား နှစ်ပွင့်ဆိုင် ပေါ့"

"ဟေး ... နိုင်ငံရေးတွေ ပါမလာနဲ့၊ ကိုယ်တို့နှစ်ပွင့်ဆိုင်ကတော့ အချိန်တန်ရင် အပြောင်းအလဲတစ်ခုခုဖြစ်မှာပါ"

"အံမယ် ... လာလာချည်သေး၊ ဘာလဲ ... ဖိတ်စာဝေတော့မယ့် အပြောင်းအလဲလား"

"မဟုတ်ပါဘူးဟယ်၊ သူ့အနေအထားနဲ့ ငါ့အနေအထားက အဲဒီလို အခြေအနေရောက်ဖို့ဆိုတာ သိပ်မလွယ်လှပါဘူး"

တျာ့ရဲ့ အားငယ်အားလျော့သော လေသံကြောင့် ဂီနှင့် ရေးချယ်လ်တို့က လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ **တျာ**ကတော့ ကြက်သွန်ကြော် နီနီရဲရဲလေးတစ်ခုကို ကောက်ဝါးနိုင်သေးလေသည်။

"ဟဲ့ ... ဘာလဲ ... သူက နင့်ကို မယူဘူး ပြောနေလို့လား"

"ထင်သားပဲ ဒီကောင်၊ အဲလို စားပြီး နားမလည်လုပ်တော့မယ်ဆိုတာ"

"ဟဲ့ ... ဟဲ့ ... ဘာတွေ လျှောက်ပြောနေကြတာတုန်း၊ နင်တို့ စကားတွေက ကြားရတာ မထိတ်သာမလန့်သာရှိလိုက်တာ"

"သူ့အနေအထားနဲ့ နင့်အနေအထားက ဘယ်လောက်ကွာနေလို့လဲ **မီတျာ**ရယ်၊ နင့်ကြည့်ရတာလည်း ချစ်အားငယ်ရသူမယ် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲလောက်ပဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမနေ စမ်းပါနဲ့ ဒီမယ် တစ်ခါတည်း မှာလိုက်မယ်နော်၊ ဟိုက နဂိုတည်းက အကျော အချော၊ ကိုကြီးကျယ်၊ သူ့ဘာသာ ဘယ်လောက် တော်တော် တတ်တတ် ယောကျ်ားဆိုတာ ရည်းစားဘဝမှာတော့ မိန်းကလေးကို ဖူးဖူးမှုတ်ရတာချည်းပဲ ...

ကိုယ့်ကို ဖူးဖူး မမှုတ်ချင်ရင်တောင် သေးသေးတော့ အတင်မခံနဲ့ဟော့၊ သေးသေးလာတင်လို့ကတော့ လုံးကြီးပြန်တင်ပြီး ဆံ့ခတ်ပစ်လိုက်"

"ဟုတ်တယ်၊ ငါလည်း မြင့်မြတ်ခေါင်ကို အကြားနဲ့သဘော မကျခဲ့တာရှိပေမယ့် လူချင်းတွေ့တော့ မဆိုးပါဘူးထင်မိတယ်၊ ဒါပေမဲ့ ရည်းစားဖြစ်ဖို့ ဖြတ်ကျော်ရမယ့်အဆင့်တွေကို ခပ်တည်တည်နဲ့ ထိပ်စည်းချိန်းပစ်လိုက်တာ၊ အစီအစိုင်လိုလုပ်ပြီး နင့်ကို အနိုင်ယူနေမှာမျိုးကိုတော့ သဘောမကျဘူး၊ ဒါကြောင့် ခုချိန်မှာတော့ နည်းနည်းလေးမှ အတင်းမခံဖို့လိုတယ်"

အားတက်သရော တိုက်တွန်းနေသည့် သူငယ်ချင်းနှစ်ယောက်ကို ဏှာက အပြုံးအေးအေးလေးနှင့် မေးထောက်ကာ စိုက်ကြည့်နေလျှင် သူတို့က နားမလည်သလို မေးငေါ့ပြကြ၊ မေးတွေ ဆတ်ပြကြရင်း အလုပ်ရှုပ်သွားကြသည်။





"နင်တို့ ငါ့ကို ချစ်တဲ့စိတ်နဲ့ မခံချင်စိတ်ဖြစ်ပြီး အားပေးနေကြတယ်ဆိုတာ နားလည်ပါတယ်ဟာ၊ ဒါပေမဲ့ နင်တို့ပြောနေတဲ့ လူနှစ်ယောက်မှာ ချစ်သူဆိုတဲ့ ပတ်သက်မှု ချစ်သူဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရောက်နေတယ်ဆိုတာ သတိရဦးလေ၊ ချစ်သူတွေကြားမှာ သေးသေးမတင်နဲ့ တွယ်လိုက်မယ်၊ နှာလိုက်မယ်ဆိုတဲ့ စိတ်ထားမျိုးရှိသင့်လို့လား၊ တစ်ယောက်နဲ့ တစ်ယောက် အနိုင်ရရေးကိုသာ ဦးတည်နေရင် ချစ်သူအဖြစ် ပတ်သက်နေဖို့တောင် မကောင်းတော့ဘူးမလား ...

ပြီးတော့ သူက ပါးစပ်ကသာ နည်းနည်းဆရာလုပ်တတ်သလို ပြောတတ်ပေမယ့် တကယ်တမ်း စတွေ့တည်းက သူ့ကို ဒုက္ခပေးခဲ့တာ ငါပါဟာ၊ နောက်ထပ်လည်း သူ့အပေါ် ဘယ်လိုအလွဲတွေ လုပ်မိဦးမလဲဆိုတာ ငါ မသိဘူး၊ သေချာတာကတော့ ခွင့်လွှတ်သည်းခံရတာက သူက ပိုမယ်ထင်တယ်"

ဏှာရဲ့ တိုးတိုက်ညင်သာသော စကားသံအဆုံးတွင် ဝီနှင့် ရေးချယ်လ်ထံမှ ဘာသံမှ ထပ်ထွက်မလာတော့ချေ။ လက်ခံတာလည်း ဖြစ်နိုင်သလို ဘာပြန်ပြောရမှန်း မသိသေးတာလည်း ဖြစ်နိုင်သည်။ အဲဒီ အခိုက်အတန့်လေးမှာတော့ ဏှာဟာ မတွေ့ရသေးသည့် တစ်စုံတစ်ယောက်ကို လွမ်းဆွတ်သွားတာတော့ အမှန်

www.burmeseclassic.com



ပါပဲ။ ဆုံနေရက်နဲ့ လွမ်းလေခြင်းဆိုသည့် အဖြစ်ဟာ သိပ်ချစ်ကြသည့် ချစ်သူတွေမှာ ဖြစ်ကြသည်ဆိုလျှင် မဆုံသေးသဖြင့် လွမ်းရခြင်းသည်ကလည်း အချစ်လို့ ခေါ်သလားပေါ့နော်။

❦ ❦ ❦





(၁၇)

"မနေ့က သားအခန်းကို ဘယ်သူရှင်းတာလဲ မေမေ"

Breakfastစားဖို့ စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ချင်းပဲ မေးလိုက်သော သူ့မေးခွန်းကြောင့် ကော်ဖီသောက်နေသော သူ့အမေက မျက်ခုံးတစ်ဖက်ဆတ်ရင်း ဘာလို့လဲဟု အသံတိတ်ပြန်မေးသည်။ သူ ဘာကြောင့်မေးလဲဆိုတာ သူ့အမေလည်း သဘောပေါက်ပါလိမ့်မည်။ သူ့အခန်းကို နေ့တိုင်း ပုံမှန် သန့်ရှင်းရေးလုပ်သော်လည်း စနေနေ့တစ်ရက်တော့ Heavyသန့်ရှင်းရေးလုပ်တတ်သည်။ သန့်ပြီးသားကိုပဲ ပြန်ကာ လှန်ကာ သန့်ရှင်းရေးလုပ်မှ စိတ်တိုင်းကျတာပင်။ ဒါကိုလည်း သူ ငယ်စဉ်တည်းက မပြောင်းမလဲ စီစဉ်ဆောင်ရွက်ခဲ့ရသော ဒေါ်ကြီးအုန်း လုပ်ပေးမှသာ စိတ်တိုင်းကျလေသည်။

"ဒေါ်ကြီးအုန်းက သိပ်နေမကောင်းလို့ သင်းနကို ရှင်းခိုင်းတာ သားရဲ့၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတင်ခေါင်းရင်းက စာအုပ်စင်မှာထားတဲ့ ပစ္စည်းတွေ၊ စာအုပ်တွေက သားအမှတ်အသားနဲ့ သား ထားတာလေ၊ ဖတ်လက်စစာအုပ်ကို ခေါင်းအုံးနဲ့ အနီးဆုံးမှာ သူ့ဟာနဲ့သူ ထားထားတာ၊ ရေချိုးခန်းထဲဆိုလည်း ပစ္စည်းတွေက သူ့နေရာနဲ့သူ မရှိဘူး၊ နေ့တိုင်းသုံးတဲ့ မျက်နှာသစ်ဆေးက ဟိုး နောက်ဘက်ရောက်လို့ရောက်၊ ဘာတွေမှန်းလဲ မသိဘူး"

သူ့ရဲ့စိတ်ရှုပ်သလို အပြောကို သူ့အမေက နားလည်သလို တစ်ချက်အသံထွက်ရယ်ရင်း ပန်းကန်တစ်ခုကို သူ့ရှေ့သို့ အဖုံးဖွင့်ကာ တိုးပေးသည်။ စဥ္စအင်တုံလို ပန်းကန်လုံးထဲမှာ အငွေ့တထောင်းထောင်းထနေသော ကောက်ညှင်းငချိတ်ပေါင်း။ ပဲပြုတ်နန်းချင်း၊ နှမ်းထောင်းဖြူးထားပြီး ပဲဆီစိုစိုလေးပါ ဆမ်းထားသောကြောင့် သူ့အာရုံက ချက်ချင်း ပြောင်းသွားသည်။

မေမေက နောက်ထပ် ဘဲဥပုံပန်းကန်းလေးကို တွန်းပို့ပေးတော့ စားချင်စရာ ရဲနေသော ငါးရံ့ခြောက်ဖုတ်၊ သူ့အကြိုက် အချိုးတကျစပ်ဖျော်ပေးထားသော ရွှေလဝန်း နှပ်ကော်ဖီ စတာတွေက အလိုမကျသော သူ့စိတ်ကို လွှဲပြောင်းယူသွားသည်။

"အား ... ဒါ ... ဒီနေ့ Super Sunday အတွက် စပါယ်ရှယ်နံနက်စာပေါ့ ဟုတ်လား မေမေ"

"ဒါပေါ့ နေ့လယ်စာကလည်း ရှယ်စီစဉ်ထားသေးတယ်"

"ဟုတ်လား၊ ဘာများပါလိမ့်"

"သားအကြိုက်လေ၊ မှန်းကြည့်ပေါ့"





"အာ ... သားအကြိုက်တွေက အများကြီးပဲဟာ၊ နည်းနည်းလောက် hint (အရိပ်အမြွက်)ပေးလေ မေမေရဲ့"

"အင်း ... ရှမ်းပြည်က အစားအစာ ရှမ်းရိုးရာပေါ့ကွယ်"

"ဝါး ... ဟား ... ဟား ... ဒါဆို ငါးထမင်းနယ်"

"ဟင်း ဟင်း ... သားလေးက အမှန်းတော်သားပဲ၊ ဟုတ်တယ် မနေ့က တောင်ကြီးက မိတ်ဆွေတစ်ယောက်လာလို့ တောင်ကြီးလက်ဆောင်တွေ လာပေးသွားတာ ရှမ်းဆန်စေးစေးလေးတွေပါ ပါတယ်၊ ငါးထမင်းနယ် လုပ်စားဖို့တဲ့၊ အဲဒါ သားလေးအတွက် ရှယ်စီစဉ်လိုက်တာ"

"ဂွတ်ဒ်တယ် မေမေရာ"

သူက လက်မတစ်ချက်ထောင်ပြရင်း ကောက်ညှင်းငချိတ်ပေါင်းကို အားပါးတရစားမိသည်။ ကောက်ညှင်းပေါင်းဆိုလျှင် သူက အဖြူအနက် ဆတူရောနယ်ကာ ပဲပြုတ်ကနန်းချင်း ပဲဆီမွှေးမွှေးဆမ်းပြီး နှမ်းထောင်းလေးနဲ့မှ အနှစ်သက်ဆုံးဖြစ်ပါသည်။

"အင်း ... ငါ့သားလေးလည်း အစားအသောက်နဲ့ အာရုံလွှဲမှ ရတော့တယ်"

"ဩော် ... မေမေပြောမှ ပြန်သတိရသွားပြီ၊ မေမေရာ နောက်ဆို ဒေါ်ကြီးအုန်းကလွဲပြီး သားအခန်းကို တခြားသူတွေ မရှင်းခိုင်းပါနဲ့၊ သူတို့လုပ်တာကိုင်တာတွေ သားစိတ်တိုင်းမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သားရယ်၊ မနေ့က မေမေ ဝင်မကြည့်လိုက်တာလည်း ပါပါတယ်၊ ဒေါ်အုန်းကလည်း အသက်ကြီးလာလို့လားမသိဘူး၊ ကျန်းမာရေးက ခုတလော ချူချာတယ်၊ တလောကလည်း အပြင်မှာ မူးလဲမလိုဖြစ်လို့ ကောင်မလေးတစ်ယောက်ကတောင် အိမ်ထိ ပို့ပေးရသေးတယ်လေ"

အဲဒီစကားကြောင့် သူက စားရင်းနဲ့မှ ခေတ္တအံ့ရှိန်တန့်သွားကာ ဖျတ်ခနဲ **'စားတျာထီ'** ကို မြင်ယောင်မိသွားသည်။ နမော်နမဲ့နိုင်သလောက် နှလုံးလှသော ကောင်မလေးဟာ အဲဒီနေ့တည်းက သူ့ရင်ထဲမျာ ရောက်လာလေသလား။ ဒါပေမဲ့ ခုချိန်မှာတော့ မေမေ့ရဲ့သဘောထားကို အရင်သိလိုပါသည်။

"ဒေါ်အုန်းကို ဘယ်သူလာပို့တာလဲ မေမေ"

"အင်း ... ကောင်မလေးတစ်ယောက်၊ ထမင်းချိုင့်ဆွဲပို့တဲ့ လိုင်းက ကောင်မလေးနဲ့တူပါတယ်၊ သူ ကူညီလို့သာပဲ၊ မဟုတ်ရင် အဲဒီနေ့က ဒေါ်အုန်း သွေးတိုးနေပုံမျိုးနဲ့မလွယ်လောက်ဘူး၊ တစ်ခုခုဖြစ်သွားရင် ဒုက္ခ ...

ခုခေတ်ကလေးတွေ လူမှုရေးစိတ်ထားရှိကြတာကောင်းတယ်၊ ပရဟိတစိတ်လေးတွေ လူငယ်တိုင်းရှိကြရင် တော်တော်အဆင်ပြေလောက်တယ်"

"မေမေ အဲဒီကောင်မလေးကို သဘောကျလား"

သူ့မေးခွန်းက ဆန်းနေသဖြင့် သူ့အမေက မျက်ခုံးပင့်ကြည့်သည်။





"အဲဒီလို ကူညီရိုင်းပင်းတတ်တဲ့ မိန်းကလေးမျိုး နှလုံးလှတဲ့ မိန်းကလေးမျိုးကို သဘောကျတာလားလို့ မေးကြည့်တာပါ"

"အင်းပေါ့ သားရယ်၊ လူလူချင်း စာနားနားလည်ပြီး နှလုံးလှတဲ့သူဆို ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သဘောကျတာချည်းပါပဲ"

"ဒါဆို မေမေ့သမက်တို့ ချွေးမတို့ ဖြစ်လာမယ့်သူတွေကိုရော ဘယ်လိုစံနှုန်းတွေ ထား,ထားလဲ"

"ဘယ်လိုစံနှုန်းမှ မထားထားဘူး"

သူ့အမေက ပြုံးပြုံးလေးဖြေသဖြင့် သူတောင်ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ နားမလည်သလို ငေးကြည့်နေသော သူ့မျက်လုံးများကို ကြည့်ရင်း သူ့အမေက ဆက်ပြောပါသည်။

"ဟုတ်တယ်လေ ... မေမေ့သားနဲ့ သမီးက သိပ်ကို ရည်မှန်းချက်ကြီးမားပြီး အစစအရာရာ ဘယ်ဘက်ကမှ ပြောစရာမရှိအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းလည်း ရှိကြတယ်၊ ငါ့သားလေးဆို အသက်ကသာ မနေ့တစ်နေ့ကမှ အစိတ်ပြည့်သွားတာ၊ အသက်သုံးဆယ်အရွယ်လောက်ရှိတဲ့ တည်ငြိမ်ရင့်ကျက်မှုမျိုးနဲ့ ထင်မထားအောင် အနေအထိုင်တော်တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



သားဘာသာ ချမှတ်ထားတဲ့ စည်းကမ်းတွေဆိုတာလည်း များမှများ၊ ဒီတော့ မေမေ့သား ရွေးချယ်မယ့်မိန်းကလေးဟာ ဘယ်နည်းနဲ့မဆို မေမေတို့စိတ်တိုင်းကျဖြစ်မယ်ဆိုတာ ယုံကြည်နေပြီးသားပဲ၊ သားရယ် … မေမေက ဘယ်လိုမိန်းကလေးမျိုး ဖြစ်ရမယ်ဆိုတဲ့ စံသတ်မှတ်ချက် မရှိတော့ပါဘူး၊ သား မမလည်း ဒီလိုပါပဲ”

မေမေက အဆုံးသတ်စကားကို ပြောရင်း စကားကုန်ပဲ ဟူသော သဘောဖြင့် လက်ကလေးနှစ်ဖက်ကိုတောင် လှပစွာဖြန့်ပြလိုက်သေးလေသည်။ သူ ဘာပြန်ပြောရမှန်မသိပါ။ နေရာတကာ စေ့စပ်သေချာပြီး စည်းကမ်းတကျဖြစ်မှ ကြိုက်သောသူဟာ ရုပ်ပျာပျာ နမော်နမဲ့နိုင်လှသော ကောင်မလေးတစ်ယောက်နှင့် ချစ်သူဖြစ်နေပြီဆိုတာ မေမေသိလျှင် ဘာပြောမှာပါလိမ့်။ ခပ်ပြုံးပြုံးနဲ့ပဲ သားက သူ့ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မှာမို့လို့လား ဟု ပြန်မေးနေလေမလား။ အဲဒီမေးခွန်းကို ခုချိန်မှာသူ့ကို မေးလာရင်ရော သူ ဖြေနိုင်ပြီလား ဝေခွဲမရပါလားဆိုတာသည် ခုချိန်မှာ L ဆိုင်းစီမဟုတ်ဘဲ သူ ဖြစ်လို့နေခဲ့သည်။

တေးဂျာဏီသည် သူ့အကြိုက်နှင့် ထပ်တူမကျသော်လည်း တစ်ခုမှ ကြိုက်စရာမရှိသော မိန်းကလေးကို ချစ်မိတာကိုက ဆန့်ကျင်ဘက်တို့ရဲ့ ဆွဲဆောင်မှုလား မပြောတတ်ပါ။

❦ ❦ ❦





(၁၈)

“ဟုတ်ကဲ့ ရပါပြီ၊ (၁၅)ရက်နေ့မှာ ဝန်ထမ်းခန့်အပ်စာရင်း ထုတ်ပြန်မှာဆိုတော့ ဆယ့်တစ်နာရီလောက်ဆို လူကိုယ်တိုင် ဖုန်းဆက်ပြီး မေးနိုင်ပါတယ်နော်”

“ဟုတ် … ကျေးဇူးပါနော်၊ ဒါဆိုရင် ခွင့်ပြုပါဦး”

“ဟုတ်ကဲ့ပါ”

ဖော်ရွေချိုသာသော ဝန်ထမ်းအမျိုးသမီးလေးကို နှုတ်ဆက်ပြီး ဗျာက နာမည်ကြီး စီးပွားရေးလုပ်ငန်းစုကြီးတည်ရှိရာ ရုံးခြံဝင်းအတွင်းမှ ထွက်ခွာလာပြီး ကားဆီသို့ ပြန်လျှောက်နေတုန်းမှာပဲ ဖုန်းဝင်လာလျှင် နှုတ်ခမ်းလေးက အလိုအလျောက်ပြုံးသွားသည်။ ဟင်း … မုန်းစရာကောင်းတဲ့လူ။ လူကို ခပ်ပြည့်ပြည့် အဆိုတော်မလေး Meghan Trainar နှင့် တူတယ်ဟု နိုင်းနှိုင်းပြီးတည်းက သူ ခေါ်ဆိုသော သီးသန့် Ring



www.burmeseclassic.com

www.burmeseclassic.com



Tones ကိုလည်း Meghan Trainar ရဲ့ ကမ္ဘာကျော်သီချင်း "All About that Bass .."ကို ထည့်ပေးထားလည်း သူ့အစီအမံပါပဲ။

"Because you know I'm all about that bass, Bout that Bass" bout that bass"

တျာက သီချင်းလေးနားထောင်ပြီးမှ ဖုန်းကို ဖွင့်ထူးလိုက်သည်။ ဟယ်လိုပေါ့နော်။

"ဘယ်မှာလဲ"

ဟင်း ... တျာက စိတ်ထဲမှ နှာခေါင်းတစ်ချက်ရှုံ့မိသည်။ တစ်ခါတလေမှာ သူနှင့် တျာသည် ချစ်သူရည်းစားဆိုတာတောင် မေ့လျော့နေသည်အထိ ဒီလူဟာ တစ်ချက်တစ်ချက်ကျတော့လည်း တကယ်ကို ကဗျာမဆန်သည့် ယောက်ျားပါပေ။ ကိုယ့်ရည်းစားကို ပြောသည့်အသံက ဈေးထဲက နေ့ပြန်တိုးတောင်းတဲ့လူလို တိုပြတ်နေသည်။

"အပြင်မှာ"

"ကျွတ် ... ယေဘုယျဆန်တဲ့ အဖြေမျိုးတွေ မဖြေစမ်းပါနဲ့၊ အပြင်ဆိုတာ ဘယ်အပြင်လဲ၊ ဘယ်နေရာကို ရောက်နေတယ်ဆိုတာ အတိအကျပြော"

"နဂါးဓာမဏိ"

"ဘာရယ် ..."

"အမယ်လေး ... လန့်လိုက်တာ၊ ဘာလို့ အဲလောက်အော်နေရတာလဲ"





"ပြန် ... ပြန်ပြောစမ်းပါ၊ ခုန ပြောလိုက်တဲ့နာမည်က ဘာ"

"နဂါးဓာမဏိလို့ ပြောနေတဲ့ဟာကို"

"ဘာ နဂါးဓာမဏိလဲ ကုမ္ပဏီလား"

"ဟုတ်တယ်"

"ဘာသွားလုပ်တာလဲ"

"အလုပ်သွားလျှောက်တာလေ"

"ဘာပြောတယ်"

"မြင့်မြတ်ခေါင် ... ရှင် ဘာဖြစ်နေတာလဲ၊ နားလေးနေတာလား ဟမ် ?၊ နားဖာချေး မကလော်ရသေးဘူးလား၊ နားကြပ်တံ မရှိဘူးလား၊ ဝယ်ပေးရမှာလား"

အခွင့်သာတုန်း တျာက နှိပ်ကွပ်ထားလိုက်ကာ တစ်ယောက်တည်းလည်း ခိခနဲ ရယ်မိသည်။

"အရေးမပါတာတွေ လျှောက်ပြောမနေနဲ့၊ မင်း အခု ဘယ်မှာလဲ"

"ဝေါ ... ဘယ်လိုဖြစ်နေတာလဲ၊ နဂါးဓာမဏိ ရုံးဝင်းထဲမှာပါဆို"

"ကျွတ် ... အဲဒါကို ဆိုလိုတာမဟုတ်ဘူး၊ အိုခေ ... မင်း အဲဒီရုံးနားက အနီးဆုံးတစ်ဆိုင်မှာ သွားထိုင်နေလိုက်၊ ကိုယ် နောက်နာရီဝက်အတွင်း ရောက်မယ်"

"ဟင် ... ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာလို့ရမှာလဲ၊ မင်းကိုတွေ့ပြီး စကားပြောမလို့ပေါ့"–

"နောက်နာရီဝက်က ဘယ်ကလာမှာမို့ ရောက်မှာလဲ"

"အမယ်လေး ... လူကို တရားခံစစ်လာစစ်နေပြန်ပြီ၊ နာရီဝက်အတွင်းရောက်မှာမို့ မင်းကို စောင့်ခိုင်းတာပေါ့၊ ဒါပဲ ... စောင့်နေ၊ ကိုယ် ရောက်ခါနီးမှ ဘယ်ဆိုင်ဆိုတာ ဖုန်းဆက်လိုက်မယ်"

သူက ပြောချင်ရာပြောပြီးနောက် ဖုန်းချသွားလေသည်။ တျာက ဟင်းခနဲပင် အသံမြည်အောင် သက်ပြင်းကို ဆောင့်ချရင်း ကားပေါ်တက်မောင်းထွက်ခဲ့သည်။ ဒီနားနဲ့ အနီးဆုံးဆိုင်ကတော့ Fuji ပဲရှိတာပဲ၊ ကောင်းပြီလေ သူ ကျွေးမှာပဲဟာ၊ ဂျပန် Hot Pot လေးသောက်ပြီး ဖြစ်သလို ကော်ဖီဂျယ်လီလေးနဲ့ အချိုတည်းရတာပေါ့ ...။

အစားအသောက်ကောင်းတွေအကြောင်း တွေးမိလျှင် အလိုလိုပြန်လည်ရွှင်လန်းသွားသော စိတ်တိုဖြင့် ကားကို Fuji ရှိရာသို့ ခပ်သွက်သွက်လေး မောင်းလာသည်။ ဘဝနာအောင် လေ့ကျင့်ပေးခဲ့သော မေမေ့ကျေးဇူးကြောင့် အရင်က ဘတ်စ်ကားစီးခဲ့ရသော တျာသည် ကိုယ့်အတွက် သီးသန့်ဖြစ်တည်မှုဖြစ်သော ဒီ Swift ကားအနက်လေးကို အင်မတန်မြတ်နိုးလေသည်။ ကားလေးကို အရိပ်တကြည့်ကြည့်ဖြင့် သ,နေကာ မောင်းရရုံသာမထားဘဲ ကားအကြောင်း သဘောတရားတွေလည်းရှာဖတ်၊ ကြံ့





ခိုင်ရေးအတွက်လည်း အမြဲဂရုစိုက်လေ့ရှိလေရာ တျာ့ကားလေးမှာ ရန်ကုန်မြို့တွင်းလမ်းတွေလောက်ကတော့ အေးရအေးကြောင်း ဖလန်း ဖလန်းပါပေ။

အခုလည်း ကားသေးသေးလေးနှင့် ဟိုတိုး ဒီတိုးကာ Fuji သို့ ရောက်လာခဲ့ပြီ။ Hot Pot nenu set တစ်ခုမှာထားရင်း ကျေးဇူးရှင်ထံသို့ ဖုန်းခေါ်မည် အလုပ်မှာပဲ သူ့ဖုန်းက အရင်ဝင်လာသည်။ အင်း ... ငါတို့တတွေ ဒီလောက်တော့ စိတ်ချင်းတိုက်ဆိုင်ကြသားပဲဟု ကြံဖန်ဂုဏ်ယူရလေမလား။

"အင်း ... ပြော"

"ဘယ်မှာလဲ ... ရောက်နေပြီလား"

"အင်း ... Fuji မှာ"

"ဪ ... အေး ... ပြီးရော၊ နောက်ဆယ်မိနစ်နေရင် ရောက်မယ်"

"ကော်ဖီသောက်တဲ့နေရာ မဟုတ်ဘဲ Hot Pot စားတဲ့အခန်းထဲလာခဲ့နော်"

"အံမယ် ... Hot Pot က ဆွဲနေသေးတယ်ပေါ့"

"ဟင်း ... ဟင်း ... မနက်က ဘာမှ သိပ်စားမလာရတော့ ..."

"ဒကာတွေ့ပြီဆိုပြီး တွယ်မယ်ပေါ့လေ"

ကြည့်လေ ... ဒီစကားဟာ ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက်ကို ပြောရမယ့်စကားလားဆိုတာ။ ဒါပေမဲ့ သူကလည်းပြောသည်။ တျာကလည်း မနာပါ။ တျာတို့ချင်းသည် ဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေကြလေသည်။ HotPotဟင်းရည်ပွက်ပြီး သားငါးတွေထည့်မည့်အချိန်မှာပဲ သူ ရောက်လာပါသည်။ ထုံးစံအတိုင်း လက်နှစ်ဖက်ကို နောက်ပစ်ကာ ခပ်မတ်မတ် ခပ်တည်တည်နှင့် သူ့ဒွေးပေါက်စ စတိုင် အမြဲရှိသော သူ့ကို **တျာ**ကတော့ စားပွဲပေါ်မေးထောက်ပြီး ပြုံးရွှင်စွာ လှမ်းကြည့်နေမိသည်။ သူက တျာနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ တျာက သူ့ကို ရောက်ပြီလားဟု ပဋိသာရစကားဆိုရင်း သားငါးတွေကို အိုးထဲထည့်သည်။

"ကဲ … ပြောစမ်းပါဦး၊ နဂါးဇာမဏီကို အစ်မတော်လေး အလုပ်လျှောက်ရတဲ့အကြောင်းရင်း"

"ဟင် … အလုပ်လျှောက်ရတဲ့အကြောင်းရင်းက အလုပ်ရဖို့ပေါ့၊ ရှင်ပဲ **တျာ**ကို အမြဲပြောပြောနေတာ မဟုတ်ဘူးလား၊ အလုပ်မလုပ်လို့ဆိုပြီး အခု အလုပ်လုပ်တော့မှာ ရှင်တောင် ဝမ်းသာရဦးမှာ မဟုတ်ဘူးလား …

အခြေအနေကောင်းမယ်ထင်တယ်၊ အရင်က **တျာ** လုပ်မယ့်နေရာကို လုပ်ခဲ့တဲ့ အစ်မက အိမ်ထောင်ကျသွားလို့ အလုပ်ထွက်မှာ၊ သူနဲ့ **တျာ**က သိတော့ တျာ့ကို Recommendပေးတယ်လေ၊ ပြီးတော့ သူက အလုပ်မထွက်ခင် သုံးလလောက် အားလုံး သင်ပေးခဲ့မှာဆိုတော့ တျာက ရဖို့က သေ … သေချာ"

"တော်ပြီ ဆက်မပြောနဲ့တော့"





သူများ အားတက်သရော ပြောနေတာကို ဖြတ်ပြောလိုက်သော သူ့စကားကြောင့် တျာက မျက်စောင်းတစ်ချက်ထိုးရင်း ကျက်စပြုနေသော သားငါးတို့ကို တစ်ချက်မွှေပေးရင်း အသီးအရွက်တွေ ထပ်ထည့်လိုက်သည်။ သူ့ကို အစားအသောက်လောက် စိတ်မဝင်စားပါဘူးဟူသည့် သဘော။

"မင်း အဲဒီမှာ အလုပ်မလုပ်ပါနဲ့"

"ဘာရယ် … ဘာဖြစ်လို့တုံး"

"မင်းကို ကိုယ်က ကိုယ့်ဆီမှာ အလုပ်လုပ်ဖို့ စီစဉ်ထားတာ"

"အံမယ် … ဘယ်တုန်းက စီစဉ်တာလဲ၊ တစ်ခါမှလည်း မကြားမိပါလား"

သူက တျာ့ မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း အလေးအနက်ပုံစံဖြင့် ပြောလာသည်။

"မင်းကိုသာ မပြောရသေးတာ၊ ကိုယ့်ခေါင်းထဲမှာတော့ မင်းအတွက် စဉ်းစားထားတာတွေ ရှိပြီးသားပါ **ဘေးတျာထီ**ရဲ့၊ မင်းတက်နေတဲ့ သင်တန်းပြီးရင် ကိုယ့်ရုံးမှာ မင်းအတွက် တစ်နေရာစာ အသင့်ဖန်တီးထားပြီးသားပါ၊ အဲဒီအလုပ်ကို လက်မခံနဲ့တော့ကွာ၊ ကိုယ့်ဆီမှာပဲလုပ်ပါ"

"အာ … ရှင်ကလည်း … ဟိုက နိုင်ငံခြားပိုင်ကုမ္ပဏီ၊ လခကလည်း ဒေါ်လာနဲ့ရမှာ"

"ဟာ … မင်းက အဲဒါတွေ မက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... မက်တာပေါ့၊ တျာ့အရည်အချင်းကို ရှင် အထင်သေးထားတာမလား၊ နောက်ကို ရှင် အံ့ဩစရာ အရည်အချင်းတွေ တွေ့ရတော့မှာ"

"ကျွတ် ... မင်းကိုလည်း အဲဒီက လစာနဲ့ ညီမျှတဲ့ လစာ ပေးမှာပါကွာ၊ ဘာလဲ ... မင်းက ဒီလောက်လေးတောင် ကိုယ့်အတွက် မလိုက်လျောပေးနိုင်ဘူးလား"

"ရှင် တကယ်ပြောနေတာလား"

"ကျွတ် ... တေးတျာဇီရယ် ... မင်းကို ကိုယ်က နောက်စရာလား၊ မင်းအလုပ်လျှောက်ပြီးသွားမှန်း သိလို့တောင် ကိုယ် ဒီကို တကူးတကချိန်းပြီး စကားလာပြောတာပဲ၊ မင်း ဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပါဦး ... Please"

သူ့ဆီက Pleaseဟူသည့် စကားကြောင့် နည်းနည်း ကျေနပ်သွားကာ တျာက ခပ်ပြုံးပြုံးနှင့် ကျက်ပြီဖြစ်သော ပုစွန် ငါးဖယ်လုံး၊ ဘောဘီကွန်း ဘရိုကိုလီ၊ အရွက်တို့ကို ဆယ်ယူရင်း စားဖို့ပြင်သည်။ သူကတော့ တျာ့ထံက အဖြေကိုသာ စောင့်နေဟန် ဖြင့် စူးစိုက်ကြည့်နေသည်။ တျာကတော့ ပုစွန်တစ်ဖတ်ကို ဆော့ပ်နှင့်တို့ကာ ပါးစပ်ထဲ ထည့်လိုက်ပြီးမှ ...

"ရှင့်ရုံးမှာ တျာ့ကို ခန့်ရမှာ မစိုးရိမ်ဘူးလား၊ တျာက နမော်နမဲ့နိုင်ကနိုင်နဲ့၊ ရှင် စိတ်ညစ်ရမှာ တျာ မလိုလား ပါဘူး"





"အဟက် ... လာသေးတယ်၊ မင်းရဲ့ အဲဒီအကျင့်ကြောင့်ပဲ မင်းကို တခြားနေရာမှာ အလုပ်လုပ်ဖို့ကိုလည်း စိတ်မချတာ"

"အံမယ် ... ဒါဆိုလည်း စောင့်ကြည့်လိုက်ပေါ့"

"ကဲပါ ... အချေအတင်တွေ ပြောနေရမယ့်အချိန် မဟုတ်ဘူး၊ မင်း ကိုယ့်စက္ကရီထေရီ လုပ်မယ်မလား ... ဒါပဲပြော"

"ဘာရယ် ... ရှင့် စက္ကရီထေရီ လုပ်ရမယ်"

"အင်းလေ ... ကိုယ်က မင်းအတွက် အဲဒါကို အစောကြီး ကတည်းက စဉ်းစားထားတာ"

သူက တျာ့မျက်ဝန်းထဲသို့ ခပ်နက်နက်လေး စိုက်ကြည့်ပြီး ခပ်ရိရိလေး ပြောလျှင် ဒီတစ်ခါတော့ တကယ်ပဲ ဖျတ်ခနဲ ရင်ခုန်သွားသည်။ ဒီလူက အမြဲတစေ တျာ့ကို ဆရာလုပ်တော်ကီပွားနေတတ်တာမို့ တီတီတျာတျာ ရင်ခုန်ရသည့်မရှိဘူးသောက် ဖြတ်သန်းရသမျှ ဒီတစ်ခါတော့ ကျေနပ်ရလေသည်။ သူ့ရဲ့ စက္ကရီထေရီဆိုတော့ သူ့အနားမှာ အမြဲနေရာရမည့်သူပေါ့ နော် ... ဟာ ဟ။

"ကဲ ... ပြော၊ ဘယ်လိုလဲ"

"အင်းဝါ ... ပြီးရော"

"ဘာပြီးရောလဲ၊ စကားကို တိတိကျကျပြော၊ အစားပဲ ငမ်းမနေနဲ့"

"အင်းပါ ... တျာ ရှင့်စက္ကရီထေရီ လုပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါမျိုးမှပေါ့၊ စိတ်ချမ်းသာတယ်"

သူက တကယ်ကို စိတ်ချမ်းသာဟန်ဖြင့် ကျေနပ်စွာ ပြုံးလို့နေလျှင် တျာလည်း စိတ်ချမ်းသာရပါသည်။ နောက်ပိုင်း ကိစ္စက ဘယ်လိုလာမယ် မသိရပေမယ့် လက်ရှိမှာတော့ သူ့အနား မှာ ကိုယ့်ကို အမြဲခေါ်ထားဖို့ စိတ်ကူးရသော သူ့အတွေးကို တကယ်ပဲ အသိအမှတ်ပြုရကာ သူ ကိုယ့်ကို ချစ်ရှာသားပဲဟု ပီတိဖြစ်ရသည်။ သူ **တျာ**အတွက် ဒီလောက်ထည့်စဉ်းစားမယ်လို့ တကယ်ပဲ မထင်မိပါဘူးနော်။

"ရှင် မစားဘူးလား"

"စားမှာပေါ့၊ မင်းကမှ ထည့်မပေးတာ"

"အွန်း ... ကိုယ့်ဘာသာထည့်စားလည်း ရတာပဲကိုး"

သူက နှုတ်ခမ်းကို တစ်ချက်မဲ့ပြီး သူ့ဟာသူ ခပ်ထည့်နေလျှင် တျာက ခိခနဲ ရယ်မိသည်။ သူက ခပ်ထည့်ရင်းမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ...

"ဒါနဲ့ မင်း MBA Convocation တက်ဖို့ ရှိတယ်မလား"

"ဟုတ်တယ်လေ နောက်တစ်ပတ်ထဲမှာ"

"ကိုယ် ဘာကူညီပေးရဦးမလဲ"

"ရပါတယ်၊ တျာဘာသာ အကုန်စီစဉ်ပြီးပါပြီ"

"အဲဒီနေ့တော့ မင်းကိုယ်တိုင် ကားမောင်းလို့ ဘယ်အဆင် ပြေပါ့မလဲ၊ ကိုယ် ကားတစ်စီးနဲ့ ဒရိုင်ဘာနဲ့ လွှတ်ပေး မယ်၊ မိတ်ကပ်ပြင်ရမှာတွေ ဘာတွေရှိဦးမှာပေါ့၊ မနက်





ခြောက်နာရီတည်းက မင်းအိမ်ရှေ့ လွှတ်ပေးလိုက်မယ်"

"ရပါတယ်"

ရပါတယ်ဟု ပြောသော်လည်း တျာ့ပါးစပ်ကြီး အားရွက်မှာ တက်ချိတ်နေတာကို သူက သိဟန်ဖြင့် နှုတ်ခမ်းတွန့် ပြီးပြုံးသည်။ ပြီးတော့ တူတစ်ချောင်းနှင့် အသားတစ်ဖတ် ဆောက်ဝါးကာ ပြုံးစိစိလုပ်နေသော ပုံစံကို တစိမ့်စိမ့်ငေးရင်း သူ့ရင်ထဲမှာ **တျာ** ရှိပါလားဟူသော အသိက ပို၍ ခိုင်မြဲလာခဲ့ သည်။ ရင်ထဲမှ စိမ့်တက်လာသော အချစ်စိတ်ကြောင့် အခါများ စွာ မပြောဖူးသော သမီးရည်းစားဆန်ဆန် တီတီတာတာစကား သို့ နှုတ်ဖျားက ထွက်ကျလာသည်။

"ရှင့်ကို ချစ်လို့သာ ရှင့်စက္ကရီတောရီ လုပ်ဖို့ တျာ လက်ခံ လိုက်တာ၊ ဟိုဘက်မှာ ပြောပေးထားတဲ့ မသီရိကတော့ တျာ့ကို ပြောတော့မှာပဲ၊ သူက အားတက်သရော ကူညီထား တာ၊ အားနာလိုက်တာ စိတ်တောင်မကောင်းဘူး"

သူ့ဆီက နှစ်သိမ့်စကား တစ်စုံတစ်ရာကြားရလေ လားဟု ငုံးဥပြုတ်ဝါးရင်း မျှော်လင့်မိသော တျာမှာ သူ ပြန် ပြောလိုက်သောစကားကြောင့် ပါးစပ်ထဲ ရောက်နေသော ငုံးဥမှာ လည်ချောင်း၌ တစ်ပြီး နင်မလိုတောင် ဖြစ်သွားလေသည်။

"စိတ်မကောင်းလို့သာ တော်တော့တယ်၊ စားနေတာ ဟော့ပေါ့တစ်အိုးလည်း ပြောင်တော့မယ်၊ မဝသေးရင် ထပ်မှာလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အဲဒါသာ ကြည့်ကြပါတော့လေ။ ဒီ
ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ထားသည့် တေးရေးဆရာကြီးတစ်ယော
ရင်ခုန်ခြင်းရဲ့ ရလဒ်စစ်စစ်ကို တစ်ခါတစ်ရံ ပိုင်ဆိုင်ရသည်
လျှင် အဆန်းတကြယ် မဟုတ်တော့ပြီ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ တျာ့အတွက် ထ
စဉ်းစားသောစိတ်၊ ချစ်မြတ်နိုးသောစိတ် တကယ်ကြီး ရှိနေခဲ့သည်
ဆိုလျှင် အပေါ်ယံမချိုသော အပြောအဆိုတွေအတွက်လည်း
ခံနိုင် ရည်ရှိအောင် တျာ့ ကြိုတင်ပြင်ဆင်ရဦးမည်ပေါ့နော်။

ဒါဟာ ရွေးချယ်ခွင့်မရှိသော တျာ့ရဲ့ ချစ်ခြင်းတစ်ခု
ဖြစ်ပါမည်။

❦ ❦ ❦





(၁၉)

ခုချိန်ဆိုလျှင် တေးတျာကြီတစ်ယောက် သူ စီစဉ်ပေးထားသော BMWစိမ်ခံကားသစ်ကြီးနှင့် ဘွဲ့နှင်းသဘင်ကို တက်ရောက်နေပြီဟု ကိုယ့်အိမ်မှ မှန်းဆမြင်ယောင် စိတ်ကူးယဉ်ကြည့်၍ မဆုံးခင်မှာပဲ သူ့ဖုန်းကို သူမ ခေါ်ဆိုသံ ကြားရလေသည်။ ဖုန်းဖွင့်လိုက်တာနှင့် သူမရဲ့ အလောတကြီး ခေါ်သံက နားထဲသို့ တိုးဝင်ရောက်ရှိလာသည်။

"ချေမြင့်မြတ်ခေါင် ... အဲ ... ကိုမြင့်မြတ်ခေါင်"

ချေမြင့်မြတ်ခေါင်ဆိုသည့် အသံကြားတာနှင့် သူ့နှုတ်ခမ်းက ဆွဲဆန့်လိုက်သလို ချက်ချင်း တင်းသွားသည်။ ဒီလိုရုတ်တရက် ယောင်ပြီး ထွက်သွားတယ်ဆိုကတည်းက သူ့ကွယ်ရာမှာ ဒီနာမည်ကို ဘယ်လောက်တောင် ခေါ်ဝေါ်သုံးစွဲနေသလဲဆိုတာ သိသာတာပဲ မဟုတ်လား။

"ဘာ ချေမြင့်မြတ်ခေါင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ဟုတ်ပါဘူး ယောင်သွားလို့ပါ၊ ကျွာ ဒုက္ခရောက်နေပြီ၊ ကျွာ့ကို ကူညီပါဦး ကိုမြင့်မြတ်ခေါင်ရယ်"

သူမက သနားစရာအသံနှင့် ပြောသော်လည်း သူက မသနားမိဘဲ နှာခေါင်းရှုံ့မိသည်။ ဒီကောင်မလေးနှင့် ချစ်သူရည်းစားဖြစ်ရသည်ဝယ် အချစ်၏ရသကို ဘာမှ မခံရဘူးဟုပဲထင်သည်။ သူ့ကို ရည်းစားတို့၏ ချစ်ခြင်းသဘာဝအရ နာမ်စားတစ်ခုခုသုံးဖို့ စိတ်ကူးမရှိဘူးလား ဆိုတော့လည်း မထုံတက်တေးမျက်နှာဖြင့် ကိုမြင့်မြတ်ခေါင်လို့ပဲ ခေါ်မယ်လေတဲ့။ တကယ်တော့ ကွယ်ရာမှ ချေမြင့်မြတ်ခေါင်ဟု ခေါ်နေမှန်း ခုမှပဲ ရိပ်မိတော့သည်။

"ဟယ်လို ... ဟယ်လို ..."

"ဘာဖြစ်နေတာလဲ ... မင်းက အခု ဘယ်မှာလဲ"

"ကျွာက ကျောင်းထဲရောက်နေပြီ"

"အဲဒီတော့ ..."

"ကျွာ့ရဲ့ဘွဲ့ယူမယ့် ဘွဲ့ဦးထုပ် ကဖ်လေ ပါမလာဘူး"

"ဟမ် ... ဘွဲ့ဦးထုပ်ပါမလာဘူး ဟုတ်လား၊ ဘယ်မှာ ကျန်ခဲ့တာလဲ"

"မိတ်ကပ်ပြင်တဲ့ မာမီ့ဆီမှာ ကျန်ခဲ့တယ်၊ သူကလည်း ကျွာ့ကို ပြင်ပေးပြီးတာနဲ့ ဆိုင်ကို သော့ပိတ်ပြီး သူ့မင်းသမီး ရှူတင်ကို လိုက်သွားပြီတဲ့၊ ဟင့် ... ကျွာက ဘွဲ့ဦးထုပ် မပါဘဲ စင်ပေါ်တက်ရတော့မလိုဖြစ်နေပြီ"





"ကျွတ် ... မင်းကတော့ လုပ်ပြီ၊ တကယ့်နေ့ကျမှ ပြဿနာက ဖြစ်ရတယ်လို့ အခု ဘယ်လိုလုပ်မလဲ၊ မင်း အခြောက်က သူ့ဆိုင်က သော့ပိတ်သွားပြီဆိုတော့ ဘယ်က ရနိုင်မှာမို့လို့လဲ"

"ရနိုင်စရာတွေရှိပါတယ်"

ပြောကြည့်လေ ရင်ထဲ ပေါ့သွားတာပေါ့ ဟူသည့် စကားကိုတော့ အားနာသဖြင့် မပြောတော့သော်လည်း တကယ်တမ်း အဲဒီလို ပြောချင်နေတာဖြစ်သည်။ ဒီလောက်မေ့လျော့ပေါ့ဆတဲ့ မိန်းကလေးတစ်ယောက်ကိုမှ သူ့ဆီ ဖူးစာရှင်အဖြစ် ပို့လိုက်သော မြားနတ်မောင်ကိုယ်တိုင်က အလွဲမြားနတ်မောင်ထင်ပါရဲ့။

"ဟို ... ခေတ်ပုံဆိုင်တို့ ဘာတို့မှာလေ ငှားပြီးတော့ပဲဖြစ်ဖြစ် ..."

"ဘယ်သူက သွားငှားရမှာလဲ၊ ကိုယ်ကလား ..."

"အင်းလေ"

သူက ကျွတ်ခနဲ မြည်တမ်းကာ တစ်ခုခုပြန်ပြောဖို့ ပြင်သော်လည်း သူမရဲ့အသံက တကယ်ကို ဒုက္ခရောက်နေသော အသံမို့ စိတ်လျော့ကာ သက်ပြင်းကို ဆောင့်အောင့်ချမိရင်း အိုခေလေ ကိုယ် ကြိုးစားကြည့်ပေးမယ်၊ သိပ်တော့ အာမခံဘူးဟု ပြောကာ ဖုန်းချပစ်လိုက်သည်။ ပြီးတော့ နားထင်ကို လက်နဲ့ပွတ်ကာ ဘွဲ့ဦးထုပ် ဘယ်ကရနိုင်မလဲဆိုတာ ဖျစ်ညှစ်စဉ်းစားနေမိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တွေးစမ်း ကြံစမ်း ... ဒီချစ်သူ အမိုက်အမဲလေးအတွက် **မနောက်ဆုံးတော့** ခေတ်ပုံဆိုင်တစ်ဆိုင်ကနေ တန်ဖိုးကြီးကြီးကြီး ပေးမှာလာကာ သူမရှိနေသော ရန်ကုန်ဘွဲ့နှင်းသဘင်ခန်းမအား ဆီသို့ အပြေးရောက်လာခဲ့ရင်း သေငယ်ဇောနှင့် မျောတော့မည့် တေးတျာဏီရဲ့ရုပ်သွင်ကို မြင်ရတော့မှ သူ လာခဲ့တာ အတော်မှန် သွားသားပဲ သဘောပေါက်ရသည်။ သူမရဲ့အမေကိုလည်း တွေ့ရပြီး ဒီလို ကြိုတင်မစီစဉ်ထားသော အနေအထားမျိုးနဲ့ တွေ့ရ လိမ့်မယ်ဟု မျှော်လင့်မထားသဖြင့် သူ့မှာ ဘယ်လိုနှုတ်ဆက်ရမလဲ မသိ။ သူတို့အကြောင်းကို တေးတျာဏီရဲ့အမေ သိလား မသိလား ဆိုတာလည်း သူက မသိသေးချေ။

သူမကတော့ သူ့လက်ထဲက ဘွဲ့ဦးထုပ်ကို မြင်တာနှင့် ဝမ်းသာအားရ အပြေးလှမ်းလာလိုက်သည်မှာ ခလုတ်တောင် တိုက်ပြီး ဟပ်ထိုးလဲကျတော့မလိုဖြစ်၍ သူကပဲ ဆီး၍ ဖမ်းပေး လိုက်ရသည်။

"ဟဲ့ ... ဟဲ့ ... အမယ်လေး ပလုတ်တုတ်၊ ဩော် ... ဟီး ... တော်သေးရဲ့၊ ခေါင် ဖမ်းပေးထားလို့"

အန် ... ဘယ်တုန်းက ခေါင် ဖြစ်သွားသလဲတော့ မသိချေ။ ခါတိုင်း ရွှဲ့ရွှဲ့ပြီး ကိုမြင့်မြတ်ခေါင်ဟု ခေါ်နေသမျှ ခုတော့ '**ခေါင်**'ဆို၍ သူ့မှာ ကော်လာများပင် ထောင်ရတော့မလိုလို။ ခုမှ တွေ့ရသည့် မတော်ရသေးသော ယောက္ခမလောင်းကိုပဲ ဦးညွှတ်ဂါရဝပြုရတော့မှာလိုလိုဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း





မသိချေ။ သေချာတာကတော့ ခါတိုင်း ရောင်စုံမျက်နှာနှင့် **မတွေ့ဖူးသော တေးချောဏီမှာ ဒီနေ့မှာတော့ ပန်းချီဆရာတစ် ယောက်က အသေးစိတ်ခြယ်မှုန်းပေးလိုက်သလို** (တကယ်တော့ မာမီတစ်ယောက်ကပါ) လှပတောက်ပြောင်နေသော ကြွေမျက်နှာ လေးသည် သူ့မျက်လုံးထဲတွင် အဆန်းတကြယ်ဖြစ်နေပေသည်။ သူမရဲ့ မိခင်ကလည်း သိပ်အရွယ်မကြီးသေးဘဲ တော်တော်ချော မော့ကျက်သရေရှိသည့် အမျိုးသမီးတစ်ဦးပါပေ။

"**ခေါင် ရလာတယ်ပေါ့နော်**၊ ဘယ်က ရလာတာလဲ"

"အင်း ... ခေတ်ပုံဆိုင်တစ်ဆိုင်ကပါပဲ၊ ကဲ ... တပ်ကြည့် ဦးလေ၊ တပ်ဖို့ အဆင်ပြေရဲ့လား"

"အဟင်း ... ပြေမှာပါ၊ မေမေ တပ်ပေးဦးလေ၊ ဩော် ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ **တျာ့**မေမေလေ၊ ဒေါ်မြနှင်းဆီ တဲ့၊ မေမေ ဒါ တျာ့ရဲ့ Boy friend လေ"

သူမက **အေးအေးဆေးဆေးပဲ မိတ်ဆက်ပေးလိုက် သော်လည်း သူကတော့** မျက်နှာအနည်းငယ်ပူသွားသည်။ တစ်ခါမှ ဒီလို မိတ်ဆက်ပေးတာ မခံရသောကြောင့်လည်း ဖြစ်နိုင်သည်။ ယောက္ခမလောင်းကြီးကလည်း အေးဆေးပါပဲ။ သူ့ကိုတော့ ဖော်ရွေနွေးထွေးသောအပြုံး၊ သူမကိုတော့ အပြစ်တင်သော မျက် လုံးများနဲ့သာ ကြည့်လျက် ...

"အေးကွယ် ... တွေ့ရတာ ဝမ်းသာပါတယ်၊ တကယ်ဆို အိမ်မှာ ထမင်းစားလေးဘာလေး ဖိတ်ပြီး အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေး တွေ့ချင်တာ၊ ခုလို ဝရန်းသုန်းကားအနေအထားနဲ့ တွေ့ဖို့ မျှော်လင့်မထားပါဘူး၊ ဒါပေမဲ့လည်း စိတ်ထဲ ထင်တော့ထင်နေတာပေါ့လေ၊ မိတ္တာတစ်ယောက် ဘာများ အမှားလုပ်ချဦးမလဲလို့၊ သူ မွေတော့လည်း ခုလို မျှော်လင့် မထားတဲ့ပုံစံနဲ့ တွေ့ရတာပေါ့ကွယ် အားနာပါတယ်”

“ဟုတ်ကဲ့ အန်တီ ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ခုလို အန်တီ နဲ့ ဆုံရတာ ကျွန်တော်လည်း ဝမ်းသာပါတယ်ခင်ဗျာ”

“အင်းလေ ... မေမေကလည်း ဘယ်လိုပဲ ဆုံတွေ့ ဆုံတွေ့ ဆုံတွေ့ရတာ မင်္ဂလာတစ်ပါးပဲ မဟုတ်လား”

“အေးပါ မင်္ဂလာတစ်ပါးကနေ မင်္ဂလာစစ်စစ်ဖြစ်ဖို့လည်း ကြိုးဆောင်ကြဦး”

“ဟွန်း ... မေမေကလည်း”

သူမက ဘဲရှေ့မှာ ညှော်ရသလားဟူသော ပုံစံမျိုးနှင့် အမေကို နှုတ်ခမ်းဆူသည်။ ဘွဲ့ဝတ်စုံနှင့် မလိုက်ဖက်အောင် ကလေးဆန်ဆန် အမူအရာရှိသော သူမကို ခပ်ပြုံးပြုံးနှင့် ငေးမိ ရင်း **တေးတျာဏီ**ကို နားလည်ဖို့ အတော်ကြိုးစားရဦးမှာပါလား ဟု အသိဝင်ရသည်။

“အဲဒါသာကြည့်တော့ မြင့်မြတ်ခေါင်ရေ၊ သူက ကိုယ်တိုင် လည်း အသုံးမကျဘူး၊ ပြောရင်လည်း ငါးတန်းကလေးလို နှုတ်ခမ်းဆူမယ်၊ ခြေဆောင့်မယ်နဲ့၊ ဒီအသက်အရွယ်ရောက် လာတယ်၊ ရင့်ကျက်တည်ငြိမ်မှုလည်း မရှိဘူး၊ အန်တီက





သူ့ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ မိန်းကလေး ပီပီသသ နူးနူးညံ့ညံ့သိမ်မွေ့စေချင်တာ၊ ဘာမဆို ကောင်း ကောင်းမွန်မွန် တိတိကျကျလေးပေါ့၊ ခုတော့ အဲဒီလို မဟုတ်ပါဘူး၊ အရာရာနဲ့အကြောင်းကြောင်း အမြဲ နှမော် နှမဲ့နိုင်ပြီး ရှပ်ပျာပျာဖြစ်နေတော့တာပဲ၊ ဘယ်လောက်ပြော ပြော သတိထားပြီးလည်း မပြင်ဘူး ...

သမီးလေးတစ်ယောက် မွေးထားပါတယ်၊ စိတ်တိုင်း ကို မကျပါဘူး၊ အန်တီ ပြင်မယူနိုင်တဲ့ **တေးတျာဏီ**ကို သားက ပြင်နိုင်မယ် မျှော်လင့်ပါတယ်”

“ဗျာ ... ဩော် ... အဟင်း”

“မေမေတို့ကတော့ ချုပ်ပြီနော်၊ ဟင်း ... ကဲပါ **တျာ့**ကို ကပ်ဆောင်းပေးပါဦး”

ခုမှ ဘွဲ့ဦးထုပ်ကို အသည်းအသန်ဆောင်းရင်း သူ့ကို လက်တပြပြလုပ်ကာ ဘွဲ့နှင်းသဘင်ခန်းမထဲ ဝင်သွားသော တေးတျာဏီကို သူက သဘောကျစွာ ခါးထောက်ကြည့်ရင်း ခေါင်းတယမ်းယမ်း ကျန်ရစ်ခဲ့ရလေသည်။ ဒီလိုပုံမျိုးနှင့် လုပ်ငန်း ခွင်မှာ သူနဲ့ ကျွန်တော် ဘယ်လိုများ စခန်းသွားကြမည်တဲ့လဲ။ စိတ်ဝင်စားစရာတော့ကောင်းလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

"ဟယ်လို ... မောနင်း ... ကောင်းသောနံနက်ခင်း ဖြစ်ပါစေရှင်"

ဘိုလိုရော မြန်မာလိုတွေရော ထွက်မိထွက်ရာ ထွက်လျက် တက်တက်ကြွကြွကြီး နှုတ်ဆက်လိုက်သော တျာ့ကို ရုံးစောင့် ဦးလေးကြီးက မျက်ခုံးပင့်ကာ အံ့သြသလို ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ အင်း ... ဒီခေါင်းတဆတ်ဆတ် ညိတ်တဲ့ စတိုင်လ်ဟာ သူတို့သူ့ဒွေးလေး မြင့်မြတ်ခေါင်ဆီက ယူထားတဲ့ အိုက်တင်တွေလား မသိပါဘူးနော်။ တျာ့ရဲ့ မြင့်မြတ်ခေါင်ကတော့ အမြဲတစေ ခေါင်းတဆတ်ဆတ်ညိတ်နေတတ်တာပဲလေ။

"အင်း ... တူမကြီး စောလှချည်လား"

"ဟုတ်တယ် ဦးလေးရဲ့၊ ဒီနေ့က တျာ ပထမဆုံး ရုံးစတက်တဲ့နေ့လေ၊ ဒါကြောင့် တမင် အစောကြီးလာခဲ့တာ၊





နောက်ကျရင် ကားတွေကလည်း ကျပ်တယ်၊ ခုလို စောစောလာတော့ ရုံးမှာ ပြင်ဆင်စရာရှိတာလည်း အကုန်ပြင်ဆင်လို့ရအောင်လို့"

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့၊ ဝီရိယရှိတော့ ကောင်းတာပေါ့၊ အင်း ... ကလေးမက သန့်ရှင်းရေးသမားထက်တောင် စောနေသေးတယ်၊ ကောင်းပါလေ့ ... ကောင်းပါလေ့"

တျာက ဒါပေါ့ဟူသော အပြုံးလေးဖြင့် ပခုံးလေး တစ်ချက်တွန့်ကာ သူ့ရုံးခန်းထဲရှိရာသို့ ဝင်လာခဲ့လေသည်။ အရင်ဆုံး သူ့စားပွဲကို သန့်ရှင်းရေးလုပ်သည်။ သူ့အခန်းက ကျယ်ဝန်းသောရုံးခန်းဖြစ်လေရာ ထောင့်တစ်နေရာမှာ တျာ့အတွက် စားပွဲတစ်လုံးပေးထားလေရာ သူနဲ့ကတော့ မခွဲအတူပဲ ဖြစ်တော့သည်။ သူ့စားပွဲပြီးလျှင် ကိုယ့်စားပွဲကို ဖုန်လေးဘာလေး သုတ်ပြီးလျှင် အိမ်က အသင့်ယူလာသော ဖြူဖွေးလှသည့် နှင်းဆီဖြူများကို ဖန်အိုးမှာ လှပစွာ ထိုးစိုက်သည်။ သူက ကော်ဖီကို တစ်နေကုန် လိုလို သောက်တတ်သူဖြစ်လေရာ သူ့အကြိုက် ရွှေလဝန်းကော်ဖီမှုန့်ကို ကော်ဖီဖျော်စက်ထဲထည့်ကာ နှပ်ထားလေသည်။ ပြီးလျှင် တစ်နေ့တာ အချိန်ဇယားကို တစ်ချက်ပြန်စစ်သည်။ အလုပ်ကိစ္စတွေ ရယ်ဒီဖြစ်သွားပြီ ဆိုလျှင်တော့ ကိုယ့်အလုပ်ကိုပဲ စစ်ဖို့ ကျန်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရုံးမှာ ရုံးဝန်ထမ်းတွေက ယူနီဖောင်းဝတ်ရသော်လည်း ကျွန်တော့ ချစ်သူရဲ့ စက္ကရီတောရီမို့ ဝတ်စရာမလိုပါ။ သို့သော်လည်း လုပ်ငန်းခွင်ထဲက လူတစ်ယောက်မှန်းသိသာအောင် ဝတ်ဆင်ဖို့ သူက မှာထားသည်မို့ office ware ဆန်ဆန်ထွေ စီစဉ်ထားကာ ဆံပင်ကိုလည်း ဖားလျားမချဘဲ အမြဲတစေ ထုံးဖွဲ့ထားဖို့ မေမေက အကြံပေးထားသည်။ ဒီနေရာမှာလည်း အတင့်က အားကိုးရလေသည်။ တျာ အင်တာနက်ထဲက ရှာဖွေထားသော ဖန်စီ ကျစ်ဆံမြီး ဆံထုံးထုံးနည်းများကို ပါရမီရှင် အတင့်က စွမ်းဆောင်ပေးနိုင်လေသည်။

ခုလည်း အတင့် ထုံးပေးလိုက်သော ကျစ်ဆံမြီးဆံထုံး နောက်တွဲလေးနှင့် အဖြူရောင်လွှလွှရှပ်လေးကို မိနီစကဒ်အနက်ထဲ ထည့်ဝတ်ထားကာ လေဒီရှူးအနက်စီးထားသော တျာ့ပုံစံသည် တကယ်ကို ကြော့မော့သပ်ရပ် စမတ်ကျနေသည်မှာ ကိုယ့်ကိုယ်ကိုယ်တောင် အမှတ်ပေးမိသည်ဆိုတော့ သူလည်း အမှတ်ပေးမည် ထင်ပါရဲ့နော်။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံနှင့်အတူ တံခါးက ပွင့်သွားပြီး သူ့ဒရိုင်ဘာက သူ့ပစ္စည်းတွေနှင့် ဝင်လာသောအခါ သူ ရောက်လာပြီဆိုတာ သိလိုက်ရသည်။ မရှေးမနှောင်းမှာပဲ သူက နောက်က ဝင်ရောက်လာပါသည်။ တျာက အလှဆုံးပြုံးနေသော အနေအထားဖြင့် သူ့ကို နှုတ်ဆက်လိုက်သည်။





"မောနင်းပါ ဆရာ"

ဆရာဟူသော ခေါ်သံကြောင့် သူက တွန့်ခနဲ ဖြစ်သွားသလို ကိုအေးလွင်ကလည်း ရယ်ချင်တာကို ထိန်းထားသော မျက်နှာဖြင့် သူ့ခြင်းကို နောက်က ထမင်းစားခန်းမှာသွားထားပြီး နှုတ်ဆက်ကာ ပြန်ထွက်သွားသည်။ ကိုအေးလွင် ထွက်သွားလျှင် တျာက နောက်ထပ်တစ်ခွန်း ထပ်ပြောလိုက်သည်။

"မောနင်း ဆရာ၊ ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"ဘာတွေလာပြောနေတာလဲ၊ မင်း ညတိုင်း ကြည့်နေတဲ့ ကိုရီးယားကားထဲက ဒိုင်ယာလော့ခ်တွေ လာရွတ်မနေစမ်းပါနဲ့"

"အောင်မယ် ... ရှင်လည်း အဲဒီလို သိနေတယ်ဆိုကတည်းက ရှင်လည်း ကြည့်လို့ပေါ့"

ခါးမထောက်ရုံတမယ် ခြေဖျားထောက်ပြီး သူ့ကို မေးငေါ့ ပြန်ပက်လိုက်ပုံကို သူက မျက်ခုံးပင့်လျက် တအံ့တသြ ပြန်ကြည့်ကာ ...

"ဟာ ... ဟ ... မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရှင်ကလည်း ချက်ချင်းကို ပေါ်တော့တာပဲ၊ ဒါတောင် အစလေးပဲ ပြောရသေးတယ် ...

ပုံမှန်ဆက်ဆံစမ်းပါကွာ၊ ကိုယ်က အိုဗာတင်းတွေ သိပ်မကြိုက်ဘူး"

"ဒါဆို မိုင်လိုတော့ ကြိုက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... ဟက် ... အလုပ်ကို ကောင်းကောင်းလုပ် စဉ်းစားစမ်းပါ၊ ကဲ ... ပြော ဒီနေ့ ဘာတွေလုပ်စရာရှိလဲ"

"ဒီမနက်ပိုင်းကတော့ ရုံးမှာပဲ နေ့လယ်ကျရင် ထမင်းစားရင်းနဲ့ ရှင် ကြော်ငြာဒါရိုက်တာတစ်ယောက်ကို တွေ့ Appointmentပေးထားတယ်၊ ပြီးရင် သီလဝါဘက်သွားမယ် လို့ ရေးထားတယ်၊ လှိုင်သာယာစက်မှုဇုန်ဆိုပြီးတော့ စတားပြထားသေးတယ်"

"အင်း ... ဟုတ်တယ်၊ ကိစ္စကတော့ တစ်ခုပဲ ရွေးရမှာပဲ သီလဝါနဲ့ လှိုင်သာယာ ဘယ်ကိစ္စကို ဦးစားပေးသင့်တယ်လို့ မင်း ထင်လဲ"

သူ့ပုံစံက ကျွန်မကို ပညာစမ်းသောပုံစံဖြစ်သည်။ ကျွန်မက မခိုးမခန့်ပြုံးကာ ဒါလေးများ ဟူသောပုံစံနှင့် သူ့ကို အဖြေပေးလိုက်သည်။

"သီလဝါပေါ့"

"အင် ... ဘာဖြစ်လို့လဲ ဖြေတာလည်း မြန်လိုက်တာ ကိုယ့်ကို တစ်ခုခုဖြေရင် မင်း သတိထားနော်၊ ကိုယ်က ပုစ္ဆာတစ်ပုဒ် တွက်ပြသလို ဒီအဖြေ ဘာလို့ရလဲဆိုတာ အကြောင်းပြချက်နဲ့ မေးတာ၊ ရမ်းရှိုးလို့မရဘူး"

"အောင်မယ်လေးဟဲ့ ... ဖြစ်ရသေးတယ်"

"ဟာ ... ဟေ့ ဟေ့ ... မင်း ဘယ့်လိုပြောလိုက်တာလဲ ငါက မင်းရဲ့အထက်လူကြီးနော်၊ မဲ့ကာရွဲ့ကာလုပ်သလိုလို





ငေါ့သလိုလို အထာတွေ လာမလုပ်နဲ့နော်၊ သူများတွေရှေ့မှာ အရှိအသေတန်မယ့်ကိစ္စမျိုးတွေ မလုပ်နဲ့"

"ဟွန့် ... အာ့ကြောင့် ခုနကပဲ ဆရာလို့ ရိုရိုသေသေခေါ်တော့ရော ရှင်ပဲ အိုဗာတင်း မဖျော်နဲ့လေး ဘာလေး ဘာလို့ ပြောလဲ"

"အဲဒါက မင်း တကယ် အိုဗာတင်းလုပ်နေမှန်း သိနေတဲ့ဟာကို၊ ဘာဆရာလဲ လျှောက်ခေါ်နေတယ်၊ ဩော် ... နောက်ပြီး (သူက ဆရာကြီးစတိုင်လ်ဖြင့် ကျွန်မမျက်နှာကို လက်ညှိုးထိုးသလို လက်ဝှေ့ယမ်းရင်း ...)

စကားပြောရင် မြန်မာစကားကို မြန်မာလို ပီပီသသ ပြော၊ အာ့ လာပြောတာ၊ အာ့ လာပြောတာတို့၊ အာ့ကြောင့်ဆိုတာတွေ မသုံးစမ်းပါနဲ့၊ မြန်မာစကားမှာ အဲဒါမျိုးတွေ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ မင်းတို့တွေ ဖျက်ဆီးတာနဲ့ မြန်မာစကားက ပျက်ရတော့မယ်။ နောက်ဆုံး မပြောဘဲ မနေနိုင်ရင်တောင် Facebook က စကားတွေ၊ Facebook မှာပဲထားခဲ့၊ အပြင်ကမ္ဘာလုပ်ငန်းခွင်ထဲမှာ မကြားချင်ဘူး...

ဩော် ... တစ်လက်စတည်း ပြောထားမယ်။ ဝန်ထမ်းတွေထဲမှာလည်း အဲဒီလို တရားမဝင် စကားလုံးတွေ သုံးစွဲနေတာ ကြားနေရတယ်။ စာထုတ်ဖို့ ပြင်ဆင်ပါ။ သုံးရင် ဖိုင်းကောက်မယ်လို့။ ပညာပေး ကာလသုံးလ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပဲ ကောက်မယ်၊ နောက်ကျရင် ပိုကောက်
မင်းပါ … ပါတယ်"

တျာက သူပြောသမျှကို နားထောင်ရင်း ရှုံ့တွ
သော မျက်နှာကို ဘယ်လိုပြင်ဆင်ရင်း ဘာပြန်ပြောရမှန်း
အောင်ကို နှုတ်ခမ်းတွေက လှုပ်လှုပ်ရွရွ ဖြစ်နေရသည်။ သူ
အရွယ်နဲ့ မလိုက်အောင် လူငယ်ဆန်မှု မရှိဘဲ ပစိပစပ်များ
ယောက်ျားဆိုတာ ခုမှ တဖြည်းဖြည်း ပိုသိမြင်လာရတာ
လား။ ဒီလူနှင့် တျာ ဘယ်လို အလုပ်လုပ်ရမည်ဆိုတာ ရင်
တော့ချေပြီ။

"ပြော … ပြော။ ပြောချင်တာရှိရင် ပြောချလိုက်၊ ပါ
ကြီးတပြင်ပြင်နဲ့ လှုပ်လှုပ်ရွရွ လုပ်မနေနဲ့"

တွေ့လား ဒီလူဟာ ဘယ်လောက်မှန်းစရာ ကော
လိုက်လဲ ဆိုတာ။ သူ ပြောဆိုဆိုလို့ ပြောမယ့်ဟန်ပြင်
စကားတို့ဟာ ထွက်မည့်ဆဲဆဲမှာပဲ တားမြစ်ခြင်း ခံလိုက်ရ
သည်။

"နေဦး … နေဦး … မင်း ဘာမှပြန်မပြောနဲ့တော့။
ပြန်ပြောနေရင် ဓာတ်လမ်းက ပြတ်မှာမဟုတ်တော့
ခုန ကိုယ်မေးတာပဲ ဖြေတော့၊ လိုရင်းစကားက ပျော
ပျောက်သွားတယ်။ သီလဝါနဲ့ လှိုင်သာယာ ဘယ်ကိုသွ
သင့်တယ်ဆိုတာ ဖြေ"

"သီလဝါပေါ့"





တျာ့ရဲ့မဆိုင်းမတွ ခပ်ဆောင့်ဆောင့် ဖြေလိုက်သံ
ကြောင့် သူက မျက်ခုံးပင့်ရင်း ဘာကြောင့်လဲဟု ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ ဘုရင့်နောင်တံတားက ဒီအချိန်ဆို လှုပ်
မရအောင် ပိတ်နေတဲ့အချိန်လေ။ ဒီအချိန်သွားရင် ကား
ပေါ်မှာပဲ ငုတ်တုတ်မေ့သွားမှာပေါ့။ ဘာအကျိုးမှ မရှိဘူး
ဟိုကို စက်ရုံပိတ်ချိန်လောက်မှ ရောက်သွားလိမ့်မယ်။
ဒီတော့ အလုပ်ပိုဖြစ်နိုင်တဲ့ သီလဝါဘက်ကို သွားတာ
အကောင်းဆုံးပဲ"

"သြော် … သြော် … တော်တော့်ကို ကြီးကျယ်မြင့်မြတ်စွာ
တွေးခေါ်လိုက်တာပဲနော်"

"ဒီမှာ … ရှင် မဖတ်ဖူးဘူးလား။ အမေရိကန်သမ္မတ
အိုဘားမားက ပြောဖူးတယ် ကိစ္စတစ်ခုကို Common
sense နဲ့ပဲ အရင်တွေးပါ ဆိုတာလေ။ အဲဒါဟာ အမှန်
တရားနဲ့ အနီးစပ်ဆုံး အဖြေကို ထွက်တယ်တဲ့။ ရှင်သွား
ချင်တဲ့နေရာကို ဟယ်လီကော်ပတာနဲ့ မသွားနိုင်သေးသရွေ့
တော့ Yangon Traffic ကို အရေးတကြီးကိစ္စတစ်ခုအနေ
နဲ့ ထည့်စဉ်းစားသင့်တယ် မဟုတ်ဘူးလား"

"အင့် … ဟုတ်ပါတယ် … ဟုတ်ပါတယ်။ မင်း တော်
ပါတယ်၊ အိုခေ … ဒီနေ့ တစ်နေ့တာကိုလည်း မင်း
အကောင်းဆုံး ကျော့ဖြတ်နိုင်ဖို့ မျှော်လင့်တယ်၊ စ,ကြရ
အောင်"



www.burmeseclassic.com

www.burmeseclassic.com



သူက Let's start ဆိုသော သဘောနှင့် မေးတ
ချက် ဆက်ပြလိုက်လျှင် တျာကလည်း ဒီနေ့တစ်နေကုန် အ
အမှားမှ မပါပါစေနဲ့၊ မလွဲပါစေနဲ့ဟု တိတ်တခိုး ဆုတောင်း
ကြီးစွာသော သတိနှင့် အလုပ်တွေကို စ run လေသည်။ မနေ
က ဘုရားကို သေချာရှိခိုးခဲ့တာကြောင့်လား၊ ဒါမှမဟုတ် အ
အရာရာ ဂရုစိုက်ဆောင်ရွက်သောကြောင့်လားတော့ မပြောတ
တစ်နေကုန် အဆင်ပြေခဲ့သည်။ တာဝန်ဟူသမျှ ပြီးဆုံးပြီး
ဆင်းခါနီးထိ အလွဲအမှားတစ်ခုမှ မရှိဘဲ အလုပ်တာဝန်များ
ပြီးမြောက်ခဲ့ပြီဟူသောစိတ်ဖြင့် **တျာ** မျက်နှာကား ပျော်တပြုံးပြုံး
ဖြစ်လာသည်။

သူကလည်း **တျာ**ကို ပြုံးစိစိ လှမ်းကြည့်ရင်း
တစ်ခုခု ပြောချင်ပုံရတာမို့ **တျာ**က ဦးအောင်ပြောလိုက်သည်။

"ဘယ်လိုလဲ တျာရဲ့အရည်အချင်းကို သဘောကျတယ်
မဟုတ်လား"

"ဟက် ... တစ်ရက်တည်း ရှိသေးတာကွာ"

"ဟင်း"

**တျာ**က ချီးကျူးမခံရသော ကလေးတစ်ယောက်လို
နှုတ်ခမ်းဆူလိုက်လျှင် သူက အဲဒီပုံစံလေးကို သဘောကျသလို
ဖြင့် သူ့စားပွဲမှ ထလာကာ တျာ့အနားသို့ ရောက်လာသည်။
တျာကလည်း သူ့ကို ခပ်ဆောင့်ဆောင့်ဖြင့် စကားလှမ်းပြော
သည်။





"ဒါပေမဲ့ **တျာ** ဘာအမှားမှ မလုပ်ခဲ့ဘူး မလွဲခဲ့ဘူးလေ"

"အင်းပေါ့ ... အဲဒီတော့ မင်းကို ဆုချရမှာပေါ့၊ ဟုတ်လား"

**တျာ**က နံရံနားမှာ ရပ်နေသဖြင့် သူက အနားသို့
ရောက်လာပြီး တဖြည်းဖြည်း ကပ်လာသဖြင့် ရင်တွေအရမ်းခုန်
လာကာ လက်ဖျားတွေက ချက်ချင်းအေးစက်လာသည်။ ဘုရား
သခင် ... သူ ဘာလုပ်မလို့ပါလိမ့်။ သူ့နဲ့ တျာဟာ ချစ်သူတွေ
ဖြစ်ခဲ့ကြတာ သုံးလနီးပါး ရှိတော့မည် ဆိုပေမယ့် ခုချိန်ထိ
အနမ်းလေးတစ်ပွင့်သော်မှ မခြွေဖူးကြသေးတာ 2015 ရဲ့ လူသား
စစ်စစ် ချစ်သူတွေရယ်ပါ။ အခု တဖြည်းဖြည်းနှင့် ငုံ့မိုးနီးကပ်
လာသော သူ့မျက်နှာကြောင့် **တျာ**ဘာလုပ်ရမှန်း မသိဘဲ စိတ်
တွေ အရမ်း လှုပ်ရှားလာကာ ပါးစပ်ကရွစိရွစိ၊ နှာခေါင်းပွစိပွစိ
ဖြစ်လာသည်။ သူကတော့ တျာ့ ဖြစ်နေတာကို မသိတာလား
သူ့ဖီးလ်နဲ့သူ ငြိမ့်နေတာလားတော့ မပြောတတ်၊ တစ်စုံတစ်ရာ
သည် ကိုယ့်နှုတ်ခမ်းနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်ရှိလာသည်
ဟု ခံစားရပြီးနောက်မှာ နှာခေါင်းထဲက ယားယံမှုသည်လည်း
ဘယ်လိုမှ ထိန်း၍ မရနိုင်တော့ဘဲ ...

"ဟပ် ... ဟပ်ချိုး"

အား ... သွား ... သွား ... သွားပြီ။ အားပါးတရ
ကြီး ချေချလိုက်သော တျာ့ နှာချေမှုကြောင့် သူ့မျက်နှာတွင်
နှာရည်တွေ စင်သွားမလား ဆိုတာ မေးစရာတောင် လိုမည်မထင်
တော့ချေ။ အရမ်ကို စိတ်ဓာတ်ကျစွာ၊ မဝံ့မရဲဖြစ်စွာနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မျက်လုံးတစ်ဖက်တည်းနဲ့သာ မရဲတရဲ ကြည့်လိုက်လျှင် **တျော့**ကို ညှစ်ပစ်ချင်လောက်အောင် အံကြိတ်နေသော သူ့ရုပ်သွင်ကို ရင်မဆိုင်ရဲစွာ တွေ့လိုက်ရလေသည်။

"ဆော ... ရီး"

ဆောရီး တစ်ခွန်းကို ဖျစ်ညှစ် ပြောထွက်ရသော **တျော့**ကို သူက နှာရည်တွေစက်လက် ဖြစ်နေသော မျက်နှာနဲ့ဝဲ ရီထွေ့ထွေ့ ပြောသည်မှာ ...

"တေးတျာဏီ ... မင်းကတော့ အစဉ်အလာမပျက်ပေါ့ ဟုတ်လား"

"ဟို ... ဟိုလေ"

**တျော့** ဘာမှ ဆက်မပြောနိုင်သေးခင်မှာပင် သူက ချာခနဲ လှည့်ထွက်လို့ သွားခဲ့ပြီ။ ချစ်သူဆီက ပထမဆုံး အကြင်နာလေးကိုတောင် ရိုမန့်ဖြစ်စွာ လက်ခံရရှိဖို့ အခွင့်အရေးမပေးခဲ့သော တျော့ ကံကြမ္မာအတွက် ဘယ်လို ယတြာမျိုးကို ချေရမလဲ ဆိုတာ စဉ်းစား၍တောင် မတတ်တော့ချေ။

❦ ❦ ❦





(၂၁)

အလွဲဒေဝီ တေးဂျာဏီ ဟူသောဘွဲ့ကို စလွယ်ပေး ပြီး အပ်နှင်းချင်လောက်အောင် သူမရဲ့အလွဲများသည် သူ့အပေါ် သို့သာ အများဆုံး ရိုက်ခတ်ခဲ့သည်ဆိုလျှင် သူမရဲ့ချစ်သူ ဖြစ်နေ သောကြောင့်များလားဟု စိတ်ရှုပ်ပေါက်စွာ စဉ်းစားခဲ့မိသည် အထိပါ။ သူမသည် ဘယ်လိုနက္ခတ်နှင့် ယှဉ်မွေးဖွားလာမှန်း သိအောင်ကိုပင် တစ်နေ့တာလုံး ဘာအလွဲမှ မလုပ်ဘူးဆိုလျှင် ဆောင် ခလုတ်လေးတိုက်လိုက်ရမှ၊ ပစ္စည်းလေးတစ်ခုလောက် တော့ လွှတ်ကျလိုက်ရမှ ဆိုသူမျိုး။ အလုပ် လုပ်ရာမှာ ဝီရိယ ရှိပြီး အရည်အချင်းရှိတယ် ဆိုပေမယ့် တစ်ခါတစ်ရံ တလွဲတွေ လုပ်တတ်သဖြင့် ဘယ်အချိန် ဘာလုပ်လိုက်မလဲဆိုတာ တတိတ် ဆိတ်နှင့် ရင်တုန်ရသည်မှာလည်း ဦးဘညွန့်ရဲ့ ချစ်ဒုက္ခ မဟုတ်ဘဲ မြင့်မြတ်ခေါင်ရဲ့ ချစ်ဒုက္ခပေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူနဲ့ သူမသည် ချစ်သူတွေဟူသော ပုံစံမျိုးထက် လုပ်ဖော်ကိုင်ဖက် စကားနိုင်လုနေသော ကြောင်နှင့်ကြွက် ပုံစံနဲ့သာ ပိုတူသည်ဟု ခံစားရလေသည်မှာ သိပ်ရိုမန့်မဖြစ်သော အချစ်ကြောင့်ပေလားတော့ မပြောတတ်ချေ။ သူ ဆိုသည်မှာလည်း ကိုယ့်ချစ်သူကို တယုတယနေဖို့ထက် ဆရာလုပ်ဖို့ ဆုံးမဖို့ အလုပ်သဘောတွေ နားလည်ကျွမ်းကျင်ဖို့ သင်ကြားပြသနေရတာတွေသာ များသည်မဟုတ်ပါလား။ သူမကလည်း ဒါကို တစ်စက်မှ ကွန်ပလိန်းမတက်၊ အလုပ်ကို စိတ်ဝင်တစား သင်ယူသည် ဆိုတော့လည်း တစ်ခါတစ်ရံ ချစ်သူတွေဆိုတာကို ဘယ်လိုအရာနှင့် Alarm ပေးရမလဲဆိုတာ အေးအေးဆေးဆေး ရှိတဲ့အချိန်မှာ ပြန်စဉ်းစားယူရသည်။ သူနှင့် ငယ်ငယ်တည်းက ပေါင်းလာသော သူငယ်ချင်း ထက်မြက်ကတော့ သူတို့နှစ်ယောက်ရဲ့ သမီးရည်းစားပုံစံကို ကြားရသောအခါ တော်တော်အံ့သြလေသည်။

"မင်းတို့ဟာက ချစ်သူတွေရော ဟုတ်ကြရဲ့လားကွာ"

"ဟင်း ဟင်း … အဲဒါတော့ ဟုတ်ပါတယ်ကွ"

"ဒါပေမဲ့ ငါကတော့ ပုံမှန်မဟုတ်ဘူးလို့ မြင်နေတယ်"

"အေး … မင်းလိုပဲ ငါလည်း something တော့ wrong နေတယ် ထင်တာပဲ။ ဒါပေမဲ့ ဒီပုံစံက ငါတို့နှစ်ယောက်လုံးအတွက်တော့ အဆင်ပြေတယ် ထင်ပါတယ်"





"သေချာလို့လားကွာ၊ မိန်းကလေးဆိုတာက အယုယအချော့အမော့ ကြိုက်တာ၊ မင်းကောင်မလေးကို လက်ဆောင်လေးတွေ ဘာတွေပေး၊ ဒင်နာလိုက်ကျွေးတာတို့ ဘာတို့ မလုပ်ဖြစ်ဘူးနဲ့ တူတယ်"

သေချာပါသည်။ သူ အဲဒါတွေလည်း မလုပ်ဖြစ်ခဲ့သလို ရုံးမှာ နေ့တိုင်းတွေ့နေရတာမို့ တကူးတက date တာလည်း မလုပ်ဖြစ်ခဲ့ဘူး ထင်သည်။ ကြည့်စမ်း … ထက်မြက်ထောက်ပြတော့မှပဲ သူ့မှာလည်း ပျက်ကွက်မှုတွေ ရှိတာပဲလားဟု ပြန်မြင်ယောင်လာရသည်။ ဒါပေမဲ့ ဒါဟာ ပျက်ကွက်မှုအစစ်ကြီးတော့ရယ်လည်း မဆိုနိုင်ဘူးမလား။

"အင်း … အဲဒါကတော့ သူနဲ့ ငါနဲ့က မိုးလင်းကမိုးချုပ် မခွဲစတမ်း အတူတူ ရှိနေရတာလေကွာ။ ငါ ပင်ပန်းသလို သူလည်း ပင်ပန်းတာပဲ၊ ဒီတော့ ငါနားချင်တဲ့ အချိန်မှာ သူလည်း နားချင်တယ်၊ ရုံးပိတ်ရက်ဆို ငါ အိမ်မှာပဲ အေးအေးဆေးဆေး နေချင်သလို သူလည်း အေးအေးဆေးဆေး နေချင်မှာပဲ၊ အဲဒါကြောင့် weekend ဖြစ်လည်း အထွေအထူး မ date ဖြစ်တော့ဘူးကွာ"

"ဟင်း"

ထက်မြက်က ဟင်းခနဲ့ မြည်သံကို အသံအကျယ်ကြီးထွက်အောင် ရှူမဲ့အော်ဟစ်လေသည်။ သူကတော့ စားပွဲထိပ်ရဲ့ရုပ်သွင်ကို မျက်လုံးထဲ ပုံဖော်မြင်ကြည့်နေမိသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာရော ဒီအနေအထားကို သဘောကျ ကျေနပ်မှုရှိရဲ့လား။ အင်း ... သူ့ အကဲခတ်မိသလောက်ကတော့ သူမက ဘယ်လိုမှ မနေအောင် သက်သောင့်သက်သာ ရှိပုံပါပဲ။ ဒီလိုပုံစံဟာ သူမအတွက် အဆင်ပြေဆုံးပဲ ထင်ပါရဲ့။ ကိုယ့်ကို အကြင်နာပေးတော့မယ့် ယောကျ်ားတစ်ယောက်ရဲ့မျက်နှာကို နာရည်တွေနာဖတ်တွေစင်ပြီး ပေပွအောင် လုပ်ခဲ့တာက လွဲလို့ပေါ့လေ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူ မိန်းကလေးပဲကွာ။ ကံကြမ္မာအနေအထားအရ သူနဲ့ ကိုယ်နဲ့ အကြင်လင်မယားဖြစ်တဲ့အထိ ဖူးစာပါ,မပါ မသိနိုင်ပေမယ့် ကိုယ်နဲ့ပတ်သက်နေတဲ့ အချိန်တွင်းမှာတော့ ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက်ကို ဂရုတစိုက်ရှိပါကွာ၊ ဒီအတိုင်း အဆင်ပြေတယ်ဆိုပေမယ့် ဒင်နာစားဖို့ မင်း date လိုက်တယ်ဆိုရင်လည်း သူ ဝမ်းသာမှာပဲ ...

Weekend ကို သပ်သပ် အချိန်မပေးနိုင်ဘူး ဆိုရင်တောင် ရုံးအပြန် ပေါ့ပေါ့ပါးပါး Light food လေး ဝင်စားတာတို့ ဘာတို့ အဲလောက်တော့ မင်းဘက်ကပေးဆပ်သင့်တယ်"

ထက်မြက်စကားကို သူက လက်ခံသောအားဖြင့် အကောင်အထည်ဖော်ကြည့်ဖို့ စိတ်ကူးခဲ့လေသည်။ နောက်တစ်နေ့ ရုံးရောက်သောအခါ သူမကို တစ်ချက်အကဲခတ်ပြီး စကားစ,ဖို့ကြံသည်။ သူမကတော့ ဘာမှမသိရှာသေး။ တေးတျာဏီကို





သူမ မသိအောင် တိတ်တခိုး အကဲခတ်ရတာက သူ့အတွက် ခံစားချက် တစ်ခုတစ်ရာ ဖြစ်စေပါသည်။ ဒီနေ့တော့ တေးတျာဏီသည် ရှပ်အဖြူကော်လာပါသော အင်္ကျီပေါ်မှာ ပန်းနုရောင်ဆွယ်တာအပါးလေး ထပ်ဝတ်ထားပြီး မီးခိုးရောင် စတိုင်လ်ဝန်အနုတ်အကျပ်လေးဖြစ်ကာ ဆံပင်ဖားလျားချလာပုံထောက် ခေါင်းလျှော်လာဟန် တူပါသည်။

သူက စကားပြောဖို့ရာ အနားသို့ မသိမသာ တိုးကပ်သွားစဉ်ဝယ် သူမက ဖိုင်တစ်ခု ကြည့်နေရာမှ ဆတ်ခနဲ လှည့်အထွက် တိုက်မိမလို ဖြစ်သွားလျှင် ထုံးစံအတိုင်း တစ်နေ့တာတွင် အကြားရဆုံးစကား ဆောရီးကို စတင်နားဆင်ရသည်။

"ဟင်း ... ဖြစ်ရမယ်"

"ဘ ... ဘယ် ... ဘာလုပ်ချင်လို့လဲလို့"

ဘာပြန်ပြောရမှန်း မသိခင်မှာပဲ သူ့နှာခေါင်းထဲသို့ ရှိုက်ခနဲ တိုးဝင်လာသည်မှာ သူမထံက နေ့စဉ်ရနေကျဖြစ်သော ချိုချိုချဉ်ချဉ် မွှေးရနံ့လေးတစ်ခုပါ။ ဟိုးယခင် စတွေ့ဖူးတည်းက မသိမသာရခဲ့သော ယခု သိသိသာသာ ရနေပြီဖြစ်သော ချိုချိုချဉ်ချဉ်မွှေးရနံ့လေးဟာ ဘာများဖြစ်မလဲလို့ သူ အမြဲပဲ တွေးကြည့်နေခဲ့ဖူးတာပါ။ ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက်သုံးသော မွှေးရနံ့ပစ္စည်းဟာ ဘာလဲဆိုတာ မသိသေးဘူးဆိုတော့ သူ နည်းနည်းများ ညံ့ရာကျနေပြီလား။

"အဟမ်း ... မင်းဆီက ရနေတာ ဘာအနံ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ? "

သူ့စကားကြောင့် သူမက မျက်လုံးပြူးသွားကာ နှာခေါင်းကလည်း ပွစိ ပွစိ ဖြစ်သွားသည်။ တစ်စုံတစ်ရာကို အနံ့လိုက်ခံနေသော ပုံစံက ရယ်ချင်စရာမို့ ပြုံးစိစိ ဖြစ်သွားပြီး သူမကို လက်ပိုက်ကာ ရပ်ကြည့်နေမိသည်။ ကဲ ... ဘယ်အချိန်ထိ အနံ့လိုက်ခံဦးမလဲ။

"ဟင်း ... ဟင်း ... ဘာတွေ အနံ့ခံနေတာလဲကွ"

"ဟင် ... ရှင်ပဲ မင်းဆီက ရနေတာ ဘာအနံ့လဲဆို။ **တျာ** ဆီက ဘာအနံ့ရလဲလို့ ရှူကြည့်နေတာလေ"

"ဟက် ... ဟက် ... မင်းကလည်း ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်တောင် ယုံကြည်မှု မရှိဘူးလား၊ ကိုယ်က မင်းဆီက ရနေတာ ဘာအနံ့လဲလို့ မေးရင် ဘာရေမွှေးနံ့ပေါ့ ဆိုပြီး ခပ်ကြွားကြွားလေး ပြန်ဖြေရမှာ မဟုတ်ဘူးလား"

သူ့စကားကို သူမက တွေခနဲ စဉ်းစားနေပြီးမှ သြော် သိပြီ ဟူသော အပြုံးလေး လှစ်ခနဲ ပြုံးလိုက်ရင်း ရှင်ကျွန်မဆီက မွှေးရနံ့ကို သဘောကျနေတာမှလားဟု မျက်ဆန်ထောင့်လေးကို ဝင့်ချီကြည့်ပြီး မျက်လုံးနှင့် စကားပြောလိုက်ပုံလေးဟာ သူ့နှလုံးသားထဲသို့ တန်းခနဲ ဝင်သွ...းလေသည်။ အင်း **တေးတျာထီ**ဟာ စတွေ့တည်းက ချစ်ဖို့ကောင်းသော မိန်းကလေးဆိုတာ သူ ရိပ်မိခဲ့တာပဲလေ။





"သြော် ... သိပြီ။ ရှင်က **တျာ** သုံးတဲ့ မွှေးရနံ့ကို သိချင်နေတာလား"

"အင်း ... သိချင်တယ်လို့လည်း မဟုတ်ပါဘူး။ သိရရင်တော့လည်း ကောင်းတာပေါ့"

"**တျာ** က သိပ်အကောင်းစားကြီးတွေ မသုံးနိုင်ပါဘူး"

"ဒီလောက် မွှေးနေတာ မကောင်းဘူးလား။ အနံ့ကလည်း အပေါ့စားအနံ့တော့ မဟုတ်ပါဘူး"

သူ့အပြောကို သူမက မျက်လုံးဝိုင်းပြူးပြရင်း ဝခုံးတွန့်ပြကာ ဖိုင်တွေကို စီထပ်ရင်း ဖြေသည်။

"သူ့တစ်ခုတည်း ဆိုရင်တော့ အဲဒီလောက် မွှေးမယ်မထင်ဘူး၊ **တျာ**က သူ့အနံ့ကို အရမ်းကြိုက်လို့ shower ရော lotion ရော Body Mist ရော အဲဒီ အမျိုးအစား တစ်မျိုးတည်းကိုသုံးတော့ အနံ့က အရမ်းစွဲပြီး မွှေးနေတာဖြစ်မယ်၊ ဒါပေမဲ့ အဲဒီသုံးမျိုးထဲမှာ Lotion က အမွှေးဆုံးပဲ"

"သြော် ... မွှေးပါတယ်ဆိုမှ ကြော်ငြာက ဝင်နေပြန်ပြီ"

"ဘာလဲ ရှင် လိုက်သုံးချင်လို့လား ... ခိ ခိ။ **တျာ** ဒါကို သုံးလာတာ သုံးနှစ်လောက်ရှိနေပြီ။ Victoria's Secret က Love Spell ဆိုတဲ့ အမျိုးအစား၊ အဲဒါက ဒီလို ချိုချိုချဉ်ချဉ် Cute ဖြစ်တဲ့ အနံ့မျိုး"

သြော် ဟု စိတ်ထဲမှ သူက မှတ်သားထားလိုက်သည်။ over sea တွေ မကြာခဏ ထွက်ရသော သူ့အတွက် သူမ



www.burmeseclassic.com

www.burmeseclassic.com



သုံးလေ့သုံးထရှိသော Cosmetics လေးတွေ မှတ်သားထားပြီး လက်ဆောင်ပေးချင်လှသည်လေ။ ချစ်သူယောကျ်ားဆိုတာ ကိုယ့်ချစ်သူမိန်းကလေး ပျော်ရွှင်အောင် ဖန်တီးပေးဖို့ တာဝန်ရှိသည်ဟု ထင်မြင်ယူဆလာရပြီ။

"မင်း ညနေ ဘာအစီအစဉ်ရှိလဲ"

"ရှင် ... ဟင် ... ဩော် ... မရှိပါဘူး ဘာလို့လဲ"

"ဩော် ... ဘာမှ မဟုတ်ပါဘူး၊ ညနေကို မင်းစားချင်တာ တစ်ခုခု လိုက်ကျွေးမလို့ပါ။ ဘာစားချင်လဲ"

"ဒီနေ့ ရှင့်မွေးနေ့လား"

"အာ ... မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ"

"မသိဘူးလေ ... ထူးထူးဆန်းဆန်းတွေ ပြောနေလို့"

"ဟင် ... မုန့်ကျွေးမယ် ပြောတာ ဘာထူးဆန်းလို့လဲ"

"ဆန်းတာပေါ့ ရှင်က ဘယ်တုန်းက ကျွေးဖူးလို့လဲ"

ခါတိုင်းဆိုလျှင်တော့ သူမ စကားကို သူက မျက်စောင်းကဲ ကြည့်မိမည် ဖြစ်သော်လည်း ဒီတစ်ခါတော့ ထူးထူးခြားခြား သနားသွားရသည်။ ဖျတ်ခနဲပဲ ထက်မြက်ကို သတိသွားရသေးကာ ဒီကောင်သာကြားလျှင် ဘာများပြောမလဲဟု တွေးမိသွားသည်။ ချစ်သူဖြစ်တာ ရက်စွဲများစွာ ရှိခဲ့တာတောင် ခုချိန်ထိ သူမကို ဒင်နာကောင်းကောင်း မကျွေးဘူးသေးသဖြင့် ဒီမိန်းကလေးက သူ့မွေးနေ့လားဟု ထင်ရသည့်အဖြစ်။

"အင်း ... ဒါဆို ဒီနေ့ညနေ ဘာစားချင်လဲ"





"အမ်း (သူမက မေးစေ့ကို လက်ညှိုးနှင့် ထောက်ကာ ခေတ္တစဉ်းစားဟန်ဖြင့်) ဒုတ်ထိုး"

"ဘာ ဒုတ်ထိုးလဲ"

"ဝက်သားဒုတ်ထိုးလေ၊ နားရွက်၊ နို့အုံ၊ ဝက်သည်း၊ အဆီပိတ်အူ အားလားလား ... ပြောရင်းနဲ့ စားချင်လာပြီ။ ညနေ စိမ်းလန်းစိုပြေမှာ လိုက်ကျွေးလေ ... နော်"

ပူဆာသလို အပြောလေးကို ရင်ထဲမှာ ကြွေရသော်လည်း သူက အပြင်မှာ ဒုတ်ထိုးစားလေ့စားထ မရှိပါ။ မရှိဆို သူ စားဖူးတာပင်လျှင် ဆယ်တန်းလောက်က နောက်ဆုံးဖြစ်မည်ထင်ပြီး မစားတာ တော်တော့်ကို ကြာခဲ့ပြီ။ သူ စားချင်လျှင် မေမေက အိမ်မှာပဲ လုပ်ကျွေးလေ့ရှိသည်။ အပြင်က ဒုတ်ထိုးကို စားဖို့ သူ စိတ်မသန့်ချေ။

"အင်း ... ကိုယ်က အပြင်က ဒုတ်ထိုးကို သိပ်စားလေ့မရှိဘူး။ မရှိဘူး ဆိုတာထက် စားကိုမစားတာ။ မင်း တခြားဟာ စားပါလား။ ပီဇာ မကြိုက်ဘူးလား၊ ဒါမှမဟုတ် ဒုတ်ထိုးနဲ့ နီးစပ်တဲ့ ကိုရီးယားအသားကင်တို့ ဘာတို့"

"ဟင့်အင်း ... ဒုတ်ထိုးဟာ ဒုတ်ထိုးပဲပေါ့၊ ဘာနဲ့မှမနီးစပ်ပါဘူး။ ရပါတယ် ရှင်က စားဖို့အဆင်မပြေရင်လည်း နောက်မှ တစ်ခုခု သွားစားကြတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



တချာကတော့ ရှင် ခုနက မေးလိုက်တည်းက စိမ်းလန်းစိုပြေထဲ၍ ဒုတ်ထိုးဗန်းကြီးကို မြင်ယောင်ပြီး အား... ရှလွှတ် (သူမက လက်ဆယ်ချောင်းကို ဒုတ်ထိုးဗန်းပုံလုပ်ပြပြီး တကယ်ပဲ လျှာသပ်လိုက်သေးသည်) တချာတော့ ဒီနေ့အဖို့ ဒုတ်ထိုးမစားရရင် အိပ်ပျော်မှာ မဟုတ်တော့ဘူး။ ရုံးဆင်းရင် အိမ်အပြန် ဝင်ကိုစားတော့မှာ"

ဒုတ်ထိုးနဲ့ ပတ်သက်လာလျှင် မျက်လုံးတွေက အရည်တဖျပ်ဖျပ် လက်လာတာမို့ သူက စိတ်ပျက်ရယ်ချင်သလို နှာခေါင်းထဲမှ လေထွက်ရုံ ချိုခနဲ ရယ်မိသည်။ ပြီးတော့ ခါတိုင်းက ဘယ်လိုမှ စားဖို့စိတ်မကူးသော ဒုတ်ထိုးကိုလည်း သူမကို ဂရုစိုက်သည့်စိတ်ဖြင့် လိုက်လျောဖို့ ဆုံးဖြတ်ပြီးသား ဖြစ်လို့နေလေသည်။

"ကဲပါ ... မင်းကို ဂရုစိုက်တဲ့အနေနဲ့ ကိုယ် လိုက်ကျွေးပါ့မယ်၊ ဒါပေမဲ့ မင်း ဒုတ်ထိုးက စိတ်ချရပါတယ်နော်"

"FDA ရဲ့ ထောက်ခံချက်တော့ ရမထားဘူး ထင်တယ်"

သူက စွဲ့ဖြေတာလား၊ တကယ် အကောင်းဖြေတာလား ခွဲခြားမရအောင် ရုပ်က မှင်သေလွန်းသည်။ ရုပ်ကတော့ သူ့ စိတ်ပါနေမှန်း သိသဖြင့် စားချင်စား မစားချင်နေ တို့ကတော့ တို့ကတော့ ... တို့ကတော့ ဝေးဝေးကနေ ဆုတောင်းပေးမယ် ... ရန်းထွက်လို့ လွတ်မြောက်နိုင်ပါစေ ... ဟူသော ဗဒင် သီချင်းစာသားလို ဖြစ်နေသည်။





"အိုခေလေ ... ရုံးဆင်းရင် သွားတာပေါ့၊ ကဲ ... ခုတော့ ရေနွေးကြမ်းတစ်ခွက်လောက် ယူလာပေး၊ ရေနွေးပူပူလေး သောက်ချင်နေလို့"

"အိုခေ ... ခဏနေ ရစေရမယ်"

သူမက ရွှင်လန်းသောအပြုံးဖြင့် အခန်းထဲမှ လှစ်ခနဲ ပျောက်ကွယ်သွားသည်။ ခဏဆိုပြီး ဆယ်မိနစ်ကြာရှိန်ဝယ် အဖုံးအုပ်ထားသော ကြွေမတ်ခွက်လေးဖြင့် ရေနွေးကြမ်းကို ယူဆောင်ကာ ပြန်ရောက်လာသည်။ သူ့ဘေးနားမှာ လာချပေးရင်း...

"ဟိုဒင်း ... ဒီနေ့ညနေ တကယ် ဒုတ်ထိုးနော်"

"အေးပါ ... ဘာဖြစ်နေတာလဲ"

"ဖမ်းတာ ... ဖမ်းတာ"

"ဘာဖမ်းတာလဲ"

"ကွန်ဖမ်း (confirm) တာလေ။ အိုခေ ... အိုခေ"

သူမက လက်ပြပြီး ထွက်ခွာသွားလျှင် သူက အသာပြုံးကာ ရေနွေးကြမ်းသောက်ဖို့ ခွက်အဖုံးလေးကို အသာဖွင့်လိုက်သည်။ အငွေ့တထောင်းထောင်း ထနေသော ရေနွေးကြမ်းသာ ခါတိုင်း လက်ဖက်ခြောက်ထက် ပို၍မွှေးနေသလိုပါပဲလား။ ဒင်း ... ဒီလိုဆိုရင် သူမနဲ့အတူသွားမည့် စိမ်းလန်းစိုပြေဥယျာဉ်ထဲမှာလည်း ခါတိုင်းနေ့ရက်တွေထက် သာလွန်မည်ဟု သူ မျှော်လင့်ရင်ခုန်ခဲ့မိသေးသည်။ ဒါပေမဲ့ ... ... ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## (၂၂)

ဒါပေမဲ့သည် ဒါပေမဲ့ ဖြစ်သည်။ ကိစ္စရပ်တိုင်
ဒါပေမဲ့နှင့် မဆက်လို ဆက်ရန်မလိုပေမယ့် တေးတျာ
ပတ်သက်သော ကိစ္စရပ်တိုင်းကိုတော့ ဒါပေမဲ့နှင့် ဆက်ရပေ
ထိုနေ့က သူမ ယူလာပေးသော ရေနွေးကြမ်းကို သောက်ခဲ့သ
ညက အိပ်ရေးပျက်သဖြင့် အအေးမိကာ ဖျားချင်သလိုလို ဖြ
သော ခန္ဓာကိုယ်ကို ပရာလေးတစ်လုံးအွန်ကာ ရေနွေးပူပူ
မှုတ်သောက်နေလျှင် သက်သာသွားမည် ထင်ခဲ့သည်။ တက
လည်း သက်သာခဲ့ပါသည်။ ဒါပေမဲ့လည်း ဒါပေမဲ့ပေါ့နော်
ဒါပေမဲ့ နောက်မှာ ဆက်ဖတ်စရာတွေ အများကြီး ကျန်သေးသည်

ညနေ ရုံးဆင်းတော့လည်း သူမနဲ့အတူ စိမ်းလ
စိုပြေသို့ သွားခဲ့သည်။ သူမကားကို သူ့ဒရိုင်ဘာက မောင်း
သူ့ကားကို သူကမောင်းကာ သူမနဲ့အတူ သာယာကားပိတ်သေ
ညနေရုံးဆင်းချိန်ကို ကျော်ဖြတ်ကာ စိမ်းလန်းစိုပြေကို ရောက်





ည်။ အင်း ... သူသာ ဒီနေရာကို မရောက်တာ။ ရုံးပိတ်ရက်
kend မဟုတ်လည်း ဒီလိုနေရာတွေမှာ လူက အပြည့်ပါပဲ
း။ သူမနှင့်အတူတူ ဒုတ်ထိုးစားသည်။ သူက သိပ်မစားပေ
ယ့် သူမစားနေတာကို ကြည့်ပြီး မျက်လုံးပြူးရသည်။ အဆီပိတ်
_ အူ ... အူ၊ နားရွက် ... နားရွက်၊ နို့အုံ ... နို့အုံ၊ လျှာ...
စသဖြင့် အသားလိုးသူကို လက်မားပြတ်မတတ် လက်ညှိုး
ထိုးထိုး အော်ဟစ်တောင်းဆိုနေပုံကို သူက တအံ့တသြ ငေး
နေရသည်။

"စားလေ ... ကောင်းဘူးလား။ ဒီလောက်ကောင်းတာကို
အမ်း ... အမ်း ... ဦးလေး အချင်းတိုင်လေး လုပ်ပါဦး"

သူ့ကိုလည်းပြော ကိုယ်တိုင်လည်း အားပါးတရ
းပြနေသောကြောင့် သူတောင် စိတ်ပါလာကာ လက်သွက်လာ
ည်။ စားလို့ ကောင်းတာပဲ ဟူသော အတွေးဖြင့် သူ့ဆားမှာ
တ်ချောင်းလေးတွေ များလာခဲ့သည်။ စားသောက်ပြီး မိုက်တင်း
သွားသောအခါ ဥယျာဉ်ထဲ လမ်းလျှောက်ကြသည်။ သူမရဲ့
ောက်တတ်ရာရာ ပေါ့ပေါ့ပါးပါး စကားတွေရယ်၊ အေးမြသော
င်းလျှားလေညှင်းရယ်၊ လွတ်လပ်ပေါ့ပါးသော ပတ်ဝန်းကျင်
အနေအထားကြောင့် သူ့စိတ်တွေလည်း အတိုင်းအတာတစ်ခုထိ
ပေါ့ပါးလာရသလို သူမကို ကြည့်လိုက်တော့လည်း ပျော်ရွှင်ကြည်နူး
နေဟန်မို့ မိန်းကလေးတစ်ယောက်ကို ပျော်အောင်ထားနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်အတွက် ဂုဏ်ယူစရာပါလားဟု နားလည် သလိုလို ရှိလာသည်။

အဲဒီ ဂုဏ်ယူစရာသည် အရာအားလုံးကို ကျေနပ် ပီတိဖြစ်ပြီးသည့်အချိန် သူမနှင့် ညဘက်မအိပ်ခင် ဖုန်းပြောပြီး သည်အထိပဲ ခံမလား။ နောက်လည်း မကြာ မကြာ သူမစားချင် တာတွေ လိုက်ကျွေးဦးမည် ကတိပေးအပြီး သူလည်း ကြည်နူး သာယာစွာ အပ်စက်ခြင်းအမှုသို့ အရောက်။ ညသန်းခေါင်မှာ အမျိုးအမည် မဖော်ပြတတ်သော ဝေဒနာမျိုးဖြင့် သူ့ ဗိုက်စနာ လာတာ ဖြစ်သည်။ နောက်တော့ အိမ်သာသွားခြင်းကိစ္စ ကြီး ဆိုရှာ သိရပြီး အိမ်သာနှင့် အိပ်ရာကြား ရှစ်ခေါက်လောက်သွား ပြီးသည့် အချိန်မှစ သူ့ဒူးတစ်ခုလုံး ချောင်နေခဲ့ပြီ။ သူ့အမေ မနိုးလျှင် မနက်ဘက်ကို ဦးကျော်သူကား ခေါ်ရတော့မည့်ကိန်း ဆိုက်နေပြီမို့ ဖုန်းနဲ့တောင် လှမ်းနိုးရသည့်အဖြစ်။

ချက်ချင်းပဲ သူ့ကို လိုအပ်သည့် ကုသမှုတွေ လုပ် ပေးတာတောင် သူ့ဝမ်းက မရပ်သေးချေ။ တစ်ညလုံး ချော အောင်သွားပြီး ဘာမှသွားစရာမကျန်တော့ချိန်ဝယ် မနက်မိုးလင်း နေပြီ။ သူ့မျက်လုံးထဲတွင် ဝက်သားဒုတ်ထိုးဗန်းကို ပြေးမြင်သော် လည်း တကယ့် တရားခံကို တေးတျာဏီ ရောက်လာမှသာသိ တော့သည်။ သူ တစ်ညလုံး ဝမ်းတွေသွားပြီး ရုံးမတက်နိုင်တော့ ဘဲ အိမ်မှာ ပျော့နေသည်ဟူသော သတင်းကို ရလျှင်ရချင်း တေး တျာဏီကား အူယားဖားယား ပြေးလာလေသည်။





"ခေါင် ဘယ်လို ဖြစ်ရတာလဲဟင်၊ သတ်သာရဲ့လား"

"အေး ... ငါ့ကိုယ်ငါတော့ မနေ့ညက ဒီမနတ်ထွက်တဲ့ နေတောင် မမြင်ရတော့ဘူး ထင်နေတာ"

"တျာတော့ ဘာမှမဖြစ်ပါဘူး။ ရှင်က ဒုတ်ထိုးစားလို့ ဖြစ်တယ် ထင်နေတာလား"

"အဲဒါ မဟုတ်လို့ ဘာရှိဦးမှာလဲ။ မင်း ရှေ့ကစားပြနေလို့ ငါလည်း ဝက်အူကို အချဉ်ရည်ထဲ နှပ်ခနဲ နှပ်ခနဲ နှစ်ပြီး စားမိတာလေ ...

ကျွတ် ... အဲဒီ ဝက်အူထဲမှာ ပြုတ်လို့မသေသေးတဲ့ ပိုးတွေ၊ ဘယ်နှသိန်းလောက် ရှိနေလဲ မသိဘူး၊ ငရုတ်ဆီ အချဉ်ရည်ထဲမှာရော ပိုးဘယ်နှသိန်းလောက် ရှိနေလဲဆိုတာ မသိနိုင်ဘူး ...

တောက် ... ငါ တော်တော်အသုံးမကျတာပဲ။ မစား သင့်တာကို စားမိတယ်"

"ဟင့်အင်း ... အဲလို မဖြစ်နိုင်ပါဘူး။ ဒုတ်ထိုးက သန့် ပါတယ်၊ တျာဆို ဘာမှမဖြစ်တာပဲလေ။ မနက်က ဝမ်း သွားတော့လည်း ပုံမှန်ပါပဲ။ ယောင်ယောင်လေးတောင် ပျော့မနေပါဘူး"

"အာ ... ထို ... တော်စမ်း၊ ဘာတွေ လာပြောနေတာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... ဆော ... ဆောရီးပါ၊ ပြောချင်စိတ်များသွားလို့ ဒုတ်ထိုးတစ်ခုတည်းနဲ့ ဒီလောက်ဖြစ်သွားစရာ အကြောင်း မရှိပါဘူး။ နေဦး ... **တျာ** စဉ်းစားပါဦးမယ်"

"စဉ်းစားမယ်ဆိုလည်း မင်းနဲ့ ပတ်သက်တာပဲ စဉ်းစား၊ ကိုယ် ထမင်းစားတာလည်း အိမ်က ထမင်းဟင်းပဲစား တာ။ မင်း ကိုယ့်ကို တခြားဘာကျွေးသေးလဲ"

သူမက အသည်းအသန် စဉ်းစားနေဟန်ဖြင့် ပြီးတော့မှ တစ်စုံတစ်ခုကို သဘောပေါက်သွားသော အကြီးအကျယ် လန့်ထိတ်မှု ဖြစ်သွားသော မျက်နှာကို မမှိတ်မသုန် အကဲခတ်နေသော သူက တွေ့ဖြစ်အောင် တွေ့လိုက်သည်။

"မင်း ... မင်း ... ဘာသိထားလဲ"

"ဟို ... ဟိုဒင်း ..."

သူမက လက်ညှိုးတထောင်ထောင်ဖြင့် ပါးစပ်က မထွက်နိုင်ဘဲ ထစ်အနေသည်။ အဲဒီပုံစံကိုပဲ သူက ပို၍ သင်္ကာ မကင်း ဖြစ်လာခဲ့သည်။ သေချာသည်။ သူ့ကို ပန်းကမ္ဘာထဲမျော စေသည့် တရားခံကို သူမ သိထားလောက်ပြီ။

"ပြောလေ"

"ဟိုဟာ ... လက်ဖက်ခြောက်ပဲ နေမှာ။ ရှင် နေ့လယ်က အဲ ... မနက်ကသောက်တဲ့ လက်ဖက်ခြောက်ကိုသောက် တော့ တစ်မျိုး ဖြစ်မနေဘူးလားဟင်"





"ဖြစ်တာပေါ့ ... ဖြစ်တယ် ... ဖြစ်တယ်။ အဲဒါ ဘာဖြစ် တာလဲ"

"ဟိုဟာလေ ... ခွက်မှားသွားတာ ဖြစ်မယ်။ ရှင့်ကော်ဖီ ခွက်နဲ့ တျာ့ရဲ့ ကော်ဖီခွက်က ဆင်တူ ပြောင်းထားတာ လေ။ အဟင်း ... အဲ ... အဲဒါ ... တျာက အဆီကျတဲ့ လက်ဖက်ခြောက် သောက်နေတာ။ အဲဒီခွက်နဲ့ ရိုးရိုးရေနွေး ကြမ်းခွက်နဲ့မှားပြီး ယူလာပေးလိုက်တာ ဖြစ်မယ် ...

အဲဒါကြောင့် Something တော့ wrong တယ် ထင်နေတာ၊ ခါတိုင်း တျာ့ လက်ဖက်ခြောက်က သောက် ပြီးရင် ဝမ်းသွားတယ်လေ။ ညက မသွားလို့။ ဒုတ်ထိုး တွေလည်း စားထားတာတောင် ဒီမနက်မှ ပုံမှန်မမာဘူး ဆိုရုံလေး"

"**တေးတျာထိ**"

သူ့အသံကြီးက ကျယ်လောင်သွားသဖြင့် သူ့အမေ တောင် အပြင်က အလန့်တကြား ပြေးဝင်လာလေသည်။ အဲဒီ တော့မှ သူမနှင့် သူ့အမေက မျက်နှာချင်းဆိုင်မိသွားကြပြီး တစ် ယောက်ကို တစ်ယောက် မှတ်မိသွားကြသည်။ သူမအနေနဲ့လည်း လွန်ခဲ့သော လေးငါးလကျော်ခန့်က ဒီအိမ်ကို ဒေါ်အုန်းအား လိုက်ပို့ပေးခဲ့ဖူးကြောင်း ပြန်ပြောင်းသတိရပေလိမ့်မည်။

"အဲ ... ဟို ... အန် ... အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီ ... သမီးက၊ သားရယ် ... ဘာလို့ သူများကို အော်နေရတာလဲ၊ အဲဒီလောက်ကြီး အော်စရာအကြောင်း ရှိလို့လား။ အကြောင်းရှိရင်တောင် စိတ်ကိုထိန်းမှပေါ့"

"မေမေ မသိဘူးနော်။ သားကို ဒီလို မျှော်လွင့်သွားအောင် လုပ်တဲ့တရားခံက သူပဲ မေမေ"

"ဟို ... ဟို ... မဟုတ်ပါဘူး အန်တီ။ ဟိုလေ ... သမီးတို့ ဆုံဖူးကြတယ်နဲ့ တူတယ်နော်။ သမီးလေ တစ်ခါက ဒီအိမ်က အဒေါ်ကြီး မူးနေလို့ အိမ်ကိုပြန်လိုက်ပို့ဖူးပါတယ် အန်တီ"

"သြော် ... ဟုတ်ပြီ ... ဟုတ်ပြီ။ အန်တီ မှတ်မိပါပြီ။ ဒါနဲ့ သမီးက သားနဲ့ ..."

"ဟို ... သမီးက သူ့ စက္ကရီတေရီပါရှင်"

"သြော် ... အဲဒီလိုလား"

"သားနဲ့ ရည်းစားလည်း တော်တယ် မေမေ"

အဲဒီစကားက သူ့နှုတ်ဖျားကနေ လွှတ်ခနဲ ဘယ်လို ထွက်သွားလဲ မသိချေ။ သူမက သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်လာသလို သူ့အမေကလည်း အနည်းငယ် အံ့သြသွားသလို တော့ ရှိသည်။ ဘာပြောရမှန်းမသိ ဖြစ်နေကြတုန်းမှာပဲ သူက ထပ်မံပြောလိုက်သည်။

"ဒါပေမဲ့ သူ့အလွဲတွေကို ခါးစည်းခံနေရတဲ့ ရည်းစားမျိုး ပေါ့ မေမေ။ ခုလည်း မနက်က အအေးမိသလို ဖြစ်နေတာ





မို့ ရေနွေးကြမ်းလေး သောက်ချင်လို့ပါ ဆိုတာကို သူ သောက်နေတဲ့ အဆီကျုရေနွေးကြမ်းတွေ မှားပြီးလာပေး တယ်လေ ...

အဲဒါကြောင့် သား ဝမ်းတွေ မရပ်မနား သွားတာ ပေါ့။ ဒီကြားထဲ ဒုတ်ထိုးတွေ စားလိုက်မိတော့ ပိုဆိုးပြီပေါ့။ ညက သားကိုယ်သားတောင် ဒီတောင်ကို မကျော်နိုင်တော့ ဘူး ထင်တာ"

"မှို ... ဆောရီးပါ။ တောင်းပန်ပါတယ် အန်တီရယ်။ ရှင်လည်း ကျုပ်ကို စိတ်မဆိုးပါနဲ့။ တကယ် မမျှော်လင့်ဘဲ ဖြစ်သွားတာပါ" /

"မင်း မျှော်လင့်ပြီး ဖြစ်သွားတာရော ဘာရှိလဲ"

"တကယ်ကို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာပါ။ **ကျုပ်**... **ကျုပ်** ... တကယ်စိတ်မကောင်းပါဘူးရှင်ရယ် ... နော်။ အန်တီလည်း **ကျုပ်** ကို ခွင့်လွှတ်ပါနော်"

"အန်တီက ဘာမှမဖြစ်ပါဘူးကွယ်။ သားကလည်း သိပ် ပြောမနေနဲ့တော့။ ခမျာမှာ မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တယ်"

"အမယ်လေး ... မေမေရာ၊ သူ့မျက်နှာလား ဆီးရွက် လောက်ရှိမှာ၊ ပြောတုန်း ခဏပဲ၊ ပြီးရင် သူ လုပ်ချင်တာ လုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှပြန်မပြောတော့တဲ တကယ်ကို ညှိုးနွမ်းစိတ်ထိခိုက်ပုံ ပေါက်လာပြီမို့ သူက စိတ်လျှော့လိုက်သည်။ ဒီကောင်မလေးက ဒီလိုပါပဲ။ တလွဲတွေ လုပ်မည်။ သူမကြောင့် အီစိမ့်နေအောင် ခံရမည်။ ဒါကို ပြောဆိုလျှင် မျက်နှာငယ်လေးနှင့် တောင်းပန်မည်။ အဲဒီလိုကျတော့လည်း ပြောမိတဲ့သူကပဲ စိတ်မကောင်းဖြစ်ကာ ပြန်သနားရသည်။ ဒီလိုနဲ့ပဲ သံသရာလည်ရလေသည်။

"ကဲ ... ကဲ ... ပြုတော့မယ့်မိုး လုပ်မနေပါနဲ့၊ ဒီနေ့ လုပ်ငန်းရှင်များအသင်းမှာ အစည်းအဝေးတက်စရာရှိတယ် မဟုတ်လား။ ကိုယ့်ကိုယ်စား မင်း သွားတက်လိုက်"

"ဟင် ... တကယ်လား"

"တကယ်ပေါ့။ ကိုယ်က ဒီပုံစံနဲ့ သွားတက်ရမှာလား။ ဒါ မင်းဖန်တီးထားတဲ့ ကိစ္စပဲလေ"

"ဟုတ် ... ဟုတ်ပါတယ်။ ကျွန်မ သွားတက်ပါ့မယ်။ အဲဒီအတွက်လည်း မနေ့က ခေါင် လုပ်ခိုင်းထားတဲ့ စာရင်းတွေ အကုန်ပြီးထားပါပြီ"

"ပြီးရော ... ကဲ ... ဒါဆိုလည်း သွားလို့ရပြီ"

"ဟုတ် ... ဟုတ်။ ဟို ... အန်တီ ... ကျွန်မကို ခွင့်ပြုပါဦးနော်။ ဒီလိုပုံစံမျိုးနဲ့ နှုတ်ဆက်ရတာ ကျွန်မ အရမ်းအားနာပါတယ် အန်တီ။ ဆော ... ဆောရီးပါရှင်"





သူမရဲ့မျက်နှာမှာ တကယ်ကို မေမေ့အပေါ်လည်း ရှိန်ပြီး တိတ်လန့်ရိပ်တွေ ဝင်နေတာကို သူက ဘေးကနေ၍ အကဲခတ်မိနေသဖြင့် တေးတျာဏီကိုလည်း သနားကရုဏာသက်ချင်သလို ဖြစ်ရသေးသည်။ တကယ်ကို စိတ်ရှုပ်ထွေးစွာ၊ ကျဉ်းထဲကျပ်ထဲ ရောက်နေသော သူမ အဖြစ်ကိုလည်း တစ်ဖက်သားအပေါ်မှာ စာနာထောက်ထားတတ်သော မေမေလည်း သနားကရုဏာ သက်နေပါဦးမည် ဒါကြောင့် မျက်နှာလေးငယ်နေသော သူမကို ပခုံးလေးတစ်ဖက် ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့်ဟန်ဖြင့် ...

"သိပ်လည်း စိတ်မကောင်း မဖြစ်ပါနဲ့ သမီးရယ်။ ဒီလိုပုံစံမျိုးနဲ့ တွေ့ဆုံဖို့ မျှော်လင့်မထားကြပေမယ့် ဖြစ်လာပြီးပြီပဲလေ။ ဒါပေမဲ့ စိတ်မညစ်ပါနဲ့၊ နောက်ကို နည်းနည်းဂရုစိုက်ပေါ့ ဟုတ်ပြီလား။ သမီးကလည်း ဒုတ်ထိုးကြိုက်ပုံရတယ်၊ နောက်တစ်ပတ်ကျရင် အန်တီ အိမ်မှာလုပ်ကျွေးမယ်၊ ဟုတ်ပြီလား"

"ဟင် ... တကယ်နော် အန်တီ၊ သမီးက ဒုတ်ထိုးကို အရမ်း အရမ်းကို ကြိုက်တာပါ ... အဟီး။ ပျော်လိုက်တာ ကျေးဇူးအများကြီး တင်ပါတယ်ရှင့်။ ခွင့်ပြုပါဦးနော် ...

ခေါင် ... ကျွန်မ သွားတော့မယ်။ အစည်းအဝေးပြီးရင် ဖုန်းဆက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်တစ်ပတ် ဒုတ်ထိုးအတွက် မျှော်လင့်ရင်ခုန်ရင်း သွက်သွက်လေး ထွက်ခွာပြေးသွားလျှင် သူနဲ့ မေမေက တစ်ယောက်နဲ့တစ်ယောက် ပြိုင်တူကြည့်မိရင်း သူကတော့ ခပ်မှုံမှုံ၊ မေမေကတော့ ခပ်ပြုံးပြုံး ပြိုင်တူရယ်မိကြလေသည်။ သူမအပေါ် မေမေ ဘယ်လိုသဘောထားသလဲဆိုသည့် မေးခွန်းကိုတော့ ခုချိန်မှာလည်း သူ မမေးချင်သေးပါ။ သူနဲ့ သူမဟာ ရည်းစားဆိုသည့် ဆက်ဆံရေးကိုလည်း မေမေက ဘယ်လိုမှ သဘောထားဟန် မရှိသေးပါ။ သူတို့ သားအမိနှစ်ယောက်အတွက် ဒီကိစ္စဟာ အကျယ်တဝင့် ဆွေးနွေးစရာ မလိုမှန်း အလိုလို နားလည်ပြီးသားဖြစ်သည်။

အဝေးကြီးက ကိစ္စတွေအတွက် သိပ်နက်နက်နဲနဲ ကြိုမစဉ်းစားခြင်းဟာလည်း နုပျိုခြင်းရဲ့ သော့ချက်တစ်ခု ဖြစ်လိမ့်မည်ဟု သူ ယုံကြည်ပါသည်။

❦ ❦ ❦





(၂၃)

"တျာရယ် … နင်ကတော့ ဖြစ်ရမယ်။ ယောက္ခမလောင်း ရှေ့မှာမှ သူ့သားကို အီးပန်းတရားခံ လုပ်တဲ့သူအဖြစ် မြင်ရတယ်လို့"

"အင်းလေ … မှားစရာလား။ နင့် အဆီချလက်ဖက်ခြောက်နဲ့ ရိုးရိုးလက်ဖက်ခြောက်နဲ့။ အဲဒီ အဆီချလက်ဖက်ခြောက်က ပထမဆုံး စသောက်တဲ့ အူအရိုင်းဆို ဝမ်းချုပ်တတ်တဲ့ လူတောင် သုံး,လေးခါလောက် မျောသေးတာလေ။ နင့်ဘဲလို ကိုရွှေအူနုကတော့ ဖင်နဲ့ကမှုတ် ကပ်ထားရပြီပေါ့ ဟာ … ဟား ဟား ဟား"

"မိတျာတို့ ဝွမ်းသွားတာပေါ့နော် … ဟစ် ဟစ် ဟစ်"

ရယ်ပုံရယ်နည်း ဆန်းဆန်းကြီးတွေနှင့် အော်ဟစ်ယ်မော ရှေ့လှောင်ပြောင်နေသော ရေးချယ်လ်နှင့် မိဂီကို တျာက စောင်းအကြီးကြီးထိုးကာ တစ်ခုခု ပြန်ပြောဖို့ ပြင်သော်လည်း

www.burmeseclassic.com



သူတို့ကို ပြောဖို့ထက် ကိုယ့်ပါးစပ်က ကြာဆံချက်နှင့် ရှောက်သီးသုပ် စားရခြင်းအမှု၌ပင် လက်မလည်ချေ။ ညနေဘက် ရေးချယ်လ်ကလည်း ဈေးအပြန်၊ တျာကလည်း ရုံးအပြန် မိဂီအိမ်ရှေ့ ကြာဆံချက် ဝင်တီးကြရင်း တစ်ပတ်အတွင်း မိုးလေဝသ,သတင်း သတင်းအနှစ်ချုပ်ကတော့ **သေးတျာထီ** ပေါ့နော်။

"အေး ... ငါ့ဘဝကြီးက ဒီလိုပဲ သွားတော့မယ်နဲ့ တူပါတယ်ဟာ"

ရေနွေးကြမ်းခွက်ကို ကိုင်ထားသော်လည်း ဆိုဂျူးခွက်ကိုင်ထားပြီး ကွဲနေသလိုဒီဇိုင်းနှင့် ပြောသော **တျာ့**ကို ဟို သရဲမနှစ်ကောင်က နည်းနည်းလေးမှ သနားဟန်မပြဘဲ တဟား ဟာစ်နှင့် ရယ်နေကြသေးလေသည်။

"ညည်းကလည်း ငယ်ငယ်တုန်းက အကျင့်တွေ ဖျောက်တော့လေ။ ခုထိကို လွဲတော်ချင်လေး လုပ်နေတုန်းပဲလား"

"ငါလည်း ဘယ်လွှဲချင်မလဲဟာ။ ဒါပေမဲ့ ငါ့ သတိကြီး အပြည့်နဲ့ အေးစေ သက်သာ မပါဘဲ နေတော့လည်း ဘာမှမလွှဲပေမယ့် အသက်ရှူမဝတော့ဘဲ ခေါင်းတွေကိုက်လာတယ်ဟ။ tension တွေ အရမ်းများပြီး သက်သောင့်သက်သာ မရှိတော့ဘူး။ အရမ်းပင်ပန်းတယ်။ တစ်ပတ်လောက်နဲ့တင် ငါ တော်တော်အိုစာသွားမှာ သေချာတယ်"

"အေး ... အဲဒါပေါ့။ မလွှဲရရင် စားမဝင် အိပ်မပျော်ဘူး ဆိုတာ"





"ဒါနဲ့ နေစမ်းပါဦး။ အရေးကြီးတာ **ဒေးရှီးမယ်း** နင့် ယောက္ခမလောင်းကြီးက နင့်အပေါ် ဘယ်လိုသဘောထား ရှိလဲ။ သူ့သားလိုပဲ ချေချေစိန်ပဲလား"

"သူ့သားလောက်တော့ မချေဘူး။ ချေတယ်လို့ကို ပြောလို့ မရပါဘူးဟ။ ဒါပေမဲ့ တချို့ အရမ်းချမ်းသာပြီး ဂုဏ်ခြင် အရမ်းကြီးတဲ့ လူတွေမှာ ချေချေ မချေချေ သူတို့မှာ အရှိန်တစ်မျိုးတော့ ရှိတတ်ကြတယ်လေ၊ သူ့အမေလည်း အဲဒီလိုပဲပေါ့၊ သေချာတာကတော့ သူ့သားလောက် မကြီးကျယ်ပါဘူး"

"ဟဲ့ ... ဒါဆို နင့်ကို သူတို့က welcome ဆိုတဲ့ သဘောပေါ့နော်။ နင် သူနဲ့ရရင်တော့ တော်တော်ကံကောင်းမှာပဲ တျာ၊ သူတို့က တကယ့်ကို ဓွေကြီးမျိုးကြီး အသိုင်းအဝန်းဟဲ့၊ နင့်ရဲ့ မြင့်မြတ်ခေါင် ဆိုတာလည်း ငါတို့က ဒီလိုတွေသာ ပြောနေတာ၊ ကိုယ့်ကိုတော့ ဂုဏ်မြှင့်ပေးနိုင်တဲ့ လက်မထောင်နိုင်တဲ့ ယောကျ်ားမျိုးပဲ။ သူနဲ့ လက်ထပ်လိုက်ရင်တော့ နင် တကယ်ကို မိုက်သွားမှာ"

ရေးချယ်လ်က တကယ်ကို တျာ့အတွက် စိတ်လှုပ်ရှားသော မျက်လုံးများဖြင့် ပြောနေလျှင် တျာက အသာပြုံးမိသည်။ တစ်လက်စတည်း ပြေးမြင်ယောင်မိတာ သူ့ကိုပါ။ သူနဲ့ တျာဟာ တစ်ချိန်ချိန်မှာ လက်ထပ်ဖြစ်ကြမည်တဲ့လား။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မုန်းမသိဘဲ ဝေးလွန်းသော အရာတွေဟာ မုန်းဆမရနိုင်ကြသည်လားမသိ။ သူနဲ့ ကျွာရဲ့ ရှေ့ခရီးကို ကျွာ ဘယ်လိုမှ မမှန်းတတ်ပါချေ။

"ဒါနဲ့ နေပါဦး ... နင်တို့ ရှေ့ရေးတွေ ဘာတွေ ဆွေးနွေးဖြစ်ကြလား"

"ဘာရှေ့ရေးလဲ ... နောက်ရေးတော့ ဆွေးနွေးဖြစ်ကြတယ်"

"ဟေ ... ဘာတုန်း၊ နောက်ရေး ဆိုတာက ! ! "

"နောက်ရေး ဆိုတာ အရင်တုန်းက အကြောင်းတွေ ပြန်မေးတာလေ၊ ငါ့ကို ဖျူးတာပေါ့ဟယ်၊ ငါ အရင်တည်းက ဒီလို နမော်နမဲ့ပဲလား ဆိုတာ"

"ပြောလိုက်ပါလား။ တေးကျွာဏီ ဆိုတာ လေးတန်းရောက်တာတောင် ကျောပိုးအိတ်ကို ကျောင်းမှာမေ့ကျန်ပြီး အိမ်ပြန်သွားခဲ့တဲ့ မိန်းကလေးပါလို့"

"ခြောက်တန်းမှာလည်း ကျောင်းကားနောက်ကျမှာစိုးလို့ ရေချိုးစီးဖော့ဖိနပ်ကို ကျောင်းဖိနပ်အဖြူနဲ့ လဲဖို့မေ့နေပြီး ကျောင်းရောက်လာခဲ့တာကိုလည်း ထည့်ပြောဦးလေ"

"ကဲ ... တော်ကြပါတော့ ခင်ဝုန်းစိန်တို့ရယ်၊ ဒီနေ့အဖို့ ဝုန်းလို့ ပြီးကြဦးမှာတဲ့လား၊ ကြာဆံချက်လေး စားရတာနဲ့ မကာမိအောင် အဝုန်းခံနေရတယ်"





"ခိ ခိ ... အဲလို မထင်ပါနဲ့။ ကဲပါ ... ငါ အခုနကမေးတာ ဖြေစမ်းပါဦး။ နင်တို့ လက်ထပ်ဖို့ကိစ္စတွေ ဘာတွေ တစ်ခါမှ မဆွေးနွေးမိကြဘူးလား ...

ဘာလိုလိုနဲ့ နင်တို့ ချစ်လာတာလည်း ခြောက်လနီးပါး ရှိတော့မယ်လေ"

"ခြောက်လဆိုတဲ့ အချိန်ကာလဟာ လူတစ်ယောက်နဲ့တစ်ယောက် အကြောင်းသိဖို့ သိပ်လုံလောက်တဲ့ အချိန်ကာလမှ မဟုတ်တာပဲဟာ။ သူ့အနေနဲ့လည်း ငါနဲ့ မျက်စိလည်လမ်းမှားပြီး ရည်းစားဖြစ်ခဲ့ရတာဆိုတော့ လက်ထပ်ဖို့ဆိုတာ အများကြီး စဉ်းစားရမှာပေါ့။ သူ့ type နဲ့ ငါ့ type က ဘယ်လိုမှ မတူဘူးဟ။ သူက အရာရာကို တိတိကျကျ ဖြတ်သန်းချင်တဲ့ ယောကျ်ားမျိုး၊ ငါကတော့ နင်တို့သိတဲ့အတိုင်းပဲ၊ ဒီတော့ ဒီလူနှစ်ယောက်ကြားမှာ ရေရှည်တည်မြဲတဲ့ Relationships တစ်ခု တည်ဆောက်ဖို့ဆိုတာ သိပ်လွယ်တဲ့ ကိစ္စတော့ မဟုတ်ဘူးလားလို့လေ"

"ဒါပေမဲ့ အချစ်ဆိုတာကိုရော နင် ထည့်မတွက်တော့ဘူးလား"

မိဂီ စကားကြောင့် ကျွာ တစ်ချက် တွေဝေသွားသော်လည်း ချက်ချင်းပဲ ပြန်ပြောနိုင်လိုက်သည်မှာ ...

"သူ ငါ့ကို သိပ်ချစ်တယ်လို့ မထင်ဘူးဟ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို တချိန်က ရယ်ပြင်ဟဟလေး ပြော... သော်လည်း ရင်ထဲမှာ နည်းနည်းတော့ အောင့်သွားတာကို ... ရပေမည်။ အဲဒီစကား မှန်ကန်တာကိုလည်း သိပ်မကြာ... ရင်နင့်စွာ ထပ်သိခဲ့ရမှာကိုတော့ ကြိုတင်မျှော်လင့်မထားခဲ့...

❦ ❦ ❦





(၂၄)

"ရှော့"

ဘာမပြော ညာမပြောနှင့် မျက်လုံးရှေ့ကို တောက်ပြောင်သားနားသော စက္ကူအိတ်ကြီး ချပေးလိုက်သောအခါ တဲ့ ... ဘာမှန်းနားမလည်ဘဲ သူ့ကို ပြန်မော့ကြည့်မိသည်။ သူက ... တော့ ခပ်တည်တည်ပါပဲ။ သူ့ပုံစံက အဲဒီလိုပဲလေ။ ဘယ်တော့မှ ... န်းလို့ရသည်မရှိဘဲ အမြဲတည်တည်တင်းတင်း (မေတ်စကားနဲ့ ပြောရလျှင်တော့ အမြဲချေနေသော မျက်နှာပေါ့နော်။

"ဒါ ... ဘာကြီးလဲ"

"သြော် ... မျက်လုံးရှေ့ရောက်နေပြီပဲ။ စာလေး ဘာလေး ဖတ်၊ ဖွင့်ကြည့်သင့်တယ် ထင်ရင်လည်း ဖွင့်ပေါ့"

"ဖွင့်ရအောင် သူများပစ္စည်းကို ဘာလို့ဖွင့်ရမှာလဲ"

"ဘယ်က သူများပစ္စည်းလဲ"

"ရှင့်ပစ္စည်းလေ၊ ရှင့်ကို ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မင်းအတွက် သူများလား"

"တစ်ခါတလေတော့လည်း သူများပေါ့"

"ထားပါတော့။ မပြောတော့ဘူး။ ကဲ ... အဲဒါက မင်းအတွက်"

"ဟင် ... ကျွန်မအတွက်"

ပြင်သစ်မှာ ပညာသွားသင်လာတယ် ဆိုသော မြန်မာပြည်က နာမည်ကြီးဒီဇိုင်နာတစ်ယောက်၏ ဆိုင်တံဆိပ်ပါသော လက်ဆွဲအိတ်ကြီးမှ ကျွန်မက စိတ်ဝင်တစား ဖွင့်လိုက်သည်။ အထဲက စက္ကူဘူးထဲက ထွက်လာတာက လှပခမ်းနားလွန်းသော ဆင်စွယ်ရောင်ဇာနှင့် ပိုးပျော့ စပ်ယှက်ချုပ်ထားသည့် ညနေခင်း ပွဲတက်ဝတ်စုံ Dress လေးဟာ မျက်စိမခွာချင်စရာ ခမ်းနားသက်ဝင် လှပလွန်းသည်။

"ဒါ ... ဒါ ... ဘာလုပ်ဖို့လဲဟင်"

ဒါဟာ သတို့သမီးဝတ်စုံ မဟုတ်ဘူးဟု သိနေနိုင်သော်လည်း ဘာများလဲဟု တထိတ်ထိတ် ရင်ခုန်မိသည်လေ။ သူက ကျွန်မကို ပြုံးစိစိကြည့်ရင်း ...

"မင်း ဘာလို့ စိတ်လှုပ်ရှားနေရတာလဲ"

"အို ... ဘယ်မှာ လှုပ်ရှားလို့လဲ၊ မလှုပ်ရှားပါဘူး"

"ဟက် ... ဟက် ... ထားပါတော့။ နောက်တစ်ပတ် ဆန်းဒေးကျရင် ကိုယ် ပွဲတစ်ခု တက်စရာရှိတယ်၊ မင်းကို ကိုယ့်ပါတနာအနေနဲ့ ပွဲလိုက်တက်ပေးဖို့ ဖိတ်တာ၊





ဒါက အဲဒီပွဲကျရင် မင်း ဝတ်ရမယ့် ဝတ်စုံပေါ့၊ ဘယ်လိုလဲ တက်ပေးနိုင်မလား"

"ဟင် ... အဲလိုလား။ ကျွန်မနဲ့ အဲဒီပွဲက လူတွေနဲ့ သိမှ မသိတာ"

"မင်း သိစရာ မလိုဘူးလေကွာ။ အဲဒီပွဲက စုံတွဲတွေဆိုမှ ဖိတ်တာ၊ ဖြစ်နိုင်ရင် စုံတွဲချီးမြှင့်ပေးပါလို့ ဖိတ်စာထဲမှာ ရေးထားတယ်၊ ဘယ်လိုလဲ"

"အင်း ... ရပါတယ်"

"ဘာ ရပါတယ်လဲ။ မင်း ကြည့်ရတာ စိတ်မပါ လက်မပါနဲ့"

"မဟုတ်ပါဘူး။ ရှင် သွားမယ့်ပွဲက ပွဲအကြီးကြီး တကယ့်ကို Great တွေချည်း လာမယ့်ပွဲဆိုတော့ ကျွန်မ နည်းနည်း စိုးရိမ်နေတာပါ ...

ရှင်တွဲသွားမယ့် ရှင့် ပါတနာ ကျွန်မထက် ဘာမှ မဟုတ်ဘူးလေ"

"ဘာကို ဘာမှ မဟုတ်တာလဲ"

"ဩော် ... ဆယ်လီလည်း မဟုတ်၊ ဖြစ်တီလည်း မဟုတ်၊ သူဌေးသမီးလည်းမဟုတ်၊ သာမန် မိန်းကလေးတစ်ယောက် မို့လေ"

"ကဲပါ မမရယ်။ ကိုယ့်ဘာသာ ဒရမ်မာတွေခင်းပြီး မဟုတ်တာတွေ လျှောက်စဉ်းစားမနေစမ်းပါနဲ့။ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တာက မင်း အဲဒီပွဲမှာ အလှဆုံး ဖြစ်နေဖို့ပဲ၊ [illegible]လှလေး ပြင်ခဲ့၊ စမတ်အကျဆုံး ဖြစ်နေရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ပါပြီ၊ အလှဆုံး ဖြစ်ဖို့ကတော့ တာဝန်ယူတယ်"

"ခလုတ်မတိုက်ဖို့ကတော့ တာဝန် မယူဘူးပေါ့ ... ဟုတ်လား"

သူက ပြုံးစိစိ ပြောလျှင် အဲဒီပုံစံလေးကို ဘယ်လို ချစ်မြတ်နိုးသွားရမှန်း မသိပါ။ သူ့နားထင်က ဒေါက်လေးကို ငေးရင်း ဒီလူသားလေးနှင့် ဘယ်ထိ ရေစက်ရှိနိုင်မလဲဟု ကျွန်မ တိတ်တခိုး တွေးနေမိတာကို သူ သိနိုင်မည် မထင်ပါ။ မရှိက်ဖူးသော ရှိုက်ခဲ့သော ပင့်သက်တစ်ခုကို သူ မသိအောင် ရှိုက်ရင်း ဘာမှ ကြိုမသိနိုင်ခြင်းဟာလည်း လောကကြီး၏ တရားမျှတမှု တစ်ခုပဲ ဖြစ်လိမ့်မည်ဟု တွေးနေမိခဲ့သည်။





ထိုနေ့က သူ ကိုယ်တိုင်မောင်းသော ကားဖြင့် ကျွန်မကို လာကြိုခဲ့ပါသည်။ သူ လက်ဆောင်ပေးထားသော ဝတ်စုံ၊ ပါးပါးလေးနှင့် ပြောင်မွတ်နေသော မိတ်ကပ်အစွမ်းတို့ဖြင့် လှပနေသော ကျွန်မကို ပထမဆုံးအကြိမ်အဖြစ် သူက ချီးကျူးလေသည်။

"မင်း အရမ်းလှတာပဲ ကေးတျာဏီ"

"အဟုတ်င်း ... သိုင်းခရူပါ"

"ဒါပေမဲ့ မင်းကြည့်ရတာ သိပ်သက်သောင့်သက်သာမရှိသလိုပဲ။ တာတွေ Stress ဖြစ်နေတာလဲ။ သက်သောင့်သက်သာ နေစမ်းပါ။ Be Relax! ဒီပွဲက အရမ်းကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားမျိုး၊ နိုင်ငံတော်ပွဲမျိုး မဟုတ်ပါဘူး"

"ဟို ... ဘာပဲဖြစ်ဖြစ် ကျွန်မ စိတ်လှုပ်ရှားတာတော့ အမှန်ပဲ"

"ဘာလဲ ... ကိုယ်နဲ့တွဲပြီး ပွဲတက်ရမှာမို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ တျာ့ လက်ဖျားလေးကို ဖျတ်ခနဲ ဆုပ်ကိုင်ရင်း လေသံသဲ့သဲ့လေးနှင့် မေးလိုက်လျှင် တျာ ရင်တွေအရမ်းခုန်သွားသည်။ ဩော် ... ဘဝ ... ဘဝ တဏှာစိတ်နှင့် ပြောတာမဟုတ်ဘဲ ကဗျာစိတ်နှင့် ပြောသည်ဟု မှတ်ကြပါရန်။ ခုချိန်ထိ အေးထွေးအေးဆေးသော နေရာလေးမှာ ချစ်သူနဲ့ တွတ်တီးတွတ်တာ စကားပြော၊ သူက ကိုယ့်ကို လက်ဖျားလေး ဆုပ်ကိုင်ပြီး ယုယကြင်နာတာမျိုးလည်း မရှိသဖြင့် ခုလို လက်ဖျားလေး ဆုပ်ကိုင်ရုံ လေသံသဲ့သဲ့လေးနဲ့ နှစ်ကိုယ်ကြား ကလိရုံမျှကို ဟောဒီက မိတျာတို့ ရင်ခုန်နေရသည်ဆိုတော့ ပြတိုက်ပဲ ပို့ရတော့မည်ပေါ့နော်။

"မင်းနေကောင်းရဲ့လား။ လက်ဖျားတွေ အေးနေတယ်"

"ကောင်း ... ကောင်းပါတယ်"

"ဒါဆို ဘာလို့ လက်ဖျားတွေ အေးနေတာလဲ"

"မသိဘူးလေ"

"စိတ်လျှော့ထားပါကွာ။ အကုန် အဆင်ပြေသွားမှာပါ"

"ရှင်တို့ပွဲက ဘူဖေး ကျွေးမှာလား"

"အင်း ... ဟုတ်မယ် ထင်တယ်၊ ဘာလို့လဲ"

"ဩော် ... တျာ အားရပါးရ စားလို့ရမယ် မထင်ဘူးနော်။ ရှင်တို့ပွဲက လူတွေက ဘယ်သူမှ အစားသောင်းကျန်းကြမယ် မထင်ဘူး"

"ဒါပေါ့ ... မင်းလည်း သိပ်မစားနဲ့"





"ဟင် ... တျာမှ ညစာ စားမလာတာ။ ဘာမှ စားမလာဘူးရှင့်"

"ဟာ ... ဘာလို့ စားမလာတာလဲ။ ဘာလဲ ... ဟိုရောက်မှ သွားဖြဲနားဖြဲ စားဦးမလို့လား"

"အို ... မဟုတ်ပါဘူး။ ရှင်ကလည်း စွပ်စွပ်စွဲစွဲ"

"ဒါဆို ဘာလို့ စားမလာတာလဲ"

"ဗိုက်ပူမှာ စိုးလို့ပေါ့"

"ဘာရယ် ... ဩော် ... မင်းက တဝတပြဲ စားလိုက်ရင် ဗိုလ်ပူထွက်လာတယ်ပေါ့၊ ဟုတ်လား ... ကျွတ် ... ကျွတ်"

တျာက သူ့ကို မျက်စောင်းထိုးပစ်လိုက်သည်။ ပြီးသွားပြီလေ အခုနက နုသစ်လတ်ဆတ်နေတဲ့ ရင်ခုန်သံစည်းချက်တွေ။ ဒီလူနဲ့က ဒီလိုပါပဲ။ သူနဲ့က ဘယ်တော့မှ ကြာကြာကြည်နူး ရင်ခုန်ခွင့်ရမည် မဟုတ်ပါ။ ဒီလိုနှင့် မကြာခင်ကမှ အသစ်ဖွင့်လှစ်ထားသော ဟိုတယ်အသစ်ကြီးသို့ ရောက်လာသည်။ ပွဲက သိပ်အကြီးကြီး မဟုတ်သော်လည်း ပွဲမှာတွေ့ရသော လူတွေက စီးပွားရေးနယ်ပယ်မှ တကယ့် ဂရိတ်တွေချည်း။ နောက် TV မှာ မြင်ဖူးသော မျက်နှာတွေ ဆယ်လီတွေ ... စသဖြင့် ...။

"လာလေ ... လမ်းလျှောက်တာ ဘာလို့ တုံ့နှေးနှေး ဖြစ်နေရတာလဲ။ ထော့ထော့ ထော့ထော့လည်း ဖြစ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက တျာ့ကို ခပ်တိုးတိုး ကျိတ်ပြောသည်။ ခုန ကလို ဝေတ်တစ်မျိုးပါသော ခပ်သဲ့သဲ့တိုးတိုး မဟုတ်တော့ပါ။ ဘြော် ... တတ်လည်း တတ်နိုင်သည်လေ။

"ဒီ ပန်ဆယ်ဟီးလ်က တျာ စီးနေကျမှ မဟုတ်တာ။ ဒေါက်က ခဲတံလုံးလောက်ပဲရှိတဲ့ သေးသေးချွန်ချွန်လေး။ ဒါကြောင့် ထိန်းစီးနေရတာ"

"ဟင် ... မစီးတတ်တဲ့ ဖိနပ်ကို ဘာဖြစ်လို့ စီးလာတာ လဲ"

"မစီးတတ်တာ မဟုတ်ပါဘူး။ ရှင်ကလည်း။ ဒါ စီးနေကျ မဟုတ်တာပါ။ ဒါကတော့ ဒီလိုပဲ ထိန်းစီးရတာပေါ့။ ဒီဝတ်စုံက ဒီလိုဒေါက်တွေနဲ့ပဲ လိုက်တဲ့ဟာကို"

တျာ့ အပြောကို သူက ဘာမှ မပြောတော့ဘူး ဟူသော ပုံစံဖြင့် ပခုံးတွန့်ကာ ဆက်လျှောက်သွားလေသည်။ အဲဒီနောက် သူ နှုတ်ဆက်ရမည့်လူတွေနှင့် နှုတ်ဆက်၊ တျာကလည်း ဝိုင်ခွက်လေးကိုင်ကာ ပြုံးရတော့မလိုလို၊ ရယ်ရတော့မလိုလို အနေအထားမှာ စိတ်ညစ်ချင်လာလေသည်။ သူကအစားအသောက် ကိစ္စဘက် မလှည့်သေးသဖြင့် တျာသည်လည်း လှုပ်လို့မရ။ မလှမ်းမကမ်းမှာ မြင်နေရသော ဘူဖေးတန်းကိုကြည့်ပြီး ဗိုက်ထဲက အချက်ပြလာသည်။

"မင်း ဗိုက်ဆာရင် နည်းနည်းသွားစားလေ"





ကြည့် ... ပြောပုံကိုက နည်းနည်းသွားစားလေတဲ့။ ဘယ်သူကရော ရှပ်ပျက်ဆင်းပျက် သွားစားမှာကြလို့။ တျာက သူ့ကို မျက်စောင်းမထိုးမိအောင် အတန်တန် ထိန်းထားရင်းမှ ...

"ရှင်ကရော မစားဘူးလား"

"ကိုယ် မစားသေးဘူး၊ မင်း အရင်စားနှင့်၊ ပြီးရင် ဘာ ကောင်းတယ်ဆိုတာ ကိုယ့်ကိုပြော ဟုတ်ပြီလား"

"ဖြီး ရော"

တျာက စားသောက်ဖို့ပါမစ်ရပြီမို့ ပျော်ရွှင်တက်ကြွ သော ခြေလှမ်းများဖြင့် ဘူဖေးတန်းရှိရာသို့ လျှောက်လာခဲ့သည်။ မျက်လုံး တစ်ချက်အရှေ့မှာပဲ ရင်ထဲငြိစရာတွေက ကပ်ပါလာသည်။ ပုစွန်အစိမ်းသုပ်ပါလား ... လာထား အာဘွားပဲ။ Sea food ထမင်းကြော်လေးကတော့ ရှိးရှိးလေးပေမယ့်လည်း ပစ်စရာ အကြောင်းမရှိပါဘူးနော်။ အားပါး ... ဘဲကင်တွေပါလား ... အမြည်းလုပ်ဖို့နဲ့တူတယ်။ ကိုယ်တို့ကတော့ ဘာလာလာ ဒေါင်း ပြီးသားပဲ။ ဟော... ဟို အသီးအရွက်ဆလပ်လေးကလည်း အအီပြေပေါ့နော်။ ပုစွန်အစိမ်းသုပ် ထည့်ပြီးမှ ပုစွန်တမ်ပူရာ တွေ့တော့လည်း စိတ်မဆိုးပါဘူး။ အင်း ... ဂဏန်းကော်ရည် ဟင်းချိုလေးလည်း ထည့်ဦးမှ။ ကဲ ... ဒါတွေကုန်မှ ကျန်တာတွေ ပေါ့ ... ပန်းကန်ထဲလည်း မြင်မကောင်းတော့ပါ။

တျာက ကျေနပ်စွာနှင့် အနီးဆုံးစားပွဲဝိုင်းမှာ နေရာယူ ပြီး ဝင်ထိုင်လိုက်သည်။ သူ့ကို မသိမသာ လှမ်းကြည့်မိတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တျာ့ကို မသိမသာ အကဲခတ်နေတာတွေ့ရသည်။ တျာ့က မသိမသာမဲ့ပြီး ဂရုမစိုက်လေဟန်ဖြင့် ဒင်နာကို စတင်သုံးဆောင်တော်မူလေသည်။ သူကတော့ ဝိုင်ခွက်လေးတလှုပ်လှုပ်ဖြင့် အခြားသူတွေနဲ့ စကားစမြည်ပြောကောင်းတုန်း တျာ့ကလည်း စားကောင်းတုန်းပါပဲ။

ဒီလိုနှင့် စားရင်းသောက်ရင်း စားသမျှ ကုန်သလောက်ဖြစ်လာလျှင် တျာ့က နောက်တစ်ကျော့ ထပ်ဖို့ပြင်သည်။ အဲဒီအချိန်မှာပဲ သူက အနားသို့ ရောက်လာသည်။

"ဘာလဲ ... ထပ်သွားယူဦးမလို့လား"

"အင်းလေ ... ခုနက ထည့်ထားတာ နည်းနည်းလေးဥစ္စာ"

သူက သိပြီးသားပါ ဟူသော ဒီဇိုင်းဖြင့် နှုတ်ခမ်းလေးတွန့်ရုံ သရော်တော်တော်ပြုံးသော်လည်း တျာ့ကတော့ ဂရုမစိုက်ပါ။

"ရှင်ရော မစားသေးဘူးလား"

"မင်းစားတာ မြင်တာနဲ့တင် ဝ,နေပါပြီ"

"ကျွတ်"

ဘာမှ ထပ်ပြောဖို့ မကြိုးစားတော့ဘဲ တျာ့က လှည့်ထွက်လာခဲ့သည်။ ဒီတစ်ခါတော့ သူ မယူနိုင်းလည်း သူ့အတွက်ပါ ယူခဲ့ဦးမည်ဟူသော စေတနာနဲ့ပါ။ ပန်းကန်နောက်တစ်ချပ် ထပ်ယူပြီး သူ့အတွက်ပါ ထပ့်ထည့်ကာ လက်တစ်ဖက်စီမှာ ပန်းကန်ပြားကြီးနှစ်ချပ်ကို ကိုင်လျက် သူရှိသော စားပွဲသို့





ပြန်ထွက်လာခဲ့သည်။ အဲဒီအချိန်မှာပဲ ... အဲဒီ အချိန်မှာပဲ တျာ့ရဲ့ ဒေါက်တစ်ဖက်က မြက်ခင်းထဲက ဘယ်လို ပျော့သော မြေသားထဲသို့ နစ်ဝင်သွားသလဲတော့မသိ။ ခြေထောက်တစ်ဖက်က အလှမ်း၊ နောက်တစ်ဖက်က မလိုက်နိုင်သောအခါ လူက ရှေ့ထိုးယိုင်ကျသွားသည်။ သို့သော် သတိရှိသော တျာ့က ချက်ချင်းထိန်းလိုက်နိုင်ကာ ပန်းကန်ပြားနှစ်ချပ်ကိုလည်း ပြုတ်မကျစေရန် ထိန်းလိုက်နိုင်သည်။

သို့သော် ရှေ့သို့ ဟပ်ထိုးကျမှာကို ကြောက်လန့်ထကြားထိန်းမှုသည် အရှိန်လွန်သွားသောအခါ ဝိတ်က နောက်ဘက်သို့များပြီး ပါသွားလေသည်။ ပင်ဆယ်လ်ဟီးရဲ့ ဒေါက်တစ်ခုပေါ်မှာပဲ တျာ့တစ်ကိုယ်လုံး ရှိနေသည်ဖြစ်လေရာ ဒီဒေါက်သည် တျာ့ရဲ့ ပေါင်တစ်ရာ့သုံးဆယ်ဝိတ်ကို မည်သို့ ထိန်းနိုင်မည်နည်းလဲ။ ကမ္ဘာမြေကြီးရဲ့ ဆွဲအားကလည်း တျာ့ကို မျက်နှာသာမပေးလေရာ တျာ့သည် နောက်သို့ တကယ်ပဲ ပက်လက်လန် နောက်ပြန်ကျသွားလေသည်။ သေပြီပေါ့ ဟု ထင်ရသော်လည်း နာကျင်မှုတစ်စုံတစ်ရာထက် အိစက်သော အထိအတွေ့နှင့်အတူ အော်ဟစ်သံ၊ ပန်းကန်တွေ ကျကွဲသံ စသဖြင့် တီးတိုးအသံများ ထွက်နေရာ လူယဉ်ကျေးတို့ပါတီသည် ခေတ္တမျှတော့ တိတ်ဆိတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... သေပါပြီ၊ ဘယ်လိုဖြစ်ရတာတုန်း ... ဟင်"

ကျွန်တော် ပြုတ်ကျသွားတာလည်း မိန်းမဝဝကြီးတစ်ယောက်ပေါ်သို့ဖြစ်ပြီး သူမက ကျွန်တော့်ကို တွန်းလွှတ်လိုက်သည်။ ကျွန်တော်က ဘေးသို့ ဖုတ်ခနဲ လေးဖက်ကုန်းထပ်ပြုတ်ကျလေသည်။ အဖြူရောင်ဝတ်ဆင်ထားသော ထိုမိန်းမကြီး၏ တစ်ကိုယ်လုံးတွင် ကျွန်တော်ယူလာသော ဟင်းတွေရော၊ သူမကြီး သယ်လာသော အစားအသောက်တွေရောနှင့် ပေတူးကျံ ပေပွနေလေသည်။

"ဟို ... ဟို ... ဆော ... ဆောရီးပါ အန်တီ"

"ဘာ ... ဘာ အန်တီလဲ၊ နင့်မှာ မျက်လုံးမပါဘူးလား ကျွတ် ... ဘယ်ဘဝထဲက ဝတ်နေတဲ့ဟာမို့ ပန်းကန်နှစ်ချပ်သယ်ပြီး ခလုတ်တိုက်ရတာလဲ၊ (x)ရေး မပါဘူး"

မိန်းမကြီးက ပျစ်ပျစ်နှစ်နှစ်ပဲ ဓာက်နှင့် ကိုင်တုတ်လိုက်လျှင် ကျွန်တော့်မျက်နှာ ဘယ်နားသွားထားရမှန်း မသိအောင် ရှက်ရွံ့ထူပူသွားသည်။ သတိဝင်လာစိတ်ဖြင့် ဖျတ်ခနဲ မတ်တတ်ထရပ်စဉ်မှာ ခေါက်က ကျိုးသွားသဖြင့် ခေါက်ခနဲ ဒူးခေါက်လဲကာ ဖင်ထိုင်ရက် ပြန်ပြုတ်ကျလျှင် ခပ်အုပ်အုပ်ရယ်သံတစ်မျိုးနှင့် ဟားခနဲ မြည်တမ်းသံများ တီးတိုးဝေဖန်သံများက ကျွန်တော့်နားထဲကိုတော့ ဆူညံစွာ စီးဝင်လာလေသည်။





"ကောင်းတယ် ... ကောင်းတယ် ... ဟင်း ... ဒီလောက်ရုပ်ပလာနိုင်တဲ့မိန်းမ"

မိန်းမကြီးက ကျေနပ်သံဖြင့် ထပ်ပြောနေလျှင် ကျွန်တော်က နှုတ်ခမ်းကိုကိုက်ပြီး အံကြိတ်ထ,မိသည်။ ဒီတစ်ခါတော့ ဖိနပ်နှစ်ဖက်စလုံးကို ဒေါသထွက်ထွက်ဖြင့် ဆွဲချွတ်ပစ်လိုက်မိလေသည်။ ပြီးတော့ ကျွန်တော့်မျက်လုံးတွေက သူ့ဆီသို့ ရောက်သွားသည်။ ကျွန်တော့်ကို လှမ်းကြည့်နေသော သူ့မျက်လုံးတွေထဲတွင် စိတ်ပျက်ခြင်း အရိပ်အယောင်များ ပြည့်နှက်နေပြီ။ လူကို လာတွဲဖို့ လာထူဖို့ သတိမရအောင် သူ စိတ်ပျက်စိတ်ရှုပ်ထွေးသွားသည်မှာ သိသာစေသည်။ မျက်လုံးချင်းဆုံခိုက်မှာ သူက ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်လျှင် ကျွန်တော်သည် တော်တော်လည်း အံ့ဩသလို တော်တော်လည်း နာကျင်သွားပါသည်။ နောက်တော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချကာ ဖိနပ်နှစ်ဖက်ကို လက်တစ်ဖက်ကဆွဲကိုင်လျက် ခြေဗလာနဲ့ပဲ စားပွဲဝိုင်းသို့ လျှောက်လာခဲ့လိုက်သည်။ စားပွဲတွင် ချထားခဲ့သော ကျွန်တော့်လက်ကိုင်အိတ်ကို ယူသည်။ အဲဒီအချိန်ထိ သူ့ထံမှ စကားတစ်လုံးမှ ထွက်မလာပါ။ သူ့ကို ကျောခိုင်းထွက်ခွာကာ ပွဲထဲမှ လမ်းလျှောက်ထွက်လာသည်အထိ သူ လိုက်ပါမလာပါ။ ဟိုတယ်အပြင်ဘက်သို့ ကျွန်တော် လမ်းလျှောက်ထွက်လာသည်အထိ သူ လိုက်ပါမလာပါ။ ဖိနပ်တစ်ရံကို လက်ကကိုင်ပြီး ပလက်ဖောင်းပေါ် လမ်းလျှောက်၊ Taxiငှားပြီးသည်အထိလည်း သူ လိုက်ပါမလာပါ။

www.burmeseclassic.com



ဒီလိုပဲ တချာတ၀ထဲသို့ သူ လိုက်ပါလာနိုင်မည်မဟု
ဆိုတာ တျာ အသေအချာ သိမြင်ပြီးသည့်နောက် ဘယ်ဘက်
၀န်းထောင့်မှတစ်ကြောင်းထဲ စီးကျသော မျက်ရည်သည် အ
အတွက် ပထမဆုံးနှင့် နောက်ဆုံးကျရသော မျက်ရည်စက်ဖြ
ပြုဖူးသမျှသော ကုသိုလ်များကို တိုင်တည်လျက် ဘုရား
သစ္စာဆို ဆုတောင်းပါဦးမည်။





# "အဖြစ်အပျက်များနောက် ..."



www.burmeseclassic.com

www.burmeseclassic.com



(၂၅)

အဖြစ်အပျက်များ ပြီးသွားပြီးနောက် နောက်တစ်ရက်ရက်မှာ တေးတျာဇာ ရုံးမတက်ခဲ့ပါ။ ပုံမှန်ဆို သူက ဖုန်းဆက်ပြောရမည်ဖြစ်သလို သူမကလည်း ဝန်ထမ်းတစ်ယောက်အနေနှင့် မှန်တိုင်ကြားရမည်။ ဒါပေမဲ့ ဘယ်သူ့ဘယ်သူကမှ ဆက်သွယ်သည့်အမှုကို မပြုလုပ်ခဲ့ကြပါ။ ပထမဆုံးနေ့မှာတင် မဆက်သွယ်ဘာဟုတ် နောက်ရက်တွေလည်း ဘယ်သူကမှ ဘယ်သူ့ကို ဆက်သွယ်တယ်ဆိုတာ မရှိခဲ့ချေ။ ဒီလိုနှင့် တစ်ပတ်လောက်ရှိလာခဲ့ကြသည်။

သူမကရော သူ့ကို ဘာကြောင့် မဆက်သွယ်လဲဆိုတာ သူမဘက်က သူ မစဉ်းစားမိသေးဘဲ သူ့ဘက်ပဲ အရင်စဉ်းစားဖြစ်ခဲ့သည်။ သူမဖြစ်ခဲ့သော အခြေအနေတစ်ခုပေါ်မှာ မယုံကြည်နိုင်ခြင်းနှင့်အတူ တစ်လက်စတည်း ယုံလိုက်ရုပြီဆိုကတည်းက စိတ်ပျက်စိတ်ရှုပ်ထွေးခြင်းများစွာ ဖြစ်ခဲ့ရသည်ဆိုတာတော့ မငြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန်လိုပါ။ ဖြစ်ပြန်ပြီလားဟူသော အသိနှင့်အတူ တေးတျာထီ သော မိန်းကလေးဟာ တစ်သက်လုံး ဒီလိုပဲ ဖြစ်နေမှာလား ဟူ သော အတွေးက သူ့ကို ကြက်သေသေ ငေါင်စင်းနေစေတာဖြ သည်။ မှန်တာပြောရလျှင် အဲဒီအချိန်မှာ သူမကို သွားထူဖို့ သတ္တိမရှိသလို၊ သူမနောက်လိုက်သွားဖို့လည်း တကယ်ပဲ သတ္တိမ ချေ။ အဲဒီနေရာမှာ ခြေစုံရပ်ကာ တွေဝေခဲ့သော တွေဝေခြင်းသည် နောက်ရက်များစွာအထိ တွေဝေနေရသော တွေဝေတွန့်ဆုတ်ခြင်း မျိုးဖြစ်ခဲ့သည်။

သူမကို သူ တကယ်ချစ်ခဲ့တာ မှန်သော်လည်း ရေရှည်လက်တွဲသွားရဖို့ဆိုလျှင် အဆင်ပြေနိုင်ပါ့မလားဆိုတာ သူ ပြင်းပြင်းထန်ထန် စဉ်းစားနေခဲ့ချိန်လည်းဖြစ်သည်။ သူ့လို အရာရာမှာ တိကျသေချာကာ လူတိုင်းက ချီးကျူး အသိအမှတ် ပြုသော စေ့စပ်ဂရုစိုက်တတ်သည့် ယောက်ျားတစ်ယောက်သည် အရာရာမှာ နမော်နမဲ့နိုင်သော အထူးသဖြင့် လူရှေ့သူရှေ့မှာပါ နမော်နမဲ့နိုင်သော ဒီမိန်းကလေးကို ဆက်ပြီး လက်တွဲသင့်သလား ? ?။ သူ တွေဝေသွားတာ စိတ်ပျက်သွားတာကိုလည်း သူမ ရိပ်မိ မည်ထင်ပါသည်။

ဒါပေမဲ့ သူ့ဘက်က ပြောစရာစကားမရှိ။ တေးတျာ ဏီဘက်က ဆက်သွယ်လာရင်တောင် ပြောစရာစကားမရှိချေ။ သူမ ရှပ်ပျာပျာနိုင်ခဲ့တာမှန်ပေမယ့် လူပုံအလယ်မှာ အရှက်တွဲ သလို ဖြစ်ခဲ့သော သူမကို သူ take care မလုပ်နိုင်ခဲ့တာ၊ မဖေး





မနိုင်ခဲ့တာ သူမအိမ်ကို ဘယ်လိုပြန်သွားသလဲ ဆိုတာတောင် တွေးပူပေးဖော်မရခဲ့တာ ဒါတွေကို ပြန်စဉ်းစားတော့ သူ့ကိုယ် သူလည်း Guilty ဖြစ်တာလည်းပါသည်။ သူက နဂိုတည်းက ယောက်ျားဝါဒကိုင်စွဲသူဖြစ်လေရာ ယောက်ျားကောင်းတစ်ယောက် ဟာ ဒီလိုမျိုးတော့ လက်လွှတ်စပယ်မလုပ်သင့်ဘူးဟူသော အသိ စိတ်ကလည်း သူ့ကို ဖိစီးနှိပ်စက်ပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဒီရက်တွေသည် သူ့ အတွက် ဖိအားတွေများသော နေ့ရက်များ၊ အဆင်မပြေသောနေ့ ရက်များပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တျာ နင် အိုခေတယ်နော်"တဲ့။ အဲဒီစကားပဲ အဲလေ … စကားရော စာသားရောဟာ ခုတလော သူငယ်ချင်း နှစ်ယောက်ထံမှ လက်ခံရရှိနေသော စကားနှင့် စာသားပဲဖြစ် သည်။ ဖုန်းဆက်ရင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် Online မှာပဲဖြစ်ဖြစ် မိဂီရော ရေးချယ်လ်ရော မေးတတ်သည့် စကားဟာ ဒါပဲ။ အိုခေ လားဆိုတော့ ဘယ်လိုပြောရမလဲ၊ ဟော့ရှော့ရုပ်ရှင်ကားထဲက မေသန်းနု ပြောသလို ဘယ်လိုပြောရမလဲ ဗဲရီးဂွတ်ဒ်ပေါ့နော် လို့ အတိအကျပြောနိုင်မှာမဟုတ်ချေ။ ဖြစ်ခဲ့တာဟာ ဂွတ်ဒ်ခဲ့သောကိစ္စ မှ မဟုတ်တာ။

ဒါပေမဲ့လည်း … ဒါပေမဲ့လေ။ တျာ ဆိုတာ နဂို တည်းက ချွေးလွယ်ထိလွယ် ကွဲရှလွယ်သော မိန်းကလေးတစ်ယောက်မှမဟုတ်တာ။ လောကကြီးကို ပျော်ပျော်ဖြတ်သန်းနေသော၊ နမော်နမဲ့နိုင်စွာ ဖြတ်သန်းနေသော မိန်းကလေးတစ်ယောက်ပဲလေ။ ဘယ်လောက်ပဲ ပျော်ပျော်နေတတ်၊ စိတ်ညစ်စရာတွေကို မျိုသိပ်မထားတတ်၊ သိမ်းမထားတတ်ဘူးဆိုပေမယ့် ဘယ်သူမဆို





ကိုယ်ချစ်ရသူ သံယောဇဉ်ရှိသူနဲ့ အဆင်မပြေ ခွဲခွာရတဲ့ ဖီလင်ဟာ ဂွတ်ဒ်သည်ဟုတော့ ဘယ်ပြောလို့ရမလဲနော်။

ပထမကာလတွေမှာ အိုခေ လားကလွဲပြီး ကျန်တာ ထွေထွေထူးထူး မမေးခဲ့သည့် သူငယ်ချင်းတွေဟာ တစ်လနီးပါး လောက် ကြာလာတဲ့အခါမှာတော့ ဒီလို မေးခွန်းမျိုးကို မေးလာ သည်။

"နင် မြင့်မြတ်ခေါင်နဲ့ တကယ်ပြတ်သွားပြီလား မိတျာ"

"ထင်တာပဲ"

"သူ့ဘက်က နင့်ကို ပြတ်ပြီလို့ ထင်တာလား"

"အေး … ထင်တာပဲလေ"

"နင်တို့ဟာက ဒီလိုကြီးပဲ အဆုံးသတ်တော့မှာလားဟယ်"

"အင်းလေ … တစ်ယောက်နဲ့တစ်ယောက် တရားဝင်ချစ်သူ တွေ ဖြစ်ခဲ့ကြတာပဲ ချစ်ဖွန်းကတော့ စကားလုံးတွေနဲ့ အတိအကျပြောဆိုပြီး ချစ်ခဲ့ကြတာ မဟုတ်ဘူးလား၊ အကယ်၍ လမ်းခွဲပြတ်စဲပြီဆိုရင်လည်း စကားလုံးတွေနဲ့ နှုတ်ဆက်သင့်တယ်လို့ မထင်ဘူးလား"

ရေးချယ်လ်ရဲ့စကားကို တျာက မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သော်လည်း ရင်ထဲမှာတော့ ဆစ်ခနဲ နာကျင်သွားရသေး သည်။ တကယ် ရင်ထဲက ပြတ်သူအတွက် လမ်းခွဲစကားဆိုတာ မလိုအပ်လှဘူးလို့ ရေးချယ်လ် သိသေးဟန်မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းခွဲစကားကို တရားဝင်ဆိုချင်ရင်တောင် ဆက်သွယ်နေရဦးမယ်လေ၊ ခုတော့ ဆက်သွယ်စရာမလိုလောက်အောင် လမ်းခွဲချင်လို့ နေမှာပေါ့"

"အင်းလေ ... ပြောရမယ်ဆို နင်က တစ်ဖက်မှာ သူ့ဝန်ထမ်းလည်းဖြစ်နေသေးတယ် မဟုတ်လား၊ ရုံးလာမတက်တဲ့ နင့်ကို တစ်ဖက်ကလည်း ရုံးအနေနဲ့ မေးမြန်းသင့်တာပေါ့၊ ဆက်သွယ်သင့်တာပေါ့၊ ရုံးအနေနဲ့ကပါ တိတ်ဆိတ်တယ်ဆိုတာကတော့ နင် ပြောသလို လမ်းခွဲချင်တာ အသေအချာပဲ နေမှာ"

မိဂီရဲ့ အားတက်သရော ထောက်ခံချက်ကို ရေးချယ်လိက ရှုံ့မဲ့ကာ ကန့်ကွက်လေသည်။

"နင်ကလည်းဟယ် သက်သက်ညှာညှာ ပြောပါဟဲ့၊ တကတဲ ပြောချလိုက်တာများ ရက်ရက်စက်စက်"

"ဟဲ့ ... ငါက အိမ်ထောင်သည်ဆိုတော့ လက်တွေ့ကျတယ်လေ၊ ဆေးခါးကြီးဆိုတာ အဝင်ဆိုးပေမယ့် ရောဂါတော့ အပျောက်မြန်တယ်ဟဲ့"

"အမယ်လေး ... အရေးထဲ သူ့ကိုယ်သူ ပဏ္ဍာယူနေပြန်ပြီ၊ ဪ နင့်ကို ငါ တစ်ခုမေးမယ်၊ နင် သူ့ကို စိတ်မနာဘူးလား၊ စိတ်နာတယ်မဟုတ်လား၊ ဘယ်လိုပဲဖြစ်ဖြစ် နင် မတော်တဆဖြစ်လွန်းတာဟာ မကောင်းဘူးဆိုပေမယ့် တကယ့် တကယ် လူလည်ခေါင်မှာ အရှက်ကွဲချိန်၊ အကူ





အညီလိုအပ်နေချိန်မှာ နင့်ရှေ့က သူ မားမားမတ်မတ် ရပ်တည်သင့်တယ် မဟုတ်ဘူးလား ...

နောက်ဆုံး နင် ထွက်သွားတဲ့ နောက်တော့ အိမ်ကိုတော့ ရောက်အောင် ပြန်ပို့သင့်တယ်မဟုတ်လာလား၊ အိမ်ပြန်ရောက်လား ဖုန်းလေးတစ်ချက်တော့ ဆက်မေးသင့်တယ်မဟုတ်လား ...

ဒါတွေ တစ်ခုမှတောင် မရှိတဲ့ ယောကျ်ားဟာ ချစ်သူလို့ခေါ်သင့်လား၊ နင် သူ့ကိုစိတ်မနာဘူးလား တျာ"

သူ့ကို တျာ စိတ်မနာဘူးလားတဲ့။ စဖြစ်ခါစကတော့ ဒေါသထွက်သည်။ ရှက်သည်။ စိတ်ဆိုးသည်။ လုပ်ရက်လိုက်တာဆိုပြီး ကြေကွဲသည်။ ခံစားချက်ပေါင်းစုံဖြင့် တျာ့ရင်ထဲ ဖြောင်းဆန်ခဲ့ရသည်။ ဒါပေမဲ့ အကောင်းဆုံးဖြေဆေးကို တျာ သိခဲ့ဝါသည်။ ဘဝမှာ သောကတွေ မကြုံခဲ့ရဖူးသော၊ ပျော်ရွှင်ခဲ့သော အပျိုစင်ဆိုပေမယ့် လောကဓံနှင့်ကြုံလာလျှင်၊ စိတ်ညစ်စရာတွေ နှင့်ကြုံလာခဲ့ရလျှင် ဘယ်လိုထွက်ပေါက်ရှာမလဲ ??။

ဒါတွေကို တျာ ကြိုတင်ပြင်ဆင်ခဲ့ပြီးသားဖြစ်သည်။ အဲဒီ အသိဉာဏ်တွေကိုလည်း စာအုပ်တွေထဲကပဲ တျာ ရခဲ့တာခြင်းပါပဲ။

"ပထမတော့ စိတ်နာတာပေါ့၊ ဒေါ်ထွက်တာပေါ့၊ ငါ့ကို ဒီလို လုပ်ရက်ရလားဆိုတဲ့ စိတ်နဲ့ ဒေါသထွက်တာရော မခံချင်စိတ်တွေရောပေါင်းပြီး ဆောက်တည်ရာမရ ဖြစ်နေတာ၊ ဒါပေမဲ့ ငါစဉ်းစားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဖြစ်နေတော့ ငါပဲ ပူလောင်နေရတယ်၊ ငါပဲ ခံစားနေရတယ်၊ ငါတစ်ယောက်တည်း ရူးနေသလိုဖြစ်နေတယ်၊ ငါဟာ ငယ်ရွယ်သူဖြစ်တဲ့အတွက် ငါ့ရဲ့ ပထမဆုံး ရည်းစားဦးဖြစ်တဲ့အတွက် ငါ ခံစားရတာ သဘာဝကျတယ်၊ ဟုတ်ပြီ ... အိုခေ ... အဲဒါဟာ ပြဿနာမဟုတ်ဘူး၊ ဘယ်အချိန်ထိခံစားရမှာလဲဆိုတာသာ ပြဿနာ၊ နာရီပေါင်းများစွာ ခံစားပြီးတဲ့နောက် ငါ လစ်မစ်တစ်ခုလုပ်လိုက်တယ်၊ ငါ့စိတ်ကို ဖြေလျှော့တယ်၊ သူ့ကို စိတ်နာပေမယ့် ခွင့်လွှတ်တဲ့စိတ်မွေးလိုက်တယ်၊ သူ ရွေးချယ်တာ သူ့အလုပ်၊ ငါ့အလုပ်က ငါ ဘယ်လို ပြန်တည်ဆောက်ယူမလဲဆိုတာပဲ ငါ စဉ်းစားတော့တယ် ...

ခုချိန်မှာ နင်တို့ မေးနေသလို အိုခေလားဆို အိုခေပါတယ်လို့ ပြောနိုင်ပေမယ့် တကယ် အိုခေအစစ်မဟုတ်သေးဘူး၊ အရမ်းအဆင်ပြေလှချည်ရဲ့ မဟုတ်သေးဘူး၊ ဒါပေမဲ့လည်း နေလို့ဖြစ်တယ်၊ နဂိုတည်းက သူနဲ့ပတ်သက်ပြီး သိပ်မျှော်လင့်ချက်မထားခဲ့တာကြောင့်လည်း ဖြစ်မှာပေါ့လေ"

တျာ့ရဲ့ ခွေးလျှသော အဆုံးသတ်စကားအောက်တွင် မိဂီရော ရေးချယ်လ်ထံရောမှ သက်ပြင်းရှည်ကြီးတွေ ကိုယ်စီ ထွက်ကျလာလေသည်။ ခေတ္တ ငြိမ်သက်သွားပြီးတော့မှ ရေးချယ်လ်ထံမှ စကားသံ ထပ်ထွက်လာသည်။

"အခု နင် နင် ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"





"ငါ နောက်ထပ်အလုပ်တစ်ခု tryနေတယ်လေ၊ ငါ့ဆရာက ပြောတယ်၊ သင်္ကြန်ပြီးရင် (xxx)ကုမ္ပဏီ မြန်မာပြည်ကို ဝင်လာဖို့ရှိတယ်တဲ့၊ ဆရာက အဲဒီမှာ အကြံပေးအနေနဲ့ပါမှာဆိုတော့ ငါ့ကို recommend ပေးပေးမယ်ပြောတယ်၊ ရဖို့က ရာနှုန်းများတယ်ပေါ့ ...

ဂျပန်ကုမ္ပဏီဆိုတော့ ငါ သင်ဖူးခဲ့တဲ့ မေ့တော့တော့ဖြစ်နေတဲ့ ဂျပန်စကားလေးတွေ ပြန်လေ့ကျင့်နေတယ်၊ ဘာသာစကားတတ်တာ တစ်ပန်းသာတာပေါ့ဟာ၊ ကောင်းပါတယ် သူနဲ့ ပြတ်တဲ့အချိန် ဆရာကလည်း အဲဒီအလုပ်ကို စိတ်ဝင်စားလား မေးတာနဲ့ ကွက်တိ၊ အခု ဇန်နဝါရီဆိုတော့ ငါ့အတွက် ပြင်ဆင်ချိန်လည်း မဆိုးပါဘူး ...

ဘာပဲဖြစ်ဖြစ် ငါ့စိတ်တွေ ကောင်းကောင်းထိန်းချုပ်လို့ရနိုင်တာ အလုပ်ကြောင့်လည်းပါတာပေါ့"

"အေး ... နင် တော်တယ် မိတျာရာ"

"ဟုတ်တယ် ငါ့သူငယ်ချင်းဆိုတာ ဒီလိုပဲဖြစ်နေရမယ်၊ ဟဲ ဟဲ ... ခေါက်ထားစမ်းပါဟာ၊ ဒီမယ် မိတျာ နင်ကလေ ရုပ်ပျာပျာလေးနဲ့ လွဲတတ်တာလေးကလွဲလို့ ကျန်တာဘာမှပြောစရာမရှိတဲ့ သူပါ ...

ဒါကလည်း တဖြည်းဖြည်းနဲ့ နင် ပြောင်းလဲလာနိုင်မယ်ထင်တာပဲ၊ နင် အလုပ်ကြိုးစားတတ်ပုံနဲ့ဆို နောက် လေးငါးနှစ်လောက်မှာ တကယ့်ဆရာဖြစ်နေမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ယောကျ်ားတစ်ယောက်ကိုမှ အားကိုးစရာမလို ဘူးဟာ၊ သူတို့အသိုင်းအဝန်း ဘယ်လောက်ကြီးတယ်ပြော ပြော ဘယ်လောက်ချမ်းသာတယ်ပြောပြော လော်ကမှာ ကိုယ်ပိုင်အရည်အချင်းရှိမှ ထွန်းလင်းအောက်ပနိုင်တာပါ”

ရေးချယ်လ်ရဲ့ စကားကို တျာကို တစ်ခုခုပြန်ပြော ဖို့ ပြင်တုန်းမှာပဲ မိဂီရဲ့ဖုန်းက Ringသံ မြည်လာသည်။ သီချင်း သံက နီနီခင်ဇော်နှင့် မိစိန္တီတို့ဆိုထားသော ကျေးကျွန်သီချင်း။ ထွက်ပေါ်လာသော သီချင်းစားသားတစ်ပိုင်းတစ်စဟာ တျာ့ကို စောင်းဆိုနေသလိုပဲ ဖြစ်စေပါသည်။

“နင် တကယ်စိတ်ကုန်ပြီ xxx မပျော်နိုင်တော့ဘူးဆို လည်းသွားပါ xxxစွန့်ခွာထွက်သွား xxxငါ့ရဲ့အနားနားက...

နင် ဆက်ပြီး ပြတ်သား xxxငါ အရင်စလို့ ဘယ် လိုမှ xxx မမုန်းနိုင် xxx မမေ့နိုင်လို့ပါ xxx နင် စလို့ လမ်းခွဲသွား”

ဟုတ်လား သူကပဲ တျာ့ကို စတင် လမ်းခွဲသွားတာ လား။ တျာကပဲ စတင်လမ်းခွဲတာလား။ ဘယ်သူ့ဘယ်သူမှ မစတင်သော နှုတ်ဆက်စကားဆိုတာ တစ်ချိန်မှာ ပြန်လည်စတင် ဖို့အတွက် တည်းတည်းလေးကျန်နေသေးတာလား။ မစဉ်းစားဘူး ဆိုသော်လည်း ခေါင်းထဲ ရောက်ရောက်လာတတ်တာက အချစ်ရဲ့ လျှို့ဝှက်စွမ်းအား တစ်ခုပါပေ။





# တစ်လခွဲခန့်ကြာပြီးနောက် (သို့မဟုတ်) ရက်ပေါင်း၄၅ရက် အလွန်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



## (၂၆)

"သားလေး … ဘာလုပ်နေတာလဲ"

ရှုံးပိတ်သော် ဆန်းအေး၊ အိမ်မှာ စာအုပ်ဖတ်ရမလို ရုပ်ရှင်ကြည့်ရတော့မလို ဖြစ်နေသော သူရှိရာ အခန်းထဲသို့ သူ့အမေ တံခါးခေါက်ဝင်လာရင်း မေးလိုက်တာဖြစ်ပါသည်။

"ဩော် … ဘာမှ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ မေမေ သားကို တစ်ခုခုပြောစရာရှိလို့လား"

"အင်း … ဆိုပါတော့"

ပြောရင်းနဲ့ မေမေက သူ့အခန်းထဲက ဆိုဖာတွင် ဝင်ထိုင်လေသည်။ ပြီးတော့ သူ့ကို တစ်ချက်ကြည့်သည်။ အရာအားလုံးကို ထိုးထွင်းသိမြင်နေသလို မျက်လုံးမျိုးမို့ သူက မလုံမလဲနှင့် မျက်ခုံးတစ်ချက်ဆတ်မိသည်။

"သားလေး … ခုတလော ဘာတွေ ဖြစ်နေလဲ"

"ဗျာ … ဘာမှ မဖြစ်ပါဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ... မင်း မေမေ့ကို ဘာလို့ ညာချင်နေရတာလဲ၊ အမေဆိုတာ အပြင်ပန်းက ကိစ္စတွေကို အတိအကျမသိတောင် သားအမိချင်း စိတ်ချင်းဆက်သွယ်ပြီးတော့ သိနိုင်တာပဲ ...

မေမေက စိတ်ချင်းလည်းသိသလို သားပုံစံတွေကို အကဲခတ်ပြီးလည်း သိနိုင်တာပဲလေ၊ သား ခုတလော ဘာတွေဖြစ်နေလဲ၊ သားကြည့်ရတာ မရွှင်လန်းသလို တစ်ခါတလေ စိတ်တို စိတ်ဆတ်နေတတ်တာမျိုးလည်း ရှိတယ်၊ အထူးခြားဆုံးတော့ တစ်ခါတလေ မှိုင်ငေးနေတတ်တာပဲ"

ဟုတ်လား ... သူ မှိုင်ငေးနေမိလားဆိုတာ သူ့ဘာသာ သူတောင် သတိမထားမိပါ။ ဒါပေမဲ့ မေမေ ပြောသလို သူ့စိတ်တွေ မရွှင်ပျော်ဖြစ်ရသည်ကတော့ ကြာပါပြီ။ ခံစားရသမျှ ဘယ်သူ့ကိုမှ ရင်မဖွင့်ရတာကြောင့်များလည်းပါလေမလား။

"သား ... ဘာဖြစ်နေလဲ"

မေမေက သူ့ကို စေ့စေ့ကြည့်ပြီး ထပ်မေးလျှင် သူ ဆက်၍မအောင့်ထားနိုင်တော့။ ဖြစ်ကြောင်းရယ်ကုန်စင် အားလုံးကို ပြောမိလေသည်။ သူ ပြောနေစဉ်အတွင်းမှာ တစ်လုံးမှ ဝင်မပြော ဝင်မထောက်သော မေမေသည် သူ့စကားအရှည်ကြီး ဆုံးသွားလျှင်တော့ စကားတစ်ခွန်းကို ချက်ချင်းပဲ ပြောချလိုက်တော့သည်။

"သား သိပ်မှားသွားပြီ"





"ဟာ ... မေမေကလည်း"

"ဟုတ်တယ် သား၊ သား သိပ်မှားတယ်၊ တေးတျာဏီဟာ နမော်နမဲ့နိုင်တဲ့ မိန်းကလေးတစ်ယောက်မို့ သူ့ကို သား စိတ်ပျက်တာကသပ်သပ်၊ သူ ဒုက္ခရောက် အရှက်တကွဲဖြစ်ချိန်မှာ ပစ်ထားခဲ့တာကသပ်သပ် ဖြစ်သွားပြီ၊ ကိုယ့်ချစ်သူမိန်းကလေးတစ်ယောက် ဖိနပ်မစီးနိုင်ဘဲ ခြေဗလာနဲ့ တက်ဆိဂ္ဂာအပြီး ပြန်သွားတာကို သား လက်ပိုက်ကြည့်နေနိုင်တာ မေမေ အံ့ဩမဆုံးဘူး သားရယ် ...

သေချာတယ် ... သား အခု ခံစားနေရတာ သားမသိစိတ်က အပြစ်ရှိတယ်လို့ သားဘာသာလည်း သိနေလို့ပဲ၊ သား မသိစိတ်မှာ Guilty ဖြစ်နေတာ အများကြီးပဲ ...

မရောထွေးပါနဲ့ သား၊ သား သူ့ကို စိတ်ပျက်လို့ သူ့ချို့ယွင်းချက်တွေကို လက်မခံနိုင်တော့လို့ လမ်းခွဲချင်ရင် အဲဒါက သပ်သပ်အကြောင်းအရာတစ်ခုပါ၊ ဘာပဲဖြစ်ဖြစ် ဒီပွဲကို သားခေါ်လို့သူ တက်ပေးခဲ့ရတာ၊ နမော်နမဲ့နိုင်တာ သူ့အပြစ်ဖြစ်ပေမယ့် သူ ဒုက္ခရောက်ချိန်မှာ သား ပစ်ထားတာကတော့ သားအပြစ်ဖြစ်သွားပြီ ...

သားတို့လူငယ်ချင်းကိစ္စကို ဆက်တွဲဖို့ လမ်းခွဲဖို့တွေ မေမေ ဘာမှ မှတ်ချက်မပေးချင်ပေမယ့် သား သူ့ကို တွေ့ပြီး တောင်းပန်သင့်တယ်လို့တော့ မေမေ ထင်တယ်၊ တောင်းကိုတောင်းပန်ရမယ် သား ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမှား ကိုယ့်လိုအပ်ချက်ကို အမှန်အတိုင်း သိမြင်ပြီး တောင်းပန်တတ်တာလည်း မင်္ဂလာတစ်ပါးပါ၊ သူ့ကိုတွေ့ပြီး တောင်းပန်လိုက်ရင် အခု သားခံစားနေရတဲ့ မွန်းကျပ်မှုတွေ ပျောက်သွားမယ် ...

အခု ငါ့သားလေးက ကိုယ့်ဘာသာ Guiltyဖြစ်နေတဲ့စိတ်ရယ်၊ ရည်းစားနဲ့ အဆင်မပြေတဲ့ သမုဒယတွေရယ် အလွမ်း အဆွေး ခံစားချက်တွေရောပြီး ဒီလိုတွေ မွှင်မလန်းဖြစ်နေရတာ၊ သူ့ကို တောင်းပန်လိုက်ခြင်းအားဖြင့် သားစိတ်ထဲ အခုထက်တော့ သက်သောင့်သက်သာရှိသွားမှာ အမှန်ပဲ”

“ကျေးဇူးပါ မေမေ၊ သား သူ့ကို တောင်းပန်လိုက်ပါ့မယ်”

“ဝမ်းသာတယ် သား၊ အဲဒါ မိကောင်းဖခင်သားသမီး လူယဉ်ကျေးယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်အစစ်ပဲ”

“သား သူ့ကို ချစ်ပါတယ် မေမေ၊ ပြောရရင် သူက သားကို ပျော်ရွှင်စေတဲ့ မိန်းကလေးတစ်ယောက်ပါ၊ သား အပေါ်မှာ အလိုက်လဲသိပြီး ဂရုစိုက်တတ်တဲ့ မိန်းကလေး မျိုးပါပဲ ...

ဒါပေမဲ့ သူ တစ်ခါ တစ်ခါ လွဲတတ်တဲ့အလွဲတွေက အကြီးကြီးတွေဆိုတော့ သား လန့်မိတယ်၊ ပြောရရင် မေမေလည်း သူ့ကို ဆုံဖူးတာပဲ၊ သူ့ type နဲ့ သားရဲ့ type က တကယ့်ကို oppositeပဲ မေမေ၊ သားက သာမန်အကျင့်





စရိုက်ရှိတဲ့ ယောကျ်ား၊ အရာရာကို သိပ်အလေးအနက် မထားတတ်တဲ့ ယောကျ်ားဆိုရင်တောင် တော်ဦးမယ်၊ ခုတော့ သားက စည်းစနစ်ကြီးတာကို ကြိုက်တဲ့သူဆိုတော့ သားရဲ့ စံနဲ့ သူနဲ့က တော်တော်လွဲနေတယ် မေမေ”

မေမေက သူ့စကားအဆုံးတွင် လျှို့ဝှက်လှပစွာ အစ်ချက်ပြုံးပါသည်။

“လောကကြီးဟာ ကိုယ်နဲ့ တစ်ထပ်တည်းကျတာကိုတော့ ဘယ်ပေးမလဲ သား၊ သားချစ်တဲ့မိန်းကလေးက နမော်နမဲ့ နိုင်တယ်၊ အလွဲတွေ များတယ်ဆိုရင် သားကြိုက်တဲ့ အရည်အချင်းတွေရှိတဲ့ မိန်းကလေးကို သား ရှာချစ်ကြည့်လေ ...

အဲဒီလိုကျတော့လည်း ရှာချင်ရတယ် ဆိုကတည်းက အချစ်မဟုတ်တော့ဘူးမှလား၊ သေချာပြန်စဉ်းစားကြည့်ပါဦး သားရယ်၊ သား သူ့ကို စတွေ့တည်းက သူ့ရဲ့ ရုပ်ပျာပျာ အကျင့်လေးကြောင့်ပဲ သားနဲ့ ဆုံစည်းခဲ့ရတာ မဟုတ်လား၊ သူ့မှာ ဒီအကျင့်ရှိမှန်း သိသိရက်နဲ့ သား ချစ်ခဲ့တာပဲလေ”

“မေမေက သားကို သူနဲ့ သဘောတူနေတာလား”

အဲဒီလို ပြန်မေးသော သူ့ရဲ့အသံဟာ ချိုမြမြ၊ စိတ်တို့ကလည်း အခုနကနဲ့ မတူဘဲ ပေါ့ပါးလန်းဆန်းလာတာကို ကိုယ့်ဘာသာ သတိပြုမိရသည်။ တေးတျာဏီရေ ... ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းရဲ့အလွဲတွေ မတွေ့ရတာကြာလို့ ပျင်းသလိုလိုတော့ ရှိသား။

"သူနဲ့ သဘောတူတယ် မတူဘူး ဆိုတာထက်၊ သားစိတ်ချမ်းသာမယ့်နည်းလမ်းတွေကို ပြောပြပေးရုံ၊ သား မတွေးမိတဲ့ အတွေးတွေကို ဘေးကနေ ကူတွေးပေးရုံပဲရှိတယ် သား ...

အရေးကြီးတာက သားရဲ့ ဆုံးဖြတ်ချက်ပါ၊ ငါ့သားလို မျက်မှောင်အမြဲကုတ်နေတဲ့ လူမျိုးကို ပျော်အောင်လုပ်ပေးနိုင်တာ သူပဲ ရှိတယ်မဟုတ်လား၊ ကဲပါလေ ... အာပဲဖြစ်ဖြစ် သူ့ကို တောင်းပန်ဖို့တော့ သား အရင်စီစဉ်လိုက်ပါ၊ မေမေ နောက်ဆုံး ပြောချင်တဲ့ စကားကတော့ ကိုယ့်ကြောင့် မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားကို မနာကျင်ပါစေနဲ့ သား"

မေမေ့စကားအဆုံးတွင် သူ့နှလုံးသားတစ်ခုလုံး ဟာလင်းပွင့်သွားသလို ဖြစ်သွားသည်။ သူက သူမကို နာကျင်စေသည် ဆိုလျှင် သူမက သူ့ကို ကြင်နာခဲ့ပုံများ တရေးရေးပြန်မြင်ယောင်လာသည်။ အလုပ်မှာ တင်ဒါတစ်ခု လက်လွှတ်လိုက်ရ၍ စိတ်ဓာတ်ကျ စိတ်ညစ်နေသော သူ့ကို သူမက Tailor Swift ရဲ့နာမည်ကျော် Shate if off သီချင်းဖြင့် တေလာဆွဲကာ သူ့ရင်ဘတ်လေးလည်း ရမ်းပြီး Dance လုပ်ပြခဲ့ပုံ၊ သူ တဟာက်ဟက်ရယ်မောခဲ့ရပုံ၊ သူ ခေါင်းကိုက်လေတိုင်း နားထင်ကို ကြင်နာစွာ





နှိပ်ပေးခဲ့သော လက်ချောင်းများ၊ သူမ ဖျော်ပေးသော ကော်ဖီ၊ သံပရာရည် စသဖြင့် ...

ကိုယ့်ကို ခွင့်လွှတ်ပေးနိုင်မလား တေးတျာဏီ သို့မဟုတ် ကိုယ့်ရဲ့ ရွှေဘိုမင်းကြိုက် ပေါင်တံရှည်မလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



(၂၇)

"အို ... အို ... အို ... အို ... အသင်ဘဲဥ ... ဘာလုပ်မလို့ပါလိမ့်"

တျာက လက်ပြကာ ကားကို တားပြီး ရပ်နိုင်းနေသော ယာဉ်ထိန်းရဲကြောင့် အရှိန်ကို လျှော့လိုက်ကာ ကားကို လမ်းဘေးသို့ ဆွဲကပ်ရပ်ပေးလိုက်သည်။ အနားသို့ ယာဉ်ထိန်းရဲ လျှောက်လာလျှင် ကားမှန်ကိုချကာ ဘာလဲဟု မျက်ခုံးဆတ်မေးလိုက်သည်။ ခပ်တင်းတင်းပဲလေ၊ ကိုယ်လည်း ဘာမှ အမှားလုပ်ထားတာမရှိ။

"ညီမလေး လိုင်စင် တစ်ချက်ပြပါ"

"ဟမ် ... ဘာလို့ ပြရမှာလဲ၊ ကျွန်မ ကားကို ဘာလို့ တားတာလဲ"

"ညီမ ဒါ ဘတ်စ်ကားလိုင်းလေ၊ ဒီ ဘတ်စ်ကားလိုင်းထဲကို ညီမတို့ကားတွေ ဝင်မောင်းလို့မရဘူး၊ အဲဒါကြောင့် ဖမ်းတာပါ"





"ဘာရယ် ... ဖမ်းတာ၊ အို ... ကျွန်မက ကွေ့မယ့်ကားလေ၊ ကွေ့မှာမို့ ဒီဘက်အစွန်ကြောကို ယူတာ၊ ဘာမှားလို့လဲ၊ ဒီလမ်းကိုမှ မယူရင် ကျွန်မ ဘယ်လိုကွေ့ရမှာလဲ"

"ညီမ ကွေ့ကြောက ရှေ့မှာ၊ အဝါတုံးတစ်ဖြတ်ပေးထားတယ်လေ၊ အဲဒီကျမှ ကွေ့ရမှာ၊ ဒီနေရာကနေ ဝင်မောင်းလို့မရသေးဘူး ညီမ၊ ဟိုးရှေ့ မီးပွိုင့်နားမှာမှ ကွေ့ဖို့ သပ်သပ်ဖွင့်ပေးထားတယ်၊ ဒီနေရာကနေ ဒီလမ်းထဲ စ,ဝင်လို့မရဘူး ...

ကဲ ... ညီမ လိုင်စင်လေးသာ ပေးပါ၊ လိုင်စင်ကို ယူထားမယ်၊ ချလံ ဖြတ်ပေးလိုက်မယ်၊ (၅၁)လမ်း မော်တော်ပီကယ်ရုံးကို မနက်ဖြန်သွားပါ၊ ဒဏ်ကြေး ငါးသောင်းဆောင်ရမယ် ဟုတ်ပြီလား"

"အောင်မလေး ... ဘာရယ် ... ငါးသောင်း"

ထိတ်လန့်တကြားအော်လိုက်သော တျာအသံကြောင့် ရဲပင်လျှင် လန့်သွားဟန်ရှိသည်။ တျာကတော့ ငါးသောင်းဆိုသည့် အသံကားကြားနှင့် ဒူးတောင် တုန်လာချေပြီ။ ကျွတ် ... မိုက်ရိုင်းလိုက်တာကွာ၊ ဒီလမ်းလေးထဲ ဝင်မိတာများ ငါးသောင်းတဲ့။ ပက်စက်လိုက်တာ တော်ရုံ တောင်းကြပါလား၊ တစ်သောင်းခွဲလောက်ဆိုရင်တောင် ခံသာသေးတယ်။ ရှေ့မှာ အဖမ်းခံထားသော တက်ဆီကားတွေ၊ တခြားကားတွေလည်း သုံးလေးစီးမက။ အင်း ... အိမ်စီးကားတွေကတော့ ထားပါတော့ အုံနာကြေးမပြည့်

www.burmeseclassic.com



သေးသည့် တက်စီဆရာတို့ခများ မျက်နှာက ဆီးရွက်လောက်သာ ရှိတော့သည်။ ကွေ့ကြောကို စောစောယူမိတဲ့ ဒဏ်ကြေးက အီစိမ့်လှချင်လားကွယ်။

ငါးသောင်းဆို၍ စင်တီရာတိုင်ရှေ့မှာတင် ငုတ်တုတ် အသက်ထွက်သွားသလို ရှိနေသော တျာ့ကို ယာဥ်ထိန်းရဲက ချောင်းဟန့်သည်။

"အဟမ်း ... ဟမ်း ... လိုင်စင်ပေးပါ ညီမ"

ဘုရားရေ ... လိုင်စင် ... လင်ဆိုင်။ လိုင်စင်ဆိုမှ ခေါင်းနားပန်း ထပ်ကြီးသွားပြန်သည်။ ဒီမနက် အိတ်အသစ်လဲ လာသဖြင့် လိုင်စင်က အရင်ကိုင်နေကြ အိတ်ထဲမှာ ကျန်နေခဲ့ပြီ။ ပါမလာချေ။ ဘုရားရေ ... တစ်မှုကနေ နှစ်မှု ဖြစ်တော့မယ်ထင် ပါရဲ့။ သေချင်လိုက်တာနော်။ လိုင်စင်မပါဘဲ ကားမောင်းတဲ့အမှုက ပိုကြီးလေမလား။ နှစ်မှုပေါင်း ဒဏ်ကြေးက တစ်သိန်းကျော်ရင် တော့ တျာ အိမ်ကနေ ခေါင်းနဲ့ဆင်းရပါပြီ။

"ညီမ လိုင်စင်"

"ရော့ ... ဒီလိုင်စင် ယူလိုက်ပါ အစ်ကို၊ ဒါ ကျွန်တော့် အမျိုးသမီးပါ၊ ကျွန်တော်နဲ့ အိမ်မှာ ရန်ဖြစ်ပြီး ရုတ်တရက် ကားမောင်းထွက်သွားလို့ သူ့လိုင်စင် ကျန်ခဲ့လို့ပါ၊ ဘယ်လို မှ မအောင့်မေ့ပါနဲ့၊ ကူညီပါ အစ်ကို၊ ဒီလိုင်စင်လေး ယူပြီးပဲ ချလံဖြတ်ပေးလိုက်ပါ၊ ကျန်တာ လုပ်နည်းအတိုင်း အကုန်ဆက်လုပ်ပါ့မယ်၊ ကျေးဇူးမမေ့ပါဘူးခင်ဗျာ"





သူလေ သိပ်အပြောကောင်းလွန်းတယ်။ အရှိန်အဝါ တစ်မျိုးဟပ်ကာ ဘယ်သူလဲ ဘယ်ဝါလဲဟု တွေးရအောင် သူ ပြောပုံဆိုပုံ၊ မာန်နှင့်ဟန်ကို ရဲရော တျာပါ ငေးမောနေရသည်။ သို့သော် ရဲကတော့ ယောကျ်ားချင်း ခပ်ပါးပါးပဲပေါ့လေ။ သဘောပေါက်သွားဟန်ဖြင့် သူ့လိုင်စင်ကိုပဲ ယူကာ ချလံရေး မှတ်နေတော့သည်။ မိုးပေါ်ကကျလာသလို လာကူညီသော တစ်စုံ တစ်ယောက်ကတော့ တျာ့ကို ကားပေါ်မှဆင်းခိုင်းပြီး သူ မောင်း မယ်ဟုဆိုလျှင်လည်း တို့ဆေးမိထားသလို တျာက မောင်နနဖြင့် သူခိုင်းသမျှ အကုန်လုပ်နေမိသည်။ သူက ရဲလှမ်းပေးသော ချလံ ကို ယူပြီး ကားကို မောင်းထွက်သွားတော့မှပဲ အပြင်လေသလပ် သဖြင့် တို့ဆေးပြယ်လေသည်။ ဒါပေမဲ့ တစ်ခုခုပြောဖို့ ဆွံ့အနေ တုန်း သူက အေးဆေးပဲ စကားလှည့်ပြောလာသည်။

"ရိုးရာမပျက်တဲ့ တေးတျာထီပဲပေါ့နော်"

"ရှင် ... ရှင် ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ"

"တိုယ်က နတ်သားလေ၊ မိုးပေါ်ကကျလာတာပေါ့"

"ကျွတ် ... ရှင်နဲ့ ကျွန်မ ကြားမှာ"

တျာ့စကားမဆုံးသေးခင်မှာပဲ သူက ဖြတ်ပြောလိုက် သည်။

"တျာ ... ကိုယ် မင်းနဲ့ အေးအေးဆေးဆေး စကားပြော ချင်လို့ပါ၊ မင်းလည်း ကိုယ့်ကို ပြောစရာစကားတွေ ရှိချင်ရှိမှာပဲ၊ အခု ကားမောင်းနေတုန်း မင်းပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားထား၊ တစ်နေရာရောက်ရင် ကိုယ်တို့ စကားပြောကြမယ်"

ချာ့ကို သူ စကားပြောချင်လို့တဲ့။ ချာကရော သူ့ကို ဘာစကားတွေ ပြောဖို့ရှိသလဲ။ သေချာတာကတော့ ချာ့တွင် ပြောစရာ သိပ်များများစားစားမရှိပါ။ နောက်ထပ် သေချာတာသည်လည်း သူ့ကို တွေ့ရသောအခါ ချာ့နှလုံးသားဟာ အမုန်းတရားများ လုံးဝမရှိဘဲ ပွန်းလှိုက်ဆဲဆိုတာပါပဲတည်း။

ကားက ကန်တော်ကြီးထဲသို့ ချိုးဝင်သွားကာ နံနက်ဆယ်နာရီခန့်မို့ ကန်တော်ကြီးထဲတွင် လူသူမရှုပ်ထွေးသေးဘဲ လန်းဆန်းလှပဆဲ။ သူက သစ်ပင်ရိပ်နားတွင် ကားကို ရပ်လိုက်သည်။ တစ်ခုခုပြောဖို့ အားယူနေသော သူ့ကို ငေးကြည့်စိုက်ကြည့်ရင်း ချာ အရမ်းပဲ ငိုချင်လာမိတာကို ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ပါ။

"ချာ ... ကိုယ် ပထမဆုံး လေးလေးနက်နက် ပြောချင်တဲ့ စကားတစ်ခွန်းက မင်းကို အနူးအညွတ်တောင်းပန်တယ်ဆိုတဲ့ စကားပဲ ...

မင်းကို ကိုယ် တောင်းပန်ပါတယ် ချာ၊ ကိုယ်တောင်းပန်တာကို လက်ခံပေးပါ"

သူ့ကို ခပ်ငေးငေး စိုက်ကြည့်နေမိရင်း ဟက်ခနဲ ဘစ်ချက်ရယ်သွမ်းသွေးမိ၏။ သူက တကယ်ကို စိတ်မကောင်းဝိခိုက်သော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ...





"ကိုယ် မှားခဲ့ပါတယ်၊ အဲဒီညက ဖြစ်ခဲ့တဲ့ကိစ္စအတွက် ကိုယ် ဘာလုပ်ရမှန်း မသိခဲ့တာ အမှန်ပါ၊ ဒါပေမဲ့ မင်းကို ဘာလုပ်ရမှန်း မသိခဲ့တာ အမှန်ပါ၊ ဒါပေမဲ့ မင်းကို take care မလုပ်နိုင်တဲ့အထိတော့ ကိုယ် မမှားခဲ့သင့်ဘူး၊ ကိုယ် အမှန်အတိုင်းပြောရရင် မင်းအပေါ်မှာ တာဝန်မကျေသလို ချစ်သူကောင်း မပီသတဲ့ ယောကျ်ားမျိုးဖြစ်ခဲ့တယ် ချာ ...

အဲဒီအတွက် တစ်ရက်မှ နေလို့ထိုင်လို့ အဆင်မပြေခဲ့ပါဘူး၊ ကိုယ် မင်းကို ... မင်းကို ဂရုမစိုက်မိခဲ့သလို ဖြစ်ခဲ့တဲ့အတွက် အများကြီးတောင်းပန်ပါတယ် ချာရယ်"

"ရှင့်မှာ အပြစ်ရှိတယ်လို့ ယူဆပြီး အပြစ်ကြောင့် နေရထိုင်ရတာ အဆင်မပြေဘူးလို့ ခံစားရရင် ကျွန်မအတွက် worry မများပါနဲ့ ...

ကျွန်မ ရှင့်အပေါ်မှာ စိတ်ဆိုးမုန်းတီးနေတာမျိုး မရှိပါဘူး၊ ကျွန်မ နားလည်တယ် ...

အိုခေပါ ... ကျွန်မ သဘောပေါက်ပါပြီ၊ ဘာပဲဖြစ်ဖြစ် ခုလို တကူးတက လာတောင်းပန်တာ ကျေးဇူးတင်ပါတယ်"

"တောင်းပန်ရုံတင် မဟုတ်သေးဘူး ချာ"

ဖျတ်ခနဲ သူက ဆိုလာလျှင် ချာနဲ့ သူ မျက်လုံးချင်းတည့်တည့်ဆုံဖြစ်ကြသည်။ သူ့မျက်လုံးထဲတွင် အမှုဒယ



www.burmeseclassic.com

www.burmeseclassic.com



အရိပ်များကို မြင်တွေ့နေရသည့်အတွက် တျာ့ နှလုံးသားတွေ တဖျစ်ဖျစ် မြည်လာသည်။ ရှင် တျာ့ကို တကယ်ပဲ နားလည်ပေးနိုင်ပြီတဲ့လား မြင့်မြတ်ခေါင်ရယ်။

"တျာ ... မင်း ကိုယ့်ကို ပြန်လက်ခံစေးပါ၊ ကိုယ် မညာတတ်ဘူး တျာ၊ ကိုယ် မင်းကို အရမ်းချစ်ပေမယ့် မင်းရဲ့ အားနည်းချက်တွေကို စိတ်ညစ်မိတဲ့အခါတွေလည်း ရှိတယ်၊ ဒါပေမဲ့ ခုချိန်မှာ ကိုယ့်ဆုံးဖြတ်ချက်တစ်ခုက မင်းကို ကိုယ် နားလည်ပေးဖို့ ကြိုးစားမယ် ဆိုတာပဲ ...

မင်းတင်မဟုတ်ပါဘူး၊ ကိုယ့်မှာလည်း အရာရာကို seriousဖြတ်တတ်တဲ့ အားနည်းချက်တွေ၊ လူမှုရေးညံ့ဖျင်းတဲ့ အားနည်းချက်တွေ အများကြီးရှိတာပဲ ...

ကိုယ်တို့တွေ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှေ့ထားပြီး တစ်ယောက်အားနည်းချက်လေးတွေ တစ်ယောက်က ပြင်ပေးကြရအောင်၊ ဒါဆို အချိန်ကာလတစ်ခုမှာ မင်းရော ကိုယ်ရော Perfectဖြစ်မသွားနိုင်ဘူးလား"

သူ့စကားတွေ၊ သူ့စကားတွေဟာ ယုံကြည်ချက်အပြည့်နဲ့ ရဲဝံ့တောက်ပနေလိုက်တာ။ အခါများစွာက သူ ဘယ်တော့မှ ဒီလို စကားမျိုးမပြောခဲ့ဖူးချေ။ သူ့ကို တျာ ဘာပြန်ပြောရမည်လဲ။ စဉ်းစားပါဦးဟု ပြောရလေမလား။ တကယ်တော့ စဉ်းစားစရာမလိုအောင်ကို တျာ့ရဲ့နှလုံးအိမ်ကလည်း သူ့ရဲ့ လက်တွေ့ကျကျ ချစ်ခြင်းကို နားလည်ပေးနိုင်နေပြီ မဟုတ်လား။ သူ





ပြောသလို တျာ့မှာလည်း လိုအပ်ချက်တွေ ရှိနေခဲ့တာပဲလေနော်။

"ရှင် တကယ်ပဲ တျာ့ကို စိတ်မပျက်ဘူးပေါ့"

သူက တျာ့ လက်ဖျားလေးတွေကို ညင်သာစွာ ဆုပ်ကိုင်လာသည်။ သူ့လက်ကတစ်ဆင့် သူ့နှလုံးသားထဲက အချစ်တွေ တျာ့ကိုယ်ထဲသို့ စီးဝင်သွားသလို ပူနွေးရှိန်းဖြနေခဲ့ပါသည်။

"ကိုယ် ကတိပေးပါတယ်၊ မင်းအပေါ်မှာ ဒီလိုအမှားမျိုး နောက်ထပ် မဖြစ်စေရပါဘူး၊ မင်းမရှိတော့ ကိုယ် မပျော်ဘူး တျာ ...

ကျေးဇူးပြုပြီး ကိုယ့်ကို ပျော်အောင် လုပ်ပေးပါဦးလား"

တျာက သူ့ကို မျက်စောင်းထိုးမိလျှင် အဲဒီ မျက်စောင်းသည် အချစ်သက်သက်မျက်စောင်းသာ ဖြစ်မှန်း သူလည်း တိကျစွာ သဘောပေါက်ပါလိမ့်မည်။ ကျေးဇူးပြုပြီး သူ့ကို ပျော်အောင်လုပ်ပေးပါတဲ့။ သူကတော့ မင်းကို ပျော်ရွှင်အောင်လုပ်ပေးမယ်ဟု မပြော။ ဘယ်လောက် အတ္တကြီးတဲ့ ယောက်ျားလဲနော်။ ဒါပေမဲ့ တျာတို့ မိန်းကလေးတွေဆိုတာ ချစ်သူကို ပျော်ရွှင်စေချင်တဲ့ဆန္ဒပဲရှိကြတယ် မဟုတ်လား။

အဆိုးထဲက အကောင်းကို ဆိပ်ယူပြီး သာသည်နာတယ် မတွက်ကြေး စိတ်ကူးဖြင့် သူ့ကို နားလည်မှုပေးဦး

www.burmeseclassic.com



မည်။ ဖြစ်ခဲ့သော ပြဿနာတစ်ခုဆီမှ ပွင့်လင်းသော ညှိနှိုင်းမှုများ နားလည်မှုများ ဆက်လက်ခိုင်မာသော အချစ်များ ရရှိခဲ့မည်ဆိုလျှင် ပြဿနာဟု မခေါ်ဆိုနိုင်တော့ပါ။ အချစ်ပုစ္ဆာသည် ရှုပ်ထွေးသယောင်ရှိသော်လည်း တစ်ခါတစ်ရံ ပြဿနာတစ်ခုမှ ပြန်ရရှိသော ကြီးမားသည့် အကျိုးအမြတ်မျိုး နီးကပ်မှုမျိုးလည်း အချစ်မှာ ရှိနေတတ်ပါသည်။

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်

5;08 (AM)

19. 2. 2015

www.burmeseclassic.com